

WO COTS
PUBLICATION
နေဝင်းမြင့်
ဟိုးတုန်းကချစ်သူ

မောင်မျိုး စီစဉ်သည်

two cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၂၊ ၀၁-၃၈၄၆၁၅

# အထင်ကရ

ပိုးတုန်းကချစ်သူ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၁၅၀၃/၂၀၀၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၅၆၂၀၆၀၅

**ထုတ်ဝေသူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၆ ခုနှစ် စက်တင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမှု မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**အထင်ကရ**



## ၁

"မနက်ဖြန်ကစပြီး အိမ်မှာ 'မလှနွယ်' က စာလာပြပေးမယ်တဲ့... သူ တစ်ယောက်တည်းတင်မဟုတ်ဘူး... သူ့သူငယ်ချင်းတွေကိုပါ အားရင်အားသလိုခေါ်ပြီး သင်ပေးမယ်တဲ့"

ဟု မေမေ့စကားကိုကြားပြီး 'မောင့်' မျက်နှာရှုံ့သွားရသည်။ ကျောင်းကဆရာမတွေသာ အိမ်ကိုလာပြီး စာလာသင်ပေးမယ်ဆိုရင်တော့ဖြင့် ကျောင်းမှာ 'မောင်' ကဲသမျှတွေ၊ အတန်းလစ်သမျှတွေကို မေမေ သိတော့မှာမလွဲပေ။

"တီချယ့်ကို အားနာစရာ မေမေရယ်... အိမ်မှာလာသင်ပေးမယ်ဆိုတော့ တကူးတကကြီး ဖြစ်နေပါ့မယ်"

"မေမေ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲကွယ်... အားမနာရပါဘူး... သူ့ကိစ္စတွေလည်း မေမေ လိုက်လုပ်ပေးနေရတာပဲဟာ... ငြင်းလို့မကောင်းဘူး... 'ခင်ထား' ကိုပါပြောလိုက်... အိမ်မှာစာလာသင်ရမယ်လို့... စက္ကန်းရီးယားဆိုတော့ အော့နပ်စ်ဝင်အောင် ကြိုးစားရမယ်... မဝင်လို့ကတော့ မေမေက ကျေနပ်မှာမဟုတ်ဘူး"

'မောင်' သက်ပြင်းကိုသာ ချလိုက်မိသည်။

ကိုယ်ယူမိတဲ့မေဂျာ၊ ကိုယ်တက်နေတဲ့ တက္ကသိုလ်မှာမှ မေမေ့ရဲ့ သူငယ်ချင်းရှိနေတာ 'မောင့်' ရဲ့ ကံဆိုးမှုသာ ဖြစ်တော့သည်။

တက်ဆိုတော့လည်း တက်ရတော့မှာပေါ့။ 'ခင်ထား' နဲ့ နှစ်ယောက်တည်းပဲ စာသင်ရမှာဆိုတော့ ပျင်းဖို့တော့အကောင်းသားပင်။ တခြားသူငယ်ချင်းတွေကိုပါ ခေါ်သင်လိုက်ရရင်ဖြင့် 'မောင့်' အတွက်ပိုပြီးပျော်စရာကောင်းမည်။

အပြင်ထွက်ဖို့ လမ်းစလည်း ရှာလို့ရမည်။

"ဟို တခြားသူငယ်ချင်းတွေကိုပါ ခေါ်လိုက်ရမလားဟင် လူများတော့ ပိုပြီးပျော်စရာကောင်းသွားတာပေါ့... 'မောင်' နဲ့ 'ခင်ထား' နဲ့ဆို နှစ်ယောက်တည်း ပျင်းနေစရာ ကောင်းမလား





လို့"

မေမေ့မျက်နှာ တင်းသလို ဖြစ်သွားခဲ့သည်။

"စာသင်တာ ပျော်ဖို့လိုနေလို့လား... 'မောင်' နော်... ကြပ်ကြပ်သတိထား... စာနဲ့ပတ်သက်ရင် ဘယ်တော့မှ မကြိုး စားချင်ဘူး... အမေဖြစ်တဲ့သူက အထူးကုဆရာဝန်မကြီး... သမီး ဖြစ်တဲ့သူက ချာတူးကိုလန်နေတာပဲ... ကံကောင်းလို့ ဆယ်တန်း ကိုအောင်လာတာ... ရီးရီးမေဂျာလောက် တက်ရတာများ သူ့ ကိုယ်သူ တာဝန်ကျေလုပြီ အောင်းမေ့နေတယ်... ဘာအဖော်မှ ခေါ်နေစရာမလိုဘူး... ကျူရှင်သင်နေတာလည်း မဟုတ်ဘူး... ဟိုကစေတနာနဲ့ လာသင်ပေးတာ... ရှုပ်ရှုပ်ယှက်ယှက်တွေမလုပ် နဲ့... မကြိုက်ဘူး"

ပြောလာပြီ။ တစ်ခုခု ဘာလေးပဲ မကျေနပ်၊ မကျေနပ် 'မောင်' စာမကြိုးစားတာကိုပဲ ထပ်ခါတလဲလဲ အပြစ်ဖို့ကာ ပြော တတ်တာ နားပင်ငြီးနေပါပြီ။

'မောင်' အပျင်းကြီးတာ 'မောင့်' ကိုယ် 'မောင်' သိသည်

မေမေ့လို ဆရာဝန်ဖြစ်ဖို့ဆိုတာ စာကိုအပတ်တကုပ် ကြိုးစားနိုင်မှပဲ ဖြစ်တော့မှာ။ 'မောင်' ကမှ အဲ့ဒီလို အားသွန်ခွန် စိုက်ကြိုးစားမှုမျိုးမှ မလုပ်ခဲ့တာဘဲ။ ကိုယ့်ကိုယ်ကိုယ် ဆရာဝ

"မေမေ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲကွယ်... အားမနာရပါဘူး... သူ့ကိစ္စတွေလည်း မေမေ လိုက်လုပ်ပေးနေရတာပဲဟာ... ငြင်းလို့မကောင်းဘူး... 'ခင်ထား' ကိုပါပြောလိုက်... အိမ်မှာစာလာသင်ရမယ်လို့... စက္ကန်းရီးယားဆိုတော့ အော့နပ်စ်ဝင်အောင်ကြိုးစားရမယ်... မဝင်လို့ကတော့ မေမေက ကျေနပ်မှာမဟုတ်ဘူး"

'မောင်' သက်ပြင်းကိုသာ ချလိုက်မိသည်။

ကိုယ်ယူမိတဲ့မေဂျာ၊ ကိုယ်တက်နေတဲ့ တက္ကသိုလ်မှာမှ မေမေ့ရဲ့ သူငယ်ချင်းရှိနေတာ 'မောင့်' ရဲ့ ကံဆိုးမှုသာ ဖြစ်တော့သည်။

တက်ဆိုတော့လည်း တက်ရတော့မှာပေါ့။ 'ခင်ထား' နဲ့ နှစ်ယောက်တည်းပဲ စာသင်ရမှာဆိုတော့ ပျင်းဖို့တော့အကောင်းသားပင်။ တခြားသူငယ်ချင်းတွေကိုပါ ခေါ်သင်လိုက်ရရင်ဖြင့် 'မောင့်' အတွက်ပိုပြီးပျော်စရာကောင်းမည်။

အပြင်ထွက်ဖို့ လမ်းစလည်း ရှာလို့ရမည်။

"ဟို တခြားသူငယ်ချင်းတွေကိုပါ ခေါ်လိုက်ရမလားဟင် လူများတော့ ပိုပြီးပျော်စရာကောင်းသွားတာပေါ့... 'မောင်' နဲ့ 'ခင်ထား' နဲ့ဆို နှစ်ယောက်တည်း ပျင်းနေစရာ ကောင်းမလား





လို့"

မေမေ့မျက်နှာ တင်းသလို ဖြစ်သွားခဲ့သည်။

"စာသင်တာ ပျော်ဖို့လိုနေလို့လား... 'မောင်' နော်... ကြပ်ကြပ်သတိထား... စာနဲ့ပတ်သက်ရင် ဘယ်တော့မှ မကြိုးစားချင်ဘူး... အမေဖြစ်တဲ့သူက အထူးကုဆရာဝန်မကြီး... သမီးဖြစ်တဲ့သူက ချာတူးကိုလန်နေတာပဲ... ကံကောင်းလို့ ဆယ်တန်းကိုအောင်လာတာ... ရိုးရိုးမေဂျာလောက် တက်ရတာများ သူ့ကိုယ်သူ တာဝန်ကျေလှပြီ အောင်းမေ့နေတယ်... ဘာအဖော်မှ ခေါ်နေစရာမလိုဘူး... ကျူရှင်သင်နေတာလည်း မဟုတ်ဘူး... ဟိုကစေတနာနဲ့ လာသင်ပေးတာ... ရှုပ်ရှုပ်ယှက်ယှက်တွေမလုပ်နဲ့... မကြိုက်ဘူး"

ပြောလာပြီ။ တစ်ခုခု ဘာလေးပဲ မကျေနပ်၊ မကျေနပ် 'မောင်' စာမကြိုးစားတာကိုပဲ ထပ်ခါတလဲလဲ အပြစ်ဖို့ကာ ပြောတတ်တာ နားပင်ငြီးနေပါပြီ။

'မောင်' အပျင်းကြီးတာ 'မောင့်' ကိုယ် 'မောင်' သိသည်။

မေမေ့လို ဆရာဝန်ဖြစ်ဖို့ဆိုတာ စာကိုအပတ်တကုပ် ကြိုးစားနိုင်မှပဲ ဖြစ်တော့မှာ။ 'မောင်' ကမှ အဲ့ဒီလို အားသွန်ခွန်စိုက်ကြိုးစားမှုမျိုးမှ မလုပ်ခဲ့တာဘဲ။ ကိုယ့်ကိုယ်ကိုယ် ဆရာဝန်

မဖြစ်နိုင်ဘူးဆိုတာကိုလည်း သိသည်။

သိနေလို့လည်း မေမေ့ဘက်က ဘယ်လောက်ပဲ ဆူဆူ၊ အော်အော် ပေတေပြီး ကြိုးစားမနေခဲ့တော့တာပေါ့။

ပြီးတော့ 'မောင်' က သွေးမြင်ရင်လန့်တတ်သည်။ကိုယ့်ရှေ့မှာထိခိုက်ရှနာတစ်ခုခုဖြစ်လို့ ကိုယ့်ကိုအကူအညီတောင်းလာရင် ကူညီပေးနိုင်ဖို့ နေ့နေ့သာသာ ကိုယ့်ကိုကိုယ် သတိလစ်မသွားအောင် မနည်းပြုန်ထိန်းနေရတာကြောင့် ဆရာဝန်အလုပ်နဲ့ နည်းနည်းကလေးမှကို မအပ်စပ်ချေ။

ကိုယ်ကလည်း ဝါသနာမပါ၊ စိတ်အခြေအနေနဲ့လည်း မကိုက်ညီတဲ့အလုပ်တစ်ခုကို မေမေ ဘာကြောင့်များ ဇွတ်လုပ်ခိုင်းချင်နေပါလိမ့်။

ဝါသနာမပါပေမယ့် ငွေတွေဖွေးကနဲ၊ ဖွေးကနဲ ဝင်နေတဲ့မေမေ့ရဲ့ဘဝကိုတော့ အားကျမိပါသည်။ ငွေတွေပေါပေါများများ ဝင်နေတာကို အားကျမိတာပါ။ ဆရာဝန်အလုပ်ကိုတော့ မဟုတ်။

"ကဲ ဆေးခန်းသွားတော့မယ်... ပြောစရာရှိရင် မေမေ့ဖုန်းကိုပဲ ဆက်လိုက်တော့... အပြင်လည်း ထွက်မနေနဲ့... ဒီနေ့ အတန်းချိန်မရှိတော့ဘူးဆိုတာ သိတယ်"





"ဟုတ်ကဲ့ပါ..."

'ခင်ထား' နဲ့ချိန်းထားတာကို ဘယ်လိုဖျက်ပစ်ရပါ့မလဲ မသိ။

မေမေ့ရဲ့ကား ထွက်သွားတာကိုမြင်တာနဲ့ 'ခင်ထား' ရောက်လာတော့မှာကို သိနေပါသည်။ 'ခင်ထား' က 'မောင်'တို့ တိုက်ရဲ့ သုံးတိုက်ကျော်မှာနေသည်။ ထင်တဲ့အတိုင်းမေမေထွက်သွားပြီး သိပ်မကြာခင် 'ခင်ထား' ရောက်လာပါသည်။

"ဟယ် အပြင်သွားမယ်လည်း ပြောသေးတယ်... အဝတ်အစားလည်း လဲမထားဘူး... ဘာလုပ်နေတာလဲ"

"သွားလို့မရတော့ဘူး... မားသားကြီးက အပြင်မထွက်နဲ့လို့မှာသွားတယ်... မနက်ဖြန်လည်း အိမ်မှာ စာသင်ရမယ်တဲ့... တီချယ် 'ဒေါ်လှနွယ်' လာသင်ပေးမယ်တဲ့ နောက်ဆရာတွေလည်းလာဦးမှာ"

"ဟင် ငါတော့ မသင်ချင်ဘူး"

"မသင်ချင်လို့ မရဘူး... နင့်အမေဆီကို ဖုန်းဆက်ပြောမှာ"

"သေပါတော့... နှစ်ယောက်တည်း သင်ရမှာလား...ပျင်းလိုက်တာ"

"မတတ်နိုင်ဘူး... ငါ့အမေက နေမကောင်းပါဘူးဆိုမှ ခွတ်ပဲ"

နှစ်ယောက်စလုံး စိတ်ပျက်စွာနဲ့ တိုက်ရှေ့ဝရံတာမှာ ထိုင်နေမိကြသည်။ လှမ်းမြင်နေရတဲ့ ယုဇနပလာဇာဆီကို သွားချင်တဲ့ စိတ်လည်း မရှိတော့ချေ။

မျက်နှာချင်းဆိုင် ရှေ့ဘက်တိုက်ခန်းက ယောကျ်ားတစ်ယောက် ပြုံတီတီနဲ့ ကြည့်နေတာကို သိပေမယ့်လည်း ခါတိုင်းလို မျက်စောင်း ပြန်မထိုးမိတော့ပါ။

"ထိုင်နေလို့ ဘာမှထူးလာမှာမှ မဟုတ်ဘဲ... သွားမယ်ဟာ လမ်းထိပ်ကမေတ္တာဦးမှာ မျက်စိသွားစစ်မယ်... ဒစ်စကောင့် နှစ်ရက်ပေးထားတယ်... ဖရီးပဲ... ဘာဖြစ်လဲ... အလကားနေ အလကားပဲ"

"မေမေ ဖုန်းဆက်ရင် ဘယ်လိုလုပ်မလဲ"

"'ဒေါ်နန်း' ကိုမှာခဲ့လေ... ဈေးပတ်တာမှ မဟုတ်ဘဲ... ခဏကလေးပဲဟာ... ကြည့်ပြောထားခိုင်းလိုက်"

"အင်း သွားမယ်လာ"

ပျင်းနေမယ့်အတူတူ 'ခင်ထား' ပြောတဲ့ မျက်စိအလကားသွားအစစ်ခံတာကမှ အကျိုးရှိပါဦးမည်။ 'မောင်' တို့က ယုဇနက





ဆောက်တဲ့ ကွန်ဒိုတိုက်ခန်းမှာ နေတာဖြစ်သည်။ ယုဇနပလာဇာနဲ့ဆို ကပ်လျက်ရှိပြီး မင်္ဂလာဈေးဆို လမ်းကူးလိုက်တာနဲ့ ရောက်ပါသည်။

ဈေးတွေနီးကပ်နေတာကြောင့် တစ်နေ့တစ်နေ့ အိမ်မှာနေတယ်ဆိုတာ သိပ်မရှိလှဘဲ 'ခင်ထား' နဲ့ နှစ်ယောက်သားတစ်နေရာပြီးတစ်နေရာ လျှောက်သွားနေဖြစ်ကြသည်။

အတွင်းသစ်သားတံခါးကို ဖွင့်လိုက်စဉ် လူတစ်ယောက် ရပ်နေတာကို နီးနီးကပ်ကပ်ကြီး တွေ့လိုက်ရတာကြောင့် လန့်ပြီး အော်လိုက်မိပါသည်။

"အံမယ်လေး အမေကြီး"

"အောင်မယ်လေးဗျ..."

တစ်ဖက်လူကလည်း အကျယ်ကြီး အော်ထည့်လိုက်၏။

မျက်လုံးကြီးကလည်း ပြူးနေသဖြင့် ပုံစံက ကြောက်စရာကောင်းနေရပါသည်။ 'မောင်' တို့ အခန်းဝမှာ ဒီလူ ဘာလာရပ်လုပ်နေတာလဲ။

ယောကျ်ားကြီးတန်မဲ့ သူကပဲ ပြန်လန့်ကာ ခုနစ်သံချီဟစ်ပြီး ပြန်အော်နေရသေးသည်။ 'မောင်' က လန့်သွားတဲ့စိတ်ကို ထိန်းချုပ်ရင်း ရပ်နေတဲ့သူကို မေးလိုက်မိသည်။

"ဘာရပ်လုပ်နေတာလဲ"

"ဟို ကျွန်တော် မေးစရာလေးရှိလို့ပါ"

သူ့ လေသံက အေးဆေးပြီး ငြိမ်းချမ်းတဲ့အသံမျိုးဖြစ်သည်။

"မေးစရာရှိတယ်ဆိုရင် တံခါးဘဲလ်ကိုနှိပ်မှပေါ့... ငြိမ်ပြီးရပ်နေတာ ဘာသဘောလဲ"

"ရပ်မနေပါဘူး... ခုပဲ ဘဲလ်ကိုနှိပ်တော့မလို့ပါ... ရုတ်တရက် တံခါးကပွင့်သွားတော့ လန့်ပြီးအော်မိတာ"

လန့်ရအောင် သူ့ခန္ဓာကိုယ်က ပိန်ပိန်ဖျော့ဖျော့မဟုတ်ဘဲ၊ တုတ်တုတ်ခိုင်ခိုင်နဲ့ သန်သန်မာမာပုံစံမျိုးဖြစ်သည်။ အရပ်ကမြင့်သလိုရှိပေမယ့် လူက ဝဝဖိုင့်ဖိုင့်ဖြစ်နေတာကြောင့် ပုသလို ပင်ထင်ရပါသေးသည်။

"ဘာကိစ္စလဲ မသိဘူး"

"ဒါ 'ဒေါ်မေဝင်း' အခန်းလား မသိဘူး"

"ဟုတ်ပါတယ်... မေမေတော့ မရှိဘူး... ဆေးခန်းသွားပြီ... ဦးတွေ့ချင်ရင် ဆေးခန်းကိုလိုက်သွားလိုက်လေ"

မေမေ့ရဲ့ဧည့်သည်တွေ ဒီလိုပဲ ခဏခဏလာနေကြမို့ 'မောင်'က ဆေးခန်းကို လိုက်သွားဖို့ ပြောနေမိခြင်းဖြစ်သည်။





"ခင်ဗျာ..."

ဘာကြောင့် 'မောင့်'ကို တအံ့တဩနဲ့ စိုက်ကြည့်နေတာလဲမသိ။ 'မောင်'ပြောလိုက်တဲ့ စကားတွေထဲမှာ တစ်ခုမှ အမှားမပါသလို ဆန်းပြားတာလည်း မပါ,ပါ။ ဒီလူကြီး ဘာကြောင်နေတာလည်းမသိပါ။

'မောင်'က တစ်ထပ်ခြားနေသေးသော သံပန်းတံခါးကို မဖွင့်သေးဘဲ ဆက်ရပ်နေလိုက်သည်။ မမြင်မတွေ့ဘူးတဲ့ လူစိမ်းတစ်ယောက်ကို အိမ်ထဲခေါ်ဖို့အထိတော့ 'မောင့်'ဘက်က သတ္တိမရှိတာတော့အမှန်။

"ဘာဖြစ်လို့လဲ မသိဘူး"

"ဟို ဟို... ဦး လို့ခေါ်လိုက်လို့"

"ဟင် ဦး လို့မခေါ်လို့ 'မောင်'က ဘယ်လိုခေါ်ရမလဲ"

"'မောင်' လို့လည်း မခေါ်ပါနဲ့"

'မောင်' သည် အူလည်လည်လုပ်နေသော လူတစ်ယောက်ကို ဘယ်လိုနည်းနဲ့ နှင်ထုတ်ရင် ကောင်းမလဲလို့ စဉ်းစားနေမိသည်။ ရွယ်ကူဆိုရင်လည်း ဒီလိုပုံစံဖြစ်နေရင် ဘယ်လိုပဲထင်ထင် တံခါးကို ဆောင့်ပိတ်ပစ်လိုက်မှာပင်။

ရွယ်တူမဟုတ်တာကြောင့် ရိုင်းရိုင်းပျပျ ဖြစ်မှာစိုးပြီး

စကားကို အလိုက်သင့် ပြန်ပြောနေရတာ ဖြစ်သည်။ အရေးထဲ သူ့ကိုများ 'မောင်' လို့ ခေါ်တယ်ထင်နေသေးသည်။ ခက်တော့တာပဲ။

"ဦး ရဲ့ လာရင်းကိစ္စက ဘာလဲ"

"ကျွတ် ကျွန်တော်လာတာ တီချယ် 'ဒေါ်လှနွယ်' လွှတ်လိုက်လို့လာခဲ့တာ... မနက်ဖြန် လေးနာရီလောက် စာသင်ဖြစ်တယ်ဆိုတာလာပြောရင်း အခန်းကိုပါ သေချာအောင် လာကြည့်ထားတာ စာသင်တဲ့အထဲမှာ ကျွန်တော်လည်းပါတယ်"

"ရှင်..."

'မောင်' သည် ခန့်မှန်းတာလွဲသွားသော ကိုယ့်မျက်စိကိုယ်ပြန်ပြီး မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ သူ့ ပုံစံက ဘယ်လိုပဲကြည့်ကြည့် 'မောင်' တို့နဲ့ ရွယ်တူလို့ ထင်နိုင်စရာမရှိပါ။ အဝတ်အစားဝတ်ထားတာ ရိုးလို့လည်း မဟုတ်။

မျက်နှာထားသွင်ပြင် အချိုးအဆစ်တွေကိုက လူကြီးပုံစံပေါက်နေခဲ့တာ။ ဆယ်တန်းမှာ ဆယ်နှစ်လောက်ကျနေတဲ့ နှစ်ချို့ကြီးများလား မသိပါဘူး။ 'မောင့်' ရဲ့ မျက်လုံးက ဆက်ကာ, ဆက်ကာ ထိုလူ့ကိုသာ အကဲခတ်ပြီး ကြည့်နေမိပါသည်။

"သေချာတယ်ဆိုရင် ကျွန်တော် ပြန်တော့မယ်"



"ဟုတ်ကဲ့... ဒါနဲ့ စာသင်တဲ့အထဲမှာ ကျွန်တော်လည်း ပါတယ်ဆိုတာ"

"ပါတယ်လေ... ကျွန်တော်လည်း စက္ကန်းရီးယားပဲ... ဆက်ရှင်ဝမ်းက"

"ဒါဆို ကျောင်းတက်တယ်ပေါ့"

"ဟက် ဘာပေါ့ဗျ..."

'မောင်' သည် ကိုယ်နဲ့ အတန်းတူဖြစ်နေတဲ့ သူ တစ်ယောက်အား မယုံကြည်နိုင်စွာဖြင့် စိုက်ကြည့်နေမိဆဲ ဖြစ်သည်။ နောက်ထပ်တွေ့တော့မှပဲ သူ့ အသက်ကိုမေးပြီး ဘယ်လိုနာမ်စားနဲ့ခေါ် ရမလဲဆိုတာ ဆုံးဖြတ်ရမည်။

ခုတော့ တကယ်ဟုတ်,မဟုတ်ဆိုတာကို သိချင်သဖြင့် မေးခွန်းတစ်ခု ကောက်မေးလိုက်မိသည်။

"နာမည် ဘယ်လိုခေါ်လဲ မသိဘူး"

"ကျွန်တော် 'စိုပြေ' ပါ"

" 'စိုပြေ'..."

နာမည်နဲ့လူနဲ့ လိုက်ဖက်အောင်များ သူ့ပုံစံက စိုစိုပြည်ပြည်နဲ့ခပ်ဖိုင့်ဖိုင့် ဖြစ်နေလေသလားမသိပါ။ ဓါတ်လှေကားတံခါး ပိတ်သွားတဲ့အထိကို 'မောင်' ရပ်ကာ ငေးကြည့်နေမိသည်။

"ကဲ ဘယ်လိုလဲ… ဘာမဟုတ်တဲ့ ဝက်ပုတ်စတိုင်လ်ကို စွဲသွားပြီလား… အသက်ကဖြင့် ငါတို့ ဦးလေးအရွယ်လောက်ရှိတယ် ငြိမနေနဲ့… ခေါင်းထဲက ထုတ်ထားလိုက်"

ဟု 'ခင်ထား' က အမြင်ကတ်စွာ ပြောလာမှပဲ 'မောင့်'ရဲ့ စိတ်က နဂိုပုံမှန်ပြန်ဖြစ်လို့လာရသည်။ 'မောင့်' စိတ်ထဲ ဘယ်လိုဖြစ်မှန်းမသိဘဲ 'စိုပြေ' ဆိုတဲ့လူကို အလိုလိုနေရင်း စိတ်ဝင်တစားဖြစ်နေမိပါသည်။

ဒီလူ့မှာ ဘာစွဲဆောင်မှုများ ရှိနေသလဲ မပြောတတ်ချေ။

ကိုယ့်စိတ်က အမျှင်တန်းနေတာကို 'ခင်ထား' သိသွားမှာလည်း စိုးရိမ်မိသေး၏။ ဒါကြောင့် …

"ငြိလို့မဟုတ်ပါဘူးဟာ… စိတ်ထဲမှာ ထူးဆန်းနေလို့ပါ… ငါတို့နဲ့အတူတူ စာလာသင်မယ့်သူက ရွယ်တူပုံစံမပေါက်ဘဲ ဆရာပုံစံပေါက်နေလို့လေ"

"ဘာပဲဖြစ်ဖြစ် နှစ်ယောက်တည်း သင်ရတာထက်စာရင် လူထပ်တိုးတာ ပိုကောင်းတာပေါ့… နင်မို့ဆို စာမေးရင်ငါတို့နှစ်ယောက်တည်းပဲ ပစ်မှတ်ဖြစ်ပြီး ဂွိနေမှာ"

"အေး ဟုတ်တယ်"



'မောင့်' အတွေးထဲမှာ မနက်ဖြန် စာလာသင်မယ့် 'စိုပြေ' ဆိုတဲ့ သူကိုသာ အကဲခတ်ဖို့ စဉ်းစားနေမိပါသည်။

## ၂

စာသင်ချိန်ပြီးလို့ အတန်းအပြင်ဘက် ကော်ရစ်ဒါမှာ ခပ်ပျင်းပျင်းနဲ့ တစ်ယောက်တည်းထိုင်နေစဉ် တီချယ် 'ဒေါ်လှနွယ်' ကို တွေ့လိုက်ရတာကြောင့် 'မောင်' က အပြေးပင်သွားတွေ့လိုက်ပါသည်။

"တီချယ် ဒီနေ့ စာသင်ဖြစ်လားဟင်"

"ဖြစ်တယ်... သမီးကိုပြောမလို့... တီချယ်နဲ့အတူ တပည့် သုံးယောက်ပါလာမယ်နော်... နေရာအဆင်ပြေရဲ့လား မသိဘူး"

"နေရာကတော့ အဆင်ပြေပါတယ်...ဟို တီချယ့်တပည့်





ထဲမှာ 'စိုပြေ' ဆိုတဲ့လူများပါသလားမသိဘူး... မနေ့က အိမ်ကို လာပြီးမေးနေလို့"

"ပါတယ် ပါတယ်... တီချယ်ပဲ လိပ်စာပြောပြလိုက်တာ... တီချယ့်သူငယ်ချင်းရဲ့သားပဲ... ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး... 'မောင်' က သူ့ကိုကြည့်ပြီး သင်မယ့်ဆရာလို့တောင် ထင်မိတာ"

တီချယ့်မျက်နှာ ပြုံးယောင်သမ်းသွားသည်။ ပြီးတော့ ခေါင်းကိုညိတ်ပြရင်း...

"'ကိုပြေ' က သမီးတို့နဲ့ ရွယ်တူပါပဲ... အနေအေးပြီးရိုးလို့ လူကြီးပုံစံပေါက်နေတာပါ... နောက် 'မင်းထိုက်' ဆိုတဲ့တစ်ယောက်နဲ့ 'စွယ်တော်' ဆိုတဲ့ တစ်ယောက်ပါ,ပါဦးမယ်နော်... 'စွယ်တော်' က တီချယ့်တူမလေး... 'ကိုပြေ' နဲ့ ဆက်ရှင်အတူတူပဲ"

"ဟုတ်ကဲ့ တီချယ်... 'မောင်' နဲ့ 'ခင်ထား' အဆင်သင့်ပြင်ပြီး စောင့်နေပါ့မယ်"

'မောင်' အိမ်ပြန်ရောက်ပြီး သိပ်မကြာခင် 'ခင်ထား' ရောက်လာပါသည်။ မျက်နှာထားက စပ်ဖြဲဖြဲနဲ့ အတော်ပျော်မြူးလာခဲ့ပုံရသည်။ 'ခင်ထား' တစ်ယောက် ဒီနေ့ ကျောင်းလစ်ပြီး

သူ့ရည်းစားနဲ့ လျှောက်လည်တာဖြစ်သည်။

"အိမ်ကိုတောင် မပြန်ရသေးဘူး... နင့်ဆီကိုပဲ တန်းလာခဲ့တာ... စာသင်ပြီးမှပဲ ပြန်လိုက်တော့မယ်ဟယ်... ဒီကနေပဲ နင်နဲ့အတူ ရှိနေတယ်ဆိုတာကို ဖုန်းဆက်ပြောလိုက်တော့မယ်"

'မောင်' က မျက်နှာကို မကျေမနပ် မဲ့ပြလိုက်ပါသည်။

'ခင်ထား' တစ်ယောက် သွားချင်ရာ လျှောက်သွားပြီးတော့မှ 'မောင်' နဲ့အတူရှိနေတယ်ဆိုပြီး သူ့အိမ်ကို လိမ်,လိမ်ပြောနေတာ အကြိမ်ပေါင်းမနည်းတော့ပေ။

'ခင်ထား' ရဲ့ ရည်းစားက ယုဇနပလာဇာ ဒုတိယထပ်မှာ အထည်အဝတ်အစားတွေရောင်းတဲ့ ဖက်ရှင်ရှော့ပ်ဆိုင် ဖွင့်ထားသူဖြစ်သည်။

ပလာဇာအသွားများသော 'ခင်ထား' နဲ့ 'ကိုတေဇ' တို့ အကြည့်ခြင်းဆုံတာများပြီး၊ ဇာတ်လမ်း ဖြစ်သွားခဲ့ကြတာဖြစ်သည်။'မောင်' လည်း 'ခင်ထား' နည်းတူ ပလာဇာသွားတာအခေါက်ခေါက်အခါခါပါပဲ။

မျက်လုံးခြင်းအကြိမ်ကြိမ် ဆုံတွေ့တဲ့ သူတွေလည်း အကြိမ်ပေါင်း မရေတွက်နိုင်အောင်ပါ။ ဒါပေမဲ့ 'ခင်ထား' လို ဘယ်သူနဲ့မှ ဇာတ်လမ်း မဖြစ်ခဲ့တာတော့ သေချာသည်။



ကျောင်းမှာလည်း 'မောင်' ရဲ့ ရင်ကို ခုန်စေနိုင်တဲ့သူ တစ်ယောက်မှ မတွေ့သေးပါ။ 'မောင်' ကို စိတ်ဝင်စားပြီး လိုက်တဲ့သူတွေအားလုံးက ကြာလာတာနဲ့ အမျှ သူငယ်ချင်းတွေ ဖြစ်ကုန်တာသာများသည်။

'မောင်' ဘက်က ရိုးသားပွင့်လင်းစွာ ဆက်ဆံတဲ့အခါကျတော့ သူတို့တွေဘက်ကလည်း ဆက်ပြီး မကြိုးစားရဲတော့ပါ။ ပေါ့ပေါ့ပါးပါးနဲ့ပင် 'မောင်' ရဲ့ သဘောကိုလိုက်ပြီး သူငယ်ချင်းတွေ ဖြစ်ကုန်ရတော့သည်။

အဲ့ဒီထဲကမှ ဖွဲ့အကောင်းဆုံးနဲ့ အပေတေဆုံး ဖြစ်နေတဲ့ သူတစ်ယောက်က 'ရာဇာ' ဆိုတဲ့ သူပါပဲ။ 'မောင်' ဘက်က 'ရာဇာ' နဲ့ပတ်သက်ပြီး ရင်မခုန်တာ သေချာနေသဖြင့် နည်းမျိုးစုံနဲ့ ချွဲဖို့ကြိုးစားခဲ့သည်။

'မောင်' ရဲ့ နည်းလမ်းတွေသာ မျိုးစုံပြောင်းလဲသွားခဲ့သည်။ 'ရာဇာ' ရဲ့ စိတ်ဓါတ်ပြင်းထန်မှုကတော့ မပျက်မယွင်း ရှိနေဆဲပဲ ဖြစ်သည်။ သွေးကြွလွယ်သော 'ရာဇာ' ကို မြင်ရရင် 'မောင်' စိတ်တွေညစ်သည်။

ခေါင်းပင် ကိုက်ချင်လာတဲ့ အထိပါပဲ။ 'ရာဇာ' တစ်ယောက် ဂျစ်ကန်ကန်နဲ့ မိုက်ကန်းသလို ဖြစ်နေတာကိုကြည့်ပြီး

'မောင်' အသည်းတွေယားလှသည်။

'ရာဇာ့' ဘက်က အတင်းကာရော လိုက်ရောတဲ့အခါတွေ ဆိုရင် 'မောင့်' ဘက်က မိန်းကလေးဆိုပြီး သည်းခံနေလိုက်တယ် ဆိုတာရှားသားပင်။

လူရှေ့သူရှေ့လည်း မရှောင်၊ ရှိတာနဲ့ ကောက်ရိုက်၊ တွေ့တာနဲ့ ကောက်ထုပစ်လိုက်တာသာ များသည်။

"မင်းကိုချစ်လွန်းလို့ ငါ သည်းခံလိုက်တာနော်... တခြား သူသာဆိုရင် မွသွားပြီအောင်းမေ့ထား... 'ရာဇာ' တို့က သိပ်သွေး ကြွတယ်"

ဟု လူမိုက်ဆန်ဆန်ပြောလာတိုင်း 'မောင့်' ရဲ့ အသား တွေ ဆတ်ဆတ်တုန်သည်အထိကို ဒေါသထွက်ရပါသည်။ သူက ဘာကောင်မို့လို့ ဒီလို ရဲတင်းတဲ့ စကားမျိုးတွေ ပြောရတာလဲ။

မိန်းကလေးတစ်ယောက် ကိုယ့်ကို မချစ်ပါဘူးလို့ အ ပြတ်ပြောထားပြီးနေတာကို သူမို့လို့ အရှက်မရှိ ဆက်ပြီး ကပ် နေသေးသည်။

"နင့်ရဲ့သွေးကကြွယုံမကလို့ ပြားပြီးပဲ ကပ်နေနေ ငါက လုံးဝကို ဂရုမစိုက်ဘူးမှတ်ထား... ငါ့လို မိန်းမမျိုးက နင့်လိုအရူး ကြောင်ကြောင်ဂေါက်မျိုးကို ချစ်ဖို့မပြောနဲ့ စိတ်ဝင်စားဖို့တောင်





ဝေလာဝေးပဲ... နင်မာနရှိရင်ရှက်တတ်ရင် ငါ့အနားကို လုံးဝမ လာနဲ့တော့"

"လာမှာပဲ... နင့်ကိုအပိုင်မရမချင်း ငါ လာနေရမှာပဲ" ပြောတဲ့စကားက မုန်းစရာပါ။

အပိုင်မရမချင်း လာနေမယ်ဆိုတော့ အပိုင်ရသွားတဲ့ အခါကျတော့ ပစ်သွားမယ်ဆိုတဲ့ သဘောမျိုးလား။ နဂိုတည်းက မကြိုက်ရတဲ့ကြားထဲ သူ့ရဲ့ အဲ့ဒီလို စကားတွေကြားပြီး ပိုပြီးစိတ် ပျက်စိတ်ကုန်ရပါသည်။

'ရာဇာ့' မှာ တခြားသူတွေထက် သာလွန်တဲ့ အခွင့်အရေး တစ်ခုကလည်း ရှိနေပြန်ပါသေးသည်။ 'ရာဇာ့' အဖေနဲ့ 'မောင့်' ရဲ့ ဖေဖေတို့က နိုင်ငံခြားသင်္ဘောကုမ္ပဏီ တစ်ခုတည်းမှာ တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းတွေ ဖြစ်နေပါသည်။

သင်္ဘောချင်းမတူညီပေမယ့်၊ ကုမ္ပဏီပိုင် တစ်ခုတည်းက ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်း ဆက်စပ်ဆက် သွယ်မှုရှိနေ၏။

'ရာဇာ့' အဖေ လူကြုံပစ္စည်း ပို့တဲ့အခါဆို ဖေဖေကအိမ် အတွက် တစ်ခုခုထည့်ပေးလိုက်တတ်သလို၊ ဖေဖေ လူကြုံထည့် ပေးတဲ့အခါတိုင်းမှာလည်း ပစ္စည်းထုပ်ထဲမှာ သူ့အဖေက သူတို့

အိမ်အတွက်ပါရောပြီး ထည့်ပေးလိုက်တတ်ပါသည်။

'မောင်' တို့အိမ်ကပစ္စည်းဆိုရင် 'ရာဇာ' က အားတက်သရောလာပို့ပေးပေမယ့် သူတို့အိမ်ကပစ္စည်းဆိုရင်တော့ 'မောင်' က ဒရိုင်ဘာကိုသာသွားပို့ခိုင်းလိုက်သည်။

မေမေက သူ့အလုပ်နဲ့သူ ရှုပ်နေတာကြောင့် 'ရာဇာ' နဲ့ 'မောင်' နဲ့ ဆက်ဆံရေးမှာ ဝင်မပါတာတော်ပါသေးသည်။

"စာသင်တာ လူများချင်တယ်ဆိုရင် နှင့်ကို တစ်ခုပြောမလို့"

"ဘာလဲ..."

"'ရာဇာ့' ကို ခေါ်လိုက်ပါလား... နင် ခေါ်ရင် သူက,က်ပြီးတော့တောင် လာမှာ"

'မောင့်'အတွေးထဲမှာ အခု 'ရာဇာ'ရှိနေတယ်ဆိုရင်ဖြင့် 'ခင်ထား' တစ်ယောက် စပ်ဟပ်တဲ့စကားတွေ ပြောလို့ဆုံးမှာ မဟုတ်တော့ချေ။

ခပ်မြန်မြန်ပဲ ခေါင်းကိုခါရင်း...

"နေစမ်းပါဟာ... လေသံတောင် မဟမိစေနဲ့... သူလာရင် စာတောင်ကောင်းကောင်းသင်ရမှာ မဟုတ်ဘူး"

"နင် တကယ်ပဲ 'ရာဇာ့' ကို စိတ်မဝင်စားဘူးလား"





"ဟင့်အင်း... ဘယ်လိုမှ ရင်မခုန်ပါဘူးဟာ"

"ငါကတော့ နင့်ကို 'ရာဇာ' နဲ့သဘောတူတယ်"

"တူမှာပေါ့... နင့်ရည်းစားနဲ့ အမျိုးတော်နေတယ်ဆိုတော့ဘက်လိုက်ပြီး သဘောတူနေတာ မသိဘူးထင်မနေနဲ့"

"မဆိုင်ပါဘူးဟာ... 'တေဇ' နဲ့ ဘယ်လောက်ပဲ အမျိုးတော်တော်ပါ... 'ရာဇာ့' ရဲ့ နင့်အပေါ် ချစ်တဲ့စိတ်ကိုလည်း သဘောကျလို့ပါ... သူ့ဖါသာဘယ်လောက်ပဲ ဂျစ်တိုက်တိုက် နင့်ကိုဆိုအမြဲတမ်း အလျှော့ပေးတတ်တာတော့ တကယ်ချစ်ဖို့ကောင်းတယ်"

'မောင်' မျက်နှာကို ရှုံ့ပြလိုက်သည်။

'ခင်ထား' ပြောသလို 'ရာဇာ' တစ်ယောက် 'မောင့်' အပေါ် သူများတွေထက်ပိုပြီး လိုက်လျောအလျှော့ပေးဆက်ဆံတာကိုသိပါသည်။ဒါပေမဲ့ သူ့ရဲ့လိုက်လျောမှုက 'မောင့်'အတွက်တော့ ဘာခံစားမှုမျိုးကိုမှ မဖြစ်ပေါ်စေတာ ဘယ်လိုလုပ်ရမလဲ။

'ရာဇာ' ရဲ့ အချစ်ကို 'မောင်' တန်ဖိုးထားသည်။ 'မောင်' ကလွဲရင် တခြားဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတာ၊ ခပ်ရောရောပင်မနေတတ်တာကို အေးလူတွေ ပြောပြလို့ သိယုံတင်မကဘဲ 'မောင်' ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ခဏခဏရယ်ပါ။

'ရာဇာ့' လို ဂျစ်တစ်တစ်ကောင်ကို တစွဲတလန်းနဲ့ကြိုက်နှစ်သက်တဲ့ မိန်းကလေးတွေကလည်း ရှိပါသေးသည်။ 'မောင်' ကတော့ ဘယ်တော့မှ 'ရာဇာ' နဲ့ ချစ်သူတွေ ဖြစ်မလာဘူးဆိုတာ သိနေတဲ့အတွက် ခပ်ပြတ်ပြတ်ပဲ ဆက်ဆံဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေပါသည်။

သတ်မှတ်ထားတဲ့ အချိန်မှာပဲ တီချယ်တို့ရောက်လာသည်။ တီချယ်နဲ့အတူ တခြားသူတွေလည်း လိုက်လာခဲ့သည်။ 'စိုပြေ' ဆိုတဲ့လူကတော့ စာသင်မယ့်အခန်းကို မျက်လုံးဝေ့ကာ အကဲခတ်သလို ကြည့်နေလေသည်။

"ကဲ ဒီနေ့က စာစသင်မယ့်နေ့ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အရင်ရင်းနှီးအောင် မိတ်ဆက်ပေးမယ်"

ကျောင်းမှာဆက်ရှင်မတူတာကြောင့် အားလုံးက ခုမှမြင်တွေ့ဖူးကြတာဖြစ်သည်။ 'စွယ်တော်' ဆိုတဲ့တစ်ယောက်က 'မောင့်' အား လိုအပ်တာထက်ပိုပြီး အကဲခတ်ကြည့်နေတယ်လို့ ထင်မိပါသည်။

'စိုပြေ' ကတော့ မျက်လုံးကို အောက်စိုက်ထားပြီး လစ်တဲ့အချိန်မှ ခိုး,ခိုးကြည့်တတ်သော သူ ဖြစ်လေသည်။ 'မင်းထိုက်' ဆိုတဲ့သူက မျက်နှာပြောင်ပြောင်နဲ့ စကားတွေလည်း ပြောချင်ရာ





ပြောကာ ခင်စရာကောင်းသောသူ တစ်ယောက်ဖြစ်သည်။

အချိန်တိုတိုအတွင်းမှာပဲ 'မောင်' တို့အားလုံး သူငယ်ချင်းတွေ ဖြစ်သွားခဲ့ကြပါသည်။

စာသင်ချိန်ပြီးတဲ့အခါမှာ တီချယ်က 'မင်းထိုက်' နဲ့အတူ ပြန်လိုက်သွားမှာဖြစ်ပေမယ့် 'စွယ်တော်' ကတော့ 'စိုပြေ' နဲ့အတူ ဈေးလိုက်သွားမယ်လို့ပြောတာကြောင့် 'မောင်' အသာ ကြည့်နေလိုက်သည်။

'စွယ်တော်' နဲ့ 'စိုပြေ' နဲ့က ရည်းစားတွေများလား မပြောတတ်ပါ။ 'စွယ်တော့်' ကိုကြည့်တဲ့ 'စိုပြေ' ရဲ့ မျက်လုံးတွေက ရီဝေဝေနဲ့ အကြင်နာရိပ်တွေ အထင်းသား ထင်ဟပ်လျက်ရှိနေ၏။

"ဈေးကို လိုက်သွားတာတော့ ဟုတ်တယ်... ဘယ်သူက အိမ်ပြန်ပို့ပေးမှာလည်း 'စွယ်တော်' ရဲ့... တစ်ယောက်တည်းပြန်လို့လည်းမဖြစ်ပါဘူး... ညည်းအမေက ပြောလိမ့်မယ်"

ဟု တီချယ်က မလိုက်စေချင်သလို ပြောလာသည်။

"ဒေါ်လေးကလည်း... 'စိုပြေ' ကို ပြန်လိုက်ပို့ခိုင်းမှာပေါ့... သူကလည်း ပြန်ပို့ပေးမယ်လို့ပြောတယ်"

"'ကိုပြေ' ဟုတ်တလား... ဆိုင်ထိုင်ရမယ်ဆိုရင် ပြန်လိုက်

ပို့ပေးဖို့ ခက်နေလိမ့်မယ်"

"ရပါတယ်... ကျွန်တော် ပြန်ပို့ပေးပါ့မယ်"

"အင်း အင်း... ဒါဆိုလည်း တီချယ်တို့ ပြန်လိုက်တော့မယ်"

'မင်းထိုက်' က မပြန်ခင် တီချယ် မမြင်အောင်လို့ လက်မတစ်ချောင်းထောင်ကာ 'စိုပြေ' အား ပြုံးဖြဲဖြဲ လုပ်ပြသွားသည်။

"'ဖွေးဖွေးမောင်' တို့ကော လိုက်ဦးမလား... 'စိုပြေ' နဲ့အတူ ပလာဇာကို လိုက်သွားမလို့လေ... 'စိုပြေ' တို့ဆိုင်ရှိတယ်... မင်္ဂလာဈေးမှာလည်း ရှိသေးတယ်... လိုက်ကြည့်ရင်ကြည့်ပါလား... အလကားတောင်းလို့လည်း ရတယ်"

ဟု 'စွယ်တော်' က မကောင်းတတ်သလို 'မောင်' နဲ့ 'ခင်ထား' ကို ခေါ်ပါသည်။ ဒီနေ့မှ စခင်ကြတဲ့သူတွေမို့ 'မောင်' က ခေါင်းခါပြရင်း...

"မလိုက်တော့ပါဘူး... 'စွယ်တော်' တို့ပဲ သွားကြပါ... 'မောင်' ကအိမ်စောင့်ရမှာ"

"ဒါဆို သွားပြီနော်"

'စွယ်တော်' တို့ ထွက်သွားတာကိုကြည့်ပြီး 'ခင်ထား' က ကွယ်ရာရောက်တာနဲ့ ဝေဖန်ပါတော့သည်။





"ကြည့်ရတာ 'စိုပြေ' နဲ့ 'စွယ်တော်' နဲ့က ရည်းစားတွေနဲ့တူတယ်နော်... 'စိုပြေ' မျက်လုံးတွေက 'စွယ်တော့်' ဆီမှာကြီးပဲရောက်နေတာ... ဦးလေးကြီးကလည်း အလာကြီးပါလား"

"အေးလေ... ပုံစံကြည့်တော့ ရိုးရိုးသားသားနဲ့ သူကလည်းအလာကြီးပါလား... 'စွယ်တော်' မို့လို့ သူ့လိုဖက်တီးပုတ်ကိုကြိုက်တယ်"

'စွယ်တော်' ရဲ့ပုံစံက ခါးလည်လောက် ဆံပင်ရှည်ရှည်နဲ့ မျက်လုံးကလည်း ခပ်အစ်အစ်ကလေးဖြစ်သည်။ အသားကတော့ ဖြူပါသည်။

'စွယ်တော်' မှာ အစွဲဆောင်နိုင်ဆုံးကတော့ ချိုသာသော အသံကလေးပဲ ဖြစ်လေသည်။ စကားပြောတဲ့အခါမှာ ဘယ်လိုလေးမှန်းလည်းမသိဘဲ ချစ်ခင်စရာ ကောင်းနေတတ်ပါသည်။

မိန်းကလေးအချင်းချင်းတောင် 'စွယ်တော့်' ရဲ့ လေသံချိုချိုကလေးကို နှစ်သက်တယ်ဆိုရင်၊ ယောကျ်ားလေးတွေ အဖို့ကတော့ ပြောမနေနဲ့တော့ပေါ့။

'စိုပြေ' ဆိုတဲ့သူလည်း 'စွယ်တော့်' ရဲ့ လေသံကလေးကို စွဲလန်းပြီး ချစ်သွားတာဖြစ်လိမ့်မည်ဟု 'မောင်' က ထင်မိပါသည်။

"'စိုပြေ' က ပလာဇာနဲ့ မင်္ဂလာဈေးမှာ ဆိုင်ရှိတယ်တဲ့... ငါတို့လည်း ဒီလောက်သွားနေတာ တစ်ခါမှ မမြင်ဖူးဘူးနော်... ဘယ်ချောင်မှာကပ်နေသလဲ မသိပါဘူး... ချောင်ကပ်နေရအောင်လည်း သူ့ပုံစံက ပိန်သေးသေးလည်း မဟုတ်ဘူး... မတွေ့တာအံ့သြစရာပဲ"

'ခင်ထား' ပြောတာ ဟုတ်သည်။ မင်္ဂလာဈေးနဲ့ ယုဇနပလာဇာကို အခေါက်ပေါင်းမရေတွက်နိုင်အောင် ရောက်နေပါရဲ့နဲ့ တစ်ခါမှ 'စိုပြေ' ဆိုတဲ့သူကို မတွေ့မိတာအံ့သြဖို့တော့ကောင်းပါသည်။

"ကြည့်ရတာ တစ်ချိန်လုံး 'စွယ်တော်' အနားကပ်ပြီး အီးရှုနေလို့ ဖြစ်မှာပေါ့... ဈေးမှာ သိပ်မထိုင်ဘူးနဲ့တူပါတယ်"

"ဟုတ်မှာ"

"'မင်းထိုက်' ဆိုတဲ့တစ်ယောက်ကလည်း နေရင်းထိုင်ရင်း ဘာပေါ်သလဲမမေးနဲ့... ပြောချင်ရာလျှောက်ပြောပြီး ရယ်နေတယ် ဘာပဲဖြစ်ဖြစ် စာသင်ရတာ ပျင်းတော့မပျင်းရဘူးနော်"

"အေး 'မင်းထိုက်' ရှိနေလို့သာ တော်တော့တယ်... သူပြောတာတွေ နားထောင်ပြီး မျက်လုံးကကျယ်လာတာ... 'စွယ်တော်' ကလည်း ကြည့်ရတာ စာကြမ်းပိုးနဲ့တူပါတယ်... တီချယ်





ဘာပဲမေးမေး မရတာမရှိဘူး... အံ့သြစရာ"

"ဟုတ်ပါ့... နောက်ဆို စာကိုပုံမှန် ကျက်ရမလို ဖြစ်နေပြီ... ကိုယ့်ကိုမေးတဲ့အလှည့်ကျ မဖြေနိုင်ရင် ရှက်စရာကြီး... 'မင်းထိုက်' ဆိုတဲ့ကောင်က အာချောင်ချောင်ရယ်... ဟားမယ့်ပုံ"

'မောင်' ကတော့ 'မင်းထိုက်' ဟားမှာထက်၊ 'စိုပြေ' ဟားမှာကိုပဲ ဘာကြောင်းမှန်းမသိ ပိုလန့်နေမိပါသည်။ 'စွယ်တော်' ရဲ့ အမြင်မှာလည်း မိန်းကလေးအချင်းချင်း ရှုံးနိမ့်ပြီး အောက်ကျရမယ့်အဖြစ်မျိုး မဖြစ်ချင်တာကြောင့် ဒီနေ့ကစပြီး စာကိုသေချာကျက်မှတ်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။

# ၃

ဒီနေ့ညနေ တီချယ် 'ဒေါ်လှနွယ်' သင်ရမယ့်ရက်ဆိုတာကို အနားနီးမှ ကပ်ပြီးသတိရလိုက်တာကြောင့် 'မောင်' ထိတ်လန့်သွားခဲ့ရသည်။

'မောင်' မေ့တာပါ။ တစ်ပတ်မှာ နှစ်ရက်ကလေးပဲ သင်ရတာကို 'မောင်' ဦးနှောက်က မေ့နေသည်။ သေတော့မှာပဲ။ ဒီနေ့ စာမေးပွဲလည်း စစ်မည်။ ပါးစပ်နဲ့လည်း ဖြေပြရမည်။

ကျက်ခိုင်းထားတဲ့ Chapter တွေကို ခုထက်ထိ တစ်လုံးမှ ပြန်မကျက်ရသေးသလို၊ တွက်ခိုင်းထားတဲ့ ပုစ္ဆာတွေကို





လည်း တစ်ပုဒ်မှ ပြန်တွက်မကြည့်ရသေးပါ။

တခြားနေရာတွေမှာ သဘောကောင်းပေမယ့်၊ စာနဲ့ပတ်သက်လာရင် ပြင်းပြင်းထန်ထန် စည်းကမ်းကြီးလှတဲ့ တီချယ့်စိတ်ဓါတ်ကို ဖိနေတာကြောင့် ချက်ချင်းကို 'မောင့်' မှာ ချွေးတွေပြန်လာရသည်။

စာသင်ချိန်ရောက်ဖို့က နာရီဝက်ခန့်သာ လိုပါတော့သည်။ ဒီအချိန်နဲ့ ကျက်ခိုင်းထားတဲ့စာတွေကို ဘယ်လိုနည်းနဲ့မှ 'မောင့်' ရဲ့ ဦးနှောက်က မှတ်မိနိုင်မှာမဟုတ်ချေ။

စိုးရိမ်ထိတ်လန့်နေတဲ့ စိတ်တွေကလည်း ရှိနေပြန်သေးသည်ဆိုတော့ 'မောင်' အဆူခံရဖို့၊ အရိုက်ခံရဖို့က ကျိန်းသေသလောက်ရှိနေပါပြီ။

တက္ကသိုလ်ကျောင်းသားတွေ ဖြစ်ပေမယ့် တီချယ်က ကလေးတွေလိုပဲ စာမရရင် သစ်သားပေတံနဲ့ ရိုက်တုန်းဖြစ်သည်။ ဒီနေ့တစ်နေ့ကို နေမကောင်းတာ အကြောင်းပြပြီး စာမသင်ဘဲနေလိုက်ရင် ကောင်းမယ်နဲ့တူသည်။

မျက်နှာပျက်နေသော 'မောင့်' ရဲ့ အနားကို မေမေရောက်လာသည်။

"ကျူရှင်ရှိတယ်မှလား... စာလေးဘာလေး ကျက်ဦး

လေ… 'မလှနွယ်' က ဒီနေ့ စာမေးပွဲရှိတယ်လို့ ပြောတယ်"

"ဟင် မေမေ့ကို ဘယ်တုန်းက ပြောတာလဲ"

"ပြီးခဲ့တဲ့အပတ် အိမ်မှာစာလာသင်တုန်းကလေ… 'မောင်' နော်… စာသင်တာက အိမ်မှာသင်တာ… ကိုယ်ကအိမ်ရှင်ဖြစ်ပြီး ညံ့နေလို့မဖြစ်ဘူးနော်… အတိုင်ခံရရင် မေမေ ရှက်တယ် တခြားသူတွေက စာရပြီး မေမေ့သမီးက စာမရဘူးဆိုရင်တော့ မေမေ့ကို တမင်သက်သက် သိက္ခာချတာပဲလို့ မှတ်လိုက်မယ်"

ဟု သတိပေးသလိုပြောတဲ့ မေမေ့ရဲ့စကားက 'မောင့်' ရဲ့ ရင်ကို တိုက်ရိုက်ထိမှန်သွားခဲ့ပါသည်။ ခုချိန်ကျမှ နေမကောင်းချင်ဘူးဆိုပြီး မေမေ့ကို လိမ်ပြောလို့ရမယ်လည်း မထင်တော့ပါ။ တကယ်နေမကောင်းဖြစ်နေရင်တောင်မှ ဆေးသောက်ပြီး 'မောင့်' ကို အတင်းသင်ခိုင်းမှာဖြစ်သည်။

ပြီးတော့ ဒီနေ့တစ်နေ့လုံးလည်း 'မောင်' ပူဆာ၍ မေမေကရန်ကင်းစင်တာကို လိုက်ပို့ပေးပြီး လိုချင်တာမှန်သမျှ ဝယ်ပေးခဲ့ပါသေးသည်။

ဈေးဝယ်နေတုန်းကတော့အကောင်း၊ အစားအသောက်တွေ စားနေတုန်းကတော့အကောင်း၊ ခု စာသင်ချိန်နီးမှ ကောက်ခါငင်ခါ ဖျားနာခေါင်းကိုက် လုပ်ပြရင် အရိုက်ခံရဖို့ပဲများသည်။





လိမ်လို့ရမယ့် နည်းလမ်းတွေကို 'မောင်' က မျက်နှာခပ်ပျက်ပျက်နဲ့ စဉ်းစားနေမိသည်။ ဒါပေမဲ့ ဘယ်လိုနည်းနဲ့မှ လွတ်မယ့်နည်းလမ်းကို ဦးနှောက်က မထွက်ဖြစ်ကာနေ၏။

"ကဲ စာကျက် စာကျက်… သူငယ်ချင်းတွေအားလုံးထဲမှာ သမီးအမှတ်ကို အများဆုံးဖြစ်တာ မေမေ မြင်ချင်ကြားချင်တယ်နော်… ဒီလောက်ပြောထားရဲ့နဲ့ ဖြစ်မလာလို့ကတော့ မေမေက ခွင့်မလွှတ်ဘူး… ပြီးတော့ 'စွယ်တော်' ကလည်း စာတော်တယ်လို့ပြောတယ် လူချင်းအတူတူ သူများအကြောခံရတာက ရှက်ဖို့ကောင်းတယ်ဆိုတာကို သမီး နားလည်ထားစမ်း"

မေမေက သူ့အခန်းထဲဝင်ကာ ဆေးခန်းသွားဖို့အတွက် ပြင်ဆင်နေပါသည်။ 'မောင်' တစ်ယောက်တည်း စိတ်ရှုပ်နေစဉ် 'ခင်ထား' ရောက်လာပါသည်။

"ဟဲ့ စာမကျက်ဘဲ ဘာငိုင်နေတာလဲ… စာမေးပွဲဖြေရမယ်ဆိုတာကိုကော ခေါင်းထဲမှာ ရှိသေးရဲ့လား… ရှော့ပင်ထွက်ပြီး ပင်ပန်းလို့အိပ်ချင်နေပြီမှလား"

"မဟုတ်ဘူး… ခုချိန်ထိ စာတစ်လုံးမှ မရသေးလို့ သေချင်နေတာ… နင်ကော စာတွေရပြီလား"

"မဆိုးပါဘူး… ရသလောက်တော့ ရှိနေပါပြီ… နင်က

ဘာဖြစ်လို့ စာမရသေးတာလဲ... ကျူရှင် ရှိတယ်ဆိုတာ ငါသေချာပြောလိုက်ရဲ့သားနဲ့ကို"

"သိတယ်လေ... ငါက တခြား ဆရာအောင်းမေ့လို့ စိတ်အေးနေတာ... ခုနကမှ တီချယ် 'ဒေါ်လှနွယ်' မှန်းသိတာ... ဦးနှောက်က မေ့နေတာဟာ... သေသာသေလိုက်ချင်တယ်... မေမေကလည်း ခုပဲဆူသွားတယ်... စာမရရင် အသေပဲတဲ့"

'ခင်ထား' က 'မောင့်' ကိုကြည့်ပြီး သက်ပြင်းအရှည်ကြီးချလိုက်လေသည်။ 'မောင့်' မှာလည်း သက်ပြင်းအကြိမ်ကြိမ်ချနေမိတာကြာပါပြီ။

"စာမရလို့တော့ မဖြစ်ဘူးနော်... တီချယ်အကြောင်းလည်း နင်သိသားနဲ့ဟာ... ရသလောက် ကျက်လိုက်လေ... ငါလည်းဖြေတာကို ပြမယ်... ငါ့ဆီက ကူးချပြီးရေးလိုက်"

"လက်ကကူးချတာက ဟုတ်တယ်... ပါးစပ်က ဆိုရမယ့် အီကွေးရှင်းတို့ ဒက်ဖနေးရှင်းတို့က ဘယ်လိုလုပ်မှာလဲ"

"အား ကျွတ် စိတ်ညစ်လိုက်တာ"

"ငါ စာမရတာကိုကြည့်ပြီး 'စွယ်တော်' က ဟားမှာ... သူက သူ့ကိုယ်သူ အမြဲတမ်း ဆရာကြီးထင်နေတာလေ... လေသံကလေးကချိုသလောက် စိတ်ဓါတ်က သိပ်ကောင်းတဲ့သူ မ





ဟုတ်ဘူး"

ဟု 'မောင်' က စိတ်ထဲရှိတာကို ပြောချလိုက်သည်။ စာသင်တာကြာလာတာနဲ့အမျှ 'စွယ်တော်' ရဲ့ စိတ်ဓါတ်အခြေအနေကို 'မောင်' က ရိပ်မိနေရပြီ ဖြစ်သည်။

'ခင်ထား' လည်းသိပါသည်။ 'စွယ်တော်' က ဘယ်နေရာမှာပဲဖြစ်ဖြစ် သူ တစ်ယောက်တည်းပဲ ပြိုင်ဘက်မရှိ ဗိုလ်စွဲချင်နေတဲ့သူပါ။

စာနဲ့ပတ်သက်ရင်လည်း သူပဲ အမြဲတမ်း ပထမဖြစ်ချင်တဲ့သူမျိုးပါ။ 'မောင်' ကလည်း ကိုယ်ရှုံးကျန်ခဲ့ရမှာကို ကြောက်ပြီး 'စွယ်တော်' နဲ့ ပတ်သက်တဲ့ကိစ္စတိုင်းမှာ အရာရာကို သတိနဲ့နေတတ်ခဲ့ပါသည်။

ကျောင်းမှာမတွေ့ဖြစ်ပေမယ့် အိမ်မှာ စာသင်ဖြစ်တဲ့အခါတိုင်းတွေ့ဖြစ်နေကြတာဆိုတော့ 'မောင်' နဲ့ 'စွယ်တော်'က ပြိုင်ဘက်သဘောမျိုး အလိုလိုနေရင်း ဖြစ်နေခဲ့ရသည်။

'မောင်' က စပြီး ပြိုင်ဆိုင်တာမျိုး လုပ်တာမဟုတ်ချေ။

'စွယ်တော့်' ဘက်က စလာတာဖြစ်သည်။ ဘယ်နေရာလေးမှာပဲဖြစ်ဖြစ် 'မောင့်' ဘက်က အမှားအယွင်း အတိမ်းအစောင်းနည်းနည်းကလေးရှိတာကိုပင် ပြူးထော့ထော့နဲ့ ထောက်ပြ

ပြီး လေသံချိုချိုကလေးနဲ့ ဆရာကြီးလုပ်တတ်သည်။

'စွယ်တော်' ဆရာကြီးလေသံနဲ့ ပြောတာကို မျက်လုံးကြီးပြူးကာ အထင်တကြီးကြည့်နေတတ်သော 'စိုပြေ' လို လူတစ်ယောက်ရှိနေတာကြောင့်လည်း ဟိုက ပိုပြီး အိုင်တင်လုပ်လို့ကောင်းတာဖြစ်ပါလိမ့်မည်။

တခြား ဆရာတွေရှေ့မှာဆိုရင်လည်း သူ့ကိုယ်သူ သိပ်ပြီးတော်သလိုတတ်သလိုနဲ့ ပါဝါတွေ မလိုင်တွေ ထုတ်ကျွေးနေတာ အမြင်ကတ်ဖို့ပင်ကောင်းပါသည်။

ရှင်းရှင်းပြောရလျှင် 'စွယ်တော်' က 'မောင့်' ကို မနာလိုဖြစ်နေတာသာ ဖြစ်သည်။ 'မောင့်' ရဲ့ ရုပ်ရည်ချောမောမှုကို အလကားနေအလကား ဝန်တိုစိတ်တွေ ပွားများနေတာကို 'မောင်' ရိပ်မိနေပါသည်။

ရုပ်ဆင်းအင်္ဂါ ပြိုင်ဆိုင်လို့ မရတော့တဲ့အခါမှာ သူသာမယ်လို့ထင်တဲ့ စာဘက်အပိုင်းနဲ့ ပြိုင်ဆိုင်လာခဲ့တာဖြစ်သည်။ 'မောင့်' ဘက်ကတော့ တကယ်တမ်းပြောရရင် ပြိုင်ဆိုင်ရတဲ့အလုပ်က ရင်မောစရာကောင်းလွန်းတာကြောင့် မလုပ်ချင်ပါ။

မလုပ်ချင်ပေမယ့်လည်း 'စွယ်တော့်' ဘက်ကသူ့ကို





မယှဉ်ရဲလို့,လို့ ထင်သွားမှာစိုးတာကြောင့် စိတ်မပါပေမယ့် အရာရာကို သတိနဲ့ကြိုးစားကာ နေ,နေရသည်။

ဒီလောက် သတိထားနေတဲ့ကြားကမှ ရှုံးဖို့အကြောင်းအရင်းက ပေါ်လာရတယ်လို့။

"မသင်ရင်လည်း မသင်နဲ့ဟာ... တစ်ခုခု အကြောင်းပြလိုက် 'စွယ်တော့်' ရှေ့မှာတော့ နင် အရှက်ကွဲမခံနဲ့"

ဟု 'ခင်ထား' က မြှောက်ပေးလာသည်။

"မရဘူး... မေမေသိရင် ငါ ပိုဆိုးမှာ... ထားလိုက်တော့ဟာ ခပ်တည်တည်ပဲ ရင်ဆိုင်လိုက်တာကောင်းတယ်... တီချယ်ဒီနေ့စာမသင်ဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

'မောင့်' ရဲ့ စိတ်ကူးက တကယ်တမ်း ဖြစ်မလာခဲ့ပါ။ပုံမှန်အချိန်မှာပဲ 'စွယ်တော်' တို့ ရောက်လာပါသည်။

"'မင်းထိုက်' တစ်ယောက် မရောက်သေးဘူးလား... ဒီနေ့စာမေးပွဲရှိလို့ လစ်ပြီလားမသိဘူး"

ဟု တီချယ်က မကျေမနပ် ပြောသည်။ 'မင်းထိုက်' က အမြဲတမ်း စာမေးပွဲရှိတယ်ဆိုရင် လစ်နေတတ်တာများသည်။ နဂိုတည်းက စာနဲ့ပတ်သက်ရင် သိပ်ပြီး ကြိုးစားမှုမရှိတဲ့ 'မင်းထိုက်' ကို တီချယ်ကလည်း သိပ်ပြီး အရေးမထားချေ။

တွေ့တဲ့အချိန်မှာပဲ ထုရိုက်နှက်ကာ စာကိုကြိုးစားဖို့ ဆုံးမတတ်လေသည်။

'မောင်' က စာသိပ်မရသေးတာကြောင့် ခါတိုင်းလို နှုတ်သွက်လျှာသွက်ဖြစ်မနေဘဲ ခေါင်းငုံ့ကာ ငြိမ်ငြိမ်သက်သက် ကုပ်နေမိသည်။ 'မောင်' ငြိမ်နေတာကို 'စွယ်တော်' က သတိထားမိသွားပုံရသည်။

"'မင်းထိုက်' ကို စောင့်နေလည်း ဘာမှထူးမှာ မဟုတ်ပါဘူး... ရှိတဲ့လူနဲ့ပဲ စာမေးပွဲဖြေလိုက်တော့မယ်... 'ခင်ထား' တို့ကော အဆင်သင့်ဖြစ်ပြီမှလား"

'ခင်ထား' က 'မောင့်' ကို တစ်ချက်ကြည့်ကာ...

"ဖြစ်နေပါပြီ"

ဟု လေသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

"ကဲ ကဲ... ဖြေကြတော့... တီချယ် မေးခွန်းတွေ တစ်ခါတည်းရိုက်လာခဲ့တယ်"

သင်ထားပြီးသားစာကို ပြန်ဖြေရတာဖြစ်ပေမယ့် နည်းနည်းကလေးမှပြန်ပြီး မကြည့်ထားတဲ့ 'မောင့်' အတွက်တော့ ဘယ်ကစလို့ ဘယ်လိုဖြေရမှန်း မသိအောင် အခက်တွေ့စေပါသည်။





'ခင်ထား' က ခုံအောက်ကနေ ခြေထောက်နဲ့တို့ပြီး သူ့ဆီကနေကြည့်ဖို့ အချက်ပေးပေမယ့် 'စွယ်တော်' က ပေါ်တင်ကြီးအကဲခတ်နေတာကြောင့် 'မောင့်' မှာ အခက်တွေ့နေရသည်။

"'မောင်' ဖြေလေ... ဘာဖြစ်လို့လဲ"

တီချယ်က ဘာမှသိပ်မရေးဘဲ ငုတ်တုတ်ထိုင်နေတဲ့ 'မောင့်' ကိုကြည့်ပြီး ပြောလာသည်။ 'မောင်' မျက်နှာရဲကနဲဖြစ်သွားရကာ စိတ်ထဲမှာရှက်ပြီး ငိုချင်စိတ်ပင် ပေါက်လာပါသည်။

အားပေးသလို ကြည့်လာတဲ့ 'စိုပြေ' ရဲ့ အကြည့်ကလည်း 'မောင့်' အား သိမ်ငယ်မှုကို ဖြစ်ပေါ်စေသည်။ 'စိုပြေ' သဘောကောင်းတာကို 'မောင်' သိပေမယ့် 'စွယ်တော်' နဲ့ ပတ်သက်တဲ့သူဖြစ်နေတာကြောင့် သူ့ကို 'မောင်' ခင်လို့မရနိုင်အောင်ပါ။

"ဖြေလေ... ဘယ်အပုဒ်မရဘူးလဲ... ကျွန်တော် ပြောပြမယ်"

'စိုပြေ' ရဲ့အသံက ခပ်တိုးတိုးကလေး ထွက်လာခဲ့ပါသည်။

"ရတယ်... "

'မောင်' နဲ့ 'စိုပြေ' ပြောနေတာကို 'စွယ်တော်' က မနာလို

စွာဖြင့် 'စိုပြေ့' အား ဝင်ဟန့်လိုက်ပါသည်။

"'ကိုပြေ' ဘာလုပ်နေတာလဲ… ကိုယ့်စာကိုယ် ဖြေတာ မဟုတ်ဘူး… အချိန်စေ့တာနဲ့ တီချယ်က သိမ်းမှာ… စကားများမနေနဲ့"

'စိုပြေ' က အားနာသလို မျက်လုံးတွေဖြင့် 'မောင့်' အား ကြည့်လာပါသည်။ တစ်နာရီဆိုတဲ့အချိန်က 'မောင့်' အတွက်တော့ တကယ့်ကိုစိတ်ပျက်ဖွယ်ပါပဲ။

တီချယ် စာရွက်တွေသိမ်းပြီး အမှတ်ခြစ်နေတဲ့အချိန်မှာ 'မောင်' အခန်းပြင်ဘက်ကို ခဏထွက်လာခဲ့လိုက်သည်။ အဆူခံရတော့မှာမို့ စိတ်ပျက်ပြီး ငိုချင်နေရသည်။

ဝရံတာထွက်ပြီး ငိုင်နေမိစဉ် ခြေသံကြားလိုက်ရတာကြောင့် လှည့်ကြည့်ဖြစ်သွားရသည်။ 'မောင့်' စိတ်ထဲ ထင်နေမိတာက 'ခင်ထား' လိုက်လာတယ်လို့ပါ။

တကယ်တမ်း တွေ့လိုက်ရတာက ထင်မှတ်မထားတဲ့ 'စိုပြေ' ကိုပဲဖြစ်သည်။ သူ 'မောင့်' နောက်ကိုလိုက်ပြီး ဘာလုပ်တာလဲ။

"ဟို ကျွန်တော် တောင်းပန်ပါတယ်"

'မောင်' နားမလည်တာကြောင့် မျက်မှောင်ကုပ်ပြီး





ကြည့်နေလိုက်မိသည်။

"'စွယ်တော်' က စာနဲ့ပတ်သက်ရင် သိပ်တွန့်တိုတယ်… 'မောင်' တစ်မျိုးမထင်နဲ့နော်"

"ဩော် ဘာများလဲလို့… ရပါတယ် 'စိုပြေ' ရယ် 'မောင်' စာမကျက်ထားမိလို့ဖြစ်တာပဲ… ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး… 'စွယ်တော်' ကလည်း သူ့စိတ်ဓါတ်နဲ့သူပဲ… 'စိုပြေ့' က သူ့ရဲ့လူဆိုတော့ သူပိုင်သလိုပြောတာ မဆန်းပါဘူး"

"ကျွန်တော်က 'စွယ်တော့်' ရဲ့ လူ မဟုတ်သေးပါဘူး"

"ဟင်…"

'မောင်' မယုံနိုင်သလို 'စိုပြေ့' အား ကြည့်နေမိစဉ် 'စွယ်တော်' ရောက်ချလာပါသည်။

"အပြင်ထွက်သွားလို့ လိုက်လာတာ… ဘာလုပ်နေတာလဲ… ဟိုမှာ တီချယ်ခေါ်နေတယ်"

'စွယ်တော့်' ရဲ့အကြည့်က မယုံသင်္ကာအကြည့်တွေ ပြည့်နှက်နေလေသည်။ 'စိုပြေ' က လှည့်ထွက်သွားပါသည်။ 'မောင်' အနောက်ကနေလိုက်လာရင်း အခန်းထဲ ခပ်တည်တည်ပဲ ဝင်ထိုင်နေလိုက်ပါသည်။

"'မောင်' ဘယ်လိုဖြစ်တာလဲ… ဘာမှလည်း သိပ်မဖြေ

ထားဘူး… ဒီနေ့ စာမေးပွဲရှိတယ်ဆိုတာ မသိဘူးလား… တီချယ် ဒီလောက် သေချာပြောထားရဲ့နဲ့ ဘာလို့ မကျက်ထားရတာလဲ”

“ဟို ‘မောင်’ မေ့သွားလို့ပါ…”

“ထမင်းစားဖို့ကော မေ့တတ်လား”

‘မောင်’ ဘာမှ ပြန်မဖြေဘဲ ခေါင်းငုံ့နေလိုက်ပါသည်။

“ကဲ ဘယ်သူပဲဖြစ်ဖြစ် စာနဲ့ပတ်သက်ရင် တီချယ်က ခွင့်လွှတ်မှာ မဟုတ်ဘူး… ဒီတော့ ထုံးစံအတိုင်း လက်ဝါးဖြန့်”

‘မောင်’ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာရကာ ကြောက်လန့်စွာဖြင့် လက်ကိုရှေ့သို့ ဆန့်တန်းထုတ်ပေးလိုက်ပါသည်။

မျက်လုံးက ‘စွယ်တော်’ ဆီကို ရောက်သွားမိသေး၏။ ပြုံးယောင်သမ်းနေသော မျက်နှာကို မြင်လိုက်ရတာကြောင့် ‘မောင်’ စိတ်ထဲကနေ အောင့်မျက်သွားရသည်။

‘စိုးပြေ’ ကိုတော့ မကြည့်ရဲပါ။ သစ်သားပေတံနဲ့ ဖြန်းကနဲ သုံးချက်တိတိ အရိုက်ခံလိုက်ရပြီးတဲ့နောက်မှာ ‘မောင်’ အံကိုကြိတ်ထားလိုက်မိပါသည်။

စာစသင်တည်းက တစ်ခါမှ အရိုက်မခံခဲ့ရဘူးပါ။ ‘မင်းထိုက်’ ကိုရိုက်ရင်သာ သနားသလို ကြည့်နေခဲ့တာသာရှိ





ခဲ့၏။ ကိုယ့်အလှည့်ကျတော့ ဘယ်သူ့ကိုမှ မျက်လုံးချင်းဆုံအောင် ပြန်မကြည့်ရဲတော့ပါ။

“မနက်ဖြန်ကျရင် ‘မောင်’ က ပြန်ဖြေရမယ်… ကြားလား”

တီချယ် စာသင်နေတဲ့အချိန်မှာ ‘စွယ်တော်’ က ‘မောင့်’ ကို ခပ်တိုးတိုးပြောလာသည်။

“‘မောင်’ နားမလည်တာရှိရင် တို့ကိုမေးလေ… စာတွေ ကလွယ်ပါတယ်”

တမင် လေချိုကလေးနဲ့ ခပ်ကျောကျောပြောလာမှန်း ‘မောင်’ သိပါသည်။ ဒါကြောင့်လည်း…

“လွယ်မှန်းသိပါတယ်… ‘မောင်’ က ရှော့ပင်တွေအတွက် များသွားလို့ စာကျက်ဖို့မေ့သွားရတာ… ဒီနေ့လည်း ထရိတ်ဒါးမှာ ဘော်ဒီဗြူတီသွားကစားမလို့ ချိန်းထားသေးတယ်… ‘စွယ်တော်’ လိုက်မလား”

အလှအပနဲ့ပတ်သက်ရင် ‘စွယ်တော်’ တစ်ယောက် ‘မောင့်’ အား မနာလိုတိုရှည်ဖြစ်တတ်တာကို သိနေတာကြောင့် တမင်ရွဲ့ပြီး ပြောလိုက်မိတာ ဖြစ်ပါသည်။

“မလိုက်တော့ပါဘူး… တို့မှာ ကျက်စရာစာတွေ အများ

ကြီးရှိသေးတယ်... တို့က မလှရင်နေပစေ... စာမရလို့ အရိုက်ခံရပြီး အသားနာမှာကိုတော့ သေအောင်ကြောက်တယ်"

"'မောင်' ကတော့ လှအောင်ပဲနေတယ်... အချိန်တန်ကျတော့လည်း စာကရမှာပဲ"

'စွယ်တော်' တစ်ယောက် မျက်နှာစူပုပ်ပုပ်ဖြင့် တစ်ဖက်သို့ပြန်လှည့်သွားပါသည်။ 'မောင်' က နီရဲနာကျင်နေတဲ့လက်ဖဝါးကိုခိုးဖြန့်ကာကြည့်ရင်း ဘာရယ်မဟုတ် မျက်လုံးက 'စိုပြေ' ဆီကိုရောက်သွားခဲ့ရသည်။

ကြည့်စမ်း။ သူ ဘယ်အချိန်တည်းက 'မောင့်' ကို ကြည့်နေခဲ့တာလည်း မသိ။ 'မောင်' က စိတ်တိုတိုနဲ့ မျက်စောင်းထိုးလိုက်ရင်း 'စွယ်တော်' နဲ့တိုင်ပြောမယ် ပုံစံမျိုးဖြင့် မေးငေါ့ကာ 'စွယ်တော့်' ကို ပြလိုက်သည်။

'စိုပြေ' က မကြောက်ဘူးဆိုတဲ့ ပုံစံမျိုးဖြင့် ခေါင်းကိုခါပြကာတစ်ဖက်ကို ခပ်ပြုံးပြုံး လှည့်သွားပါတော့သည်။





## ၄

"'မောင်' ရေ... ဖုန်းကိုင်လိုက်ပါဦး... 'စိုပြေ' တဲ့"

ဟု 'ဒေါ်နန်း' က အခန်းတံခါးခေါက်ကာ လာပြောတာကိုနားထောင်ပြီး 'မောင်' မျက်မှောင်ကုပ်သွားရသည်။ 'မောင်' နဲ့သူနဲ့ကြားမှာ ဘာကိစ္စရှိလို့ ဖုန်းဆက်လာရတာလဲ။

ခုတလော 'စိုပြေ' 'မောင့်' ကိုကြည့်တဲ့အကြည့်တွေက တစ်မျိုးဖြစ်ဖြစ်နေတာကို 'မောင်' သတိထားမိပါသည်။ လူကိုကြည့်ရင်ပြုံးစေ့စေ့နဲ့ ရယ်ချင်သလိုလို ပုံစံမျိုးလုပ်လုပ်နေတာ

မုန်းစရာကောင်းလှပါသည်။

'ခင်ထား' ကလည်း ပြောသည်။

"ဖက်တီးပုတ်ကိုကြည့်ရတာ ပုံစံပြောင်းနေတယ်နော်... နင့်ကိုခဏ,ခဏ ခိုးကြည့်နေသလိုပဲ... နင် ဘာတွေများ အချက်ပြထားသလဲ"

"အို ကြံကြီးစည်ရာ... ဘာကိစ္စအချက်ပြရမှာလဲ... သူ့ဟာသူ မျက်လုံးယားပြီးလိုက်ကြည့်နေတာ... ငါနဲ့ အနေသာကြီးပါနော်"

"နင်ကသာ အနေသာကြီး... 'စွယ်တော့်' မျက်နှာက တစ်နေ့တခြား ဆိုးဆိုးဝါးဝါးပျက်နေတာ ဆရာတွေအားလုံးတောင် သိတော့မယ်"

"သိလည်းငါနဲ့မှမဆိုင်ဘဲ... ဒါပေမဲ့ စိတ်တော့ညစ်တယ်ဟ... သူ့ပုံစံက ခါတိုင်းလို တည်တည်ကြည်ကြည် မဟုတ်တော့ဘဲ ပြုံးစေ့စေ့လုပ်နေတော့ 'စွယ်တော်' က စူးစူးစမ်းစမ်းကို အကဲခတ်နေရော"

'စိုပြေ' ဘယ်လိုကြောင့် စာစသင်ကာခါစနဲ့မတူဘဲ ပုံစံပြောင်းကာ ရဲတင်းလာသလဲ မသိချေ။စကားပြောတဲ့အခါတွေမှာလည်း 'မောင့်' အား အတင်းကာရောကို လိုက်ပတ်သက်ပြီးဝင်





ပြောတတ်သည်။

'စွယ်တော်' တစ်ယောက်လုံးကို ဘေးနားမှာ ငုတ်တုတ်ထားပြီး 'စိုပြေ' 'မောင့်' အား အရောဝင်ရဲတာ လက်ဖျားခါဖို့တော့ကောင်းပါသည်။

'မောင်' သည် ဇဝေဇဝါစိတ်နဲ့ပင် ဖုန်းကို ကိုင်လိုက်မိသည်။

"ပြော..."

"ဟာ လေသံကမာလှချည်လား... ဖုန်းကိုင်တာ ဒီလိုပဲလား"

"ဟုတ်တယ်... ဒီမှာ မအားဘူး... ပြောစရာရှိတာ မြန်မြန်ပြော"

စကားမရှည်ချင်တာကြောင့် ခပ်ပြတ်ပြတ်ပဲ 'မောင့်' ဘက်က တမင်ပြောလိုက်မိတာ ဖြစ်ပါသည်။

"သဘက်ခါကျရင် 'စွယ်တော့်' မွေးနေ့ရှိတယ်... အဲ့ဒါကျူရှင်မရှိဘူးဆိုတာ ပြောပြတာ"

"ဟင် ဟုတ်လို့လား... မနေ့က 'စွယ်တော်' လည်းဘာမှမပြောဘူး"

"ပြောမှာပေါ့... သူ ဒီနေ့ 'မောင့်' ဆီလာပြီး ဖိတ်စာလာ

ပေးမယ်နဲ့တူတယ်"

"ဒါကို နင်က ရှည်ပြီး ကြိုပြောပြထားတာပေါ့လေ"

"မဟုတ်ပါဘူး... မနက်ဖြန် စာမေးပွဲမရှိဘူးဆိုတာကိုပါ သိစေချင်လို့ စေတနာနဲ့ပြောတာ"

"လုပ်မနေနဲ့... စာမေးပွဲရှိ၊ရှိ မရှိရှိ 'မောင်' တို့က နေ့တိုင်း စာကိုပုံမှန်ကျက်တယ်ဆိုတာမှတ်ထား... အရင်တစ်ခါလို ဖြစ်လိမ့်မယ်ထင်နေလို့လား"

"မထင်ပါဘူး... 'မောင်' စိတ်အေးသွားအောင်လို့ ကြိုပြောပြထားတာပါ"

"ပြောချင်ရင် 'စွယ်တော့်' ကို သွားပြောပေါ့... ဘာကြောင့် 'မောင့်' ကို လာပြောနေရတာလဲ"

'စိုပြေ' ဘက်ကစကားသံ တိတ်ဆိတ်သွားလေသည်။ ပြောစရာ စကားမရှိတော့တာကြောင့် 'မောင်' က ဖုန်းကိုချဖို့ပြင်လိုက်သည်။

"ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

"ဘာဖြစ်လို့ ဒီလောက်တောင် အရေးကြီးနေရတာလဲ... ဘာလုပ်နေတာလဲ"

"လက်သည်းနီ ဆိုးနေတာ... တော်ကြာ မညီရင်မလှဘူး





ဖြစ်နေမှာပေါ့"

"ဒီလောက်လှနေရဲ့နဲ့ ဘာဖြစ်လို့ သိပ်ပြီးထပ်လှချင်နေရတာလဲ"

"အို ဒါကတော့ မိန်းကလေးပဲ... ဘယ်သူမဆို လှချင်တာဆန်းသလား... နင့် 'စွယ်တော်' လည်း လှချင်တာပဲ"

"'စွယ်တော်' က 'မောင့်' လောက် မလှချင်ဘူးနဲ့တူတယ်"

"အံမယ်လေး... ဘက်လိုက်မနေနဲ့... တစ်ခုခုဆို သူ့ရည်းစားဘက်ကပဲ လိုက်လိုက်ပြောတယ်"

"ဟာ ဘက်လိုက်ပြောတာ မဟုတ်ပါဘူး... မှန်တာကိုပဲပြောတာပါ... ပြီးတော့ 'မောင်' ထင်နေတာ မှားနေတယ်... 'စွယ်တော်' က ကျွန်တော့်ရည်းစားမဟုတ်ဘူး"

သူ့လေသံက တည်ငြိမ်လှပေမယ့် 'မောင်' ကတော့ မယုံပါဘူး။

"မှန်လာဉ လာလုပ်မနေနဲ့... စလာကတည်းက နင်တို့နှစ်ယောက်မျက်လုံးတွေကိုကြည့်ပြီး အကဲခတ်လို့ရနေတယ်"

"သြော် တကယ်ပြောတာ... နေရင်းထိုင်ရင်း လူကိုအထင်တွေ စွတ်ကြီးနေပြန်ပြီ... ဟုတ်မဟုတ်ဆိုတာ 'စွယ်တော့်'

ကို မေးကြည့်လို့ရတယ်”

“မမေးပါဘူး... ‘မောင်’ နဲ့ ဘာဆိုင်လို့လဲ”

မမေးပါဘူးလို့ ပါးစပ်ကပြောလိုက်မိပေမယ့် ‘စွယ်တော်’ နဲ့တွေ့ရင် မေးဖြစ်အောင်မေးကြည့်ဖို့ ဆုံးဖြတ်ထားလိုက်ပါသည်။

‘စိုပြေ’ ပြောထားတဲ့အတိုင်း နောက်တစ်နေ့ မနက်စောစောမှာ ‘စွယ်တော်’ အိမ်ကိုရောက်လာပါသည်။

“ဖိတ်စာလာပေးတာ... မနက်ဖြန် တို့မွေးနေ့လေ... အိမ်မှာပဲခင်တဲ့သူတွေကို ဖိတ်ပြီး မုန့်ကျွေးမလို့... ‘မောင်’ နဲ့ ‘ခင်ထား’ လာရမယ်နော်... ပြီးရင် တစ်နေရာရာကို လျှောက်သွားကြမယ်”

“ဟယ် တစ်နေရာရာသွားမှာက ‘မောင်’ တို့နဲ့ဆို ဘယ်ပျော်ဖို့ကောင်းမှာလဲ... ‘စိုပြေ’ နဲ့ နှစ်ယောက်တည်း သွားလေ ‘စွယ်တော်’ ရယ်”

“အို သူနဲ့မသွားချင်ပါဘူး... ပျင်းဖို့တောင်ကောင်းသေးတယ် သူငယ်ချင်းတွေနဲ့ပဲ တို့က သွားချင်တာ”

‘မောင်’ သည် မနေ့တည်းက သိချင်နေတဲ့ကိစ္စတစ်ခုအား ဖွင့်မေးကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ‘စွယ်တော်’





ကတော့ ပါးစပ်အာချောင်ပြီး လျှောက်ပြောလိမ့်မယ်တော့ မထင်ပါ။

“ ‘စွယ်တော့်’ ကို ‘မောင်’ မေးမလို့... ‘စိုပြေ’ နဲ့ ချစ်သူတွေဖြစ်တာ ကြာပြီလား”

‘စွယ်တော်’ မျက်နှာတစ်မျိုးလေး ဖြစ်သွားတာကို ‘မောင်’ သတိထားလိုက်မိပါသည်။

“ဘာ့ဖြစ်လို့ မေးတာလဲဟင်”

“ဩော် ‘စိုပြေ’ က ‘စွယ်တော့်’ ကိုဆိုရင် သိပ်ပြီး ဂရုတစိုက် ရှိတာလေ... ဘယ်တော့ကြည့်ကြည့် ‘စွယ်တော့်’ သဘောအတိုင်းကြီးပဲ”

‘စွယ်တော်’ က ကျေနပ်သလို ပြုံးပြုံးလေး လုပ်နေပါသည်။

“ဘယ်လိုပြောရမလဲ... တို့ ‘ကိုပြေ့’ ကို အဖြေပြန်မပေးရသေးဘူး... သူကတော့ တဂျီဂျီနဲ့ တောင်းနေတာပေါ့... စဉ်းစားဦးမယ်... ရည်းစားတစ်ယောက်များ ဘယ်တော့ထားထားရတယ်... အေးအေးဆေးဆေး နေ,နေတာက ပိုပြီးကောင်းမလားဆိုပြီး အချိန်ဆွဲထားလိုက်တာ”

‘မောင်’ ‘စွယ်တော်’ မမြင်အောင်လို့ တစ်ဖက်လှည့်ကာ

မဲ့လိုက်မိသည်။ ပြောတဲ့အခိုက်ပွါယ်က သူ့မှာ ရွေးချယ်စရာ ယောကျ်ားတွေတစ်ပုံကြီး ရှိနေသလိုလိုမျိုး အထက်ဆီးဆန်လှ လေသည်။

အဲ့ဒီလို လေကြီးမိုးကျယ်တွေ ပြောတာကို 'မောင်' က အမြင်ကတ်မိတာ။ နေရင်းထိုင်ရင်း 'မောင့်' အား ဘာကိစ္စ ကြွား ချင်နေရတာလဲ မသိ။

"မနက် ကိုးနာရီလောက် လာခေါ်လိုက်မယ်နော်... 'မောင်' တို့စောင့်နေမယ် မဟုတ်လား"

"လာခေါ်ဖို့ အဆင်ပြေရဲ့လား... မပြေရင် 'မောင်' တို့ဖါသာလာခဲ့လို့လည်း ဖြစ်ပါတယ်"

"အို ပြေပါတယ်... 'ကိုပြေ' က တို့ခိုင်းတာဆို လုပ်ချင် လွန်းလို့... 'မောင်' နဲ့ 'ခင်ထား' သာ စောင့်နေနော်... လာခေါ် လို့မှမလိုက်ဘူးဆိုရင် တို့ကို မခင်လို့ဘဲ... ကြားလား"

"အင်းပါ... လာခဲ့ပါ့မယ်"

'စွယ်တော်' ပြန်သွားတော့ 'ခင်ထား' ဆီကို 'မောင်' လာခဲ့လိုက်ပါသည်။ 'စွယ်တော့်' အတွက် ပလာဇာမှာပဲ လက် ဆောင်တစ်ခုခု သွားဝယ်မယ်ဆိုတာကိုပါ မေမေက သိနေသဖြင့် ဘာမှမပြောတော့ပါ။





'ခင်ထား' တို့အိမ်ကို ရောက်တော့ 'ခင်ထား' တစ် ယောက်ရှိမနေပါ။ အပြင်ထွက်သွားတယ်လို့ ပြောတာကြောင့် ဆက်မေးမနေတော့ဘဲ တစ်ယောက်တည်းပဲ လာခဲ့လိုက်ပါသည်။

'ကိုတေဇ' တို့ဆိုင်မှာများ 'ခင်ထား' ရောက်နေသည် လား မပြောတတ်ပါ။ တစ်ယောက်တည်း လျှောက်လာစဉ် ဗြုန်း ကနဲ ရှေ့ကနေ ပိတ်ရပ်လိုက်တဲ့သူတစ်ယောက်ကြောင့် လန့်ပြီး ကြည့်လိုက်မိသည်။

"ဘာတွေ စိတ်ကူးယဉ်ပြီး သွားနေတာလည်းကွာ... ခေါ် နေတာကြာလှပြီ... လှည့်ကိုမကြည့်ဘူး"

ကားကက်စက် ရောင်းတဲ့ဆိုင်တွေရယ်၊ တခြား လျှပ်စစ် ပစ္စည်းရောင်းတဲ့ဆိုင်တွေကနေ ဖွင့်ထားတဲ့ သီချင်းသံတွေကြောင့် ခေါ်တာကို မကြားမိတာပဲ ဖြစ်ပါလိမ့်မည်။

"ဘာကိစ္စလဲ... လာလိုက်ရင် ဗရုတ်ဗရက်နဲ့... ဘေးပတ် ဝန်းကျင်ကိုလည်း ဂရုမစိုက်ဘူး... မိန်းကလေးတစ်ယောက်ကို ဒီလိုပဲပြီးစလွယ် ဆက်ဆံစရာလား"

"ဟာ တွေ့တာနဲ့ 'မောင်' တို့က ပြောပြီ... ကိုယ် ဘာအ မှားလုပ်မိလို့လည်းကွာ... 'မောင့်' ကိုတွေ့လို့ ဝမ်းသာ အားရ ပြေးလာတာပဲရှိတယ်"

'ရာဇာ' က သူ့ပုံစံအတိုင်း အသံကျယ်ကျယ်နဲ့ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ပြောလာသည်။ တစ်ကိုယ်လုံး ဝတ်ထားစားထားတာကလည်း ရှုပ်ယှက်ခတ်လို့နေသည်။

သူ့စတိုင်လ်နဲ့ သူကတော့ ဟုတ်နေတာပါပဲ။ ဒါပေမဲ့အဲ့ဒီစတိုင်လ်ကို 'မောင်' က နည်းနည်းကလေးမှ သဘောမကျမိပါ။

"ကဲ ဘာလုပ်မှာလဲ... ငါက ဈေးဝယ်စရာရှိလို့ သွားမှာ"

"သွားလေ... ကိုယ်လည်း လိုက်မှာပေါ့"

မလိုက်နဲ့လို့ပြောလည်း လိုက်လာမှာ သေချာနေတာကြောင့် 'မောင်' ဘာစကားမှ ဆက်မပြောတော့ပါ။ ခြေလှမ်းကို ဆက်လှမ်းလိုက်သည်။

"ဘာဝယ်မှာလဲ... 'မောင့်' အတွက်ဆို ကိုယ် လက်ဆောင်တစ်ခုခုဝယ်ပေးမယ်"

"ဝယ်ပေးရင်တော့ ကောင်းတာပေါ့... ဒါပေမဲ့ ငါ့အတွက်တော့မဟုတ်ဘူး... သူငယ်ချင်းတစ်ယောက်အတွက် မွေးနေ့လက်ဆောင်လာဝယ်တာ"

"ဟင် ဒါဆိုရင်တော့ ဆောရီးပဲ... ကိုယ်က 'မောင့်' တစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ စေတနာမရှိနိုင်ဘူး"

'ရာဇာ့' စကားကို 'မောင်' သဘောကျတာကြောင့်





'မောင့်' မျက်နှာပြုံးသွားရသည်။

"မေးစရာ ရှိသေးတယ်... အိမ်မှာ စာသင်နေတယ်ဆို... ဘာလို့ ကိုယ့်ကို မခေါ်တာလဲ... စိမ်းကားတာပေါ့ ဟုတ်လား"

"ဘယ်သူပြောလဲ... ကောလဟာလတွေ ယုံမနေပါနဲ့"

"အတိအကျကို သတင်းရထားတာကွာ... လိမ်မနေပါနဲ့ 'မောင်' ရာ... ပြောစမ်းပါ"

ကြည့်ရတာ 'ခင်ထား' က တစ်ဆင့် 'ကိုတေဇ'၊ 'ကိုတေဇ' ကတစ်ဆင့် 'ရာဇာ' သိသွားပုံရပါသည်။

"ဟုတ်တယ်... မေမေ့သူငယ်ချင်းမို့လို့ သင်ပေးတာ... ပထမတော့ နင့်ကို ခေါ်မလို့ပဲ... တီချယ်က အပြင်သူစိမ်းတွေ မခေါ်ရဘူးဆိုလို့ မခေါ်တော့တာ"

'ရာဇာ့' မျက်နှာက ပြုံးသွားရင်း...

"ခေါ်မယ်ဆိုတဲ့ စိတ်ကူးရှိတာနဲ့တင် ကျေနပ်ပါပြီကွာ"

ဟု ခပ်တိုးတိုး ပြောလာသည်။ ဘေးဘက်ကနေ ပလာဇာထဲကိုဝင်လာတာကြောင့် စက်လှေကားရှိရာဆီ အတော်ဝေးဝေး လမ်းလျှောက်နေရပါသည်။

"ဒီလိုပဲ အမြဲတမ်း တစ်ယောက်တည်း လျှောက်သွားနေတာလား"

"အင်း သွားရင်လည်း သွားတာပေါ့… ဘာဖြစ်လို့လဲ"

"မသွားပါနဲ့ကွာ… ကိုယ် 'မောင့်' ကို စိတ်မချပါဘူး… မင်းက တအားလှတော့ ဘဲတွေက ရေလည်ရှိုးတယ်… ကိုယ်ကျုန်ရစ်ဖြစ်ခဲ့မှာ ကြောက်တယ်"

'မောင်' မျက်နှာကို တစ်ဖက်လှည့်ကာ 'ရာဇာ' ပြောတာတွေကို မကြားဟန်ဆောင်နေလိုက်ပါသည်။ ဒီလိုပဲ ကောင်းကောင်းမွန်မွန် အခြေအနေကနေ သူ ပြောချင်ရာတွေပြောပြီး ဖောက်ဖောက်လာတတ်တာ အမြဲတမ်းလိုဖြစ်နေပါပြီ။

"မေးရဦးမယ်… စာသင်တဲ့အထဲမှာ အကောင်နှစ်ကောင်ပါတယ်ဆို ဟုတ်လား"

"ဟယ် ရှည်လိုက်တာ… အကောင်နှစ်ကောင်မကလို့ တစ်ရာပဲပါပါ… နင်နဲ့ဘာဆိုင်သလဲ… ငါ စာသင်နေတာ…အီစီကလီလုပ်တမ်း ကစားနေတာ မဟုတ်ဘူး"

"ဆိုင်တယ်ဟာ… နင်နဲ့ပတ်သက်တဲ့ ကိစ္စတိုင်းကို ငါက ဆိုင်တယ်လို့ပဲ သဘောမှတ်ထားတယ်"

"သေပေါ့… ရူးနေတယ်"

'မောင်' က 'ရာဇာ့' အား မျက်စောင်းထိုးလိုက်စဉ် ဖျတ်ကနဲမျက်လုံးထောင့်မှာ မြင်ဖူးနေကြ ပုံရိပ်တစ်ခုကို မြင်တွေ့





လိုက်ရပါသည်။

'စိုပြေ' နဲ့ 'စွယ်တော်' ပါလား။ ဘာတွေပြောပြီး ရယ်နေကြသည်မသိ။ 'စွယ်တော်' က 'စိုပြေ' ရဲ့ ပခုံးစွန်းကို ထုရိုက်နေလေသည်။

'မောင်' နဲ့ 'ရာဇာ' လျှောက်လာတာကို မြင်ကြသေးပုံမပေါ်ပါ။ မမြင်တော့လည်း အေးတာပါပဲ။ မြင်သွားရင် ခေါ်နှုတ်ဆက်ဘာဆက်နဲ့ အလုပ်ရှုပ်နေဦးမည်။

လူသွားလမ်း မင်းလမ်းမမှာ ရှိနေသော 'စိုပြေ' ရဲ့ ဆိုင်ကိုလည်း ခုမှပဲ 'မောင်' မြင်တွေ့ဖူးပါတော့သည်။ ယောကျ်ားလေးဝတ် အဝတ်အစားတွေကို ဆိုင်ခန်းလေးခန်းတွဲနဲ့ ရောင်းသောဆိုင်ကြီးတစ်ဆိုင်ဖြစ်ပါသည်။

'မောင်' နဲ့ 'ရာဇာ' ကို 'စိုပြေ' က အရင်မြင်တွေ့သွားသည်လို့ 'မောင်' က ထင်ပါသည်။ 'မောင့်' ရဲ့ မျက်လုံးထောင့်မှာ 'စိုပြေ' လှမ်းကြည့်နေတာကို တွေ့လိုက်ရလို့ပါ။

ဒါပေမဲ့ လှမ်းခေါ်လိုက်တာက 'စွယ်တော်' ပါ။

"ဟယ် 'မောင်'… "

နီးနီးကလေး ရှိနေတာကြောင့် မကြားဟန်ဆောင်လို့လည်းမဖြစ်နိုင်တာမို့ 'မောင်' လှည့်ကြည့်လိုက်ရပါသည်။

မြူးပျော်နေသော 'စွယ်တော်' ကိုကြည့်ပြီး 'မောင်' စိတ်ထဲ တစ်မျိုးကြီးဖြစ်ကာ ရင်ထဲပူလောင်သလိုဖြစ်နေ၏။

" 'ခင်ထား' မပါဘူးလား... နှစ်ယောက်တည်း စုံတွဲခုတ်နေတယ်ပေါ့လေ"

'စိုပြေ' က အကဲခတ်သလိုသာ ကြည့်နေပါသည်။ 'စွယ်တော်' တမင်ပြောလိုက်တယ်ဆိုတာကို သိနေတာကြောင့် ဖြေရှင်းမနေတော့ဘဲ ငြိမ်နေလိုက်မိပါသည်။

" 'စွယ်တော်' ကို အိမ်ပြန်ပို့ထင်နေတာ... 'စိုပြေ' ဆီရောက်နေတာကိုး... သွားမယ် သွားမယ်... 'မောင်' ရှိနေရင် မလွတ်မလပ် ဖြစ်နေပါဦးမယ်... မနက်ဖြန်ကျမှပဲ ဆုံတော့မယ်"

'မောင်' က စကားရှည်ရှည်မပြောချင်တာကြောင့် လှည့်ထွက်ဖို့ပြင်လိုက်ပါသည်။ 'စိုပြေ' ကြည့်နေတဲ့ အကြည့်ကြီးကိုလည်းမနှစ်သက်လှပါ။ သူ့မျက်နှာပျက်ချင်သလို ဖြစ်နေတာဟာ တစ်မျိုးအဓိပ္ပါယ်ကို ဆောင်နေပါသည်။

ဒါကို 'စွယ်တော်' လည်းသိပုံရသည်။ မျက်နှာက ပြုံးနေပေမယ့် 'စိုပြေ' မျက်နှာကို အလွတ်မပေးတမ်း အကဲခတ်နေတာဟာ သနားစရာပင်ကောင်းတော့သည်။

"ကျွန်တော့်ဆိုင်မှာကော အားမပေးတော့ဘူးလား...



သူငယ်ချင်းအချင်းချင်းတွေဆိုတော့ ဈေးလျှော့ပေးမှာပါ... သူများတွေ ငါးထောင်ဆို 'မောင်' က တစ်သောင်းပဲ"

"နေပါစေ... ကျေးဇူးအများကြီး တင်ပါတယ်... သွားတော့မယ်နော်"

'ရာဇာ' ကဟိုကြည့်ဒီကြည့်နဲ့ 'မောင်' သွားတဲ့နောက်ကနေ ကပ်ပါလာပါသည်။ 'ရာဇာ' ပါလာတာကို အရင်တုန်းက ဂရုမစိုက်သလိုနေခဲ့ပေမယ့် ခုချိန်ခါမှာတော့ ဘာကြောင့်မှန်းမသိဘဲ စိတ်ရှုပ်နေမိသည်။

" 'ရာဇာ'... နင်ငါ့နောက်က လိုက်မနေနဲ့တော့ဟာ... ငါ စိတ်ညစ်လာပြီ... ဘာမှန်းမသိဘူး... ဘေးနားကလိုက်ပြီး ကပ်ရှုပ်နေတယ်"

ဟု အော်ထုတ်လိုက်ပါသည်။ 'ရာဇာ' က မျက်လုံးကိုပြူး၍ပြန်အော်သည်။

"ခုမှ ဘာလာအော်နေတာလဲ... ငါ သိနေတယ်နော် 'မောင်' နင် မရိုးသားတော့ဘူး... တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာတစ်ခုခုလဲ... လုံးဝအေးဆေးတယ်"

"အေးဆေး ဟုတ်လား... ခုနကတွေ့တဲ့ ပုံမလာဝတုတ်က နင့်ကိုကြည့်တာတစ်မျိုးကြီးပဲ... ဒီကောင့် မျက်လုံးတွေကမရိုး

သွားဘူး"

'စိုပြေ' နဲ့ အထင်လွဲတာကိုတော့ 'မောင်' က လက်မခံနိုင်ပါ။ လုံးဝမဖြစ်နိုင်တဲ့ကိစ္စကို စကတည်းက အပြတ်ဖြတ်ထားရမည်။

"လျှောက်ရမ်းမနေနဲ့... သူ့မှာ ရည်းစားနဲ့မတွေ့ဘူးလား... တွေ့သမျှယောကျ်ားလေးတိုင်းနဲ့ လိုက်စွပ်စွဲနေရအောင် ငါကအပေါစား မိန်းမမဟုတ်ဘူးဆိုတာ မှတ်ထား"

"ဘာပဲဖြစ်ဖြစ် ဒီကောင့်မျက်လုံးကတစ်မျိုးပဲ... ဆွေးသလိုလို ငေးသလိုလိုနဲ့... တစ်ခုခုဆို 'ရာဇာ' တို့က မညှာဘူးနော်"

"ဟင် ပြောလေဆိုးလေပါလား... ဘာမညှာဘူးလဲ... နင်မဆိုင်တဲ့သူကို သွားရမ်းရင် နင့်ကိုလည်း ငါက ပြန်မညှာဘူးဆိုတာမှတ်ထား တစ်သက်လုံး နလံမထူနိုင်အောင်လို့ နင့်နှလုံးသားကို တစ်စစီဖွဲ့ ချေပစ်မယ် အောင်းမေ့ထား"

'ရာဇာ' က မမှုသလို နှုတ်ခမ်းကို မဲ့ထားလေသည်။

'ကိုတေဇ' ဆိုင်မှာလည်း 'ခင်ထား' ရှိမနေပါ။ ဘယ်သွားနေတာလည်း မပြောတတ်။ 'ခင်ထား' မပါတာကြောင့် ခပ်မြန်မြန်ပဲ ရေမွှေးတစ်ပုလင်းဝယ်လိုက်ကာ အိမ်ကို ပြန်လာခဲ့လိုက်ပါသည်။





"'မောင်' ညကျရင် ကိုယ် ဖုန်းဆက်မယ်နော်... ပြောတာကြားလား"

တိုက်လှေကားထဲ ဝင်တဲ့အချိန်မှာ 'ရာဇာ' က အော်ပြောတာဖြစ်သည်။ 'မောင်' ခေါင်းကိုခါပြပြီး ဓါတ်လှေကား တံခါးကို ခပ်မြန်မြန် ဖိပိတ်ပစ်လိုက်ပါသည်။

## ၅

'မောင်' တို့ ထွက်သွားပြီးတည်းက ငိုင်သလို ဖြစ်သွားရသော 'စိုပြေ့' ကိုကြည့်ပြီး 'စွယ်တော်' အသည်းတွေ ယားနေမိပါသည်။

'စိုပြေ' ဘာဖြစ်နေတာလည်း သိချင်လှပါသည်။ စိတ်ထဲမှာ ရိပ်မိသလိုရှိပေမယ့်လည်း အချိန်ကာလအားဖြင့် တိုတောင်းလှတာကြောင့် ဘယ်လိုနည်းနဲ့မှ မထင်ရက်နိုင်အောင် ဖြစ်နေမိပါသည်။

'စိုပြေ့' ရဲ့စိတ် အနေအေးတာ၊ ရိုးသားတာ၊ သဘော





ကောင်းတာကို 'စွယ်တော်' က နောကြေနေအောင် သိနေတာမို့ လွယ်လွယ်ကူကူ ပြောင်းလဲသွားလိမ့်မယ်လို့ မထင်မိချေ။

ရိုးရိုးသားသား ဖြစ်နေတဲ့သူတစ်ယောက်ကို 'စွယ်တော့်' စကားတွေကြောင့် တွေဝေမသွားစေချင်ပါ။ 'စိုပြေ' 'စွယ်တော့်' ကို စိတ်ဝင်စားနေတယ်ဆိုတာ သိနေခဲ့တာ ကြာပါပြီ။

ဆယ်တန်းနှစ်ကတည်းက ခင်လာခဲ့တဲ့ 'စိုပြေ့' ကို 'စွယ်တော်' စိတ်ဝင်စားပါသည်။ ဒါပေမဲ့ ချစ်သူတွေလိုတော့ ချစ်ကြည့်လို့မရနိုင်သေးပါ။

မချစ်ပေမယ့် 'စိုပြေ' ရဲ့ သဘောကောင်းပြီး၊ အနွံတာခံတာ အလိုလိုက်အကြိုက်ဆောင်တာတွေကိုတော့ တမ်းတမ်းတတ လိုချင်မိတာတော့ သေချာပါသည်။

'စိုပြေ' ရဲ့ ဂရုစိုက်မှု၊ အလိုလိုက်မှုတွေကို မိမိတစ်ဦးတည်း အပိုင်ရချင်မိတာ တစ်ကိုယ်ကောင်းဆန်နေမိလို့လား မပြောတတ်ပါ။

ဒီမွေးနေ့မှာ 'စိုပြေ' က 'စွယ်တော်' ကို စကားတစ်ခွန်း ပြောမယ်လို့ အစောကြီးတည်းက ကြိုပြောထားခဲ့ပြီးပါပြီ။ 'စိုပြေ' ဘာပြောမယ်ဆိုတာကို ရိပ်မိနေတာကြောင့် 'စွယ်တော်' က အိုင်တင်ကလေးနဲ့ မသိချင်ဟန်ဆောင်ပြီး ခပ်ကျောကျောကလေးပဲ

နေ့၊နေမိသည်။

ရင်ထဲမှာတော့ 'စိုပြေ' ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ 'စွယ်တော်' အချိန်မရွေး ခူးဆွတ်လို့ရနေတဲ့ မူပိုင် သစ်သီးတစ်လုံးဟု တွက်ဆထားမိတာပါ။

အကယ်၍များ 'စိုပြေ' မဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက်က 'စွယ်တော့်' ကို ချစ်ကြိုက်လာခဲ့မယ်ဆိုရင်လည်း 'စွယ်တော့်' ဘက်က ပိုကောင်းမယ့်သူကို ရွေးချယ်ဦးမှာပါ။

ဒါ 'စွယ်တော့်' ဘက်က စိတ်ကူးဖြစ်ပေမယ့် 'စိုပြေ့' ကိုတော့ 'စွယ်တော်' တစ်ယောက်တည်းကိုပဲ စိတ်ဝင်တစားနဲ့ ချစ်နေစေချင်ပါသည်။

အခု 'စွယ်တော်' စိတ်ကူး မပြည့်တော့ဘူးလား မသိတော့ပါ။ 'စိုပြေ' ပုံစံ အချိုးအချိတ် ပြောင်းလဲချင်နေပါပြီ။ ဝန်တိုစိတ်က ရင်ထဲမှာ ပြင်းပြင်းထန်ထန်ကို လောင်ကျွမ်းနေရပြီဖြစ်သည်။

ဆိုင်မှာထိုင်နေပေမယ့် 'မောင်' တို့ ထွက်သွားတဲ့ဘက်ကို မျက်လုံးကတစ်ချိန်လုံးရောက်နေကာ ပြန်ရောက်လာလေမလားဆိုပြီး မျှော်လင့်နေတာကို 'စွယ်တော်' က မသိဘဲနေပါ့မလား။





စိတ်ညစ်လိုက်တာ။ ပဲကလေးနဲ့ သူ့အနားမှာ လာနေတဲ့ 'စွယ်တော့်' ကိုတော့ စိတ်မဝင်စားဘဲ၊ ယောကျ်ားတစ်ယောက်နဲ့စုံတွဲခုတ်သွားတဲ့ 'မောင့်' ကို တမ်းတနေတာ ကောင်းတဲ့အလုပ်လား။

'စွယ်တော်' မကျေနပ်နိုင်ပါ။ ပြိုင်ဘက်မရှိ အပိုင်သဘောမျိုးရထားတဲ့ လူတစ်ယောက်ကို နေရင်းထိုင်ရင်း အရှုံးပေးကာ ရောအင့်ဆိုပြီး ဘယ်သူ့လက်ထဲကိုမှ မပေးလိုက်နိုင်ပါ။

လဒကြီးလို ငူငိုင်ပြနေသော 'စိုပြေ့' ကို ကြည့်ရင်း၊ ကြည့်ရင်း ဒေါသဖြစ်လာရတာကြောင့် နီးရာမှာရှိသော ဂျင်းဘောင်းဘီတစ်ထည်နဲ့ ဖုန်းကနဲမြည်အောင် ကောက်ရိုက်ပစ်လိုက်ပါသည်။

ဆတ်ကနဲတုန်သွားကာ 'စိုပြေ' က လှည့်ကြည့်လာသည်။

"ဘာဖြစ်လို့လဲ 'စွယ်တော်' ရာ... နေရင်းထိုင်ရင်း ငါ့ကိုနှိပ်စက်နေပြန်ပါပြီ"

"နင့်ကို ကြည့်မရလို့ပေါ့ဟဲ့... လူတစ်ယောက်လုံးကို ဘေးမှာထားပြီး တခြားသူကို မျှော်နေတာ ကောင်းတဲ့အလုပ်လား... နင့်ပုံစံဘာဖြစ်နေတယ်ဆိုတာကို ငါ သိနေတယ်နော်

'ကိုပြေ'... နင် အချိုးအချိုတ်တွေကို ပြင်ရင်ကောင်းမယ်"

'စိုပြေ' က ပြုံးကျယ်ဝိုင်းစက်သော သူ့မျက်လုံးတွေနဲ့ တောင်းပန်သလို 'စွယ်တော်' အား စိုက်ကြည့်နေသည်။

သူအဲ့ဒီလိုကြည့်လေ 'စွယ်တော်' ပိုခံစားရလေ၊ ဒေါသဖြစ်ရလေပါပဲ။ မနက်ဖြန်ပဲ သူ 'စွယ်တော်' ကို ချစ်တယ်ဆိုတာကိုဖွင့်ပြောတော့မှာ မဟုတ်လား။

"နင် ငါ့ကို တမင်သက်သက် ဒေါသမထွက်ထွက်အောင်လုပ်နေတာပေါ့လေ"

"ခက်တော့တာပဲ... ငါ ဘာလုပ်လို့လည်း 'စွယ်တော်' ရယ်... နင်ပဲ ပြောချင်ရာပြောပြီး ငါ့ကို အပြစ်ချနေတာ မဟုတ်လား"

"ဩော် ငါကပဲနင့်ကို မဟုတ်တာတွေပြောပြီး အနိုင်ကျင့်နေတဲ့ပုံပေါ့လေ"

"ဒါတော့ နင့်ကိုယ်နင်သိမှာပဲ... ငါ့ဘက်ကတော့ နင့်ကိုဒေါသထွက်အောင် မလုပ်မိတာသေချာတယ်"

'စွယ်တော်' နှုတ်ခမ်းကိုကိုက်ပြီး နာကျင်သလို ကြည့်လိုက်မိပါသည်။

"ဘာကြည့်တာလည်းဟာ... ခုနကပဲ အကောင်းကြီး



ရှိသေးတယ်... နင်က ချက်ချင်းကြီးကို ပြောင်းလဲသွားတာပါလား"

"ချက်ချင်းပြောင်းလဲတာက နင်... ငါ မဟုတ်ဘူး..."

'စိုပြေ' က သက်ပြင်းချရင်း တစ်ဖက်ကို လှည့်သွားပါသည်။ သူ လှည့်တဲ့ဘက်က 'မောင်' တို့ထွက်သွားတဲ့ဘက်မို့ 'စွယ်တော်' အော်လိုက်မိသည်။

"နင် အဲ့ဒီဘက်ကို မလှည့်လို့မရဘူးလား... နင် ဘာဖြစ်လို့သေမတတ်ကြည့်နေတာလဲ... ဘာလဲ 'မောင်' ပြန်ရောက်လာမလားဆိုပြီး မျှော်လင့်နေတာလား"

"ဟာ 'စွယ်တော်'..."

'စိုပြေ' က မျက်နှာပျက်ပျက်နဲ့ ခေါင်းကိုခါပြသည်။

"ဘာဆိုင်လို့လဲ... မဟုတ်တာတွေ မပြောပါနဲ့ဟာ"

"မသိဘူးလေ... နင့်မျက်လုံးက 'မောင်' ထွက်သွားတဲ့ဘက်ကိုပဲကြည့်နေတာဆိုတော့ မျှော်များ မျှော်လင့်နေမလားလို့လေ... တွေ့ချင်ရင် ဆိုင်သိမ်းတဲ့အချိန် သွားတွေ့လိုက်... ဒါမှမဟုတ် ဖုန်းဆက်ရင်လည်း ရတာပဲဟာ"

"နင်ပြောတာကို 'မောင်' ကြားသွားရင် နင့်ကိုစိတ်ဆိုးနေလိမ့်မယ်"

“ငါက ‘မောင့်’ ကိုပြောတာမှမဟုတ်ဘဲ... နင့်ကိုပဲပြောနေတာလေ... နင် အာချောင်ပြီး သွားပြောရင်တော့ မတတ်နိုင်ဘူး”

“မဟုတ်တာတွေ ပြောမနေပါနဲ့ဟာ... ‘မောင့်’ မှာလည်းဇာတ်လမ်းနဲ့ပါ... နင့်မျက်စိနဲ့တွေ့နေရဲ့နဲ့ ဘာလို့ ငါနဲ့ စွပ်စွဲနေရတာလဲ”

“နင့်ပုံစံက မရိုးသားလို့ပေါ့”

‘စိုပြေ’ က သက်ပြင်းကိုချသည်။ ဘာအတွက်ကြောင့်များ ‘စိုပြေ’ ရင်မောသလို ဖြစ်နေရတာလဲ။ ဖြစ်သင့်တာက ပြတ်ပြတ်သားသား အငြင်းစကားကို သူ ပြောထွက်ရမှာ။

‘ငါ ချစ်တာ နင်ပဲလေ ‘စွယ်တော်’ ရဲ့’ လို့ ပြောလိုက်ရင် ဘယ်သူက သူ့ကို ဒေါသထွက်ဦးတော့မှာလဲ။ နှုတ်နေးနေတော့လည်း သူ့အပြင်မရှိ။

“ငါ ပြန်တော့မယ်... နင် လိုက်ပို့ပေးမှာလား ပြော”

အမြဲတမ်း ‘စွယ်တော်’ ပြန်ရင် လိုက်ပို့ပေးနေကြမို့ ခပ်စီးစီးပဲ မေးလိုက်မိတာ ဖြစ်ပါသည်။

“ ‘ကိုကျော်ကြီး’ ကို ပို့ခိုင်းပေးမယ်လေ... ငါက ကုန်သည်တစ်ယောက်နဲ့ ချိန်းထားလို့ နေခဲ့ရမယ်”





လိမ်ပြောတဲ့စကားဆိုတာကို ‘စွယ်တော်’ သိပါသည်။ ဘယ်တုန်းကများ အလုပ်ကိစ္စနဲ့ပတ်သက်ရင် သူ ဦးဆောင်ပြီး စကားပြောဖူးလို့လဲ။ ‘ဦးနိုင်ပြေ’ ပဲ ပြောနေကျ မဟုတ်လား။

“ရတယ်လေ... ‘ကိုကျော်ကြီး’ လိုက်ပို့ရင်တော့ ငါ့ဖါသာပဲ ပြန်လိုက်တော့မယ်”

“ဟာ နင်တစ်ယောက်တည်း ဖြစ်နေမှာပေါ့... အားနာစရာမရှိပါဘူး... သွားလိုက်ပါ”

“ဟင့်အင်း ရတယ် ရတယ်... ”

အတင်းကာရော ‘စွယ်တော်’ တစ်ယောက်တည်းပဲ ဖွတ်ထွက်လာခဲ့လိုက်ပါသည်။ စိတ်ထဲမှာတော့ ‘စိုပြေ’ လိုက်ချလာမယ်လို့ထင်နေမိတာပါ။

အရင်အချိန်တွေတုန်းကလည်း ‘စွယ်တော့်’ ဘက်က ဒီလိုမျိုးစိတ်ကောက်သလို လုပ်လိုက်ရင် သူ အမြဲတမ်း ပြာယာခတ်အောင် ချော့နေကြမဟုတ်လား။

လှမ်းနေတဲ့ခြေလှမ်းတွေသာ များလာသည် ‘စွယ်တော်’ လိုလှမ်းခေါ်တဲ့ ‘စိုပြေ’ ရဲ့ လေသံကို မကြားရသေးချေ။ ဒီလိုသာ ဆက်သွားနေရင် အိမ်ကိုသာ ပြန်ရောက်သွားနိုင်သည်။

စိတ်ထင်သလို ဖြစ်မလာတဲ့အတွက် ‘စွယ်တော်’ စိတ်

ထဲခံပြင်းကာ ငိုချင်လာမိပါသည်။ ငိုမဲ့မဲ့ဖြစ်နေသော ကိုယ့်ကို ဘေးနားကဖြတ်သွားတဲ့ လူတချို့က လှမ်းကြည့်သွားကြသည်။

မြန်းကနဲ ခြေလှမ်းကို 'စွယ်တော်' ရပ်ပစ်လိုက်ပါသည်။ ခပ်ရှက်ရှက်နဲ့ပင် နောက်ဘက်ကို လှမ်းကြည့်လိုက်မိ၏။ 'စိုပြေ' ရဲ့အရိပ်အယောင်ကို ယောင်လို့တောင် မမြင်ရချေ။

သံသယအတွေးတွေဖြင့် လာရာလမ်းအတိုင်း 'စွယ်တော်' ပြန်လျှောက်လာခဲ့လိုက်သည်။ 'စိုပြေ' ဘယ်လိုပုံစံမျိုးနဲ့ ဆိုင်မှာ ကျန်နေရစ်ခဲ့မလဲဆိုတာကို သိချင်လှပါသည်။

ဒီနေ့တစ်နေ့ ကံမကောင်းပုံများ 'စွယ်တော်' ထင်မိတဲ့ ကိစ္စတွေအားလုံး တစ်ခုမှ အရာထင်ပြီး ဖြစ်မလာခဲ့ပါ။ ဆိုင်မှာ 'စိုပြေ' ကို မတွေ့ရတော့ပါ။

ချက်ချင်း စိတ်ကူးယဉ်ပြီး မှားတွေးမိတာက သူ 'စွယ်တော့်' နောက်ကို လိုက်သွားလေသလားဆိုတဲ့ အတွေးမျိုးပါ။ မယုံရဲရဲနဲ့ပင် ဆိုင်မှာကျန်ခဲ့သော 'ကိုကျော်ကြီး' ကို မေးကြည့်လိုက်မိသည်။

"'ကိုပြေ' ဘယ်သွားလဲ"

"ဟာ 'မစွယ်တော်'… ခုပဲ ဟိုဘက်ထွက်သွားတာပဲ"

"ဟိုဘက်…"





'စွယ်တော်' မျက်နှာ ပျက်ယွင်းသွားတာ ထိန်းလို့ပင်မရနိုင်အောင်ပါ။ 'စိုပြေ' ထွက်သွားတဲ့ဘက်က 'စွယ်တော်' သွားတဲ့ဘက်နဲ့ တကယ့်ကို တခြားစီပါပဲ။

"ဟုတ်တယ်… အခုလေးတင်ပဲ ထွက်သွားတာ… ကျွန်တော် လိုက်ခေါ်ပေးရမလား"

"နေ နေ ရတယ်… တို့ ပြောစရာလေးရှိလို့ ပြန်လာခဲ့တာ သူ့ကို နောက်မှဖုန်းဆက်ပြီးပဲ ပြောလိုက်တော့မယ်"

စိတ်နာနာနဲ့ 'စွယ်တော်' အိမ်ကိုပဲ ပြန်လာခဲ့လိုက်မိပါတော့သည်။

'စိုပြေ' စိတ်ထဲ 'စွယ်တော်' ဆိုတဲ့ မိမိတစ်ယောက်တည်း ရှိနေတယ်ဆိုတာ တကယ့်ကို မသေချာတော့ပါလား။ မနက်ဖြန်ဆိုတဲ့အချိန်ရယ် မြန်မြန်ပဲရောက်လိုက်ပါတော့။

## ၆

မနက်ဆယ်နာရီလောက်မှာ 'စိုပြေ' တစ်ယောက်တည်း 'မောင်' နဲ့ 'ခင်ထား' ကို လာခေါ်ပါသည်။ ပြောတုန်းကတော့ 'မင်းထိုက်' ပါ,ပါလာမယ်ဆိုတာကြောင့် ကားနောက်ခန်းထဲ နှစ်ယောက်စလုံး ဝင်ထိုင်ဖို့ပြင်မိပေမယ့် ရှေ့ခန်းမှာ ဘယ်သူ့ကိုမှမတွေ့တာကြောင့် 'မောင်' က မေးလိုက်မိသည်။

"'မင်းထိုက်' ကော... သူပဲ လိုက်လာမယ်ပြောပြီး မတွေ့ပါလား"





"မသိဘူး... ချိန်းထားတဲ့အချိန် ရောက်မလာလို့ ထွက်လာခဲ့တာ... သူ့ဖါသာ လာမယ်နဲ့တူပါတယ်"

"အဲ့ဒီကောင်က စကားကိုမျိုးစုံပြောတယ်... ဘာမှန်းလည်း မသိဘူး"

'စိုပြေ့' ကို အားနာတာကြောင့် 'မောင်' က ခပ်တည်တည်ပဲ ကားရှေ့ခန်းမှာဝင်ထိုင်လိုက်ပါသည်။ ဖြုန်းကနဲ လှည့်ကြည့်လာတဲ့ 'စိုပြေ' မျက်နှာက ကျေနပ်မှုတွေ ပြည့်နှက်နေရလေသည်။

သူ့အကြည့်က ပြင်းထန်လွန်းတာကြောင့် 'မောင်' ပင် ခပ်ရွံ့ရွံ့ဖြစ်သွားသည်အထိကို မှုပျက်ချင်သလို ဖြစ်သွားရသည်။

"ဘာကြည့်တာလဲ... 'မောင်' ထိုင်တာ မကြိုက်လို့လား"

"ဟာ မဟုတ်ပါဘူး"

"ပွင့်ပွင့်လင်းလင်းပြောနော်... 'စွယ်တော်' ကလွဲပြီး ဒီနေရာကို ဘယ်သူ့မှ မထိုင်ရဘူးဆိုလည်း 'မောင်' တို့က နားလည်ပါတယ်"

'စိုပြေ' က ခေါင်းကိုသဲ့ခါပြပြီး ကားကို ဂရုတစိုက်နဲ့ မောင်းနေပါသည်။ 'စွယ်တော်' နေတာက ဖိုးစိန်လမ်းထဲမှာမို့ ခဏကလေးနဲ့ ရောက်လို့လာခဲ့ရပါသည်။

'စွယ်တော်' တို့အိမ်က ရှေးအိမ် နှစ်ထပ်တိုက်ကြီးဖြစ်သည်။ အိမ်အောက်ထပ် ဧည့်ခန်းထဲမှာပဲ စားပွဲဝိုင်းတွေချပြီးပြင်ဆင်ထားပါသည်။

တစ်ခုထူးဆန်းနေတာက မွေးနေ့ပွဲကို 'စွယ်တော်' က မင်းသမီးတစ်ယောက်လို ပြင်ဆင်ထားခြင်းဖြစ်သည်။ သူ့ဓါတ်ပုံတွေကို ဘာမှလည်းမဆိုင်ဘဲနဲ့ ဧည့်ခန်းတစ်ခုလုံးရဲ့ နေရာအနှံ့မှာ အလှထောင်ပြထားသည်။

'မောင်' နဲ့ 'ခင်ထား' က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးဖြစ်မိကြသည်။

"တီချယ်တို့တောင် ခုပဲ ပြန်သွားကြတယ်... 'မောင်' တို့ကလာတာ နောက်ကျလိုက်တာ... တို့ကစောင့်နေတာဖြင့်ကြာလှပြီ 'မင်းထိုက်' တောင် အစောကြီးတည်းက ရောက်နေတာ"

'မောင့်' နားမှာ ကပ်နေသလိုဖြစ်နေသော 'စိုပြေ' ကိုကြည့်ပြီး 'စွယ်တော်' က ပြောခြင်းဖြစ်သည်။

"ကဲ လာ ဒီမှာထိုင်ကြဦး... 'ကိုပြေ' က ဒီဘက်ကိုလာလိုက်လေ"

'စွယ်တော်' က 'မောင်' နဲ့ဝေးရာဆီ 'စိုပြေ' ကို တမင်ခွဲ





ထုတ်ကာ ထိုင်ခိုင်းလိုက်ပါသည်။

"'မောင်' တို့ကို ဘွားဘွားနဲ့ မိတ်ဆက်ပေးရဦးမယ်... ခဏလိုက်ခဲ့ပါလား"

"အင်း လိုက်မယ်လေ"

'မောင်' နဲ့ 'ခင်ထား' ထလိုက်လာခဲ့ပါသည်။ 'စိုပြေ'က တော့ ထိုင်နေလျှက်ကျန်နေခဲ့၏။ သူ့ကို မခေါ်တာကြောင့် နေခဲ့တာပဲဖြစ်ပါလိမ့်မည်။

"'စွယ်တော်' ဒီနေ့ အရမ်းကိုလှနေတယ်နော်... "

အလှတွေပြင်ထားသော 'စွယ်တော်' ကျေနပ်အောင်လို့ 'မောင်' က တမင်ပြောလိုက်ခြင်းဖြစ်သည်။ 'မောင့်' စကားက 'စွယ်တော့်' အတွက် အကွက်ဝင်သွားသလား မသိပါ။

"လှရမယ်လေ... ဒီနေ့ တို့ 'ကိုပြေ' ကို အဖြေပြန်ပေးမလို့ စဉ်းစားထားတာ... 'ကိုပြေ' ပုံစံကိုကြည့်ပါလား... သူလိုချင်တဲ့ အဖြေမရမှာစိုးလို့ ရုပ်ကိုက မှုန်ကုပ်ကုပ်နဲ့"

ခပ်တိုးတိုးပြောလာတဲ့ စကားက 'မောင့်' ရင်ထဲမှာတော့ ဗုံးတစ်လုံးပေါက်ကွဲသွားတဲ့ အတိုင်းပါပဲ။ တကယ်ပဲ သူတို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားကြတော့မှာလား။

ဖျတ်ကနဲ ဖျတ်ကနဲ 'စိုပြေ' ရဲ့ အကြည့်တွေကို

မြင်ယောင်လာသလိုရှိသည်။ ခေါင်းကိုဆတ်ကနဲခါကာ အတွေးထဲကထုတ်ပစ်လိုက်မိပါသည်။

"တို့ 'ကိုပြေ့' ကို အဖြေပေးတာ မှန်လား မှားလားဟင်"

"အို ဘယ်သိမှာလဲ... 'မောင်' က ဘယ်လိုလုပ်ပြီး ဝင်ဆုံးဖြတ်ပေးလို့ရမှာလဲ... 'စွယ်တော့်' ရဲ့ နှလုံးသားကိုစွလေ"

"တို့က တိုင်ပင်တာပါ... မှားသွားမှာကြောက်တယ်"

"တိုင်ပင်ရင် 'စွယ်တော့်' ရဲ့ အုပ်ထိန်းသူတွေနဲ့ တိုင်ပင်လေ"

"လူကြီးတွေက သဘောတူပါတယ်... ချက်ချင်း စီစဉ်ပေးမှာတောင်ကြောက်ရတယ်"

"ဩော်..."

'မောင့်' စိတ်ထဲ မရွှင်လန်းနိုင်တော့ပါ။ 'စွယ်တော့်' ရဲ့ ဘွားဘွားကိုလည်း ဝတ်ကျေတန်းကျေ နှုတ်ဆက်ကာ စားပွဲဝိုင်းကို ပြန်လာခဲ့လိုက်ပါသည်။

'စွယ်တော်' ကျွေးတဲ့ ဒန်ပေါက်ကိုလည်း အရသာခံပြီး မစားနိုင်တော့ချေ။ 'မောင်' ဘာဖြစ်နေတာလည်း ကိုယ့်ကိုယ်ကိုယ် မသိတော့ပါ။ 'စိုပြေ' ကို ခိုးကြည့်တော့ သူကလည်းမျက်လုံးစွေကာကြည့်နေတာနဲ့ တိုးနေတာကြောင့် အကြည့်ကိုလွှဲ



လိုက်ရသည်။

"စားပြီးရင် ဘယ်သွားကြမလဲ... ရုပ်ရှင်ကြည့်မလား... ဒါမှမဟုတ် ကစားကွင်းသွားမလား"

"ကစားကွင်း သွားမယ်ဟေ့"

ဟု 'မင်းထိုက်' က ထအော်သည်။

"မသွားချင်ပါဘူး... အေးအေးဆေးဆေး ပန်းခြံမှာလေညှင်းခံတာကမှ ကောင်းဦးမယ်"

'မောင်' က 'စွယ်တော်' တို့နှစ်ယောက် လွတ်လွတ်လပ်လပ်ရှိအောင်လို့ဆိုပြီး ပြောလိုက်မိတာဖြစ်သည်။ ဖြစ်နိုင်လျှင် အိမ်ကိုသာ 'မောင်' က ပြန်လိုက်ချင်သည်။

'မောင့်' ရဲ့ ဆုံးဖြတ်ချက်အတိုင်း နီးနီးနားနား ဗိုလ်ချုပ်ပန်းခြံကို လာခဲ့လိုက်ပါသည်။

'စွယ်တော်' က 'စိုပြေ' နားကပ်ကာ ပဲကလေးနဲ့ စကားတွေကို မပွင့်တပွင့် ပြောနေပါသည်။ ကိုယ်တွေရှိနေရင် သူတို့နှစ်ယောက် မလွတ်မလပ် ဖြစ်မှာစိုးတာကြောင့် 'မောင်' က တမင်ခွဲထွက်ကာ တစ်နေရာမှာ ထိုင်ချလိုက်ပါသည်။

'စွယ်တော်' နဲ့ 'စိုပြေ' နှစ်ယောက်တည်း ရှေ့ကနေ စကားတွေပြောပြီး ထွက်သွားတာကို ကြည့်ရင်း 'မင်းထိုက်' က

ရယ်သည်။

“ ဒီနေ့တော့ သူတို့နှစ်ယောက် အိုကေမှာသေချာ တယ်… ‘စွယ်တော်’ ကလည်း ကြည်လင်နေတဲ့ပုံ… ငါ့ကောင်ကြီး ပျော်ရတော့မှာပါ ”

‘စွယ်တော့်’ ရင်တွေလည်း ခုန်နေပါသည်။ ဘေးနားက နေ ကျောက်ရုပ်ကြီးလို ကပ်ပြီးလိုက်လာတဲ့ ‘စိုပြေ’ ကိုလည်းထု ရိုက်ချင်နေမိတာ ကြာပါပြီ။

သူ ဘာကြောင့်နေတာလဲ။ ဒီနေ့ သူ ပြောချင်တာ ဖွင့်ပြောဖို့ ‘စွယ်တော့်’ ဘက်က အခြေအနေလမ်းခင်းပေးနေတာ တောင် အကြီးလုပ်နေတာ ကောင်းတဲ့အလုပ်လား။

“အိမ်ကတောင် ငါ့ကို မေးနေပြီ ‘ကိုပြေ’ ရဲ့… နင်နဲ့ ငါ အခြေအနေဘယ်လိုလဲတဲ့… စတုန်းကတော့ ငါလည်း ငြင်းနေ တာပဲ… ကြာလာတော့ အိမ်ကမယုံသလိုတောင်ဖြစ်လာတယ်”

“ဟုတ်လား…”

ကြည့်စမ်း။ ဒီကောင် အူကြောင်ကြောင်လုပ်ပြီး မသိ ဟန်ဆောင်နေပြန်ပြီ။ အရင်တုန်းကဆို ‘စွယ်တော့်’ ဘက်က လောက်လေးပြောလိုက်ရင် ချစ်သူတွေဖြစ်နေပြီလို့ ပြောလိုက် ပြီး သူတန်းပြောလာမှာပါ။





“ငါ့ဘက်ကငြင်းနေတော့ မေမေတို့က ချစ်သူမဟုတ် ရင် သိပ်မတွဲနဲ့တဲ့… ပတ်ဝန်းကျင်က တစ်မျိုးမြင်လာရင် မ ကောင်းဘူးတဲ့… ပြီးတော့ ငါ့ကို မေမေ့သူငယ်ချင်းက သူ့သားနဲ့ သိပ်သဘောတူနေတယ် ”

သူ့ရင်ထဲက ဝန်တိုမှုကို ဆွဲထုတ်လိုက်မိတာ ဖြစ်ပါ သည်။

“အေးလေ… နင့်မိဘတွေ ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်… ငါ့ကြောင့် နေရင်းထိုင်ရင်း နင် လဘ်ပိတ်နေတာ ပေါ့… ငါပဲ အနေအထိုင်ဆင်ခြင်ပါ့မယ် ”

“ဒါဆို နင်က ငါနဲ့ခပ်ခွာခွာနေမယ်ဆိုတဲ့ သဘော လား”

“ခပ်ခွာခွာတော့ မဟုတ်ဘူးပေါ့ဟာ… နင် အကူအညီလို တဲ့ အချိန်ဆိုရင် ငါ့ကိုခါတိုင်းလိုပဲ ခေါ်လိုက်လို့ရပါတယ်…ဒါ ပေမဲ့ အရင်လောက်တော့ သိပ်မတွဲဖြစ်တော့ဘူးပေါ့ ”

“နင် တကယ်ပဲ ငါနဲ့ ခပ်စိမ်းစိမ်း နေနိုင်တယ်ပေါ့လေ”

“မစိမ်းပါဘူးဟာ… သူငယ်ချင်းတွေပဲပေါ့ ”

“ ‘ကိုပြေ’ နင် တကယ်ကြောက်ဖို့ကောင်းတယ် သိ လား… ငါ နင့်စိတ်ဓါတ်ကို တကယ်လက်ဖျားခါသွားပြီ… နင်

ဟာ အလကားကောင်ပဲ”

‘စွယ်တော်’ ပြောသမျှတွေကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်သက်နေလေ ‘စွယ်တော့်’ မှာ ပိုပြီး ခံစားရလေပါပဲ။ သူ ပြောင်းလဲတာ တကယ့်ကို သေချာသွားခဲ့ပြီပဲ။

မိန်းကလေးအချင်းချင်း ‘စွယ်တော်’ ‘မောင်’ တို့ကို ဘယ်လိုမျက်နှာပြရမလဲ မသိ။ ကိုယ်က သူတို့ကို တကယ်မဟုတ်ဘဲ လေပြောတွေကြီးခဲ့တာ အရှက်ကွဲဖို့ ဖြစ်လာခဲ့ရပြီ။

“နင့်ကို ငါမေးမယ် ‘ကိုပြေ’... နင် ‘မောင့်’ ကို ကြိုက်နေတယ်မဟုတ်လား”

‘စိုပြေ့’ ရဲ့ အကြည့်က တောင်းပန်မှုတွေ ပါနေသလိုပါပဲ။

“ငါ မသိဘူး”

“ဘာမသိတာလဲ... နင့် ရင်ထဲကကိစ္စကို နင် မသိဘူးဆိုတာ နင့်ကိုယ်နင် လိမ်နေတာပဲပေါ့... ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ... နင် ‘မောင့်’ ကို ချစ်နေတယ် မဟုတ်လား”

“မသိပါဘူးဟာ... ‘မောင်’ က ငါတို့ရဲ့ သူငယ်ချင်းပဲလေ”

‘စွယ်တော်’ မျက်နှာကို တမင်မဲ့ပစ်လိုက်မိသည်။





“တစ်သက်လုံး သူငယ်ချင်းဖြစ်ဖို့ စိတ်ကူးထားတာလား”

“ဟာ ရှေ့ဖြစ်လာမယ့် ကိစ္စကို ငါလည်း ဘယ်ကြိုသိပါ့မလဲဟာ... နင်ကတော့ ရစ်နေပြန်ပါပြီ”

“တော်ပြီ... နင့်ကို ငါဘာမှမပြောတော့ဘူး... နင်ဟာ ငါ့ကိုဒဏ်ရာပေးတဲ့ကောင်ပဲ”

“နင် အဲ့ဒီလိုထင်ရင် ငါ တောင်းပန်ပါတယ်ဟာ”

“သွားစမ်းပါ”

‘စိုပြေ’ က ‘မောင်’ တို့ကျန်နေခဲ့တဲ့နေရာကို လှမ်းမျှော်ကြည့်ရင်း ပြန်ဖို့စကားစလာသည်။

“ ‘မင်းထိုက်’ တို့ ကျန်နေခဲ့တယ်... သူတို့ဆီ ပြန်သွားကြရအောင်... တော်ကြာ သူတို့ကိုထားခဲ့တယ်ဆိုပြီး ငါတို့နှစ်ယောက်ကို ပြောနေပါဦးမယ်”

“ငါတို့နှစ်ယောက် အခြေအနေကို သိချင်ကြလို့ သူတို့က တမင်ရှောင်ပေးလိုက်တယ်ဆိုတာကို နင် သိရဲ့နဲ့ ဘာအူကြောင်ကြောင်စကားတွေ ပြောနေတာလဲ... ကဲ ပြန်ကြမယ်”

‘စွယ်တော်’ က ခြေလှမ်းမြန်မြန်နဲ့ အရင်ဦးအောင် လှည့်ထွက်လာခဲ့ပါသည်။

"အံမယ်လေးဟာ ပျောက်သွားတာကြာလို့ ထွက်ပြေးသွားပြီလို့တောင်ထင်နေတာ... 'စိုပြေ' ကော ဘယ်မှာကျန်ခဲ့သလဲ"

ဟု 'မင်းထိုက်' က အော်မေးသည်။

"မသိဘူး... သူ့ကိုအမြင်ကတ်လို့ ထားခဲ့ပြီ... 'မင်းထိုက်' နော်... ဒီနေ့ကစပြီး ငါနဲ့ 'စိုပြေ' နဲ့ကို မစနဲ့တော့... ငါ လုံးဝမကြိုက်ဘူး... သူ့ကို သူငယ်ချင်းအဖြစ်ကနေတောင် စွန့်လွှတ်ဖို့ စဉ်းစားထားတယ်"

အားလုံးတအံ့တသြနဲ့ 'စွယ်တော်' အား ဝိုင်းကြည့်နေကြလေသည်။

"ဘာပြဿနာ ဖြစ်လာလို့လဲ"

"မေးမနေနဲ့... အဲ့ဒီကောင်အကြောင်း မပြောချင်ဘူး... ပြန်ကြတာပဲ ကောင်းတယ်"

ရပ်ထားတဲ့ကားဆီ 'စွယ်တော်' ထွက်သွားတာကိုကြည့်ပြီး အားလုံးဘာပြောရမှန်း မသိအောင် ဖြစ်နေမိသည်။ 'စိုပြေ' ရောက်လာတော့လည်း 'စွယ်တော်' သဘောအတိုင်း ပြန်ဖို့သာ ပြောတာကြောင့် စိတ်မကောင်းစွာနဲ့ပဲ တိတ်တိတ်ဆိတ်ဆိတ် ပြန်လာခဲ့လိုက်ကြပါတော့သည်။





## ၇

'စိုပြေ' နဲ့ဘာပြဿနာတက်သည်မသိရဘဲ၊ 'မောင့်' ကိုအသလွတ်ကြီး 'စွယ်တော်' က မကြည်မလင်ဖြစ်လာပါသည်။

ခါတိုင်းတုန်းက ပြိုင်ဆိုင်မှုအနည်းငယ် ရှိရာကနေ ခုတော့ ပေါ်တင်ကြီး မျက်စောင်းတွေထိုးကာ ရန်လိုတဲ့အဆင့်ထိကို ဖြစ်လာရတာကြောင့် 'မောင်' စိတ်ညစ်နေမိသည်။

သူ့ဘက်က တစ်ဖက်သတ် ဖြစ်နေတဲ့ကိစ္စမို့လည်း 'မောင်' ဘယ်လိုဖွင့်ပြောပြီး ရှင်းရမှန်းမသိတော့ပါ။

" 'စွယ်တော်' ပုံစံက အရမ်းကို သိသာနေပြီနော်...

နှင့်အိမ်မှာလည်း စာလာသင်သေးတယ်… သူ့မျက်ခွက်ကတင်း နေတာ ထိုင်ပဲရှိခိုးရတော့မလိုလို”

ဟု ‘ခင်ထား’ က ‘မောင့်’ ဘက်က မကျေနပ်စွာပြောလာ ခဲ့သည်။ ‘မောင်’ က အိမ်ရှင်ဖြစ်နေတာကြောင့် ‘ခင်ထား’လောက် သတ္တိရှိရှိ မျက်နှာထားကိုမတင်းရဲပါ။

တော်ကြာ ‘မောင့်’ ကြောင့်ပဲ သူ စာလာမသင်တာပါဆို ရင် နေရင်းထိုင်ရင်း ဆရာတွေစိတ်ထဲမှာ ‘မောင့်’ ကို ပိုမုန်းပါဦး မည်။

‘စိုပြေ’ တစ်ယောက်လည်း ခါတိုင်းလို ‘စွယ်တော်’ နဲ့ စကားဟက်ဟက်ပက်ပက် ပြောရပုံမရတော့။ ပြောတဲ့အခါတိုင်း မှာလည်း ‘စွယ်တော့်’ ဘက်က ရန်လိုတဲ့စကားတွေကိုသာပြော တတ်သောကြောင့်ဖြစ်သည်။

တစ်နေ့ ဆရာတစ်ယောက်က အရေးတကြီးကိစ္စရှိတယ် ဆိုပြီး ဖုန်းဆက်လာသဖြင့် စာသင်တာပျက်သွားရသည်။ ‘မင်း ထိုက်’ က ပေးကနဲအော်ကာ အပြင်သွားဖို့ စီစဉ်လေသည်။

“ရုပ်ရှင်သွားကြည့်မယ်ဟာ… ငါ ဒကာခံမယ်… ဒီလိုဆို အားလုံးလိုက်ကြမယ် မဟုတ်လား”

“လိုက်မယ် လိုက်မယ်…”





‘မောင်’ ကော ‘ခင်ထား’ ပါ အားတက်သရော အော် လိုက်မိတာဖြစ်ပါသည်။ ‘စိုပြေ’ မျက်နှာကလည်း ထောက်ခံသ လို ပြုံးနေပါသည်။

“ဒါဆို သွားမယ်လေ… သုံးခွဲပွဲမီသေးတယ်… မြန်မြန် လစ်မယ်”

အားလုံး ပြိုင်တူထလိုက်ကြပေမယ့် ‘စွယ်တော်’ က ငြိမ် သက်စွာပင် ထိုင်နေဆဲဖြစ်သည်။

“ ‘စွယ်တော်’ ထလေ… ဘာလုပ်နေတာလဲ… ရုပ်ရှင်သွား ပါမယ်ဆိုမှပဲ”

“အို ဘယ်သူက သွားမယ်လို့ပြောလို့လဲ… လိုက်မယ်လို့ ပြောတဲ့အထဲမှာ ငါ့မှမပါတဲ့ဥစ္စာ… နင်တို့ဖါသာ သွားကြ”

‘မောင်’ နဲ့ ‘ခင်ထား’ တစ်ယောက်ကိုတစ်ယောက် မျက် စပစ်လိုက်မိကြသည်။

“လိုက်ခဲ့ပါဟာ… အားလုံးသွားကြမှာပဲဟာ… နင်တစ် ယောက်တည်းပျင်းနေမှာပေါ့… ထ လိုက်ခဲ့မရဘူး”

ဟု ‘စိုပြေ’ က လေသံချိုကလေးနဲ့ ပိုင်ပိုင်နိုင်နိုင် ထပ် ခေါ်လိုက်ပေမယ့် ‘စွယ်တော့်’အသံက ဒေါသတကြီး စူးစူးရှရှကို ပေါ်ထွက်လာခဲ့လေသည်။

"အောင်မယ်... နင်က ဘာကောင်မို့လို့ ငါ့ကိုခေါ်နေရတာလဲ... ငါ့စိတ်နဲ့ ငါ့ကိုယ် လိုက်ချင်မှလိုက်မှာပေါ့... နင် မှတ်ထားစမ်း နောက်ငါနဲ့ ပတ်သက်ပြီး နင် ခပ်ကင်းကင်းနေနိုင်အောင် ကြိုးစား ငါလည်း နင်နဲ့ မပတ်သက်ဘဲ နေ့နေတယ်"

'စိုပြေ' ရှက်သွားကာ အခန်းပြင်ကို ကမူးရှူးထိုး ထထွက်သွားလေသည်။

"နင် ဘယ်လိုပြောလိုက်တာလည်း 'စွယ်တော်'... 'စိုပြေ့' လောက် နင့်အပေါ် သည်းခံတဲ့သူ ဘယ်သူမှမရှိဘူး... နင် စကားပြောတာသိပ်ရိုင်းတယ်... အရင်ကနဲ့ကို မတူတော့ဘူး"

"အေး ငါ့ကို ရိုင်းအောင်လုပ်တာကျတော့ကော နင်က ထည့်မပြောတော့ဘူးလား... နင့်သူငယ်ချင်းလို စိတ်ဓါတ်ဘလောင်းအလဲ ကောင်မျိုးနဲ့ မပတ်သက်ချင်တော့ဘူး"

"ဘာစိတ်ဓါတ် ဘလောင်းဘလဲ လဲ"

"နင် သိဖို့မလိုဘူး"

"ရှုပ်နေတာပဲ... တစ်ခုတော့ပြောမယ်... 'စိုပြေ' လို သူငယ်ချင်းကောင်မျိုး နောက်ထပ် နင် ဘယ်တော့မှ ရှာတွေ့မှာမဟုတ်ဘူးဆိုတာပဲ"

"မတွေ့ရင်နေ... ငါကလည်း မမက်မောပါဘူး"





'မင်းထိုက်' က 'မောင်' တို့ကို သွားမယ်ပုံစံမျိုးဖြင့် မေးတ်ပြကာ လှည့်ထွက်သွားပါသည်။ 'စွယ်တော်' တစ်ယောက်ည်းကို အိမ်မှာ ထားခဲ့ဖို့ မသင့်တော်တာကြောင့် 'မောင်' လည်း ပ်ရှင်ကြည့်ဖို့ကို ဖျက်ပစ်လိုက်ရသည်။

"ငါတို့လည်း မလိုက်တော့ပါဘူးဟာ... 'စွယ်တော်' ါ,ပါမယ်ထင်လို့ လိုက်မယ်လို့ပြောမိတာ"

"နေပါ... နင်တို့မိန်းကလေးတွေက စကားကိုမျိုးစုံ ပြောတယ်... ဘာတွေမှန်းကို မသိဘူး"

ဟု အော်ကာ 'မင်းထိုက်' ထွက်သွားပါတော့သည်။ မောင်' က 'စွယ်တော့်' နံဘေးမှာ ခပ်ဖြည်းဖြည်းဝင်ထိုင်ချလိုက် ပါသည်။

"'စိုပြေ' ကို စိတ်ကောက်နေတာလား... 'စိုပြေ' ကသ ဘာကောင်းပါတယ် 'စွယ်တော်' ရယ်... အမြဲတမ်း 'စွယ်တော့်' မျက်နှာအရိပ်အကဲကိုပဲ ကြည့်နေတဲ့သူပါ"

မကြည်လင်နေတဲ့သူကို စေတနာနဲ့ ပြေရာပြေကြောင်း င်ပြောပေးတာ 'မောင့်' ရဲ့ အမှားလားမသိတော့ပါ။ 'မောင့်' တက်ကလေသံနဲ့ ဆန့်ကျင်စွာ 'စွယ်တော့်' လေသံတွေကမာထန် လို့နေရသည်။

"အံမယ်လေး... လေပြေလေးနဲ့ လာနှစ်သိမ့်မနေပါနဲ့ 'မောင်' ရာ... ဒီကိစ္စတွေ ဖြစ်ရတာ ဘယ်သူ့ကြောင့်ဆိုတာ 'မောင်' အသိဆုံးပါ... အိုင်တင်တွေမလိုင်တွေလုပ်မနေနဲ့"

"'စွယ်တော့်' စကားက ဘာအဓိပ္ပါယ်လဲ"

"ကြားတဲ့အတိုင်းပဲလေ... "

"'မောင်' နားမလည်ဘူးနော်... အထင်လွဲနေတယ်ဆိုရင်လည်း ဖြောင်ရှင်းလိုက်လို့ရတယ်... ဝေ့လည်လည်နဲ့ 'မောင့်' ကိုလာမစွပ်စွဲနဲ့"

"အို မသိဘူး မသိဘူး... အထင်လည်း လွဲစရာဘာအကြောင်းမှ မရှိဘူး... သေချာနေလို့ ဒီလိုတွေ ဖြစ်ကုန်ရတာ... 'စွယ်တော်' ဆိုတဲ့သူက ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကို မလွှမ်းလောက်ဘူးဆိုတာ သိထားစမ်းပါ"

'မောင်' နှုတ်ပိတ်၍သာ 'စွယ်တော့်' အား စိုက်ကြည့်နေလိုက်ပါသည်။ ပြောချင်ရာ လျှောက်ပြောနေတာ တကယ့်အရူးမတစ်ယောက် အတိုင်းပါပဲ။

ပါးစပ်ကသာ မလွှမ်းလောက်ဖူး ပြောနေပေမယ့် သူဖြစ်နေတဲ့ပုံက စွန့်လွှတ်လိုက်ရလို့၊ မပိုင်ဆိုင်ရလိုက်လို့ ကြိတ်မနိုင်၊ ခဲမရဖြစ်နေတယ်ဆိုတာ အထင်းသား ပေါ်လွင်နေပါ





သည်။

ဘာတွေ ဖြစ်ကုန်ပြီလဲ။ 'စိုပြေ' တစ်ယောက် 'စွယ်တော်' နဲ့ပတ်သက်ပြီး ဘာတွေများ အပြောင်းအလဲ လုပ်လိုက်တာလည်းမသိပါ။

'မောင့်' ဘက်က ငြိမ်နေသဖြင့် တစ်ယောက်တည်းပေါက်ကွဲရတာကို 'စွယ်တော်' ရှက်လာပုံရသည်နှင့်တူသည်။ ဝုန်းကနဲ ထိုင်နေရာကနေ ဆောင့်ထကာ ပြန်သွားပါတော့သည်။

"နေရင်းထိုင်ရင်း ဘာလိုင်းကြီးထပေါက်ကွဲနေပါလား... ဘာဖြစ်တာလဲ... ကြည့်ရတာ 'စိုပြေ' သူ့ကို ခေါက်သွားလို့ပဲဖြစ်ရမယ်"

ဟု 'ခင်ထား' က အသံကျယ်ကျယ်လေးနဲ့ 'စွယ်တော်' ကြားအောင် အော်ပြောလိုက်ပါသေးသည်။

"မပြောပါနဲ့ 'ခင်ထား' ရယ်... သူ ရှက်သွားပါဦးမယ်"

"အို နင်က ဘာကိုငဲ့ညှာနေရတာလဲ... ကိုယ်နဲ့လည်း မဆိုင်ဘဲ နင့်ကိုအသလွှတ်ကြီး တိုက်ခိုက်နေတာ ဘာသည်းခံစရာအကြောင်းရှိသလဲ... သူ ပြောရင် ကိုယ်လည်း ပြန်ပြောပေါ့... ငြိမ်ခံနေတာ ကိုယ်ကပဲ အမှားလုပ်ထားသလိုလိုမျိုးဖြစ်နေတယ်"

'မောင်' သက်ပြင်းကိုသာ ချလိုက်မိသည်။ ရင်ထဲမှာသိချင်တာကို ချုပ်ထိန်းလို့မရနိုင်တာကြောင့် 'မောင်' အပြင်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ဘယ်သွားမလို့လဲ..."

ဟု 'ခင်ထား' က မေးတာကို ခေါင်းခါပြပြီး...

"ဒီနားလေးပဲ... နင် မလိုက်ခဲ့နဲ့ရတယ်... ငါ သိပ်မကြာဘူး ခုချက်ချင်းပဲပြန်လာခဲ့မယ်"

"ဟဲ့ ဘယ်ကိုလဲ... သွားမယ့်နေရာကိုတော့ ပြောသွားဦးလေ"

" ပြီးမှပြောမယ်ဟာ"

'မောင်' ဖွတ်ပင် မပြေးယုံတမယ် ထွက်လာခဲ့လိုက်ပါသည်။ 'မောင်' သွားနေတဲ့ ခြေလှမ်းတွေက မြန်မြန်ဆန်ဆန်ဖြစ်လို့နေရသည်။

'မောင်' တွေ့ချင်နေတဲ့သူကို တွေ့မှ တွေ့ရပါ့မလားမသိ။

ရင်မောစွာနဲ့ တစ်ခါရောက်ဖူးတဲ့ဆိုင်ရှေ့မှာ ယောင်လည်လည်ရပ်ပြီး လျှောက်ကြည့်နေစဉ် 'မောင်' လို့လှမ်းခေါ်သံကို ကြားလိုက်ရပါသည်။





အဝတ်ထုပ်တွေနဲ့ ကွယ်နေတာကြောင့် 'စိုပြေ' ကို 'မောင်' ရုတ်တရက် မမြင်တွေ့ရခြင်းဖြစ်သည်။

"ဘယ်သူ့ကိုရှာနေတာလဲ"

"နင့်ကိုလေ... နင်နဲ့စကားပြောချင်လို့ ဆိုင်အထိကိုလိုက်လာတာပေါ့"

"ပြောလေ"

"ဒီမှာ မပြောချင်ဘူး... ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားပြောမယ်"

ဆိုင်မှာရှိသော အကောင်တွေက မျက်လုံးတွေကျွတ်ကျမတတ်ကိုပြူးပြီး စပ်စုနေကြတာကြောင့် 'မောင်' တစ်နေရာကိုသွားဖို့ပြောလိုက်မိတာဖြစ်ပါသည်။

'စိုပြေ' က 'မောင့်' သဘောအတိုင်း ခပ်အေးအေးပင်လိုက်လာသည်။ ယောကျ်ားဖြစ်ပြီး လှမ်းနေတဲ့ခြေလှမ်းက 'မောင့်' ထက်ပင် နှေးနေတာကြောင့် စိတ်တိုလာရသည်။

"ဟဲ့ သွားနေတာကလည်း ခြေတစ်လှမ်း ကုဋေတစ်သန်းများမှတ်နေသလား... မိန်းကလေးဖြစ်တဲ့ငါက ခြေလှမ်းကျဲသလောက် နင့်ကဘာကြောင့် လေးလံနေရတာလဲ... မလိုက်ချင်ဘူးလား"

"ဟာ ငါ ခြေလှမ်းမြန်ရင် နင် မောနေမှာစိုးလို့ပါ"

'မောင့်' ကိုသာ မောမှာစိုးလို့ပြောပြီး သူ့ နဖူးမှာချွေးတွေသီးနေရလေသည်။ လူက အသက်နဲ့မလိုက်အောင် ဝဖိုင့်ဖိုင့်ဖြစ်နေတာကြောင့် ဟိုနားဒီနားသွားတာတောင် ချွေးထွက်နေတာကောင်းတဲ့အလုပ်လား။

ပြီးတော့ သူ ဝတ်ထားစားထားတာကိုလည်း 'မောင့်' မျက်စိထဲ ကြည့်လို့မရပါ။ ကိုယ်နဲ့မဆိုင်တာကြောင့် ပြောချင်တဲ့စိတ်ကိုမြိုသိပ်ချကာ လူရှင်းတဲ့ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်မိသည်။

'မောင်' သည် ဘယ်ကစပြောရင် ကောင်းမလဲဆိုပြီး 'စိုပြေ့' မျက်နှာအား အဓိပ္ပါယ်မရှိ ငေးကြည့်နေမိ၏။ ဒါကိုသူက ဘာထင်သည်မသိ။

"နင့် ငါ့ကိုကြည့်မနေနဲ့လေဟာ... ငါ တောင်ရှက်လာပြီ"

ဟု အချိုးမပြေစွာ ဆိုလာခဲ့သည်။

"နင့်ကို ကြည့်နေတာမဟုတ်ဘူး... ပြောစရာစကား စဉ်းစားနေတာ... တကတည်း သူကပဲ ရှက်ရသေးတယ်"

"အင်း ပြောမယ်ဆိုပြော... ဘာလဲ"





"နင်နဲ့ 'စွယ်တော်' နဲ့ ဘာဖြစ်ထားသလဲ"

'စိုပြေ့' မျက်နှာ ပျက်သွားပါသည်။

"ဘာမှ မဖြစ်ပါဘူး"

"မလိမ်နဲ့... တစ်ခုခု ဖြစ်ကိုဖြစ်ထားတယ်... နင် မပြောရင် ငါ့စိတ်ထဲပိုပြီးသံသယဖြစ်လာလိမ့်မယ်နော်"

"တကယ့်ကို ဘာမှမဖြစ်ပါဘူးဟာ... သူ့ဟာသူ နေရင်းထိုင်ရင်းထပြီးပေါက်ကွဲနေတာ..."

'စိုပြေ့' ရင်ထဲမှာ ဖုံးကွယ်ထားတာ တစ်ခုခုတော့ ရှိနေသေးတယ်လို့ 'မောင်' က ယုံကြည်ဆဲဖြစ်သည်။

"နေရင်းထိုင်ရင်းတော့ 'စွယ်တော်' က ရန်လိုမှာမဟုတ်ဘူး ငါ ပွင့်ပွင့်လင်းလင်းပဲမေးမယ်... 'စွယ်တော့်' မွေးနေ့တုန်းက နင်တို့နှစ်ယောက် ချစ်သူတွေမဖြစ်ခဲ့ကြဘူးလား"

"ဟာ..."

'စိုပြေ့' မျက်နှာ ပျက်သွားတာ ဖုံးလို့ပင် မရနိုင်အောင်ပါ။ 'မောင့်' ဘက်က ဒီအခြေအနေမှာ အလျှော့ပေးလိုက်ရင် ကိစ္စတစ်ခု ဝေ့လည်လည်နဲ့ ရပ်သွားတော့မှာမို့ ဇွတ်တိုးကာ ဆက်မေးလိုက်မိ၏။

"မေးနေတယ်လေ... နင်တို့နှစ်ယောက် ချစ်သူတွေမဖြစ်

ခဲ့ကြဘူးလား"

"ဟင့်အင်း... ဘာဖြစ်လို့ ချစ်သူတွေဖြစ်ရမှာလဲ"

"ဟင် နင် 'စွယ်တော်' ဆီက အဖြေတောင်းတာ မဟုတ်ဘူးလား"

"အဖြေတောင်းရအောင် ငါက သူ့ကို ချစ်တယ်လို့မှ ဖွင့်မပြောရသေးတာပဲ... ဘယ်လိုလုပ်ပြီး အဖြေတောင်းလို့ရမှာလဲ"

"ဒါဆို အဲ့ဒီနေ့က နင် သူ့ကို ဘာမှမပြောလိုက်ဘူးလား"

"မပြောလိုက်ဘူး... သူ ပြောတာကိုပဲ နားထောင်နေခဲ့တာ"

'မောင်' အသက်ရှူပင် ရပ်သွားမတတ် လန့်ထိတ်သွားမိပါသည်။ 'စွယ်တော်' ရင်ထဲမှာ မျှော်လင့်ထားတာတွေကို 'စိုပြေ' ရိုက်ချိုးဖျက်စီးပစ်ခဲ့တယ်ဆိုတာကို သိမှသိပါလေစ။

'စိုပြေ့' ဘက်က မလှုပ်လို့၊ 'စွယ်တော်' တစ်ယောက် ရှက်ပြီး လူတကာကို လိုက်မဲနေတာပဲ ဖြစ်ရပါမည်။ 'မောင့်' ကို ဆို ပိုဆိုးတော့တာပေါ့။

ခုတလော 'စိုပြေ' အရေးပေးချင်သလို ဖြစ်နေတဲ့သူဟာ





'မောင်' ဖြစ်နေတာကြောင့် သူ ပိုပြီး အရှက်ရကာ ဝန်တိုစိတ်တွေနဲ့ တိုက်ခိုက်နေတာပဲ ဖြစ်ပါလိမ့်မည်။

'မောင်' သည် နေရင်းထိုင်ရင်းနဲ့ ရန်လိုခံနေရသော အဖြစ်ကို ခံပြင်းလာရတာကြောင့် 'စိုပြေ့' ရဲ့ လက်ဖျံအား ခပ်နာနာဖိလိမ်ဆွဲပစ်လိုက်ပါသည်။

"အား..."

"သေ သေ... နင့်ကြောင့် 'စွယ်တော်' က ငါ့ကိုရန်လိုနေတာ နင် ဖွင့်ပြောစရာရှိတာ ပြောပါလား... မပြောတော့ငါနဲ့ဘာလိုလိုတွေထင်ပြီး သံသယတွေဝင်နေတာပေါ့... နင့်ရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြောပြလိုက်ရင်ပြီးနေတဲ့ဟာကို ဘာငြိမ်ပြီး လအ လုပ်နေတာလဲ"

"ငါ့ရင်ထဲမှာ 'စွယ်တော်' နဲ့ ပတ်သက်ပြီး ဘာမှ,မှမရှိတာပဲ... ငါက ဘာကို ဖွင့်ပြောရမှာလဲ"

"နင် မလိမ်နဲ့... နင့်မျက်လုံးတွေ 'စွယ်တော့်' ဆီမှာ ပျော်ဝင်နေတယ်ဆိုတာ အကုန်လုံးသိတယ်"

"မှားနေပြီ"

"'စိုပြေ' နော်... နင် ယောကျာ်းဖြစ်ပြီး နင် သတ္တိမရှိဘူးလား မိန်းကလေးတစ်ယောက်ကို ဒီလောက်တွဲလာတာကြာပြီ...

ချစ်တယ်ဆိုတာတော့ ဖွင့်ပြောသင့်တာပေါ့… နင့်ကြောင့် 'စွယ်တော်' ဘယ်လောက်ခံစားရသလဲဆိုတာ နင် မသိဘူးလား"

"ငါ 'စွယ်တော်' ကို သံယောဇဉ်တော့ ရှိပါတယ်… ဒါပေမဲ့ အဲ့ဒါဟာအချစ်မဟုတ်ဘူး… ငါ့ရင်ထဲမှာ သံယောဇဉ်နဲ့အချစ်ကိုခွဲခြားသိလာမှတော့ 'စွယ်တော်' ကို ငါဘာလို့ ချစ်တယ်လို့ ဖွင့်ပြောတော့မှာလဲ"

'စိုပြေ' ရဲ့ စကားသံက ရင်တွင်းကထွက်လာသလို လှိုက်ဖိုလွန်းတာကြောင့် 'မောင်' ပင် မိန်းမောသလို ဖြစ်သွားရသည်။ သူ့အပြောတွေက ရင်ခုန်ချင်စရာ ကောင်းသလိုပါပဲ။ အို 'မောင်' နဲ့ဘာဆိုင်လို့လဲ။

'မောင်' အခု ဖြစ်စေချင်နေတာက 'စွယ်တော်' နဲ့ သူနဲ့ကို အဆင်ပြေသွားစေချင်တာပါ။ ဒါမှ အရင်လိုအခြေအနေမျိုးနဲ့ ပြန်ပြီး ပြေပြေလည်လည် ဖြစ်လာမည်မဟုတ်လား။

"ဒါဆို နင်နဲ့ 'စွယ်တော်' နဲ့က ချစ်သူတွေမဖြစ်တော့ဘူးပေါ့"

"ဘယ်ဖြစ်တော့မလဲ… ငါ ဘယ်သူ့ကိုချစ်နေတယ်ဆိုတာ သူလည်းရိပ်မိနေတာပဲ… ဒါကြောင့် ငါ့ကို ရန်လိုနေတာဖြစ်မှာပေါ့"





"နင် က…"

ဘယ်သူ့ကိုချစ်နေတာလဲ ဟု မေးတော့မယ့်ပါးစပ်ကို ချက်ချင်း ပိတ်ပစ်လိုက်မိပါသည်။ ဘုရားရေ… အခြေအနေက ဘာလို့ဝုန်းဒိုင်းကြီး ပြောင်းလဲသလို ဖြစ်သွားရတာလဲ။ မဖြစ်သင့်တာနော် 'မောင့်' စိတ်ထဲမှာ စကတည်းက ခံယူထားတာက 'စွယ်တော့်' ရဲ့ ချစ်သူဟာ 'စိုပြေ' ပဲ ဖြစ်သည်လို့လေ။

"စိတ်ရှုပ်လာပြီဟာ… ငါ ပြန်တော့မယ်… ဘာပဲဖြစ်ဖြစ် နင် 'စွယ်တော်' နဲ့ မကြည်မလင်ဖြစ်နေသ၍ နင် ငါ့ကို စကားလာမပြောနဲ့… "

"ဘာဆိုင်လို့လဲ…"

"မသိဘူး… ငါ ပြောတာကိုနားထောင်… နင့်ကြောင့် ငါ ရန်လိုမခံနိုင်ဘူး"

"'စွယ်တော်' က နင်နဲ့ငါ့ကို အထင်လွဲနေလို့လား"

စကားအသွားအလာက ဖြေရှင်းရခက်တဲ့ အခြေအနေမျိုးရောက်လာတော့မှာမို့ 'မောင်' ထထွက်လာခဲ့လိုက်ပါသည်။ လှမ်းခေါ်နေတဲ့ 'စိုပြေ' ရဲ့ အသံကိုကြားပေမယ့်လည်း လှည့်ကိုမကြည့်ဖြစ်တော့ပါ။

## ၈

ခုတလော သူမဘက်က ကျွန်တော့်အပေါ် ရှောင်ဖယ်ဖယ်၊ ခပ်လွှဲလွှဲဆက်ဆံတဲ့အခါတိုင်း ရင်ထဲမှာ ဝမ်းနည်းမှုဆိုတဲ့ ဝေဒနာက အလိုလိုဝင်ရောက်လို့လာရသည်။

တစ်ပတ်မှာ စာသင်တဲ့ရက်က ငါးရက်ပဲ ရှိတာကြောင့် ကျန်တဲ့နှစ်ရက် သူမနဲ့ဆုံတွေ့ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ချေ။

ကျောင်းမှာတွေ့ဖို့ ကြိုးစားပြန်တော့လည်း အတန်းတက်ရတဲ့အချိန်တွေက တိုက်နေပြန်တာကြောင့် အဆင်မပြေခဲ့





ပါ။

အတန်းလစ်ဖို့ကျတော့လည်း 'စွယ်တော်' ကတစ်ချိန်လုံး မျက်လုံးဒေါက်ထောက် ကြည့်နေပြန်တာကြောင့် ဆင်ခြင်ကာနေ,နေရသည်။

'စွယ်တော့်' ရဲ့စကားတစ်ခွန်းဟာ အိမ်မှာဘယ်လောက်အရေးပါတယ်ဆိုတာကို ကျွန်တော်ပဲ သိသည်။ ဒီလို အရေးပါအရာရောက်ဖြစ်အောင် ကျွန်တော်ကိုယ်တိုင် ဂရုတစိုက်တွေ ရှိပြခဲ့တာပဲမဟုတ်လား။

'မောင်' နဲ့ မတွေ့ခင် အချိန်တွေအထိကတော့ 'စွယ်တော်' ဟာ ကျွန်တော့်ဘဝရဲ့ အချစ်စစ်၊ အချစ်မှန်လို့ တွက်ဆထားခဲ့မိတာပါ။ ဒါကလည်း မိန်းကလေးတွေနဲ့ သိပ်ပြီး ပတ်ပတ်သက်သက်မရှိလှတဲ့ ကျွန်တော့်အတွက်တော့ 'စွယ်တော်' တစ်ယောက်ကိုပဲ သံယောဇဉ်ရှိရာလို့ မှတ်သားထားခဲ့လို့ပဲ ဖြစ်ပါလိမ့်မည်။

ငယ်ငယ်တည်းက ခပ်အေးအေးနေတတ်ခဲ့တဲ့ ကျွန်တော့်အဖို့ သူငယ်ချင်းများများစားစားလည်း သိပ်မရှိလှချေ။ 'စွယ်တော်' တောင်မှမိဘချင်းက ရင်းနှီးနေကျလို့ ခင်မင်ခဲ့မိတာဖြစ်သည်။

ပုံသိပ်မလာတဲ့ ကျွန်တော့်လိုလူကို မိန်းကလေးတွေက သိပ်စိတ်မဝင်စားတတ်တာကြောင့် မိန်းကလေး သူငယ်ချင်းနည်းခဲ့တာလည်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်ကလည်း ကျောင်းက သူငယ်ချင်းအပေါင်းအသင်းထက် ဈေးကမိတ်ဆွေတွေကို ပိုခင်တွယ်မိတတ်သည်။ ဆိုင်မှာခန့်ထားတဲ့ အလုပ်သမားတွေကလည်း ကိုယ့်ဆွေမျိုးနီးစပ်တွေကြီးပဲမို့ ဆွေမျိုးအုပ်စုထဲမှာပဲ ဟေးလားဝါးလားနဲ့ ပျော်နေတတ်ခဲ့ပါသည်။

ကျွန်တော်နဲ့ ပတ်သက်ခင်မင်တဲ့သူ အများစုဟာ 'စွယ်တော်'နဲ့ကျွန်တော် ချစ်သူတွေဖြစ်ပြီး တစ်နေ့လက်ထပ်ကျလိမ့်မည်ဟု တွေးထင်ထားသူတွေချည်းပင်။

ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုပဲ ထင်မိသည်။ ရိုးတိုးရိပ် တိတ်၊ စကားနှောင်ဖွဲ့ ဆွဲငင်တတ်တဲ့ အကြည့်တွေနဲ့သာ 'စွယ်တော့်' အား ရင်တွင်းကဆန္ဒကို ဖွင့်ပြောပြခဲ့သည်။

တစ်ခါတလေ စကားပြောရင်း နောက်သလိုလိုနဲ့ ချစ်စကားတစ်ခွန်းနှစ်ခွန်း ပြောမိတဲ့အခါဆို 'စွယ်တော်' က မကြည်သလိုလိုနဲ့ လူကိုရိုက်ပုတ်ပစ်တတ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဖက်မိဘတွေကလည်း ကျွန်တော်





နဲ့ 'စွယ်တော်' ဆက်ဆံခင်မင်နေတာကို ကြည်ကြည်ဖြူဖြူပဲမို့ ဒီတစ်ခါ 'စွယ်တော့်' ရဲ့ မွေးနေ့ကျရင် ချစ်တဲ့အကြောင်းကို အတည်ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်ထားကာမှ အခြေအနေတွေတစ်မျိုးပြောင်းပြီး ရင်ခုန်သံတွေက တခြားသူဆီမှာဗလောင်းဗလဲနဲ့ ပြောင်းလဲကုန်ရပါတော့သည်။

ရင်ခုန်သံအစစ်ကို မခွဲခြားတတ်တဲ့ ကျွန်တော့်ရဲ့အမှားလို့ပဲထားလိုက်ပါတော့။

'စွယ်တော်' မခံမရပ်နိုင်နဲ့ ပေါက်ကွဲဒေါသဖြစ်နေတာကိုလည်း စာနာအားနာမိပါသည်။

မိန်းကလေးတွေရဲ့ စိတ်ကိုလည်း အံ့ဩမိသည်။ အရေးတယူ ဂရုတစိုက်ရှိနေတဲ့အချိန်ကျတော့ မလိုချင်သလို တန်ဖိုးမထားဘဲ နောက်ဆုတ်လက်ပြ ထွက်ခွာချိန်ကျမှ သံယောဇဉ်ရှိသလို၊ အဆွေးမျက်လုံးတွေနဲ့ ဆွဲငင်နေတာ ဘာကြောင့်များပါလဲ။

ကျွန်တော့်ရင်ထဲကချစ်သူက 'စွယ်တော်' မဟုတ်တော့ဘူးဆိုတာကို မိဘတွေသိအောင် ဖွင့်မပြောရဲသေးပေ။ ရိုးသားပြီး တိတိကျကျနဲ့ အပြောင်းအလဲ သိပ်မရှိလှသော ဖေဖေ့ရဲ့စိတ်ကို ကျွန်တော်လန့်သည်။

ကျွန်တော့်ရဲ့ နိုင်ကွက်ကိုသိထားသော 'စွယ်တော်' က

သူ မကျေနပ်တိုင်း ဖေဖေ့ဆီမှာ ရင်ဖွင့်မှာကို စိုးရိမ်နေရသည်။

ခုချိန်ထိတော့ 'စွယ်တော့်' ဘက်က ဘာတိုင်တန်းမှုမျိုးမှ မလုပ်သေးတာ ကံကောင်းနေသည်။ သူ့ရဲ့ မကျေနပ်မှုကို ကျွန်တော် တစ်ယောက်တည်းသိအောင်သာ ပြနေ၏။

'မင်းထိုက်' ကတော့ အမြဲတမ်း ကျွန်တော့်အပေါ်မှာ အထက်ဆီးနဲ့ အနိုင်ယူချင်နေသော 'စွယ်တော့်' အား မချစ်တော့တာကို ဝမ်းသာနေပါသည်။

"ငါကတော့ 'မောင်' နဲ့ပဲပိုသဘောတူတယ်ကွာ... 'စွယ်တော်' က ရေလည်ပဲများတယ်... စကားပြောရင်လည်း လေသံက ဘယ်တော့မဆို အထက်ဆီးလေသံနဲ့... မင်းပဲ သည်းခံနိုင်တယ်... 'မောင်' ကတော့ ပွင့်ပွင့်လင်းလင်းပဲ... ဟန်ဆောင်ပန်ဆောင်လည်း သိပ်မရှိဘူး... ပြီးတော့ 'စွယ်တော့်' ထက် 'မောင်' ကပိုလှတယ်"

ဟု 'မင်းထိုက်' က ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

'စွယ်တော့်' ထက် 'မောင်' က ပိုလှလို့ ကျွန်တော့်စိတ်တွေ ပြောင်းလဲသွားတာတော့ မဟုတ်ပါ။ 'မောင့်' ကို စမြင်တွေ့တည်းက ကျွန်တော့်ရင်မှာ ထူးခြားသော ရင်ခုန်မှုမျိုးကို ခံစားနေခဲ့ရသည်။





စ,စချင်းတော့ ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းပါသေးသည်။ 'မောင့်' ကို အတွင်းကာရော လျစ်လျူရှုပြီး 'စွယ်တော်' တစ်ယောက်တည်းဆီမှာသာ အာရုံတွေ ပို့ထားမိပေမယ့် 'မောင်' စာမရလို့ အရိုက်ခံရတဲ့နေ့ကစပြီး ရင်ထဲမှာရှိနေတဲ့ကြင်နာစိတ်ကို ဘယ်လိုမှ ထိန်းသိမ်းလို့မရနိုင်တော့ချေ။

တစ်ခါတစ်ခါ ရင်ဖိုစရာကောင်းတဲ့ 'မောင့်' ရဲ့ အကြည့်ပြင်းပြင်းတွေကြောင့်လည်း နှလုံးသားက ပိုပြီး ရန်းကြွလှုပ်ရှားလာခဲ့တာဖြစ်ပါလိမ့်မည်။

'မောင့်' ဘက်က ရှောင်ရှားလေ၊ ကျွန်တော့်ဘက်က ပိုပြီးသည်းသည်းလှုပ် ပတ်သက်ချင်မိလေ ဖြစ်လာခဲ့ပါသည်။

စာသင်ရတဲ့ရက်တွေက ကျွန်တော့်အတွက်တော့ ပိုပြီး အဓိပ္ပါယ်ရှိသော နေ့တွေဖြစ်လာခဲ့တော့သည်။ ကျွန်တော့်ရဲ့ အကြည့်၊ ကျွန်တော့်ရဲ့ အပြုံး၊ ကျွန်တော့်ရဲ့ အာရုံတွေသည် 'မောင်' တစ်ယောက်တည်းဆီမှာသာ ရောက်နေတဲ့အတွက်ကြောင့် 'စွယ်တော့်' ဘက်က ပိုပြီးခံပြင်းလာလေသလားမသိပါ။

တစ်နေ့ 'စွယ်တော်' တစ်ယောက် မနက်ခပ်စောစော ဖုန်းဆက်လာပါသည်။ ကျောင်းမှာ ကျူတိုရီယယ် မရှိတာကြောင့် ကျွန်တော် ကျောင်းမသွားတာကို 'စွယ်တော်' သိနေသည်။

"'ကိုပြေ' လား"

ဖုန်းမဆက်တာ ကြာပြီမို့ ကျွန်တော် အံ့သြသွားမိသည်။

ကိစ္စတစ်ခုခုမရှိဘဲနဲ့တော့ 'စွယ်တော်' ဘက်က အရင်လို အပျင်းပြေသဘောမျိုး ဖုန်းဆက်မယ်မထင်ပါ။

"အင်း 'စွယ်တော်' ပြောလေ"

"ဒီနေ့ကစပြီး 'မောင်' တို့အိမ်မှာ ငါ စာမသင်တော့ဘူး... အိမ်မှာပဲ အတန်းထဲကသူငယ်ချင်းတချို့နဲ့ သင်တော့မယ်"

"တီချယ်တို့က သင်ပေးပါ့မလား"

"စာမေးပွဲက ဘယ်လောက်မှ မလိုတော့ဘူးဆိုတော့ အန်တီက သင်ပေးမယ်တဲ့... တခြား စာသင်ချင်တဲ့သူတွေကိုလည်း အားနာတယ်လေ... အဲ့ဒါ နင် ငါတို့အိမ်မှာပဲ စာလာသင်လိုက်တော့"

"ဟာ ဘယ်ဖြစ်မလဲ... 'မောင်' တို့ အိမ်မှာပဲ သင်လက်စကို အဲ့ဒီမှာပဲတက်လိုက်တော့မယ်... နင်ကလည်း ခုမှဘာထဖြစ်ရတာလဲ... 'မောင့်' စိတ်ထဲ တစ်မျိုးထင်နေပါ့မယ်"

"သူ့ကို ငါဂရုမစိုက်ဘူး... ငါ ဖြစ်ချင်တာ နင့်ကိုပြော





တာ"

"ငါ သဘောမတူဘူး 'စွယ်တော်'"

"'ကိုပြေ' နင့်ကိုငါ အံ့သြတယ်သိလား... ဒီ စာစသင်မယ့်ကိစ္စက ငါကနေ စလိုက်တာပါ... ငါဘယ်မှာပဲ သင်သင်နင်အတူတူ လိုက်တယ်မယ်ဆိုတာ နင်ပဲပြောခဲ့တာလေ... အခု ဘယ်လိုဖြစ်တာလဲ... စာသင်ရဖို့က အဓိကလား... 'မောင်' တို့အိမ်မှာ က တက်ရဖို့ကအဓိကလား"

'စွယ်တော်' ရဲ့ လေသံတွေက ဒေါသကြောင့် မြန်ဆန်တုန်ရီလို့လာသည်။ 'မောင်' တို့အိမ်မှာ တက်ရဖို့က အဓိကလို့ ပြောမိလိုက်ရင်ဖြင့် ဖုန်းခွက်ကြီးကွဲထွက်သွားအောင် 'စွယ်တော်' သောင်းကျန်းပစ်လိုက်မည်လား မသိ။

ရင်ထဲမှာ ရှိတာကိုလည်း မညာချင်တာကြောင့် ပြေရာပြေကြောင်း စကားတစ်ခွန်းကိုပဲ တုန့်ပြန်လိုက်မိပါသည်။

"'မင်းထိုက်' နဲ့ တိုင်ပင်လိုက်ဦးမယ်... ဒီကောင် ဘာပြောဦးမလဲ မသိဘူး"

"ကျွတ် နင့် စကားတွေကဘာလဲ... ကိုယ်ပိုင် ဆုံးဖြတ်ချက်ကိုမရှိဘူး... ငါမေးနေတာ နင့်ရဲ့ ဆန္ဒကိုမေးနေတာ... နင်ငါတို့အိမ်မှာ စာလာသင်မလား မသင်ဘူးလား အပြတ်ပြော"

"မသိသေးဘူးဟာ... အခြေအနေအရပဲ... လောလော ဆယ်တော့ 'မောင်' တို့အိမ်မှာ သင်ရတာ အဆင်ပြေတယ်...ဈေး နဲ့လည်း နီးတယ်ဆိုတော့ ငါ့အတွက်ကခက်ခဲတယ်ဆိုတာ မရှိ ဘူး"

"ရတယ်လေ... နင့် ဆန္ဒပြည့်ဝလား မပြည့်ဝလား စောင့် ကြည့်ပေါ့"

'စွယ်တော်' က ခြိမ်းခြောက်သလိုပြောပြီး ဖုန်းကိုချသွား ပါသည်။ မနက်စာစားရင်း ဖေဖေတို့ကို 'စွယ်တော်' နဲ့ပတ်သက် ပြီး နည်းနည်းပါးပါးတော့ အကျိုးအကြောင်း ပြောပြထားလိုက် မိသည်။

'စွယ်တော့်' ဘက်က စကားဦးသွားလို့ မဖြစ်ချေ။

"စောစောစီးစီး ဖုန်းဆက်ပြီး 'စွယ်တော်' ဂျီကျနေတာ ဖေဖေရာ... နေရာတကာ သူ့စိတ်ကြီးပါပဲ"

"ဘာဖြစ်လို့လဲ"

"စာသင်တာ သူ့အိမ်မှာ ပြောင်းသင်မလို့တဲ့ ကျွန်တော် က ခုသင်နေတဲ့အိမ်မှာလည်း အဆင်ပြေနေတာဆိုတော့ ပြောင်း မနေချင်တော့ဘူး... ဆိုင်နှစ်ဆိုင်လုံးနဲ့လည်း နီးတယ်ဆိုတော့ လမ်းလျှောက်သွားလိုက်တာနဲ့ ရောက်တယ်... 'စွယ်တော့်' အိမ်





မှာဆိုရင် တကူးတကကို သွားနေရမှာ"

ဖေဖေက လက်ခံသလို ခေါင်းကိုညိတ်သည်။

"'ဖွေးဖွေးမောင်' တို့အိမ်က ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး... သူ့ဖါသာ စိတ်ပြောင်းပြီး သူ့အိမ်မှာသူ သင်ချင်တယ်ဆိုပြီး ဖြစ်သွားတာ... ကျွန်တော့်ကိုလည်း သူ့အိမ် မှာပဲအတင်းလာတက်ရမယ် လုပ်နေတယ်... မတက်တော့ဘူး ပြောလို့ ဒေါသထွက်ပြီးဖုန်းချသွားတယ်"

ဖေဖေ သိအောင်ပြောပြလိုက်ရပြီမို့ ကျွန်တော် စိတ် အေးသွားရပါတယ်။ ညနေလေးနာရီမှာ စာသင်ရမှာမို့ ဆိုင်က နေ 'မောင်' တို့ အိမ်ကိုသုံးနာရီခွဲလောက်တည်းက ကျွန်တော်လာ ခဲ့လိုက်သည်။

အရင်တုန်းကတော့ စာသင်ချိန်ကပ်မှလာနေကြပါ။ခု နောက်ပိုင်းမှသာ 'မောင့်' မျက်နှာကို မြင်ချင်ဇောနဲ့ အစောကြီး ရောက်ရောက်နေမိတာ ဖြစ်၏။

ကျွန်တော့်ကို မြင်တော့ 'မောင်' က အံ့သြပုံနဲ့ ကြည့်နေ ခဲ့သည်။

"ဟာ လူကိုကြည့်လှချည်လား... ဘာထူးခြားနေလို့လဲ"

ကျွန်တော့်ပုံစံက ထုံးစံအတိုင်း ရှပ်လက်တိုနဲ့ ပလေကပ်

ပုဆိုးအပြာကွက်စိပ်နဲ့သာ ဖြစ်သည်။ ထူးခြားတဲ့ ပြင်ဆင်မှုမျိုး ဘာတစ်ခုမှ မလုပ်လာခဲ့ပါ။

"'မောင်' က မလာတော့ဘူးထင်နေတာ... ဘယ်လိုဖြစ်ပြီးရောက်လာရတာလဲ"

"ဒီနေ့ ကျူရှင်ရှိတယ်မှလား... ဆရာ 'ဦးဝင်းမြင့်' လေ"

"ဟုတ်တယ်... ဒါပေမဲ့ 'စွယ်တော်' တို့အိမ်မှာပဲ တက်မယ်အောင်းမေ့တာပေါ့"

"ဘယ်သူက ပြောလဲ"

"'စွယ်တော်' က..."

ကျွန်တော့်မျက်နှာ စိတ်ရှုပ်မှုကြောင့် တင်းသလိုဖြစ်သွားရသည်။ စာသင်တဲ့အခန်းတွင်းကိုသာ လျှောက်ဝင်လာခဲ့ပြီး 'စွယ်တော်' ရဲ့ ဘောင်ကျော်သောလုပ်ရပ်ကိုသာ တွေးရင်း အမြင်ကတ်နေမိပါသည်။

'မောင်' က နားမလည်သလို ပုံစံဖြင့် လိုက်လာရင်းရှေ့ကခုံမှာ ဝင်ထိုင်သည်။

"ဘာတွေဖြစ်နေကျတာလဲ... 'စွယ်တော်' ကကော နေရင်းထိုင်ရင်းနဲ့ ဘာကြောင့် သူ့အိမ်မှာ ဝိုင်းထပ်ဖွဲ့လိုက်ရတာလဲ... 'မောင်' တော့ ဘာမှ နားမလည်ဘူး"





"ကျွန်တော်လည်း မသိဘူး... 'စွယ်တော်' က ရှုးနေတာ... ဘာတွေလျှောက်လုပ်နေမှန်း မသိဘူး"

"'စိုပြေ' က ဒီမှာလာတက်တာ အရေးမကြီးဘူးနော်... 'စွယ်တော်' က 'မောင်' တို့ကိုပါ လာရန်လုပ်နေမှာ စိုးရတယ်... ကိုယ့်လူကိုယ်မနိုင်ရင်လည်း ဈေးစာတည်းက သူ့စကားနားထောင်လိုက်... နောက်မှပြဿနာတွေ တက်ကုန်ရင် မကောင်းဘူး... 'မောင်' က စေတနာနဲ့ ပြောတာ"

"ကျွန်တော်ကလည်း 'မောင့်' ကို ပြောရဦးမယ်... ကျွန်တော့်စိတ်ကျွန်တော့်သဘော ဘာကိုပဲဖြစ်ဖြစ် ကျွန်တော် စိတ်ထဲရှိတဲ့အတိုင်း လုပ်လို့ရတယ်... 'စွယ်တော်' နဲ့ ဘာမှမဆိုင်ဘူး... သူအမိန့်ပေးလို့လည်းမရဘူး... သူနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းအဆင့်ပဲရှိတယ်... ဒီ့ထက်လည်း ပိုလာစရာ အကြောင်းမရှိတော့ဘူး တစ်ခုခုဆို 'စွယ်တော့်' နာမည်ထည့်,ထည့်ပြီး ကျွန်တော့်ကို မခြိမ်းခြောက်ပါနဲ့ဗျာ"

ဟု ပြောလိုက်တော့ 'မောင်' က မျက်လုံးကလေးဝိုင်းကာ ကျွန်တော့်အား ကြည့်နေ၏။ ကျွန်တော့်ဘက်က ဒီလောက်ထိ ပွင့်ပွင့်လင်းလင်း ပြောလာလိမ့်မည်ဟု သူမ ထင်ထားပုံမရပေ။

ကျွန်တော့် ရင်ထဲမှာတော့ ရှင်းကာ သွားရသည်။

"'မောင်' က ခြိမ်းခြောက်တဲ့သဘောနဲ့ ပြောတာမဟုတ်ဘူး... 'စိုပြေ' ကို 'စွယ်တော်' နဲ့ ပတ်သက်တဲ့သူလို့ ထင်မိလို့ ပြောလိုက်တာ"

"ခု မပတ်သက်တော့ဘူးဆိုတာ သိသွားပြီမှလား... နောက်မပြောနဲ့တော့ပေါ့"

"မပြောနဲ့ဆိုရင်လည်း မပြောပါဘူးနော်... ဒါပေမဲ့ စိတ်ထဲကတော့ မယုံပါဘူး... 'စွယ်တော်' ကွယ်ရာမှာသာ အိုင်တင်လုပ်ပြီး ပြောနေတာ... ရှေ့တင်လည်းကျရော အမြီးကကုပ်ပြီး ခေါင်းကပုတ်သင်ညိုဖြစ်နေတာ မသိဘူးထင်မနေနဲ့"

"ဟာ ဒါကတော့ ကျွန်တော့်ကို သက်သက် သိက္ခာချလိုက်တာပဲ... ငယ်သူငယ်ချင်းမို့ သည်းခံနေတာပဲ ရှိတယ်... ကြောက်တဲ့ စိတ်တော့ မရှိဘူး... ကျွန်တော် ကြောက်တဲ့သူက သပ်သပ်တစ်ယောက် ရှိတယ်"

"ဘယ်သူလဲ..."

သိချင်ဇောနဲ့ ဖြန်းကနဲ မေးလိုက်ပြီးမှ 'မောင့်' ပုံစံက မှားသွားသလို မျက်နှာ ပျက်သွားရှာသည်။ ကျွန်တော်ကတော့ ရတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်ပါသည်။

"'ဖွေးဖွေးမောင်' ဆိုတဲ့ ကောင်မလေးလေ... သူ့ကို





တော့ ဘာဖြစ်မှန်းမသိဘူး... စိတ်ထဲမှာ အလိုလိုလန့်ပြီးကြောက်နေမိတယ်"

"အရူးကြီး... ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး"

"မှန်တာ ပြောတာလေ"

"မပြောနဲ့... 'မောင်' နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ထင်ပါတယ်... ညည အိပ်မက်ထဲအထိ 'မောင့်' ကို မက်တယ်သိလား"

'မောင့်' မျက်နှာ ရဲကနဲဖြစ်သွားပြီး စားပွဲပေါ်မှာရှိတဲ့စာအုပ်တစ်အုပ်ကို ကောက်ယူကာ ကျွန်တော့်အားပစ်ရန် ရွယ်လိုက်သည်။

ကျွန်တော်ကတော့ ရင်ခုန်ပြီး အပျော်လွန်နေတာကြောင့် ရှောင်ရှားလိုက်ဖို့ စိတ်ကူးပင်မရှိချေ။

"ထပ်ပြောရဲပြောကြည့်စမ်း... စာအုပ်နဲ့ မျက်နှာကို ပေါက်ပစ်မယ် မှတ်ထား... လူကို ပေါတောတောမှတ်ပြီး ရိသဲ့သဲ့လုပ်နေတာပေါ့လေ"

"ဟာ အတည်ပြောတာပါကွာ"

"ကြည့်စမ်း... နင် ပြောလေဆိုးလေပါလား"

'မောင်' တစ်ယောက် ထိုင်နေရာမှထကာ ကျွန်တော့်ကို

ရိုက်ဖို့ အနားကပ်လာသည်။ ဒီအချိန်မှာပဲ အခန်းတံခါးပွင့်လာပြီး 'ခင်ထား' နဲ့ 'မင်းထိုက်' ပြိုင်တူဝင်လာကြတာကြောင့် 'မောင်' က သူ့ခြေလှမ်းကိုရပ်တန့်ပစ်လိုက်ပါသည်။

ကျွန်တော့် မျက်နှာကတော့ ပြုံးစိစိပါ။

စာသင်နေတဲ့ တစ်လျှောက်လုံးလည်း လစ်ရင်လစ်သလို 'မောင့်' ရဲ့မျက်စောင်းတွေက ကျွန်တော့်ဆီကို ရောက်,ရောက်လာတတ်သည်။

"'စိုပြေ' ကို ကြည့်ရတာ ဒီနေ့ ပြုံးစိစိနဲ့... ဘာတွေ အူမြူးနေတာလည်း မသိဘူး"

ဟု ပြန်ကာနီး 'ခင်ထား' ကပင် ပြောလာသည် အထိပင်။

"'စွယ်တော်' နဲ့ ကြည်သွားလို့လေ... ငါတို့ကိုတောင် မုန့်ဝယ်ကျွေးမယ် ပြောနေသေးတယ်"

'မောင်' က တမင် ဝင်ထောင်လိုက်ခြင်း ဖြစ်မည်။

"ဟယ် တကယ်လား... ငါတို့ကဖြင့် သူတို့မကြည်မလင်ဖြစ်နေလို့ ပြတ်တော့မယ်ထင်နေတာ... ကြည့်စမ်း တယ်မြန်ပါလား"

"အလကား 'မောင်' လျှောက်ပြောနေတာ... ကျွန်တော်





နဲ့ 'စွယ်တော်' နဲ့ဘာမှမဆိုင်ဘူး... ကြည်ဖို့နေနေသာသာ ခပ်ဝေးဝေးမှာပဲနေဖို့ စဉ်းစားထားတယ်... တော်ကြာ ကျွန်တော့်ကောင်မလေးက အထင်လွဲသွားရင် သေဦးမယ်"

"ဘယ်က ကောင်မလေး ပေါ်လာရပြန်တာလဲ... နောက်မနေနဲ့"

"သြော် အတည်ပြောတာ... ကျွန်တော့်မှာ စွဲလန်းလွန်းလို့ ည,ည အိပ်မက်တွေထဲတောင် ထည့်မက်တယ်"

'မောင်' က နှုတ်ခမ်းကိုကိုက်ပြီး ကျွန်တော့်ကို ကြည့်သည်။

"ဘယ်သူလဲ ပြောပြလေ"

"သွားတော့မယ်... ဆိုင်သိမ်းချိန်တောင် လွန်နေပြီ... ဈေးကအဖွဲ့တွေ စောင့်နေရလိမ့်မယ်"

"ဒီလိုကြီး ဆန့်တငင်ငင် လုပ်မသွားနဲ့လေ... မရဘူး ပြောပြသွား"

"ကျွန်တော်ကိုယ်တိုင် မပြောရဲဘူး... ဒီလိုလုပ်... 'မောင့်' ကိုသာမေးကြည့်လိုက်... 'မောင်' သိတယ်"

"တကယ်..."

'ခင်ထား' က 'မောင့်' ကို မျက်လုံးကြီးပြူး၍ တအံ့တသြ

ကြည့်နေသည်။

"အလကား သူ လျှောက်ပြောနေတာ... ဟဲ့ နင့်စကား နင်ရှင်း မဟုတ်ဘူးဆိုတာ"

ကျွန်တော် သာသာကလေး ခေါင်းခါပြပြီး လေကား ထစ်တွေကပဲ ပြေးဆင်းလာခဲ့လိုက်ပါတော့သည်။ 'ခင်ထား' ရဲ့သိချင်စိတ် ပြင်းပြသော အမေးအမြန်းထူသံတွေကို ကြားရလေ စိတ်ထဲမှာ ပိုရယ်ချင်မိလေပါပဲ။



## ၉

ကျွန်တော့်ကို စွဲဆောင်လို့ မရတော့တဲ့အခါကျ တော့ 'စွယ်တော်' က သူ့အမေကို ဘယ်လိုပြောပြီး သိမ်းသွင်း လိုက်သလဲမသိ။

'အန်တီနု' ကိုယ်တိုင် မေမေ့ဆီ ဖုန်းဆက်လာခဲ့သည်။ မေမေဖုန်းပြောနေတဲ့ အချိန်မှာ ကျွန်တော်နဲ့ ဖေဖေက စာရင်း တွေကို ပြန်စစ်ဆေးနေချိန်ဖြစ်သည်။

" 'ကိုပြေ'... 'စွယ်တော်' တို့အိမ်မှာ ဘာလို့စာသွား မသင်တာလဲ... 'အန်တီနု' က 'စွယ်တော်' နဲ့ တစ်ခုခုဖြစ်ထား

တယ်ထင်ပြီး စိတ်မကောင်းဖြစ်နေတယ်... သူတို့အိမ်ကိုလည်း မရောက်တာကြာပြီတဲ့... အဓိက,ကတော့ သားကို သူတို့အိမ်မှာ စာသင်စေချင်တာပဲ”

ဟု မေမေက ပြောတော့ ကျွန်တော့်မျက်နှာ ရှုံ့သွားရသည်။

“အလကား... နေရာတကာ သူ့စိတ်တိုင်းကျကြီးပဲ ဖြစ်စေချင်တယ်... ဘာမဟုတ်တဲ့ ကိစ္စကိုလည်း လူကြီးတွေသိအောင် လျှောက်ပြောတယ်”

“ ‘စွယ်တော်’ နဲ့ ဘာဖြစ်ထားလို့လဲ”

“ကျွန်တော့်ဘက်ကတော့ ဘာမှမဖြစ်ပါဘူး... သူပဲ နေရင်းထိုင်ရင်း ပြောင်းလဲသွားတာ... စာသင်တဲ့ကိစ္စကလည်း သူပဲ ‘မောင်’ တို့အိမ်မှာသင်မယ်ဆိုပြီး စပြောခဲ့တာပဲ... ခုသင်လို့ အရှိန်လည်းရနေရော နေရာထပ်ပြောင်းပြန်ပြီ... သူ ပြောင်းပေမယ့် ကျွန်တော်ကတော့ မပြောင်းတော့ဘူး... ‘ဖွေးဖွေးမောင်’ တို့အိမ်မှာပဲ သင်တော့မယ်”

“ဒီလိုတော့ မလုပ်နဲ့လေ... တစ်ဘာသာလောက်တော့ သွားတက်လိုက်ပါ... တော်ကြာ ‘မနု’ စိတ်ထဲတစ်မျိုး မြင်နေပါဦးမယ်”





မေမေ့စကားကို ကျွန်တော် မကြားသလို လုပ်နေလိုက်သည်။

‘စွယ်တော်’ ရဲ့ လုပ်ရပ်ကိုလည်း တအားအမြင်ကတ်နေမိသည်။ လူကြီးတွေနဲ့ ဖိအားပေးပြီး သူ့သဘောထားကို အတင်းဖြစ်အောင် လုပ်ယူတာဖြစ်၏။

“မေမေ ပြောတာကြားတယ်နော် ‘ကိုပြေ’... တစ်ဘာသာလောက်တော့ ‘စွယ်တော်’ နဲ့အတူတူ တက်ရမယ်ကြားလား... အရင်တုန်းကတော့ ‘စွယ်တော်’ ဘာပဲပြောပြော အလိုလိုက်အကြိုက်တူနေပြီးတော့မှ ခု ဘယ်လိုဖြစ်ပြီး မင်းရဲ့စိတ်ထားက ပြောင်းသွားရတာလဲ”

“မပြောင်းပါဘူး”

“ဟော့ကောင် ညာမနေနဲ့... မင်းဘယ်သူ့ကို ပိုပြီးစိတ်ဝင်စားနေတယ်ဆိုတာ ငါ ရိပ်မိတယ်”

ဟု ဖေဖေက အပိုင်သေချာသလို စွပ်စွဲလာသည်။

“ရှင့်သားက ဘယ်သူ့ကို စိတ်ဝင်စားနေလို့လဲ... ‘စွယ်တော်’ မဟုတ်တော့ဘူးလား”

“မဟုတ်တော့ဘူး ထင်တယ်... ‘ဖွေးဖွေးမောင်’ ကို ပြောင်းကြိုက်နေတာ ဖြစ်ရမယ်”

"ဟာ ပြောင်းကြိုက်တယ်ဆိုတဲ့ စကားမျိုးတော့ မပြောပါနဲ့ ဖေဖေရာ... 'စွယ်တော်' နဲ့ ကျွန်တော်နဲ့က ချစ်သူတွေမဖြစ်ခဲ့ကြပါဘူး... သူငယ်ချင်းပါပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းတွဲခဲ့တာပဲ မဟုတ်လား... ကြိုတော့ပြောထားမယ်နော်... ပွေချင်တဲ့စိတ်နဲ့တော့ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် မတွဲနဲ့... တည်တည်တံ့တံ့စိတ်မျိုးထား... 'ဦးနိုင်ပြေ' သားက တကယ့်ငရုပ်ဆိုတဲ့ သတင်းမျိုးထွက်လာလို့ကတော့ မင်းသေဖို့သာပြင်"

"မရှုပ်ဘူး... ရင်ထဲမှာ တကယ်ချစ်တဲ့သူကိုပဲ တွဲမှာ... ဖေဖေ့လိုပေါ့"

ဖေဖေက မေမေ့ကို ပြုံးစိစိကြည့်လိုက်တာကြောင့် ကျွန်တော်ထိုင်နေရာမှ ရှောင်ထွက်လာခဲ့လိုက်သည်။ အငယ်ဆုံးကောင် 'ရန်ပြေ' က ဖေဖေနဲ့မေမေကိုကြည့်ပြီး တဟီးဟီးရယ်နေသည်။

ကျွန်တော့်ရင်ထဲမှာ 'မောင့်' ကို တမ်းတမ်းတတ ရှိလာရတာကြောင့် ဖုန်းခလုတ်တွေကို နှိပ်လိုက်မိပါသည်။ ကျွန်တော်မျှော်လင့်နေတာက 'မောင့်' ကို ဖြစ်ပေမယ့် ဖုန်းလာကိုင်တဲ့သူက 'ဒေါ်နန်း' ဖြစ်နေသည်။





" 'ဒေါ်နန်း' လား... ကျွန်တော် 'စိုပြေ' ပါ... 'မောင်' နဲ့ပြောချင်လို့"

"ဟယ် 'မောင်' နဲ့ 'ခင်ထား' စတိတ်ရှိုးသွားကြည့်ကျတယ် လက်မှတ်အလကားရလို့တော့ ပြောတာပေါ့... မိုးချုပ်မှပြန်ရောက်မယ်နဲ့တူတယ်... 'မောင်စိုပြေ' ပါမသွားဘူးလား"

"ကျွန်တော်သိတောင်မသိဘူး... ကျွန်တော် ဖုန်းဆက်တယ်လို့ပဲ 'မောင်' ပြန်ရောက်ရင် ပြောပေးပါ"

"အေးပါကွယ်"

ကျွန်တော့်ရင်ထဲမှာ 'မောင်' နဲ့ပတ်သက်ပြီး စိတ်မချမှုတွေဖြစ်ထွန်းလို့လာရသည်။ 'စွယ်တော်' နဲ့တုန်းက ကျွန်တော့်စိတ်ထဲ ဒီလိုရင်မှုစိတ်မချမှုတွေ မဖြစ်ပေါ်ခဲ့တာ သေချာပါသည်။

ကျောင်းစာတွေ ပြန်ဖတ်ကြည့်နေပေမယ့် စာထဲမှာလုံးဝစိတ်ဝင်စားလို့ မရအောင် ဖြစ်နေပါသည်။ ဖေဖေတို့နဲ့အတူ စလောင်းကြည့်ပြန်တော့လည်း အာရုံကဝင်စားလို့မရပြန်။

ဒီလိုနဲ့ပဲ ရင်မောစွာနဲ့ ခပ်စောစော အိပ်ယာဝင်ခဲ့မိသည်။

အိပ်ယာထဲမှာ ဟိုလိုမှိဒီလိုမှိနဲ့ အိပ်မပျော်နိုင်ဘဲ နာရီကို တကြည့်ကြည့်လုပ်နေမိပါသည်။ ဆယ်တစ်နာရီလောက်ကျ

တော့ ဘယ်လိုမှစိတ်ကို ချုပ်ထိန်းလို့မရနိုင်တော့တာကြောင့် 'မောင့်' ဆီကို ဖုန်းထပ်ခေါ်မိပြန်သည်။

ဖုန်းကိုင်တဲ့သူက 'မောင်' ပါပဲ။

"ဘယ်အချိန်က ပြန်ရောက်တာလဲ"

ဟု ကျွန်တော့်လေသံက ခပ်မာမာ ထွက်သွားခဲ့ပါသည်။

"ဘယ်သူလဲ... လူကိုများ စစ်လားဆေးလားနဲ့"

"အသံတောင် မသိတော့ဘူးလား"

"ကြည့်စမ်း... 'စိုပြေ' နင်ဒီအချိန်ကြီး ဘာလုပ်ဖို့ ဖုန်းဆက်ရတာလဲ... ဒီမှာ အိပ်ချင်လို့သေတော့မယ် သိရဲ့လား"

"ဘာအိပ်ချင်တာလဲ... အပျော်လွန်ပြီး အိပ်လို့တောင် ပျော်ပါ့မလား ဖြစ်နေတဲ့သူကများ"

"ဟင်း စကားများလိုက်တာ... ဘာကိစ္စလဲ ပြော... ဆက်တဲ့အချိန်ကိုလည်း ကြည့်ပါဦး"

"ဒီအချိန်ကျမှပဲ ဆက်လို့ရတာကို... အစောကြီးဆက်တုန်းက ရှိမှမရှိတဲ့ဟာ... တိတ်တိတ်ကလေး အပျော်ကြူးပြီးလစ်ထွက်သွားတယ်"

"ဒုက္ခပဲ... သူ့ကိုယ်သူ အဖေကျနေတာပဲ... ကဲ ဘာပြောမှာလဲ... မပြောရင် ဖုန်းချလိုက်တော့မယ်"





"နင့်အသံကိုကြားချင်လို့ ဖုန်းဆက်လိုက်တာ... တော် ကြာ အိမ်ပြန်မရောက်မှာစိုးလို့"

"အိမ်ပြန်မရောက်ရအောင် ငါကဂျစ်ပစီ မှ မဟုတ်ပဲ ူကိုများ အထင်သေးလို့... ဒါပဲဟာ"

ဖုန်းကို 'မောင့်' က ဆောင့်ချသွားပါသည်။ ဘယ်လို ဖြစ်ဖြစ် 'မောင့်' အသံကိုကြားလိုက်ရတာမို့ ကျွန်တော့်ရင်ထဲမှာ တ်တော့ ချမ်းသာသွားရပါသည်။

နောက်တစ်နေ့မှာ 'မောင်' တို့ အတန်းကိုသွား၍ အရိပ် ခြေကို သွားကြည့်လိုက်သည်။ 'မောင်' က အတန်းထဲမှာ မနေ ဲ အပြင်ကော်ရစ်ဒါမှာသာ ရပ်နေလေသည်။

'မောင့်' ရဲ့နံဘေးမှာ ခပ်ပေပေကောင်တစ်ကောင်က ားတွေ တွတ်ထိုးနေပါသည်။ 'မောင့်' က စိတ်မဝင်စားသလို င်ထား' နဲ့ စကားပြောနေသည်။

ကျွန်တော် 'မောင့်' ကို ခပ်ဝေးဝေးမှသာ အကဲခတ် ကြည့်နေမိပါသည်။ 'မောင့်' ရဲ့ဘေးမှာ အတော်နီးနီးကပ်နေတဲ့ ကောင်ကိုလည်း နည်းနည်းကလေးမှ ကြည့်လို့မရချေ။

အဝေးကနေသာ မကျေမနပ် ကြည့်နေမိတော့၏။

'မောင်' က 'စိုပြေ့' ကို မမြင်ပေမယ့် 'ခင်ထား' ကတော့

စောစောကတည်းက 'စိုပြေ' အတန်းထဲကို အဝေးကချောင်း
တာသိနေသည်။

ဘာလုပ်မလဲ ဆက်သိချင်တာကြောင့် 'မောင့်' ကိုမပြော
ဘဲတိတ်တဆိတ်သာ အကဲခတ်နေမိခြင်းဖြစ်၏။ ခဏကြာတော့
'စိုပြေ' 'ခင်ထား' တို့ကို မြင်သွားပုံရသည်။

မြင်ပေမယ့် ရောက်မလာဘဲခိုးကြည့်နေတာကြောင့်စိတ်
ထဲမှာ ထူးဆန်းသွားရပါသည်။ 'မောင့်' ကို မပြောဘဲလည်း မနေ
နိုင်တော့ပါ။

" 'မောင်' ... ဟိုးထောင့်မှာ 'စိုပြေ' ရောက်နေတယ်သိ
လား ငါတို့ကို ချောင်းကြည့်နေတယ်... ဘာလုပ်နေတာလည်း
မသိဘူး ငါ့စိတ်ထင်တော့ နင့်ကိုလာရှိုးတာပဲ ဖြစ်ရမယ်"

'မောင်' က မျက်လုံးစွေကာ တစ်ချက် လှမ်းကြည့်လိုက်
ပါသည်။

"အေးလေ... ခိုးကြောင်ခိုးဝှက်နဲ့ ဘာလုပ်နေမှန်း မသိ
ဘူး... ညကလည်း အဲ့ဒီလိုပဲ... ကြောင်တောင်တောင်နဲ့ ဘာတွေ
ပြောနေမှန်း မသိဘူး"

"ညက နင့်ဆီ သူ ဖုန်းဆက်သေးတယ် ဟုတ်လား"

"ဆက်တာပေါ့... ငါက အိပ်ချင်လို့သေတော့မယ်...





ကအရေးမပါတာတွေနဲ့ အရစ်လာရှည်ပြနေတယ်... ခုတ
လာ အဲ့ဒီကောင် ဘာဖြစ်နေမှန်းကို မသိပါဘူး"

"သူ ဘာဖြစ်နေတယ်ဆိုတာ ငါ သိတယ်... နင့်ကို ငြိ
သွားတာပဲ ဖြစ်ရမယ်"

"သွားစမ်းပါ... အဓိပ္ပါယ်မရှိတာ"

'မောင်' တမင် အရေးမပါသလိုကို ငြင်းပစ်လိုက်တာပါ။

'စိုပြေ' ရဲ့ ပုံစံအချိုးအချိတ်တွေ ပြောင်းလဲနေတာကို
'မောင့်' ဘက်က ယုံကြည်ဖို့ ခက်နေတာလည်းပါသည်။ ပြီးတော့
ပုံမလာတဲ့ ယောကျ်ားတစ်ယောက်ကို သံယောဇဉ် ရှိရမှာလည်း
ရှက်သလိုလို ဖြစ်နေမိသေး၏။

'ရာဇာ' နဲ့ ယှဉ်ကြည့်ရင် 'စိုပြေ' ရဲ့ပုံက အပြတ်အ
သတ်ကို ကွာဟကျန်ရစ်နေခဲ့ပါသည်။ ရုပ်ရည်အားဖြင့်လည်း
ယှဉ်လို့မရသလို သံယောဇဉ်အားဖြင့်လည်း ယှဉ်လို့မရနိုင်ပါ။

ဒါပေမဲ့ အချစ်မှာ ရုပ်ရည်တွေ၊ သံယောဇဉ်တွေက အ
ထောက်အကူမပြုဘူးဆိုတာကို 'မောင်' စိတ်ထဲကနေ သိနေ
တာကြောင့် ပြဿနာတက်နေရခြင်း ဖြစ်သည်။

လူတစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ဘယ်
လောက်ပဲရှိရှိ နှလုံးသားက အချစ်တစ်ခု ဖြစ်ပေါ်မလာနိုင်သလို၊

သံယောဇဉ်မရှိပါဘဲနဲ့လည်း ဖျတ်ကနဲ အချစ်တစ်ခုက ပေါ် ပေါက်လာနိုင်တာပဲ မဟုတ်လား။

'မောင့်'ရဲ့ ရင်ခုန်သံတွေ 'စိုပြေ'နဲ့ တွေ့ပြီးနောက်ပိုင်း မှာ မြန်ဆန်ခုန်ပေါက်လှုပ်ရှားလာတယ်ဆိုတာကို 'မောင်' ကိုယ်တိုင်ပဲသိသည်။

ကိုယ့်စိတ်ကို ပြန်ပြီးထိန်းချုပ်ကြည့်နေပေမယ့်လည်း ဘယ်လိုနည်းနဲ့မှ ထိန်းချုပ်လို့ မရဖြစ်နေတာ ခက်နေပါသည်။ စိတ်ကို ချုပ်ထိန်းလို့ မရတဲ့အခါကျတော့ 'မောင်'က အပြင်ပမ်း အိုင်တင်အမူအယာနဲ့ ချုပ်ထိန်းဖို့ စိတ်ကူးလိုက်ပါသည်။

အဲ့ဒီလို စိတ်ကူးမိလို့လည်း 'စိုပြေ'နဲ့တွေ့တဲ့အခါတိုင်း 'မောင့်'ဘက်က ဂရုမစိုက်သလို၊ အရေးမထားသလိုတွေ လုပ်ပြ ပစ်လိုက်တာပေါ့။

တကယ်တမ်းတော့ 'မောင့်'ရဲ့အပြော၊ အမူအယာတွေ သည် ရင်ထဲမှာရှိနေတဲ့ဆန္ဒတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တကယ့်ကို တခြားစီဖြစ်နေတယ်ဆိုတာကို 'မောင်' တစ်ယောက်ပဲ သိပါ သည်။

ခုလည်း 'မောင့်'ဘေးနားမှာ ရစ်သီရစ်သီ လာလုပ်နေတဲ့ 'ရာဇာ'ကို ဥပေက္ခာပြုထားရာမှ အတင်းပြန်ရောပစ်လိုက်မိပါ





သည်။

"ဟဲ့ ငါ့ကိုဒီနေ့ မုန့်လေးဘာလေး ဝယ်ကျွေးဖို့စိတ် မကူးတော့ဘူးလား"

'ရာဇာ'က မျက်လုံးကို ပြူး၍ ဝမ်းသာအားရ ပြန်ပြော လာသည်။ 'စိုပြေ'ရှိနေလို့ သူ့ကို အရောဝင်တယ်ဆိုတာကိုရိပ်မိ ပုံမရပါ။ 'မောင်'ကတော့ ကိုယ့်အကြံနဲ့ကိုယ် ဖြစ်သည်။

"ဘာစားချင်တာလည်း ပြောလေ... နင် စားချင်တာ ငါဝယ်ကျွေးမှာပေါ့"

"နင့်မှာ ပိုက်ဆံဘယ်လောက်ပါလို့လဲ... ငါ စားမှာက ဈေးကြီးတယ်"

"ငွေရေးကြေးရေးများဟာ... 'ရာဇာ' ဆိုတဲ့ကောင်က အမြဲတမ်း လျှံနေတဲ့ကောင်ဆိုတာ မှတ်ထားစမ်းပါ"

'ရာဇာ'က သူ့ရဲ့ လည်သာပိုက်ဆံအိတ်ကို 'မောင့်'ထံ လှမ်းပေးသည်။ ခါတိုင်း အခြေအနေနဲ့ဆို ဘာလုပ်ရမှာလဲဆိုပြီး ယူလိုက်ဖို့ စိတ်မကူးပေမယ့် ခု 'စိုပြေ'ရှိနေတာကြောင့် လှမ်းယူ ကာ ဟိုလှန်ဒီလှန် ကြည့်နေလိုက်သည်။

ဖျတ်ကနဲ 'စိုပြေ့'ဘက် မျက်လုံးစွေကာ ခိုးကြည့်မိတော့ မျက်နှာထားမသာမယာနဲ့ လှည့်ထွက်သွားတာကို တွေ့လိုက်

ရပါသည်။ ရင်ထဲမှာ မကောင်းပေမယ့်လည်း မတတ်နိုင်ပါ။

လူတွေအမြင်မှာ အမြဲတမ်း အသာစီး၊ အထက်စီးကနေ ချင်တာ 'မောင့်' ရဲ့စိတ်ဓါတ်ပဲမို့ သက်ပြင်းကို ချလိုက်မိပါသည်။

"ကဲ သွားမယ်လေ... ဘယ်ဆိုင်မှာ စားမှာလဲပြော"

"မစားပါဘူး... ရော့ နင့် ပိုက်ဆံအိတ်... လူကိုများ ဝယ် မစားနိုင်တဲ့သူ ကျနေတာပဲ... "

"ဟာ ဖြစ်ပြန်ပြီ... ချက်ချင်းကြီးကို ပြောင်းလဲသွားပါ လား"

"ထင်ချင်သလိုထင်ဟာ... ကဲ အတန်းချိန်နီးနေပြီ... အခန်းထဲ ဝင်နေတာပဲကောင်းတယ်... 'ခင်ထား' လာ"

ဟု 'မောင်' က စကားကိုဖြတ်ကာ အခန်းထဲဝင်ဖို့ပြင် လိုက်သည်။ 'ရာဇာ' က လျှင်မြန်လှစွာပင် 'မောင့်' ရဲ့ လွယ်အိတ် ကို လှမ်းဆွဲထားလိုက်ပါသည်။

"နင် ဘာဖြစ်သွားတာလဲ... တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာဖြစ်ရမှာလဲ... ပုံမှန်အတိုင်းပဲ... လွှတ်စမ်းပါ ငါ့ လွယ်အိတ်ကို... "

"နင်ပဲ မုန့်စားချင်တယ်ဆို... လာလေ... သွားစားမယ်"

"မစားတော့ဘူး... ဘာလို့လဲဆိုတော့ နင်နဲ့အတူတူတွဲ





ပြီး သွားရမှာစိုးလို့ရှင်းပြီလား"

"ရှုးနေလား မသိပါဘူး"

"အေး ဟုတ်တယ်... နင့်လို အရူးက ငါ့နားတစ်ချိန်လုံး ကပ်နေတော့ ငါ့မှာလည်း ရူးချင်သလိုကို ဖြစ်နေတာ"

'ခင်ထား' က အကဲခတ်သော မျက်လုံးတွေဖြင့် 'မောင့်' ကိုသာကြည့်နေပါသည်။ 'မောင်' ရဲ့ အတွင်းစိတ်ကို ခန့်မှန်း ဖို့ခက်နေတာပဲ ဖြစ်ရမည်။

"'ခင်ထား'... 'မောင့်' ကို သေချာကြည့်ထိန်းဦးနော်... စိတ်က သိပ်မမှန်ချင်ဘူး... တစ်ခုခု ကြောင်နေသလိုလိုပဲ... နင် သိထားရှိရင်လည်း ငါ့ကိုဖွင့်ပြော... အချိန်မီ ငါထိန်းသိမ်းမှ ဖြစ် မယ်"

"အောင်မယ်... ငါ့သူငယ်ချင်းကိုများ နင်က..."

"အေးလေ... သူ့ကိုယ်သူ ဘာအောင်းမေ့နေသလဲ မသိ ပါဘူး... 'ရာဇာ' နင်မှတ်ထားစမ်း... ငါ့စိတ်ထဲမှာ နင်မရှိတာသေ ချာတယ် ဘယ်သူရှိနေတယ်ဆိုတာကိုလည်းနင် ဘယ်တော့မှ မသိစေရဘူးမှတ်ထား"

"ရမလား စမ်းကြည့်လိုက်လေ... 'ရာဇာ' တို့က နင်နဲ့ ပတ်သက်ရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ရန်များကိုကိုယ်ရှင်းမယ်ဆိုတဲ့

အတိုင်း အမြဲတမ်းအဆင်သင့်ပဲ”

“ငပေါကြီး”

‘မောင်’ နဲ့ ‘ခင်ထား’ အတန်းထဲကို ဝင်လာခဲ့လိုက်ပါသည်။ စာမသင်ခင် တစ်လျှောက်လုံး ‘မောင်’ ထိုင်တဲ့အနောက်ကနေ ‘ရာဇာ’ တစ်ယောက် မနားတမ်းလေတွေ ထုနေတာ ခေါင်းပင်ကိုက်ချင်လာရသည် အထိပါပဲ။

ပြန်ပြောနေရင် စကားတွေက ရှည်နေမှာစိုးတာကြောင့် စိတ်ညစ်သင့်နဲ့သာ မသိချင်ဟန်ဆောင် နေရပါတော့သည်။





၁၀

‘မောင့်’ ဘက်က ခုတလော စာမေးပွဲနားနီးမှ အပျော်အပါးကိစ္စတွေ များသလိုဖြစ်နေတာကြောင့် ကျောင်းစာဘက်ကိုသိပ်ပြီး အရေးမစိုက်မိပါ။

တခြား ဆရာတွေက တီချယ် ‘ဒေါ်လှနွယ်’ လောက် စာမေးတာ၊ စာမေးပွဲစစ်တာ သိပ်မရှိတာကြောင့် ‘မောင့်’ အတွက် ပိုပြီးစိတ်အေးစေတာလည်း ပါသည်။

တစ်နေ့ ‘မောင်’ နဲ့ ‘ခင်ထား’ တစ်နေကုန် ရှော့ပင်ထွက်ကာ လျှောက်လည်ဖြစ်ကြသည်။ ‘ခင်ထား’ ရဲ့ အစ်မဝမ်းကွဲ

တစ်ယောက် အင်္ဂလန်ကနေ လာလည်တာကြောင့်လည်း သူ့ကို နေရာအနှံ့လိုက်ပို့ပေးရင်းနဲ့ 'မောင်' တို့ပါ အပျော်ကြူးနေမိကြတာ ဖြစ်သည်။

နောက်ဖွင့်တဲ့ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ဘာဘီကယူးဆိုင်တွေကို လိုက်ပို့နေရတာကြောင့် 'မောင်' က အရမ်းကိုပျော်ရွှင်နေမိ၏။

အစားလည်းစားရသည်၊ တစ်ခါတလေ လက်ဆောင်ပစ္စည်းလည်း ဝယ်ပေးခံရသည်ဆိုတော့ မလိုက်ချင်တဲ့သူ ဘယ်သူ ရှိပါ့မလဲလေ။

"တစ်နေ့ တစ်နေ့ အပြင်ထွက်လည်ပတ်နေတာ စာကျက်တာတွေ့ကို မတွေ့တော့ဘူး... 'ခင်ထား' အစ်မကကော ဘယ်နေ့ပြန်မှာတဲ့လဲ"

ဟု မေမေကပင် အမြင်ကတ်စွာ မေးလာသည်အထိပါ။

"သဘက်ခါ ပြန်ဖြစ်မယ်လို့ ပြောတယ်... "

"မြန်မြန်ပြန်မှပါပဲ... ဇွဲ့သည်ကို အကြောင်းပြပြီး ညည်းတို့နှစ်ယောက် အလေလိုက်နေတာ 'ခင်ထား' အမေလည်း ပြောတယ်"

"မေမေကလည်း... 'မနှင်းဆီ' ကို 'ခင်ထား' နဲ့ 'မောင်'





နဲ့မှလိုက်မပို့ရင် ဘယ်သူက လိုက်ပို့ပေးမှာလဲ... 'မောင်' က မလိုက်ဘူးလို့ ငြင်းပါသေးတယ်... အတင်းကာရော မေမေ့ဆီမှာ ခွင့်တောင်းပြီးခေါ်တာ မေမေလည်း သိသားနဲ့ဟာကို"

"အေးပါ... ကျူရှင်တွေတော့ မပျက်စေနဲ့နော်... "

ဆရာတွေကို ကြိုတင်ပြီးဖုန်းဆက်ကာ ခွင့်တိုင်ထားတာမို့ စာသင်ရက်တချို့ပျက်တာကို မေမေ မသိတာ တော်ပါသေးသည်။ 'မင်းထိုက်' က အကြောင်းမဟုတ်ပေမယ့် လေကြောရှည် 'စိုပြေ' ကတော့ 'မောင့်' ကို ဖုန်းဆက်,ဆက်ပြီး မေးတတ်သည်။

"ဒီနေ့ကော စာလာသင်ရမှာလား"

ဟု မေးတတ်တဲ့ 'စိုပြေ့' ရဲ့ အသံကိုကြားတိုင်း 'မောင်' ရင်ထဲ စိုးရိမ်ထိတ်လန့်သွားတတ်ပါသည်။

"နင် ဘယ်လိုဖြစ်နေတာလဲ... တစ်ပတ်လောက်လေးစာသင်ရက်တချို့ပျက်တာများ နင် သေမလို့လားပြော... 'စွယ်တော်' အိမ်မှာလည်း သင်လိုက်လို့ရနေရဲ့သားနဲ့ တမင် လူကိုပြဿနာရှာချင်လို့ မေမေ မသိ,သိအောင် ဖုန်းကို ခဏခဏ ဆက်တယ်"

"ဖုန်းမဆက်ဘဲနေတော့ ကျူရှင် ဘယ်နေ့ရှိလဲဆိုတာ မသိဘဲနေမှာပေါ့... ဖုန်းဆက်တာ မကြိုက်ရင်လည်း အိမ်ကိုပဲ

လာမေးလိုက်ပါတော့မယ်”

“ဟင် နင် တမင် ရွဲ့နေတာလား ပြောစမ်းပါ... အိမ်ကို လာပြီး မေမေ သိအောင် ပြောပြမလို့လား”

“ ‘မောင်’ ရာ... နင့်ကို ငါက ဘာကိစ္စအဆူခံထိစေချင်မှာလဲ စေတနာနဲ့မေးတာပါ... ပြီးတော့နင်တို့သွားချင်တဲ့နေရာတွေကို အကူအညီလိုရင်လည်း ပြော... ငါ လိုက်ပို့ပေးမယ်လို့ ပြောမလို့ပါ”

ဒီစကားကိုတော့ ‘မောင်’ က သဘောကျသွားရပါသည်။

အိမ်ကကားတွေက မအားတာကြောင့် ‘မနှင်းဆီ’ အပြင်သွားတိုင်း တက္ကစီကိုသာ သုံးဖြစ်ကြသည်။ ငွေရေးကြေးရေးအကြောင်းမဟုတ်ပေမယ့် တချို့သွားချင်တဲ့နေရာတွေက လမ်းသွယ်တွေထဲမှာဖြစ်နေရင် အသွားက အဆင်ပြေပြီး အပြန်မှာတော့ အခက်တွေ့လှပါသည်။

ခြေညောင်းလောက်အောင် လျှောက်ပြီးမှ ကားငှားလို့ရတတ်ပါသည်။ ‘ရာဇာ’ ကို ပထမခေါ်သွားဖို့ စိတ်ကူးပေမယ့် သူ့ရဲ့အပြုအမူတွေကိုကြည့်ပြီး စိတ်ညစ်ရမှာကြောင့် ခေါ်မသွားဖြစ်တော့ပါ။





‘ခင်ထား’ ရည်းစား ‘ကိုတေဇ’ ကလည်း ဆိုင်တစ်ဖက်နဲ့ဆိုတော့ တစ်နေကုန် လိုက်ပို့ဖို့အဆင်မပြေနိုင်ပါ။

“နင်က ဆိုင်ထိုင်ရသေးတယ် မဟုတ်လား... ငါတို့က သွားချင်တဲ့နေရာ တစ်နေကုန် လျှောက်သွားနေတာ”

“ဆိုင်ကရပါတယ်... အရေးမကြီးဘူး... လူတွေအများကြီး ရှိနေတာပဲဟာ”

“ဒါဆိုလည်း လိုက်ပို့ပေးလေ... မနက်ဖြန် တစ်ရက်ပဲ ရှိတော့တာ”

‘မောင်’ က အားလုံးအဆင်ပြေစေဖို့အတွက် ‘စိုပြေ’ ကို ခေါ်လိုက်မိတာ ဖြစ်ပါသည်။

‘စိုပြေ’ ရဲ့ အကြည့်တွေကို မသိသလို ဟန်ဆောင်ရှောင်လွှဲရတာကလွဲပြီး ကိစ္စအားလုံးက အဆင်ပြေပြေ ဖြစ်ခဲ့ပါသည်။ ဒါပေမဲ့ မထင်မှတ်ဘဲ ‘စွယ်တော်’ နဲ့တွေ့မိတာက ‘မောင့်’ ရဲ့ စိတ်ကိုကျဉ်းကြပ် သွားစေခဲ့ပါသည်။

‘မနှင်းဆီ’ က သူ ပြန်ကာနီးမို့ ကရဝိတ်နန်းတော်မှာ ဘူဖေးလိုက်ကျွေးတာ ဖြစ်သည်။ နေ့ခင်းပိုင်းမို့ အေးအေးဆေးဆေး စားလိုက်မယ်ဆိုတဲ့ စိတ်ကူးလည်း ‘စွယ်တော်’ နဲ့ တွေ့တာကြောင့် ပျက်စီးသွားခဲ့ရသည်။

'စိုပြေ့'မျက်နှာလည်း အနည်းငယ် ပျက်သွားသည်ဟု ထင်မိပါသည်။ ဟင်းတွေထည့်ထားတဲ့ ကြွေပန်းကန်ပြားကြီးကို ကိုင်ပြီး 'စွယ်တော်' ရောက်ချလာခဲ့တာဖြစ်သည်။

"ကြည့်စမ်း... သူတို့က ဒီမှာ စုံတွဲလာခုတ်နေတာကို... ထင်တောင် မထင်ထားဘူး"

ဟု နံဘေးကနေ ခပ်ကျယ်ကျယ် စကားသံကိုကြားမှ 'မောင်' က လှည့်ကြည့်မိတာ ဖြစ်သည်။

" 'စွယ်တော်' ပါလား"

"ဟုတ်တယ်... ဘာလဲ ဒိုင်လျှိုလုပ်တာ လူမိသွားလို့ စိတ်ဆင်းရဲသွားတာလား"

"ဘာဆိုင်လို့လဲ"

'စွယ်တော်' မျက်နှာက ပြောနေတဲ့စကားတွေနဲ့ မဆိုင်စွာ ပြုံးချိုမြနေတာ တကယ့်ကို ပီပြင်ပါသည်။သူ့ကိုယ်သူဘေး လူတွေအမြင်မှာ သူငယ်ချင်းတွေကို စနေတဲ့ပုံစံမျိုး ပေါက်နေအောင်လုပ်ထားလေသည်။

တကယ်တမ်းတော့ စနောက်နေတာ မဟုတ်ဘဲ၊ 'မောင့်' အား တမင်သိက္ခာချပြီး ပြောနေတာသာ ဖြစ်တော့သည်။ 'ခင်ထား' ပါနေတယ်ဆိုတာကိုသိလျက်နဲ့ တမင်ကို ခနဲ့တဲ့တဲ့စကား





တွေလာပြောနေတာ ဖြစ်၏။

" 'စိုပြေ' နော်... နင်က တော်တော် မျက်နှာလိုက်တယ်... ငါ ချိန်းတုန်းကတော့ ဆိုင်ထိုင်ရမယ်လေးဘာလေးနဲ့ ခု နင်ဆိုင်ထိုင်နေတာပေါ့လေ ဟုတ်လား... ထားပါလေ... ပတ်သက်ပုံခြင်းက တူမှမတူတာဆိုတော့ ခွင့်လွှတ်လိုက်ပါ့မယ်... ဟင်း ဟင်း"

" 'စွယ်တော်' နင် ဘာတွေလျှောက်ပြောနေတာလဲ... နင်ငါ့ကို ဘယ်တုန်းက ချိန်းလို့..."

'စိုပြေ့' စကားမဆုံးခင် 'စွယ်တော်' က ဖြတ်ပြောပစ်ပါသည်။

"ရှင်းပြမနေနဲ့တော့ ရတယ်... ငါက စနေတာပါ... စိတ်ချဘယ်သူ့ကိုမှလည်း မပြောဘူး... ဒါပေမဲ့ ငါ့ကို နှုတ်ပိတ်ခအနေနဲ့ ဆိုင်တစ်ဆိုင်ဆိုင်မှာ ကောင်းကောင်းဝယ်ကျွေးဖို့တော့ မမေ့နဲ့"

သူ ပြောချင်ရာပြောပြီး အနိုင်ပိုင်းလှည့်ထွက်သွားတာကိုတော့ 'မောင်' က ငြိမ်ပြီးမခံလိုက်ချင်ပါ။

"ဒီလောက် စားချင်နေရင်လည်း သူများဆီမှာ သွားတောင်းစားလိုက်ပေါ့ 'စွယ်တော့်' ရဲ့... 'မောင်' ကတော့ ထင်ရာစိုင်းပြီးပြောချင်ရာပြောတတ်တဲ့သူကို စေတနာလုံးဝမရှိဘူး"

ဟု ခပ်သွက်သွက်ပြောကာ 'ခင်ထား' တို့နားကိုလျှောက်သွားလိုက်ပါသည်။ 'ခင်ထား' ကလည်း 'စွယ်တော်' ရဲ့ အရိပ်အခြေကို အကဲခတ်ကာ ကြည့်နေပါသည်။

'စွယ်တော်' တစ်ယောက် သူ့အိမ်မှာသူ စာစသင်လိုက်တည်းက 'မောင်' တို့နဲ့ အဆက်အသွယ် ပြတ်သွားခဲ့တာဖြစ်သည်။

'ခင်ထား' က နဂိုတည်းက 'စွယ်တော်' အား အမြင်ကတ်နေတာကြောင့် မရှိရင်ပိုကောင်းတယ်ဆိုပြီး ဝမ်းတောင်သာနေသေးသည်။

" ဟိုတစ်ယောက် နင့်ကို ဘာတွေ ကပ်ပြောနေတာလဲ..."

"အလကားပါ... ငါနဲ့ 'စိုပြေ' နဲ့တွဲတွေ့တာကို မနာလိုဖြစ်ပြီး လိုက်အာနေတာ... မျက်နှာထားကသာ ချိုတာ စကားတွေက မုန်းစရာ ကောင်းမှကောင်း... အမြင်ကတ်တာနဲ့ ပြန်ပြောပစ်ခဲ့တယ်"

"ကောင်းတယ်... သူ့ကိုယ်သူ ဘာမှတ်နေသလဲ မသိဘူး... ငါကပြောမကောင်းလို့... သူ့ကိုအမြင်ကတ်တာနဲ့ 'စိုပြေ' နဲ့နင့်ကို ဖြစ်သွားစေချင်တယ်... ဒါမှ ဂိန်သွားမှာ"





"နင်ကလည်း..."

'မောင်' က လွတ်နေသော စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း စားစရာရှိတာကို ခပ်အေးအေး စားနေလိုက်ပါသည်။ 'စိုပြေ့' ကိုကြည့်တော့ 'စွယ်တော်' နဲ့ ဘာတွေ ပြောနေသည် မသိပါ။

'စွယ်တော်' ကတော့ 'မောင်' ပြောလိုက်တဲ့စကားမှာ အဆိပ်သင့်နေရပြီ ဖြစ်သည်။

"တွေ့လား... ငါ့ကို ပြောသွားတာ နင် ကြားတယ်မဟုတ်လား ဘယ်လောက် လူပါးဝလိုက်သလဲဆိုတာ"

'စိုပြေ' က သက်ပြင်းကိုချလိုက်ရင်း...

"ဒါကတော့ နင်ကစပြီးဘာလို့ သွားပြောသလဲ... ငါနဲ့ သူနဲ့နှစ်ယောက်တည်း လာတာမဟုတ်ဘူးဆိုတာ နင် သိနေသားနဲ့"

"အို ငါ ပြောတာက ရိုးရိုးသားသားပါ... သူကိုက မိုက်ရိုင်းတာ"

"နင် တကယ်ပဲ ရိုးရိုးသားသား ပြောတာလား"

'စွယ်တော်' က မဖြေဘဲ တစ်ဖက်လှည့်ကာ သွားသည်။

တကယ်တမ်း နှစ်ယောက်တွဲပြီး လာတာက 'စွယ်တော်' ပါပဲ။ သူ့အပြစ်သူတော့ မမြင်ဘဲ၊ 'မောင့်' ကို တွေ့တာနဲ့ ရန်စလို

တာ ကောင်းသလား။

'စိုပြေ့'ရင်ထဲမှာတော့ 'စွယ်တော်'နဲ့ပတ်သက်ပြီး ဗလာဖြစ်နေတာကြောင့် ခံစားမှုဆိုတာ မရှိပါ။ 'စွယ်တော်'နဲ့တွဲလာတဲ့သူကိုလည်း စိတ်မဝင်စားမိပါ။

"ကဲ သွားတော့မယ်... နင့်ရဲ့အဖော်လည်း လှမ်းကြည့်နေပြီ သွားလိုက်တော့"

"အို ရတယ်... နင့်ငါ့ကို မနာလို ဖြစ်နေပြီ မဟုတ်လား"

ဟု ခပ်ရဲရဲ မေးလာတဲ့ စကားအဆုံးမှာ 'စိုပြေ'စိတ်ပျက်သွားရပါသည်။ ဒီလိုစကားမျိုး သူ မေးစရာလား။

"မဟုတ်တာတွေ မပြောနဲ့... နင့်ကိုယ်ရေးကိုယ်တာ ငါဝင်မစွက်ဖက်ဘူး... ဒီလိုပဲ ငါ့ကိစ္စတွေမှာလည်း နင် ဝင်မပါ၊ ပါနဲ့"

"နင်နဲ့ 'မောင်'နဲ့က တကယ်ပဲ ချစ်သူတွေ ဖြစ်သွားကြပြီလား"

"'မောင့်'ဘက်ကတော့ မသိဘူး... ငါ့ဘက်တော့ ချစ်သူဖြစ်ချင်နေတာ တစ်ပိုင်းသေမတတ် ဖြစ်နေပြီ"

"သေစမ်း..."

'စွယ်တော့်'ရဲ့ မကျေမနပ်သံက ခပ်တိုးတိုးလေးထွက်ပြီး





လက်မှာကိုင်ထားသော ဟင်းချိုပူပူတွေ ထည့်ထားသည့်ပန်းကန်လုံးကို တမင်စောင်းပစ်လိုက်ပါသည်။

ဟင်းချိုပူပူတွေ 'စိုပြေ့'ရဲ့ ခြေထောက်ပေါ် ဖိတ်စင်လွင့်ကျသွားရသည်။ ရှောင်ပေမယ့်လည်း မ[illegible]တော့ပါ။

"ဟာ နင် ဘယ်လိုလုပ်[illegible]တာလဲ"

'စွ[illegible]'က [illegible]ားန[illegible]လိုပုံစံဖြင့် တစ်ခုခု လုပ်ပေးတော့မယ်ဟန ပြင်နေသ[illegible]န်သာများပြီး တကယ်တမ်းတော့ ဘာမှလုပ်မပေးပါ။

"ငါက နင့်ကို ဒီ့ထက်ပိုပြီး ဝေဒနာခံစားစေချင်တာ... ငါ လုပ်တာ နည်းသွားတယ်"

ပြောနေတဲ့စကားတွေက အသည်းယားစရာပါ။ ဘေးလူတွေအမြင်မှာတော့ တောင်းပန်နေတယ်လို့ ထင်မှာမလွဲ။ 'စိုပြေ'ဘာမှ ပြန်ပြောမနေတော့ဘဲ လှည့်ထွက်လာခဲ့လိုက်ပါသည်။

"ကြာလိုက်တာ... ဘာတွေ ငြိမ်းခြောက်လိုက်သေးလဲ..."

ဟု 'ခင်ထား'က မေးလိုက်တာ ဖြစ်သည်။

"မသိပါဘူးဗျာ... စိတ်တောင် ညစ်ပါတယ်... ဟင်းချိုတွေလည်း မှောက်ကျလိုက်ျနဲ့"

"အဲ့ဒါ တမင် လုပ်လိုက်တာ မဟုတ်လား"

'မောင့်' ရဲ့ မေးခွန်းကို 'စိုပြေ' က မဖြေဘဲ သူ့ပန်းကန်ထ
ကဟင်းတွေကို စားနေပါသည်။

"ပုံစံလေးကြည့်တော့ ထင်တောင်မထင်ရဘူး... စိတ်
ဓါတ်ကတော့ တကယ့်ကို စပါယ်ရှယ်ပဲ... 'မောင်' က သူ့လို
တော့ အပြောချိုပြီးမကောက်ကျစ်ဘူး... ရင်ထဲရှိရင် ရှိတဲ့အတိုင်း
ပဲ"

"ဟုတ်ပါတယ်..."

"ဟဲ့... ဘာတွေဖြစ်နေကြတာလဲ... ဟိုတစ်ယောက်နဲ့က
မတည့်ကြဘူးလား... ဘယ်သူနဲ့ ပတ်သက်တာလဲ"

ဟု 'မနှင်းဆီ' က မနေနိုင်စွာ ဝင်မေးလာသည်။ 'စွယ်
တော်' တို့နှစ်ယောက် ထိုင်နေတဲ့ဘက်ကိုလည်း ကြည့်လိုက်ပါ
သေးသည်။

"သူပေါ့... သူနဲ့ပတ်သက်တဲ့လူလေ... ရှင်းရှင်းပြောရ
ရင် သူ့ဘဲကို 'မောင်' တို့က ခေါ်သွားလို့ တင်းပြီး လိုက်ရမ်းနေ
တာ"

"'စိုပြေ့' ရည်းစားလား"

"ဟုတ်တယ်"

"မဟုတ်ဘူး"



'စိုပြေ့' အသံက ကပျာကယာကို ထွက်လို့လာခဲ့သည်။

"ဟယ် ဘာကိုယုံရမှာလဲ"

"ကျွန်တော်ပြောတာ ယုံပါ 'မနှင်းဆီ'... 'မောင်' က
တမင်ကျပ်ပြီး လိုက်ပြောနေတာ... ကျွန်တော့်ရင်ထဲမှာ ဘယ်သူရှိ
နေတယ်ဆိုတာကိုလည်း သူ သိတယ်"

ခပ်ရဲရဲစိုက်ကြည့်လာတဲ့ 'စိုပြေ့' ရဲ့ မျက်လုံးတွေကို ဥ
ပေက္ခာပြုရင်း 'မောင်' က မသိသလိုနေ,နေလိုက်မိပါသည်။ ည
နေပိုင်းမှာကျူရှင်ရှိတာကို 'မောင်' က မေ့ပြီး အိပ်နေလိုက်ပါ
သည်။ 'စိုပြေ' ရောက်လာမှပဲ ကပျာကယာနဲ့ လူကတုန်ရီနေရ
သည်။

'ခင်ထား' က 'မနှင်းဆီ' ကို ဖလယာဉ်ကွင်းလိုက်ပို့ပေး
မယ်ဆိုပြီး ခွင့်တိုင်သွားပါသည်။ 'မင်းထိုက်' က ထုံးစံအတိုင်း
စာမေးပွဲရှိတယ်ဆိုတာနဲ့ ပေါ်မလာတော့ချေ။

"ဒုက္ခပါပဲ... စာမေးပွဲရှိတယ်ဆိုတာကို မေ့ပြီးအိပ်နေ
တာ... တီချယ်တော့ သတ်တော့မယ်... နင် ကော စာရလား"

"ရပါတယ်..."

"ဟင် 'မောင်' တော့ သေချင်တာပဲ... ဘာစာမှ ပြန်ဖတ်
မထားရသေးဘူး... ဘယ်လိုလုပ်မလဲ"

"စာမေးပွဲက 'ခင်ထား' တို့ မရှိတော့ စစ်ချင်မှစစ်တော့မှာပါ စိတ်ပူမနေပါနဲ့"

"အင်း ဟုတ်သားပဲ... "

'မောင့်' မျက်နှာက ချက်ချင်းပြောင်းလဲစွာ ပြုံးလို့ လာခဲ့ရသည်။ ဒါပေမဲ့ ထိုအပြုံးက သိပ်မကြာလိုက်ပါ။ 'စိုပြေ' ရဲ့ စကားမှာ ရပ်တန့်သွားခဲ့ရပြီဖြစ်သည်။

"အိမ်စာတွေကော ပြီးပြီလား"

"အိမ်စာ..."

"ဟုတ်တယ်လေ... အပုဒ်သုံးဆယ် တွက်ခိုင်းထားခဲ့တာ"

"မပြီးသေးဘူး... ကြည့်စမ်း ခုမှပဲ သိတာ"

"ဟင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး... ရှေ့ငါ့ စိတ်အုပ်ထဲကပဲ ကူးချလိုက်တော့"

စာကူးချနေတဲ့ 'မောင့်' ရဲ့ လက်တွေက အထိတ်ထိတ် အလန့်လန့်နဲ့ ကြောက်လန့်နေမိပါသည်။ ဘယ်နှစ်ပုဒ်မှတောင်မကူးရ သေး တီချယ် ရောက်လာပါတော့သည်။

"စာမေးပွဲ ဖြေရမယ်ဆိုလို့ 'မင်းထိုက်' တစ်ယောက် ရောက်မလာဘူး မဟုတ်လား... နေပစေ... ဒီနေ့ စာပဲဆက်သင်





မယ်... 'ခင်ထား' ပါတက်တဲ့နေ့ ကျမှပဲ စာမေးပွဲဖြေခိုင်းမယ်... ကဲ အိမ်စာတွေ ပေးလိုက်တယ်... တီချယ် စစ်မယ်"

'စိုပြေ' က 'မောင့်' မျက်နှာကို စိုးရိမ်မကင်း လှမ်းကြည့်လာသည်။

'စိုပြေ' စာအုပ်ကို စစ်နေတဲ့ တီချယ့်ဆီက ဘာသံမှထွက်မလာပေမယ့် 'မောင့်' စာအုပ်ကို စစ်တဲ့အချိန်မှာတော့ ဒေါသသံထွက်လာပါသည်။

"'မောင်' ဘယ်လိုဖြစ်တာလဲ... လေးပုဒ်ပဲ တွက်ထားပါလား အိမ်စာပေးထားတာကို မေ့နေတာလား... ဆက်ပြီး မတွက်တတ်တာလား... "

မတွက်တတ်တာလို့ ပြောရင် စာသင်နေတုန်းက ဘယ်ကိုစိတ်ရောက်နေသလဲဆိုပြီး ဆက်မေးနေမှာစိုးတာကြောင့် 'မောင်' က အမှန်အတိုင်းဖြေလိုက်ပါသည်။

"မေ့သွားတာ တီချယ်"

"မေ့တယ်ဆိုတည်းက တီချယ့်စကားကို အလေးမထားတာပဲပေါ့... တီချယ်တို့ကတော့ မအားတဲ့ကြားထဲက စေတနာနဲ့ စာလာသင်ပေးရတယ်... ဒါကို ဂရုမစိုက်ဘဲပြီးစလွယ်သဘောထားမယ်ဆိုရင်တော့ မဖြစ်ဘူးထင်တယ်"

"မဟုတ်ပါဘူး တီချယ်"

"ဘာမဟုတ်တာလဲ... စာနဲ့ပတ်သက်ရင် တီချယ် ခွင့်မလွှတ်ဘူး... ဟိုဘက်ဝိုင်းနဲ့ တခြားစီပဲ"

'စွယ်တော်' တို့ဝိုင်းနဲ့ အယှဉ်ခံလိုက်ရတာကြောင့် 'မောင့်' မျက်နှာကတင်းပြီး ပျက်သွားရပါသည်။ ဒါကို တီချယ်က သူ့ကို ပမာမခန့်လုပ်တယ်ထင်ကာ 'မောင့်' အား စာအုပ်နဲ့ လှမ်းပေါက်ပစ်လိုက်ပါသည်။

ဒေါသနဲ့လှမ်းပေါက်လိုက်တာကြောင့် အချိန်အဆမမှန် ဘဲ ထိချင်ရာထိသဘောနဲ့ 'မောင့်' ရဲ့ မျက်နှာတည့်တည့်ကို လာမှန်ပါသည်။

တီချယ့်စိတ်က ဆတ်တာကြောင့် အမြဲတမ်း ဒီလိုပဲ တွေ့ရာနဲ့ ကောက်ပေါက်နေကြဖြစ်သည်။ 'မင်းထိုက်' ခံနေရတုန်း ကတော့ 'မောင့်' စိတ်ထဲ ကိုယ်မဟုတ်တာကြောင့် ဘာမှမဖြစ် ပေမယ့် လက်တွေ့ကိုယ့်အလှည့်ကျတော့ ရှက်စိတ်နဲ့ မျက်ရည် ကကျချင်လာရသည်။

"နောက်တစ်ခါ ဒါမျိုး ဖြစ်လို့ကတော့ စာလာမသင်ပေး တော့ဘူး မှတ်ထား... စာမေးပွဲ နီးနေပါပြီဆိုမှ ပေါ့ပျက်ပျက် လုပ်ပြနေတာ တီချယ့်ကို စော်ကားနေတာနဲ့ အတူတူပဲ"



'မောင်' သည် နေရာမှာ ဆက်ထိုင်နေရင် ဟီးကနဲငိုချမိ တော့မှာကြောင့် ခွင့်တောင်းပြီး ကိုယ့်အခန်းထဲကိုယ် အမြန်ပြေး ဝင်လာခဲ့လိုက်ပါသည်။

အခန်းထဲရောက်မှ အသံထွက်ပြီး တဟီးဟီးနဲ့ ရှိုက်ကြီး တငင် ငိုချပစ်လိုက်သည်။ အကြာကြီးလည်း မငိုရဲပါ။ စာဆက် သင်ရမှာဦးမှာဆိုတော့ ငိုနေလက်စနဲ့ မျက်နှာကို ပေါင်ဒါရိုက်ရ သေးသည်။

မျက်လုံးကငိုထားတာကြောင့် နီရဲနေပြီး မျက်နှာက ပေါင်ဒါ အရှိန်နဲ့ ဖွေးနေရသည်။ ဘယ်လိုပဲ ဖုံးဖုံး 'မောင့်' ရဲ့ငို ထားတဲ့ရုပ်ကြီးကို ဘယ်လိုနည်းနဲ့မှ မဖုံးဖိနိုင်ပါ။

အခန်းထဲမှာ ဆက်နေလို့လည်း မဖြစ်နိုင်တာကြောင့် 'မောင်' ထွက်လာခဲ့ရသည်။ 'စိုပြေ' က 'မောင့်' ကို သေချာကြည့် နေပေမယ့် တီချယ်ကတော့ မကြည့်ပါ။

"ကဲ ဒီနေ့တော့ လူလည်း မစုံဘူးဆိုတော့ စာမသင်ချင် တော့ဘူး... တီချယ် ပြန်တော့မယ်... မနက်ဖြန်မှပဲ သင်မယ်...လူ စုံအောင်လည်း စုထားကြဦး"

ထုံးစံအတိုင်း 'စိုပြေ' က တီချယ့်ကို ပြန်လိုက်ပို့ပေးပါ သည်။ သူတို့ပြန်သွားကြလို့ အားရပါးရ ငိုရမည်လား အောင်း

မေ့သည် 'စိုပြေ' က သိပ်မကြာခင်မှာပဲ ပြန်ရောက်ချလာသည်။

အိမ်တံခါးကို သော့ပြန်မခတ်ဘဲ ဒီအတိုင်းချိတ်ထားမိ တာ 'မောင့်' ရဲ့အမှားပဲ ထားလိုက်ပါတော့။ 'ဒေါနန်း' ကတော့ အမြဲတမ်း အေးအေးဆေးဆေးနေသူပီပီ 'မောင်' တို့ကိစ္စတွေမှာ ဝင်မပါ,ပါ။

'စိုပြေ' အနားကို ရောက်လာမှပဲ 'မောင်' က သတိထား မိတော့သည်။

"ဘာလို့ ဒီလောက် ငိုနေရတာလဲ 'မောင်' ရာ... တီချယ့် စိတ်ကိုလည်း မသိတာလည်း မဟုတ်ဘဲနဲ့... စိတ်ထဲမှာ ဘာမှရှိ တာ မဟုတ်ပါဘူး"

ဟု 'စိုပြေ' အသံကိုကြားတော့ 'မောင်' အလန့်တကြား မော့ကြည့်မိသည်။

"နင် ဘာလာလုပ်တာလဲ..."

"နင့်ကို စိတ်မချလို့"

"သွားကွာ... 'မောင့်' ဖါသာ အေးအေးဆေးဆေး နေပါရ စေငိုလို့မဝသေးဘူး"

"နင် ငိုနေတော့ ငါ စိတ်မကောင်းဘူး..."

'စိုပြေ့' ရဲ့ အကြည့်တွေကပါ ရီဝေဝေဖြစ်လာရတာ



ကြောင့် 'မောင်' က မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ် စစ်လိုက်မိသည်။

"ဒီအကြောင်းကို နင် ဘယ်သူ့ကိုမှ မပြောနဲ့နော်... 'စွယ်တော်' လည်း မသိစေနဲ့"

"ဘာလို့ ပြောရမှာလဲ... ပြီးတော့ 'စွယ်တော်' နဲ့ငါနဲ့ ဆက်သွယ်စရာ ဘာအကြောင်းမှလည်း မရှိတော့ဘူး... တစ်ခုခု ဆိုငါ့ကို 'စွယ်တော်' နဲ့ ဆိုင်သလိုလို မပြောပါနဲ့ဟာ"

"မဆိုင်လို့လား"

"ဆိုင်မဆိုင်ဆိုတာ နင် သိနေပါတယ်"

"ဟာ ဘာတွေ ပြောနေမှန်း မသိဘူး"

"မှန်တာတွေ ပြောနေတာ... ဒီထက်မှန်တာတစ်ခုကို လည်း ထပ်ပြောဦးမယ်... အဲ့ဒါ နင့်ကို ငါအရမ်းချစ်နေပြီ ဆိုတာ ပဲ"

"'စိုပြေ' နော်... နင့် လာပြောင်မနေနဲ့"

"မပြောင်ဘူး... လုံးဝ အတည်ပြောတာ... နင့်ကို အရမ်း ငါချစ်တယ်"

"မချစ်နဲ့"

"ရင်ထဲက သူ့အလိုလို ဖြစ်လာတဲ့အချစ်ကို ငါ မတား

ဆီးနိုင်ဘူး... ချစ်တယ်... တစ်နေ့တခြား ပိုပိုပြီးတော့ကောချစ်လာတာ"

'မောင်' သည် အပြောရဲရဲနဲ့ ဇွတ်တရွတ်ကျနေသော 'စိုပြေ' ကို အမြင်ကတ်လာရတာကြောင့် ဒေါသနဲ့ အကျယ်ကြီး ဆောင့်အော်ပစ်လိုက်သည်။

"နင် တော်မလား မတော်ဘူးလား ပြော"

"နင် မကြားချင်ဘူးဆိုရင် ငါ ထပ်မပြောတော့ဘူး... ဒါပေမဲ့ ငါ နင့်ကိုချစ်တယ်ဆိုတာ တကယ်ပြောတာ"

"ကြည့်စမ်း ပြောနေတာတောင် အတင့်ရဲနေသေးတယ်... ချစ်ဦး ချစ်ဦး ... အဲ့ဒါ ချစ်ချင်ဦး"

'မောင်' သည် ရှက်စိတ်၊ ဒေါသဖြစ်စိတ်နဲ့ ပေါင်းကာ 'စိုပြေ' အား ကုတ်ဆွဲထုရိုက်ပစ်လိုက်မိသည်။ ဒေါသနဲ့ဆိုတော့ အားပါကာ နာမှာသေချာပါသည်။

အံ့ဩစရာကောင်းတာက 'မောင့်' ရဲ့ ထုရိုက်မှုတွေကို ရှောင်ရှားခြင်းမရှိဘဲ ငြိမ်ငြိမ်သက်သက် ခံယူနေတာပါပဲ။ သူ့ရဲ့ မျက်လုံးကြီးတွေက ခွင့်လွှတ်နားလည်မှုတွေနဲ့ ပြည့်နှက်နေတာကြောင့် 'မောင့်' ရဲ့ လက်တွေက အလိုလိုကို ရပ်တန့်သွားခဲ့ရသည်။





"နင် ပြန်တော့ဟာ"

"နင် ကျေနပ်ပြီလား... "

"မေးမနေနဲ့... ပြန်ဆိုပြန်လိုက်တော့"

နှုတ်ဆက်သလို တစ်ချက်ကြည့်ကာ လှည့်ပြန်သွားသော 'စိုပြေ့' ကိုကြည့်ပြီး 'မောင့်' ရင်ထဲ နွမ်းလျစွာ ကျန်နေခဲ့ရသည်။

'စိုပြေ' ချစ်တယ်ဆိုတာကို 'မောင်' ယုံပါတယ်။

## ၁၁

‘ရာဇာ’ ‘မောင့်’ ကို ချစ်တယ်ပြောနေတုန်းက ‘မောင့်’ စိတ်ထဲ ဘာမှမဖြစ်ပေမယ့် ‘စိုပြေ’ နဲ့ကျတော့ ရင်ထဲမှာ တစ်ခုခုခံစားနေရသလိုကို ဖြစ်နေမိပါသည်။

‘စိုပြေ့’ ကို ‘မောင့်’ ဘက်က ပြန်ပြီး သံယောဇဉ်တွယ်နေမိပြီဆိုတာသိလာရလေ နေရထိုင်ရတာ ပိုပြီး ကျဉ်းကြပ်လာလေပါပဲ။ ‘မောင်’ နဲ့ဆုံတိုင်း စိုက်ငေးကြည့်နေတတ်တဲ့ ‘စိုပြေ့’ ရဲ့အကြည့်တွေကိုလည်း ရင်ဆိုင်ရမှာ ဝန်လေးနေမိသည်။

“ ‘မောင်’... နင် ‘စိုပြေ’ ကို ချစ်နေပြီမဟုတ်လား...





မျက်လုံးတွေကကို မရိုးသားတော့ဘူး”

ဟု ‘ခင်ထား’ ပြောတာကို ‘မောင်’ မငြင်းချင်တော့ပါ။

“ငါ့စိတ်ကိုယ်ငါ သေချာ မခွဲခြားတတ်သေးဘူးဟ... တစ်ခုတော့ ရှိတယ်... ‘ရာဇာ’ နဲ့တော့ လုံးဝကွာခြားတယ်”

“ ‘ရာဇာ့’ ကို နင် မချစ်တာ သေချာပါတယ်ဟာ... ‘စိုပြေ’ နဲ့ကျမှပဲ နင် ပြောင်းလဲနေတာပါ... ဟိုတစ်ယောက်က လည်း အရိပ်တကြည့်ကြည့်နဲ့ အဖြစ်သည်းပြနေတာ အမြင်ကတ်စရာကိုကောင်းတယ်”

“နင်က သဘောမတူလို့လား”

“အစတုန်းကတော့ မတူချင်ဘူး... ခုတော့ ‘စိုပြေ့’ ရဲ့စိတ်ဓါတ်ကို သဘောကျလာတယ်... ဘယ်တော့မဆို သူ့ရဲ့ သည်းခံအလျှော့ပေးတဲ့စိတ်ဓါတ်ကြောင့် နင် စိတ်ချမ်းသာရမှာပါ”

“ငါ့စကား နားထောင်တာကော ထည့်မပြောတော့ဘူးလား”

“နင်က ဘာတွေ မှာထားတယ်ဆိုတာ ငါမှ မသိဘဲ... တယ်လို ပြောရမှာလဲ”

တစ်နေ့တစ်နေ့ ဖုန်းတွေဆက်ဆက်ပြီး ‘မောင်’ နဲ့ ‘စို

ပြေ' အချိန်ဖြုန်းနေတယ်ဆိုတာကို 'ခင်ထား' မသိသေးတာလည်း ပါသည်။

"သူ အခု ဝတ်တဲ့အဝတ်အစား ပြောင်းလဲနေတာ နင် သတိမထားမိဘူးလား"

"ဩော် ပလေကတ်ပုဆိုးတွေ မဝတ်တော့တာလား"

"အေးပေါ့... အဲ့ဒါ ငါ ပြောင်းလဲခိုင်းထားတာ..."

"သူ့ဖါသာ ဝတ်ချင်တာဝတ်ပေါ့... နင်က ဘာဝင်ရှုပ်ရတာလဲ"

"ပြောရရင်တော့ မကောင်းဘူး... 'စိုပြေ' နဲ့ ငါ ချိန်းပြီး ရုပ်ရှင်တစ်ခါ သွားကြည့်ကြသေးတယ်... "

"ဟယ် ကဲလိုက်တာ 'မောင်' ရယ်... ပြောတော့ဖြင့် ချစ်သူတွေ မဖြစ်သေးဘူးလေးနဲ့... "

"သူငယ်ချင်း အချင်းချင်းလည်း သွားကြည့်လို့ရပါတယ် ဟာ နင့်ကို အဖေါ်ခေါ်တော့လည်း လိုက်ကြည့်ပေးလို့လား... အားရင်သူ့ရည်းစားနဲ့ပဲ သွားသွားနေပြီးတော့"

"ထားပါတော့"

"အဲ့ဒီတုန်းက သူအရှက်ကွဲတာလေ... သူ့ကိုယ်လုံးကိုမှ အားမနာဘဲ ခုံမှာစွတ်ဝင်ထိုင်ချတာ... ဗြိကနဲဆိုတဲ့အသံ ငါက





ကြားလိုက်တယ်... သူက မသိဘူး... ငါလည်း ဘာမှန်းမသိတာနဲ့ ဘာမှမပြောဘဲနေလိုက်တာ... အပြန်ကျတော့မှ သူ့ဖင်ကွဲကြီးကို ငါကမြင်တာ"

"ဟယ် တကယ်... နောက်ကော ဘာမြင်လိုက်သေးလဲ"

"ဘာမြင်ရမှာလဲ... အကျီက ရှည်တော့ တော်သေးတာပေါ့... အဲ့ဒီနေ့ကစပြီး သူ့ကို ပလေကတ်ပုဆိုးတွေ မဝတ်ရတော့ဘူးလို့ မှာထားတယ်... နဂိုတည်းကလည်း ကြည့်လို့မရပါဘူး... ပုဆိုးကပါးတော့ ချွေးထွက်တိုင်း ဖင်မှာအကွက်လိုက်ကြီးနဲ့ အရမ်းရုပ်ဆိုးတာပဲ"

"နင်က သူ့ဖင်ကို ဘာလို့လိုက်ကြည့်နေသေးလဲ"

"မကြည့်ဘဲလည်း မြင်နေရတဲ့ဟာကို... "

"ဘယ်တော့ အဖြေပြန်ပေးမှာလဲ"

"မသိဘူး... ငါ့စိတ်ထဲ ချစ်လည်းချစ်ချင်တယ်... ချစ်ပြီးမှ တကယ်မချစ်မှာကိုလည်း ကြောက်နေမိတယ်"

အဖြေပြန်မပေးဘဲ နေနေမိတာ စာမေးပွဲ ဖြေတဲ့အချိန်ထိအောင်ပါ။ စာမေးပွဲ ဖြေတဲ့ရက်တွေမှာလည်း 'စိုပြေ' တစ်ယောက် 'မောင့်' အား ပူပူပင်ပင် ညကြီးမိုးချုပ်အချိန်တွေအထိကို အနီးကပ်ရလာတဲ့ ခန့်မှန်းမေးခွန်းတွေကို လာပေးတတ်ပါသေး

သည်။

စာနဲ့ပတ်သက်တဲ့ကိစ္စမို့ မေမေက ဘယ်လောက်ပဲမိုး ချုပ်နေပါစေ ဘာမှမပြောပါ။ 'မောင်' ကတော့ စာမေးပွဲဖြေနေပေမယ့်လည်း စိတ်က ပူပူပင်ပင် သိပ်မရှိလှပါ။

ကိုယ်ကျက်ထားသလောက်ပဲ ဖြေမယ်လို့ ဆုံးဖြတ်ထားတာကြောင့် အိပ်ရေးအပျက်ခံပြီး စာကို ဘယ်တော့မှမကြည့်။ မိုးကြီးချုပ်မှရောက်ချလာတဲ့ 'စိုပြေ' ကိုပင် အမြင်ကတ်နေမိသေးသည်။

"ဘာဖြစ်လို့ ဒီလောက် အသည်းအသန် ဖြစ်နေရတာလဲ... နင် လာတာအရေးမကြီးဘူး... ငါ အိပ်ရေးပျက်တယ်... 'ခင်ထား' ကလည်း သူ့ဆီ ဖုန်းမဆက်နဲ့တော့တဲ့"

ဟု 'မောင်' က ပြောတော့ သူက စိတ်ဆိုးသည်။

"ငါက စေတနာနဲ့ တကူးတက လာပေးတာ... ဒီရက်ကလေးပဲ အိပ်ရေးပျက်ရတာကို မကြိုးစားချင်ဘူး"

"အေး မကြိုးစားချင်ဘူး ဘာဖြစ်လဲ... နင် ပေးချင်ရင် နင့်ချစ်ချစ် 'စွယ်တော်' ကို သွားပေးပေါ့"

'စိုပြေ' ကြည့်လာတဲ့ အကြည့်တွေက နာကျင်သလို ဖြစ်နေလေသည်။





"ပြီးရောလေ... ငါ လာတာမကြိုက်ရင်လည်း မလာတော့ပါဘူး"

ဟု ပြောပြီး ပြန်သွားတာကြောင့် 'မောင်' ရင်ထဲ ပူပန်စိတ်တော့ ဖြစ်သွားရသည်။ ကားကိုလည်း အပြင်းမောင်းသွားသေးသဖြင့် တစ်ခုခု ဖြစ်မှာကိုလည်း လန့်နေမိ၏။

'စိုပြေ' များ ဖုန်းဆက်လာလေမလားဆိုပြီး စောင့်နေသေးပေမယ့် ဖုန်းဆက်မလာပါ။ အမြဲတမ်း အိမ်ပြန်ရောက်တာနဲ့ ဖုန်းဆက်တတ်တာ သူ့ရဲ့အကျင့်ပါ။ တစ်ညလုံး သူ့ကိုပြန်ပြီး စိတ်ပူနေရတာကြောင့် ကောင်းကောင်းပင် မအိပ်ဖြစ်တော့ပါ။

မနက် ကျောင်းကိုရောက်တော့လည်း ရှာကြည့်မိပေမယ့်မတွေ့ပါ။ စာမေးပွဲဖြေပြီးချိန်အထိ ရောက်မလာတော့ 'မောင်' ရင်တွေ ပူလာရသည်။

"'ခင်ထား'... ဟိုတစ်ယောက်လည်း ရောက်မလာဘူး... ခါတိုင်း နေ့တိုင်းလာနေပြီးတော့များ"

"'စိုပြေ' ကို ပြောတာလား... မသိဘူးလေ... ဟိုမှာ'မင်းထိုက်' ဟဲ့ 'မင်းထိုက်' လာဦး"

ခပ်လှမ်းလှမ်းမှာ ကောင်မလေးအုပ်စုနဲ့ အဖွဲ့ကျနေ

သော 'မင်းထိုက်' ကို 'ခင်ထား' က လှမ်းခေါ်လိုက်ပါသည်။

"ဘာလဲ..."

" 'စိုပြေ' ကိုတွေ့လား"

"မတွေ့ဘူး... အခုပဲ သူ့အိမ်ကို လိုက်သွားမလို့... စာ မေးပွဲလာမဖြေဘူးလေ... ဘာဖြစ်တာလည်း မသိဘူး"

'မောင့်' မျက်နှာပျက်သွားတာ ထိန်းလို့ပင် မရနိုင်အောင် ပါ။

"နင် စောစောကဘာလို့မပြောတာလဲ... ငါ ဖုန်းဆက် ပြီးမေးကြည့်မှာပေါ့"

"ငါလည်း ဘယ်သိမှာလဲ... အခန်းထဲရောက်မှ မလာ တာသိတာ... ဒီကောင်က အမြဲတမ်း နှင့်နှားကပ်ပြီးမှ ရောက် ရောက်လာတာကို"

"စိတ်ညစ်လိုက်တာ... ငါလည်း လိုက်ချင်တယ်... ဒါပေ မဲ့မဖြစ်ပါဘူး... ဖုန်းအရင်ဆက်ကြည့်လိုက်မယ်"

"ငါ ဆက်ပေးမယ်"

'မင်းထိုက်' က သူ ယူလာတဲ့ ဆဲလ်ဖုန်းနဲ့ 'စိုပြေ' အိမ်ကို ဖုန်းလှမ်းဆက်နေပါသည်။ ဘာတွေ ပြောနေတယ်ဆိုတာကို တော့ 'မောင်' တို့လည်းမကြားပါ။



"ဒီကောင်က ဘာဖြစ်နေမှန်း မသိပါဘူးဟာ... နင် တွေ့ ချင်တယ်ဆိုရင်တော့ နင့်အိမ်ကို သူ လာခဲ့မယ်တဲ့... အိမ်မှာပဲ စောင့်နေတဲ့"

"ဒါဆိုလည်း ပြန်တော့မယ်"

'ခင်ထား' က 'ကိုတေဇ' လာကြိုပေးသဖြင့် 'မောင်' နဲ့ပြန်မလိုက်ပါ။ သူတို့စုံတွဲ တစ်နေရာမှာ မုန့်စားပြီးမှ အိမ်ပြန် ကြတာဖြစ်သည်။

အိမ်ကလာကြိုသော ကားဖြင့် 'မောင်' အိမ်ကို ပြန် ရောက်လာခဲ့ပါသည်။ 'စိုပြေ' က 'မောင့်' ထက်ပင် အရင်ရောက် နှင့်ကာ တိုက်လှေကားဝမှာ ရပ်စောင့်နေသည်။

"နင် ဒီနေ့ စာမေးပွဲ လာမဖြေဘူးဆို... ဘာဖြစ်တာလဲ"

"မဖြေချင်တော့လို့... ငါ စိတ်ထဲ စိတ်မပါတော့ဘူး"

"ရူးနေလား... တစ်နှစ်လုံး ကျက်မှတ်လာပြီးမှ မဖြေ တော့ဘူးဆိုတာ နင် ရူးနေလို့ပဲမှတ်ထား... "

"ဟုတ်တယ်... ငါ ရူးနေပြီ... နင့်ရဲ့ စိမ်းကားမှုတွေမှာ ငါ ရူးနေရပြီ"

"အပိုတွေ ပြောမနေနဲ့... နင် အခုလိုလုပ်တော့ စာမေးပွဲ ကျယုံပဲရှိမယ်... စာမေးပွဲကျတော့ အတန်းမတူတော့ဘူး...

အတန်းမတူတော့ နင်နဲ့ငါ တွေ့စရာမရှိတော့ဘူးပေါ့... တေ
ပြီ... ငါကတော့ နင့်ကို တစ်ညလုံး စိတ်ပူနေရတယ်... နင်
အရေးမပါတာကို အကြောင်းပြပြီး စာမေးပွဲလာမဖြေဘူး... ငါ့
ဝေးချင်လို့ နင်ဒီလိုလုပ်တာ မဟုတ်လား"

"မဟုတ်ဘူး..."

"တော်ပြီ... ဘာမှ လာပြောမနေနဲ့တော့... နင့်ကို မု
တယ်"

'မောင်' က ဓါတ်လှေကားတံခါးကို ပိတ်ပစ်လိုက်
သည်။

"မသွားနဲ့ဟာ... နင့်ကို ချစ်လွန်းလို့ ဒီလိုလုပ်တာ"

"ဘာချစ်တာလဲ... ချစ်တဲ့လူက ကိုယ့်ချစ်တဲ့သူကို ပ
မထားဘူးဟဲ့ မှတ်ထား... ညတုန်းကလည်း ပြန်သွားပြီး ဖုန်
မဆက်ဘူး... နင်နေနိုင်နေမှတော့ ဘာလို့ ငါ့ကို ချစ်တယ်
တဲ့စကားလာပြောနေသလဲ... လာမပြောနဲ့"

'စိုပြေ' က သူပါ ဓါတ်လှေကားထဲ လိုက်ဝင်လာပြီ
ခလုတ်ကိုပိတ်ပစ်လိုက်ပါသည်။

"ပြောမှာပဲ... နင့်ကို သိပ်ချစ်တယ်"

"ငါက ကိုယ်နဲ့အတန်းမတူတဲ့သူကို မချစ်နိုင်ဘူး...



"အတန်းတူရင်ကော"

"ချစ်မယ်... အစတုန်းက နင့်ကို စာမေးပွဲပြီးရင် အဖြေ
ပြန်ပေးမယ်လို့ စဉ်းစားထားတာ... ခုတော့ လုံးဝ ဆောရီးပဲ"

"နင့်စကားအတိုင်း ငါ့ကို ပြန်ချစ်တော့... ငါ ဒီနေ့
စာမေးပွဲလာဖြေတယ်... အရေးကြီးလို့ ဆိုင်ကို ခဏပြန်လာခဲ့
တာ... ခုပဲနင့်ဆီ ဖုန်းဆက်မလို့ရှိသေးတယ် 'မင်းထိုက်' ဆီက
ဖုန်းဝင်လာတာနဲ့ ဇာတ်လမ်းအမြန်ဆင်လိုက်တာ... ဒီကောင်
ပြောတဲ့အတိုင်း သရုပ်ဆောင်ရင်း ဒီအခြေအနေ ရောက်ကုန်ရ
တာပါ"

"ဘာပြောတယ်"

"ဟုတ်တယ်... မနက် ကျောင်းကိုရောက်တည်းက နင့်ကို
အဝေးကနေ ငါ ခိုးကြည့်နေတာ... ငါမလာရင် နင် ဘယ်လိုနေ
မလဲဆိုတာ သိချင်လို့လေ"

'မောင်' အရမ်းကို ရှက်သွားရသည်။ သူ ရောက်မလာ
လို့ 'မောင်' မျှော်နေတာကို သူ မြင်မှာမလွဲ။ လူကိုအရူးလုပ်
သည်။

'မောင်' က အခန်းဝရောက်တာနဲ့ အပြင်ထွက်ဖို့ ပြင်
လိုက်ပေမယ့် 'စိုပြေ' က ပေးမထွက်ချေ။ ဓါတ်လှေကားခလုတ်ကို

ဆယ်ထပ်ရောက်အောင် နှိပ်ပစ်လိုက်ပါသည်။

"ငါ့ကို ချစ်တယ်လို့ ပြောလေဟာ… နင့်စကားအတိုင်း နင်ကတိတည်ရမှာပေါ့"

"မပြောနိုင်ဘူး"

"နင် မပြောရင် နင့်ကိုငါ အတင်းဖက်ပြီး နမ်းလိုက်မှာနော် ဖြစ်ချင်တာဖြစ်…"

သူ တကယ်ဖက်ပြီး နမ်းလိုက်မှာကိုတော့ 'မောင်' က ကြောက်သည်။

"ငါ မကြိုက်တာကိုလုပ်ရင် ငါ့ကို မချစ်လို့ပဲနော်… ယောကျ်ား ဖြစ်တယ်ဆိုပြီး အနိုင်လာမကျင့်နဲ့"

"ဒါဆို ငါ ကြားချင်တဲ့စကားကို ပြောပေါ့"

"ပြောတာက ဟုတ်တယ်… နင့်က မယုံရတဲ့အကောင်ဆို ဘယ်လိုလုပ်မလဲ"

"ဘာကို မယုံရတာလဲ"

"နင့်စိတ်ဓါတ်ကိုပေါ့… အလွယ်တကူနဲ့ တစ်ယောက် ပြီးတစ်ယောက် ပြောင်းကြိုက်တတ်တယ်"

"နင့်ကိုတော့ တစ်သက်လုံး သစ္စာမပျက်ဘဲ ချစ်မယ်လို့ ကတိပေးရဲတယ်"





"ဟင်း…"

'မောင်' က မျက်စောင်းထိုးတော့ 'စိုပြေ' က ပြုံးကြည့်နေသည်။ အိမ်ထဲကိုလည်း မခေါ်ချင်တော့ပါ။ သူ စိတ်ချမ်းသာမယ့် စကားကိုပြောလိုက်ချင်တာပဲ ရှိသည်။

"နင် ငါ့ကိုချစ်တယ်ဆိုရင် ငါ့စကားကို နားထောင်မှဖြစ်မှာနော်… ငါက ကိုယ့်ကို အလိုလိုက်ပြီး ကိုယ့်သဘောကျ နေတဲ့ သူ ကိုယ့်စကားကို နားထောင်တဲ့သူမျိုးကိုမှ ချစ်မှာ"

"အခုကော နင် ပြောသမျှကို ငါ နားမထောင်ဘဲ နေလို့လား"

"အခု နားထောင်ပေမယ့် နောက် နားမထောင်တော့ရင် ဘယ်လိုလုပ်မလဲ"

"စောင့်ကြည့်လိုက်လေ… လက်တွေ့မှ သိမှာပေါ့"

"ကဲ ပြန်တော့… အိမ်ပြန်ရောက်ရင်လည်း ဖုန်းဆက်ဦး… မနေ့ကလို လုပ်လို့ကတော့ လုံးဝလာမခေါ်နဲ့"

"အင်းပါ… အခု ပြောလေကွာ"

"ဘာကိုလဲ"

"တကယ် မသိတာလား"

ညှို့သလိုလို ကြည့်လာတဲ့ 'စိုပြေ' ရဲ့ အကြည့်မှာ

'မောင်' အရည်ပျော်ကျနေရပြီ ဖြစ်သည်။ တကယ်ဆိုရင် 'မောင့်' လို လှတပတ မိန်းကလေးမျိုးက သူ့လို သာမန်ရုပ်ရည်ပိုင်ဆိုင်တဲ့ သူမျိုးနဲ့ ချစ်သူတွေ ဖြစ်ဖို့ မထိုက်တန်ဘူးနဲ့တူသည်။

'မောင့်' ကို ချစ်ကြတဲ့ ယောကျ်ားလေးတွေ အများစုဟာ သူ့ထက်တော့ ရုပ်ရည်အားဖြင့် သာကြတဲ့သူတွေကြီးပါ။ သူတို့တွေကိုတော့ ရင်မခုန်ဘဲ သူ့နဲ့ကျမှ နှလုံးသားတစ်ခုလုံး ပူနွေးလာတာဟာ 'မောင့်' ရဲ့ ညှို့ဖျင်းမှုပေးပဲလား မသိ။

အို ဘာပဲဖြစ်ဖြစ် 'မောင်' သူ့ကို ချစ်တာ သေချာနေပါပြီ။

ဖျတ်ကနဲ သူ့လက်ကို ဆုပ်ကိုင်လိုက်ကာ ...

"နင့်ကို ငါ ချစ်တယ်... "

ဟု ခပ်တိုးတိုး ပြောချလိုက်မိပါတော့သည်။





## ၁၂

သူများတွေချစ်ကြတယ်ဆိုတာ ကျွန်တော့်လောက် အဖြစ်သည်းမယ် မထင်ပါ။ တကယ်တမ်း ပိုပြီးသည်းသည်းလှုပ်မိတာက ကျွန်တော်ပဲ ဖြစ်ပါလိမ့်မည်။

အချစ်ဦးမို့ ရူးလောက်အောင်ကို ကျွန်တော် 'မောင့်' အားချစ်မိသည်။ 'မောင့်' လို ဆွဲဆောင်လှပမှုရှိသော မိန်းကလေးတစ်ယောက်က ကျွန်တော့်လိုသိပ်ပြီးဆွဲဆောင်မှုမရှိတဲ့ယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ် အသိအမှတ်ပြုတယ်ဆိုတာ ကျွန်တော့်အတွက် အတော်ကံကောင်းပါသည်။

ကျောင်းပိတ်သွားပြီဆိုတော့ ခါတိုင်းလို တွေ့ရဖို့ကလည်းအလွယ်တကူနဲ့ မဖြစ်နိုင်တော့ပါ။ တွေ့ချင်တိုင်း ခဏခဏချိန်းနေလို့လည်း မဖြစ်ပြန်။

ကျွန်တော့်ဘက်ကသာ အရမ်းကာရော တွေ့ချင်နေပေမယ့် 'မောင့်'ဘက်က ချိန်းလိုက်တဲ့အခါတိုင်း အင်တင်တင်အမြဲလုပ်တတ်ပါသည်။

ဘာပဲဖြစ်ဖြစ်ချိန်းတဲ့နေရာကို 'မောင်'ရောက်လာတတ်တာကိုပဲ ကျွန်တော့်မှာ ဝမ်းသာနေရပြီ။ ချစ်လားလို့ မေးတိုင်းလည်း စိတ်ညစ်တဲ့ပုံဖြင့် မဖြေတတ်တာကိုလည်း စိတ်ထဲမှာခံစားရသည်။

တစ်ခါတလေ ဆိုင်ကိုလာခဲ့ဖို့ ကျွန်တော်က ခေါ်တတ်သည်။

"မလာချင်ပါဘူး... ရှိတဲ့လူတွေက ပြူးပြီး ကြည့်နေလိုက်တာ ဝါးစားတော့မယ့်အတိုင်းပဲ... တခြားနေရာတွေမှာ တွေ့နေရဲ့နဲ့ ဆိုင်ကိုချိန်းချိန်းနေတာ သိပ်မုန်းတာပဲ"

ဟု ပြောလာတိုင်း ပါးစပ်ကိုပိတ်ပြီး ထပ်မခေါ်ရဲတော့ပါ။

'မောင့်' နှုတ်က မုန်းတယ်ဆိုတဲ့စကားကို ကျွန်တော်





မကြားရဲတာ အသေအချာပါ။ ဈေးလာခါနီး 'မောင့်' ဆီကို တစ်ခါဖုန်းဆက်ရသည်။

နေ့ခင်းပိုင်း ထမင်းစားပြီးချိန် တစ်ခါ ဖုန်းဆက်ရသည်။ ပြီးတော့ ဈေးသိမ်းပြီး အိမ်ပြန်ရောက်ရောက်ချင်း တစ်ခါဖုန်းဆက်ရသည်။ နောက်ဆုံး အိပ်ခါနီးတစ်ခါ ဖုန်းဆက်ရပါသေးသည်။

ဒီလောက် အကွက်စေ့အောင် 'မောင်' နဲ့ အဆက်အသွယ်မပြတ်ရှိနေတာတောင်မှ ကျွန်တော့်ဘက်က 'မောင့်' ကို လွမ်းနေမိတာကြောင့် အိမ်ကလူတွေပင် အမြင်ကတ်ကုန်ကြပါသည်။

စားလည်း 'မောင်'၊ သွားလည်း 'မောင်'၊ နောက်ဆုံးအိပ်မက်ထဲအထိပါ 'မောင်'ပါနေတာကြောင့် ကျွန်တော့်ရဲ့အချစ်ကို ပြန်ပြီး လန့်လာရသလိုပင်ရှိသည်။

မတော်တဆများ 'မောင်' နဲ့ ဝေးသွားခဲ့ရင်ဖြင့် ကျွန်တော် သေသွားလိမ့်မယ်နဲ့ တူသည်။ ကျွန်တော် ချစ်သလိုမျိုး၊ ကျွန်တော် သည်းသည်းလှုပ်သလိုမျိုး 'မောင့်' ကိုလည်း ကျွန်တော့်အား ပြန်ချစ်စေချင်သည်။

သွေးအေးသော 'မောင့်'ရဲ့ စိတ်ကို ဘယ်လိုနားလည်

ရမှန်းပင် မသိတော့ပါ။ 'မောင်' ကျွန်တော့်ကို ချစ်တယ်ဆိုတာ သိနေရဲ့နဲ့ တစ်ခါတစ်ခါတော့လည်း အပျော်များကစားနေတာ လားဟု ထင်မိပြန်၏။

'မောင့်' ကို ချစ်လွန်းလို့ ကျွန်တော်က သဝန်တိုပေမယ့် 'မောင်' ကတော့ ကျွန်တော့်ကို ဘယ်တော့မှ သဝန်မတိုတတ်ပါ။

"အို 'မောင်' တို့ကတော့ သဝန်တိုတဲ့အလုပ် ဘယ်တော့မှမလုပ်ဘူး... ကိုယ့်ကိုမချစ်လို့ပစ်သွားရင်လည်း ခံနေလိုက်မယ်...တစ်ယောက်သွားရင်သူ့ထက်ကောင်းတဲ့နောက်တစ်ယောက်ကိုထပ်ရှာမှာပေါ့"

ဟု ပြောတိုင်း ရင်ထဲမှာ အေးစက်သွားအောင်ကို ခံစားရလေသည်။

"သဝန်မတိုတတ်တာ မချစ်လို့ပဲ... ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကို သဝန်မတိုဘဲ ဘယ်နေမလဲ... ကျွန်တော်ကတော့ 'မောင့်' ကို အရမ်းချစ်တော့ စိုးရိမ်ပြီး အရမ်းကို သဝန်တိုတယ်"

"ဒါကတော့နင့်သဘောလေ သဝန်တိုတာကိုအကြောင်းပြပြီးလူကိုတော့ ချုပ်ချယ်ဖို့ မကြိုးစားနဲ့နော်... ချစ်တာက ချစ်တာပဲ... တင်းကြပ်တဲ့ဒဏ်ကိုတော့ လုံးဝမခံစားနိုင်ဘူး"

"'မောင်'... နင်ငါ့ကို တကယ်ချစ်တယ်ဆိုတာကော





တတ်လို့လား"

"မသိဘူးလေ... နင်က ဘယ်လိုထင်နေလို့လဲ"

"ငါ ချစ်သလောက်သိပ်မချစ်သလိုပဲ... ငါ့ကို အပျော်းလုပ်နေတာလားလို့ ထင်နေမိတာ"

"ထင်ရင်လည်း ထင်ပေါ့... ငါကတော့ နင့်ကို ချစ်တယ်လို့ပြောပြီးပြီပဲ"

ပြောနေတဲ့ပုံစံက တကယ့်ကို ပေါ့ပေါ့လေးပါပဲ။အသက်ရွယ်ခြင်း တူပေမယ့် ကျွန်တော့်ရဲ့ပုံစံက နဂိုကကို လူကြီးပုံစံမျိုးပါက်နေတာရယ်၊ ကိုယ်ခန္ဓာ ဝတာရယ်က 'မောင်' နဲ့ တွဲသွားတိုင်းဘယ်သူကမှ စုံတွဲရယ်လို့ မထင်ကြပါ။

အများစုက ဦးလေးနဲ့တူမလို့သာ ထင်နေတတ်ကြသည်။

'မောင့်' လို ခေတ်နဲ့အညီ ပြင်ဆင်ဝတ်စားတတ်တဲ့သူတစ်ယောက်ကိုလည်း ဘယ်သူကမှ ကျွန်တော့်လို ပုံမလာတဲ့ကောင်ကို ချစ်သူအဖြစ် ရွေးချယ်ထားတယ်လို့ ထင်မှာတဲ့လဲ။

လူတွေ သိသိ,မသိသိ ကျွန်တော်ကတော့ 'မောင်' ရဲ့ချစ်သူဆိုတာ သေချာနေပါပြီ။ အိမ်ကမိသားစုကလည်း 'မောင်' ရဲ့ချစ်သူတွေ ဖြစ်နေတာကို မကန့်ကွက်သလို 'မောင့်' ရဲ့မိဘ

တွေကလည်း သဘောတူပုံရပါသည်။

'မောင့်' ရဲ့ ဖေဖေ သင်္ဘောက ပြန်လာတုန်းကတောင် ကျွန်တော်ကိုယ်တိုင် လေယာဉ်ကွင်းအထိ လိုက်ပြီး ကြိုပေးရတဲ့ အထိပါ။

အဖက်ဖက်က ပြေလည်နေတဲ့အခြေအနေကို ကျွန်တော့်မှာ အားမလိုအားမရဖြစ်နေမိတာ ကျွန်တော့် အတ္တကြီးနေလို့ပဲလား မပြောတတ်ပါ။

ညနေဈေးသိမ်းပြီး အိမ်ပြန်ရောက်တာနဲ့ အခန်းထဲပြေးဝင်ကာ 'မောင့်'ဆီ ဖုန်းခေါ်လိုက်မိသည်။ 'မောင့်' ရဲ့ အသံကို ကြားတာနဲ့ ပြောနေကြအတိုင်း...

"အမောပြေလေး... ခုမှပဲ တကယ့်ကို အမောပြေသွားတော့တယ်ကွာ"

ဟု ပြောတော့ 'မောင်'က ခါတိုင်းလို ရယ်မနေဘဲအသံမာမာနဲ့ ပြောလာသည်။

"လာအာမနေနဲ့... နေ့ခင်းက ဈေးကိုရောက်တယ်နော် ကြည့်တာ မတွေ့ဘူး... ဘယ်သွားပြီး အလေလိုက်နေသလဲ ပြော လူကိုဘုတ်လို့ရမယ် ထင်နေတယ်ဟုတ်လား"

"နေ့ခင်းက ဟုတ်လား... ဘယ်အချိန်လောက်လဲ"



"အချိန်အတိအကျတော့ မပြောနိုင်ဘူး... ဘယ်သွားသလဲပဲပြော"

"မသွားပါဘူး... သေချာတယ်"

"လိမ်ရင်လည်း ပြီးတာပဲ..."

ဟုဆိုကာ ဖုန်းကို ဝုပ်ကနဲ ဆောင့်ချသွားလေသည်။

နေရင်းထိုင်ရင်း ပြဿနာရှာတာပါလားဟု တွေးမိပေမယ့် ချက်ချင်း ကျွန်တော် ဖုန်းပြန်ဆက်လိုက်မိပါသည်။ ဖုန်းကိုင်တဲ့သူက 'မောင်' ပါပဲ။

"မပြောချင်တော့လို့ ဖုန်းကိုချလိုက်တာ... ဘာကိစ္စထပ်ဆက်နေရတာလဲ လူလိမ်ရဲ့"

"လိမ်မှမလိမ်ဘဲ... တကယ်ပြောတာ... ဒီနေ့တစ်နေ့လုံး ဘယ်ကိုမှမသွားဘူး... အိမ်သာ သွားတာလောက်ပဲ ရှိတယ်"

"သေချာလား"

"တကယ် သေချာတယ်... 'မောင့်' ကို ဘယ်တုန်းက လိမ်ဖူးလို့လဲကွာ... လူကိုချွေးပြန်သွားတာပဲ"

"မသိဘူးလေ... တစ်ခါတလေ ဆိုင်ဘက်ကိုရောက်လို့ ဝင်မလို့ဟာကို တွေ့မှမတွေ့ဘဲ... အဲ့ဒီတော့စိတ်ဆိုးတာပေါ့"

"ဘယ်သွားသွား 'မောင့်' ကို ပြောပြီးမှ သွားတာလေ

ကွာ... ဒီနေ့ညလည်း အလှူတစ်ခု သွားစရာရှိသေးတယ်...သိပ် တော့နောက်မကျပါဘူး... ဖေဖေတို့လည်း ပါတယ်... ကိုးနာရီ တော့ အမီပြန်ရောက်အောင်လာခဲ့မယ် စိတ်ချ"

ညစဉ် ကိုးနာရီဆိုတာနဲ့ ကျွန်တော် 'မောင့်'ဆီဖုန်းဆက် နေကြဖြစ်သည်။

"ပြန်မရောက်လည်း ကိစ္စမရှိဘူး ဆက်ချင်ဆက်မဆက် ချင်နေ... သွားချင်တဲ့နေရာသွားပြီး အလေလိုက်နေလည်း ရ တယ်... ဒါပေမဲ့ အလှည့်ကျ မန္တ့ကျစတမ်းနော်"

"တွေ့လား စကားကောင်းပြောနေရင်းနဲ့ 'မောင်' က ဖောက်ဖောက်လာပြီ... ဘယ်ကိုသွားပြီး အလေလိုက်ရမှာလဲ... သွားမှာက 'စွယ်တော်' တို့အိမ်က ဘုရားကိုးဆူ... ဖေဖေတို့က လိုက်ခဲ့ပါလို့ခေါ်နေလို့ မကောင်းတတ်လို့ လိုက်သွားရမှာ"

"ဟုတ်ပါတယ်... မိဘ်တွေကို လွှဲချပြီး နင်ကိုယ်တိုင်က နန့်နန့်တက် လိုက်ချင်နေတာ မသိဘူးထင်မနေနဲ့... လေသံကို က အူမြူးနေတာ"

"ဟာ 'မောင်' မကျေနပ်ရင် မသွားတော့ဘူးကွာ..."

"အံမယ်လေး... အိမ်မှာနေတယ်ပြောပြီး သွားတော့ ကော ဒီကမြင်ရတာကျလို့... လိမ်မနေနဲ့... သွားချင်တဲ့နေရာကို





သွားမှာသာသွား"

"မသွားတော့ဘူး..."

"တကယ်ပြောတာလား"

"တကယ် မယုံရင် ကြိုက်တဲ့အချိန် ဖုန်းဆက်ကြည့်လို့ရ တယ်"

"ပြီးရောလေ... မသွားဘဲနေပြ... သွားလို့ကတော့ 'မောင့်'ကိုမချစ်လို့ပဲ... ဇာတ်လမ်းလည်း ပြတ်ပြီဆိုတာ မှတ် ထား"

'မောင်' မကျေနပ်တာနဲ့ပဲ ကျွန်တော်ဖေဖေတို့ကိုမနည်း တောင်းပန်ကာ အိမ်မှာနေခဲ့လိုက်သည်။ 'မောင့်' ရဲ့ လေသံတွေ က အရေးမစိုက်သလို ပြတ်သားလှပေမယ့် ဒီလိုမျိုး သဝန်တိုသ လိုဖြစ်တတ်တာကလည်း နားမလည်နိုင်စရာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကတော့ 'မောင့်' ရဲ့ ဆန္ဒကိုသာ ရှေ့တန်းတင်မိမြဲဖြစ်သည်။

ဘယ်အချိန်ဖုန်းဆက်မလဲဆိုပြီး စောင့်မျှော်နေတဲ့ ကျွန် တော့်ကို 'မောင်' က အံ့ဩမှုတွေ ပေးစွမ်းခဲ့လေသည်။ ဖုန်းတော့ မဆက်ဘဲ လူကိုယ်တိုင် အိမ်ကိုရောက်ချလာခဲ့တာ ဖြစ်သည်။

"လာချောင်းတာလေ... တကယ် ရှိမရှိဆိုတာ သိချင်

လို့"

"ရှိတယ်ဆိုတော့ ကျေနပ်ပြီ မဟုတ်လား"

"ကျေနပ်တာပေါ့… မုန့်ဝယ်လာတယ်… အိမ်နားက ကြက်ကင်ပဲ ဝယ်လာခဲ့တာ… အိမ်ကိုလိမ်ပြီး ထွက်လာခဲ့ရတာ… နင့်ဆီကိုဆိုရင် မေမေတို့ကလွှတ်မှာမဟုတ်တော့ဘူး…"

"ဘယ်သွားမယ်လို့ ပြောခဲ့တာလဲ"

"ရန်ကင်းစင်တာသွားမယ်လို့ ပြောခဲ့တာ… ခဏပဲ အချိန်ရတယ်… ကားလျှောက်မောင်းရအောင်ဟာ… အိမ်မှာနေ ရတာပျင်းစရာကြီး"

ကျွန်တော့်လက်ထဲ ကားသော့လာထည့်တော့ 'မောင့်' သဘောကျ သွားချင်တဲ့နေရာကို လိုက်ပို့ပေးရပါသည်။ 'မောင်' ကားမောင်းတတ်အောင်လို့ ကျွန်တော်ပဲ စိတ်ရှည်လက်ရှည်နဲ့ သင်ပေးခဲ့တာဖြစ်သည်။

"တစ်နေ့ တစ်နေ့ ဝ,ဝလာတယ်နော်… ဗိုက်လေးဘာ လေးလည်းလျှော့ဦး… ပုံသိပ်ပျက်လာရင် ငါက နောက်ခပ်ချော ချော လူတစ်ယောက်ကို ပြောင်းကြိုက်ရင် ပြောင်းကြိုက်မှာ"

ဟု ပြောတော့ ကျွန်တော် ခေါင်းကိုခါပြလိုက်သည်။

"နဂိုတည်းက ဒီပုံစံအတိုင်းပဲ… နင် ပစ်သွားတော့လည်း





ငါ့ ကုသိုလ်ကံလို့ပဲ မှတ်လိုက်တော့မယ်… ငါကတော့ နင့်လိုစိတ် မျိုးမရှိပါဘူး… ကိုယ့်ချစ်တဲ့သူ ဝပဲဝ,ဝ ပိန်ပဲပိန်,ပိန် တစ်သက်လုံး ချစ်မှာကချစ်မှာပဲ… ဘယ်တော့မှ မပြောင်းလဲတာ သေချာတယ်"

"ငါက အမြဲတမ်းလှနေတော့ နင် ဒီလိုပဲ ပြောမှာပေါ့… ဘယ်လိုပဲပြောပြော နင်တို့ယောကျ်ားတွေကို ငါ မယုံပါဘူး… အပြောကတော့ ကောင်းပါ့… စိတ်ထဲကတော့ မိန်းမလှလှမြင်ရင် ကိုယ့်ချစ်သူကို ဘေးမှာထားပြီး အရှက်မရှိ မျက်လုံးကျွတ်မတတ် ငမ်းနေတာမသိဘူးထင်မနေနဲ့"

"အဲ့ဒီထဲ ငါမပါဘူးနော်"

"နင်က ထိပ်ဆုံးက"

ပြောလည်းပြော၊ လက်ကလည်း ကျွန်တော့်ရဲ့ လက်ဖျံ ကို အားရပါးရလိမ်ဆွဲပစ်လိုက်ပါသည်။ နာပေမယ့်လည်း ကျွန် တော် မအော်ရဲပါ။

"ငါ နင့်ကို 'စွယ်တော်' နဲ့ ပတ်သက်ပြီး တစ်သက်လုံး ကျေနပ်လိမ့်မယ် မထင်နဲ့… နင့်ချစ်တယ်ပြောတိုင်း မယုံဘူး… ဘာလို့လည်းဆိုတော့ နင် 'စွယ်တော်' ကို အရင်ကြိုက်ပြီးတော့မှ ငါ့ကို ကြိုက်လာတာ… နင့်ရဲ့အချစ်ဦးက 'စွယ်တော်' ပဲ"

"အဲ့ဒီလို မပြောပါနဲ့ဟာ… ဒါက နင့်ကိုမှမတွေ့သေး

ဘဲ… နင့်ကိုတွေ့တာနဲ့ ငါ စိတ်တွေထိန်းမနိုင် သိမ်းမရဖြစ်တာ
နင် သိနေတာပဲဟာ”

“အို မသိဘူး”

“ ‘မောင်’ နော်… နင် မယုံဘူးဆိုရင် နင်ငါ့ကို ကြိုက်သ
လိုလုပ်သွားလိုက်ရတယ်… နင် လုပ်သမျှငါခံမယ်… ငါ့အချစ်ကို
မယုံကြည်တဲ့ စကားမျိုးတော့ မပြောပါနဲ့”

“ယုံကြည်ရအောင် နင်ကကော ဘာနဲ့ သက်သေပြမှာမို့
လဲ”

“နင် ခိုင်းချင်တာ ခိုင်းပေါ့”

“သေချာလား”

“သေချာတယ်”

ကျွန်တော့်စိတ်ထဲ ‘မောင်’ ဘာခိုင်းခိုင်းလုပ်မယ်လို့ ဆုံး
ဖြတ်ထားတာကြောင့် ရဲရဲဝံ့ဝံ့ပဲ ပြန်ပြောလိုက်တာဖြစ်သည်။
‘မောင်’ စိတ်ဆိုးတာကို ကျွန်တော်ကမှ မခံနိုင်ပဲ။

“အခု ကားကိုရပ်လိုက်… လမ်းလယ်ကောင်မှာ နင် ဒူး
ထောက်ပြီး သွားထိုင်ပြ… ငါ စောင့်ကြည့်နေမယ်”

ဟု ပြောလာတော့ ကျွန်တော် အံ့သြပေမယ့် ခေါင်းကို
ညိတ်ပြလိုက်သည်။ ‘မောင်’ နဲ့ ပတ်သက်ရင် ကျွန်တော့်ဘက်က





အမြဲတမ်းအလျှော့ပေးမယ်လို့ ဆုံးဖြတ်ထားမိတာကို။

“အေး ပြီးရော… ဒီကနေပဲ စောင့်ကြည့်နေ… နင် မခေါ်
မချင်း ငါပြန်မလာဘူး”

ကျွန်တော် ခပ်တည်တည်ပဲ ကားကိုလမ်းဘေးမှာ ထိုး
ရပ်ပြီး ကားလမ်းအလယ် အဖြူစည်းမျဉ်းနေရာမှာ ဒူးထောက်
ထိုင်ချလိုက်ပါသည်။

နေရာက ချော်တွင်းကုန်းလမ်းဆုံ မီးပွိုင့်နားမှာမို့ ကား
တွေကော လူတွေကော စည်ကား ရှုပ်ထွေးနေတဲ့အချိန် ဖြစ်နေပါ
သည်။ ကျွန်တော့်ကိုမလုပ်ရဲဘူးထင်ပြီး ‘မောင်’ က တမင်ခိုင်း
လိုက်တာလည်း ဖြစ်ပါလိမ့်မည်။

ကားဟွန်းသံ တတီတီ၊ ထူးဆန်းအံ့သြစွာ ကြည့်သွားကြ
တဲ့သူတွေ၊ ဘာဖြစ်တာလည်းဆိုပြီး ရပ်ကြည့်ကြတဲ့သူတွေများ
လာတဲ့အထိကို ကျွန်တော့် ခပ်တည်တည်ပဲ ‘မောင်’ သဘောအ
တိုင်း နေနေမိသည်။

ရင်ထဲမှာတော့ ဖော်မပြတတ်အောင် ရှက်နေမိတာ ကျွန်
တော်သာ အသိဆုံးပါ။ ယောကျ်ားတန်မဲ့ မျက်ရည်က ဝဲလာရ
သည်။ လုပ်ခိုင်းရက်တဲ့ ‘မောင်’ ရဲ့ စိတ်ကိုလည်း လက်ဖျားခါချင်
ရပါသည်။

အချိန်အနည်းငယ် ကြာလာတာနဲ့အမျှ ကျွန်တော့်ဒူးတွေနာလာရကာ လူက ယိုင်ပြီးတုန်ရီလာရသည်။ ရပ်ကြည့်တဲ့သူတွေကလည်း တဖြည်းဖြည်းနဲ့ ကို များပြားလို့လာပါသည်။ ကျွန်တော် မျက်စိကို စုံမှိတ်ထားလိုက်မိ၏။

တကယ့်ကို ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ပါ။ ကြုံတွေ့တဲ့သူတွေ ကြည့်နေတုန်းက ဘာကြောင့်ဆိုတာ မသိပေမယ့် ခုချိန်မှာတော့ ကျွန်တော် အချစ်သက်သေ ပြနေတယ်ဆိုတာကို သိကြလောက်ပါပြီ။

" 'စိုပြေ' ပြန်ကြမယ် "

ဟုဆိုပြီး ကျွန်တော့်လက်ကို 'မောင်' ကိုယ်တိုင်လာဆွဲလိုက်မှပဲ ဒူးထောက်ထိုင်နေရာကနေ ကျွန်တော် ထဖြစ်ပါတော့သည်။ စောစောတုန်းကရှက်နေတဲ့ ကျွန်တော့်ရဲ့ စိတ်တွေလည်း အဝေးကို ဟုန်းကနဲနေအောင် လွင့်ပျောက်ပျယ်ကုန်ရသည်။

'မောင့်' ကို ကြည့်လိုက်တော့ မျက်ရည်ကြည်တွေ ဝဲသလိုဖြစ်နေပါသည်။

"နင် ငါ့ကိုဒီလောက်ထိ မချစ်စမ်းပါနဲ့ 'စိုပြေ' ရယ်..."

ကားပေါ်ရောက်တော့ 'မောင်' က လေသံခပ်တိုးတိုးဖြင့်ပြောလာသည်။





"ဒီထက်ပိုချစ်ပြနိုင်အောင် ငါ ကြိုးစားမယ်... ငါ့ကြောင့် နင် အမြဲတမ်း စိတ်ချမ်းသာတာကိုပဲ ငါ မြင်ချင်တယ် 'မောင်' "

'မောင်' က အိမ်ပြန်ချင်တယ်ဆိုသဖြင့် အိမ်အထိ ကျွန်တော်လိုက်ပို့ပေးပြီး တက္ကစီတစ်စီးငှားကာ ပြန်လာခဲ့လိုက်ပါသည်။ အိမ်ကို ပြန်ရောက်တော့ ဖေဖေတို့ ပြန်မရောက်သေးတာတော်ပါသေးသည်။

'မောင့်' ဆီကို တာဝန်မပျက် ဖုန်းခေါ်လိုက်မိသည်။

'မောင့်' ရဲ့ လေသံတွေက တုန်ရီသလို ရှိနေပါသည်။

" ဘာဖြစ်နေတာလဲကွာ... အသံကတစ်မျိုးဖြစ်နေတယ်... မကျေနပ်သေးဘူးလား..."

"ဟင့်အင်း... နင်များငါ့ကို စိတ်နာသွားမလားဆိုပြီး စဉ်းစားနေတာ... ငါ နင့်အပေါ် အရမ်းများ အနိုင်ကျင့်ရာကျနေသလားဟင် 'စိုပြေ' "

"နင် စိတ်ချမ်းသာရင် ငါ ကျေနပ်တယ် 'မောင်'... ဘယ်လောက်ပဲ နင် ငါ့အပေါ်ဆိုးဆိုး ငါ ခွင့်လွှတ်နိုင်တယ်... တစ်ခုပဲ ငါတောင်းပန်တယ်... နင် ငါ့ကို မထားခဲ့ပါနဲ့...တစ်သက်လုံးနင့်အနားမှာ ငါနေသွားချင်တယ်... နင် ရှိနေရင် ငါ့မှာဘယ်လောက်ပဲသေချင်လောက်အောင် ဖြစ်နေပါစေ အမောပြေစေပါတယ်...

နင်ဟာ ငါ့ရဲ့အမောပြေပါပဲ”

ကျွန်တော့်စကားကို ဆုံးအောင် နားထောင်ပြီးမှ ‘မောင်’ က ဖုန်းကိုညင်သာစွာ ချသွားခဲ့လေသည်။ ဘာစကားမှတော့ မပြောခဲ့ပါ။





၁၃

‘စိုပြေ’ နဲ့ ပတ်သက်ရင် ‘မောင့်’ဘက်ကလိုအပ်တာထက် အိုင်တင်ခံတတ်၊ ဆင်ခြင်တတ်၊ ရင်ထဲကအချစ်ကို တိတ်တိတ်ကလေးဖုက်ကာ သိပ်မချစ်တတ်သလို လုပ်ပြတတ်တဲ့ကြားထဲကမှ တစ်ခါတစ်ခါ သူ့ရဲ့ ချစ်တတ်လွန်းပုံတွေကြောင့် လူကမထိန်းချုပ် နိုင်လောက်အောင် လွတ်ထွက်သွားခဲ့တာတွေလည်းရှိပါသည်။

တကယ်ချစ်လာရင် ကိုယ့်ချစ်သူနဲ့ ပတ်သက်ပြီး အတ္တပိုကြီးလာတယ်ဆိုတာကို ‘မောင်’ က လက်တွေ့ခံစားလာရတဲ့

အတွက် ပိုသိလာရသည်။

ရှင်းရှင်းပြောရလျှင် သူ သဝန်တိုတယ်ဆိုတာ 'မောင်' အိပ်နေသလောက်ပဲ ရှိလိမ့်မယ်နဲ့တူသည်။ သိပ်မချောပေမယ့် ကိုယ်ချစ်ရတဲ့သူမို့ သူ့ကို 'မောင်' ဘယ်တော့မှ စိတ်မချတတ်ပါ။

သူ အနေအေးတာ၊ ရိုးသားတာ၊ စိတ်မကစားတတ်တာတွေကို 'မောင်' သိနေပေမယ့်လည်း သူ့ကိုချစ်စိတ်က ပြင်းထန်လွန်းတာကြောင့် ရင်ထဲမှာ ပူပင်စိတ်က အမြဲတမ်းလိုကို ရှိနေရသည်။

သူ ဆိုင်ထိုင်နေတဲ့အချိန်တွေမှာ 'မောင်' တစ်ယောက်တည်း ဘယ်သူမှမသိအောင်လို့ တိတ်တဆိတ် ချောင်းမြောင်းပြီး သူ့အခြေအနေကို အကဲခတ်တတ်တယ်ဆိုတာ ဖွင့်ပြောဖို့ လိုသလားနော်။

မိန်းကလေးဖြစ်နေတာရယ်၊ နဂိုတည်းက ဘယ်သူနဲ့ပဲဖြစ်ဖြစ် 'မောင့်' ဘက်က အသာစီးနဲ့ အနိုင်လိုချင်တဲ့စိတ်က အရိုးစွဲသလိုဖြစ်နေတာရယ်ကြောင့် 'မောင်' က ရင်ထဲကအချစ်ကို ဖုံးဖိထားသည်။

'စိုပြေ' အမြင်မှာ အေးစက်စက် ဖြစ်နေသော 'မောင့်' ရဲ့စကား အမူအယာတွေကိုကြည့်ပြီး မချင့်မရဲနဲ့ ဆွေးနေမှာသေ





ချာပါသည်။ သူကိုယ်တိုင်လည်း ခဏခဏ ပြောတတ်သည်။

"နင် ငါ့ကိုချစ်တယ်ဆိုတာ ဘယ်လိုယုံရမှန်းကို မသိဘူး 'မောင်' ရာ... ငါနဲ့ပတ်သက်ရင် အေးတိအေးစက်နဲ့... ငါ သိနေတာတော့ ချစ်သူတွေဖြစ်သွားကြရင် ယောကျ်ားလေးဘက်က သွေးအေးပြီး မိန်းကလေးဘက်က ပိုပြီးချစ်တတ် ပူလောင်လာတတ်တယ်လို့ ကြားဖူးကာပဲ"

ဟု ပြောတော့ 'မောင်' စိတ်ထဲကနေ ဟုတ်တယ်လို့ပြောလိုက်ပါသည်။ ချစ်သူတွေဖြစ်သွားပြီးတော့မှ သူ့အပေါ် အရင်ကထက်ပိုပြီး ချစ်တတ်၊ သဝန်တိုတတ်၊ စိတ်ပူပင်တတ်လာတာမဟုတ်လား။

အပြင်မှာတော့ 'မောင်' က တမင်ပင် မခန့်လေးစားရယ်လိုက်ရင်း ခပ်ကျောကျောလေး ပြောပစ်လိုက်သည်။

"နင်ကြားဖူးတာက တချို့တွေအတွက်ကတော့ မှန်ချင်မှန်မှာပေါ့... ငါ့ရဲ့စိတ်နဲ့တော့ လုံးဝကို ဆန့်ကျင်ဘက်ပဲဆိုတာ မှတ်ထား ငါက ချစ်သူသက်တမ်းကြာလာတာနဲ့အမျှ ပိုပြီးသွေးကအေးအေးလာရော... နောက်ဆုံး ရင်ထဲမှာ အချစ်ဆိုတဲ့အရာ လုံးဝမရှိတော့မှာတောင် ကြောက်နေရတယ်"

'စိုပြေ' မျက်နှာ ပျက်သွားတာ ပြင်လို့ပင်မရနိုင်အောင်

ပါ။ ငါ တမင်ပြောလိုက်တာဟု ဖွင့်ပြောလိုက်ချင်ပေမယ့် မာန ကတင်းနေဆဲ ဖြစ်သည်။

သူ့ရှေ့မှာသာ 'မောင်' က အိုင်တင်ကလေးနဲ့ နေပေ မယ့် အပြင်သူစိမ်းတွေရှေ့မှာ သူ့အပေါ် 'မောင်' ဘယ်လောက် ချစ်တယ်ဆိုတာ မကွယ်မဝှက် ရင်ဖွင့်ထားတတ်ပါသည်။

'ခင်ထား' လည်းသိသည်။ ပြီးတော့ 'ရာဇာ'။

'ရာဇာ' တစ်ယောက် 'စိုပြေ' ကို ချစ်သူအဖြစ်လက်ခံ ရပ့်မလားဆိုပြီး ဒေါသသွေးကြွကာ ရန်ရှာဖို့ လုပ်သေးသည်။

"နင် ငါ့ချစ်သူကို သတ္တိရှိရင် ထိကြည့်လိုက်လေ... အချစ်အတွက် နင့်ဘက်က သွေးနီးသလို ငါ့ဘက်ကလည်း နင့် ထက်ပိုနီတယ်ဆိုတာမှတ်ထား 'ရာဇာ'... ငါ့ရင်ထဲက ချစ်တဲ့သူကို နင်နာကျင်အောင် လုပ်လို့ကတော့ နင့်ကိုလည်း ငါက ပြန်ကို လုပ်မှာ...နင်နဲ့ပတ်သက်ပြီးသူ့ဆီကသတင်းအစအနလေးတစ်ခု ခုကြားကြည့်လိုက်... နင့်ငါ့အကြောင်း ကောင်းကောင်းသိစေရ မယ်"

"ဖြစ်နေလိုက်တာ 'မောင်' ရာ... ငါက နင့်အကောင် ထက်ပိုဦးပြီး နင့်ကိုချစ်ခဲ့တဲ့သူပါ... ငါ့ဘက်ကိုတော့ နည်းနည်း ကလေးတောင် နင် ထည့်မစဉ်းစားပေးတော့ဘူးလား"





"နင့်ကို ငါ သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တယ် 'ရာ ဇာ'... သူငယ်ချင်းလိုဆိုရင် နင်နဲ့ငါ အမြဲတမ်း ပတ်သက်နေလို့ ရမယ်... ကျန်တဲ့ကိစ္စတွေမှာ ဝင်မစွက်ဖက်တာ အကောင်းဆုံးပဲ"

"နင့်ကို ငါချစ်တော့ နင် စိတ်ချမ်းသာအောင် ငါဆင်ခြင် ပြီးနေပါ့မယ်... တစ်ခုတော့ ရှိတယ်... နင့်အကောင်ဘက်က မဟုတ်တာတစ်ခုခုများ လုပ်လို့ကတော့ ငါ့ကို မတားနဲ့နော်"

"သူက ငါ့တစ်ယောက်တည်းကိုပဲ ချစ်တာ... မဟုတ်တဲ့ ကိစ္စဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး... အဲ့ဒါ သိပ်သေချာ တယ် နင် သူ့ကို အမှားရှိလာမလားဆိုပြီး စောင့်ကြည့်နေရင် နင် မောယုံပဲရှိလိမ့်မယ်"

"ငါ တစ်ခုမေးပါဦးမယ်... နင် အဲ့ဒီကောင်ကို ဘယ်လို လုပ်ပြီး ချစ်သွားတာတုန်း"

"ချစ်တယ်ဆိုတဲ့အရာက အကြောင်းပြချက် မလိုဘူး ဟဲ့... အလိုလိုနေရင်းကို ချစ်သွားတာ... ဘာကြောင့်ဆိုတာ ငါ မပြောတတ်ဘူး... သူ့ကို ငါ တကယ်ချစ်တာတော့ သိပ်ကိုသေ ချာတယ်"

"နင်တို့နှစ်ယောက် ချစ်သူတွေသာဖြစ်တယ် လုံးဝကို မလိုက်ဖက်ဘူး"

"လူတိုင်းက ဒီလိုပဲပြောကြတာပဲ... ဒါပေမဲ့ မလိုက်ဖက်တာတစ်ခုတည်းနဲ့တော့ ရင်ထဲကအချစ်ကို မြိုသိပ်ပြီး မထားနိုင်ဘူးလေ နင့်ကိုလည်း အကြံကောင်းတစ်ခု ငါ ပေးလိုက်မယ်... နင်လည်း နောက်ထပ် ချစ်တဲ့သူတစ်ယောက် ရှာလိုက်ပါ... နင်ပျော်နေတာကို ငါမြင်ချင်လို့ ပြောတာနော်"

"မရှာဘူး... နင့်ကိုပဲ စောင့်နေမှာ"

"စောင့်နေရင် နင် အိုသေယုံပဲ ရှိတော့မှာပေါ့... "

'ရာဇာ' ပြန်ကာနီးမှာ မထင်မှတ်ဘဲ 'စိုပြေ' ရောက်လာပါသည်။ 'စိုပြေ' မျက်နှာပျက်နေပေမယ့် 'ရာဇာ' ကတော့ ခပ်တည်တည်ပါပဲ။ 'မောင်' သည် နေရင်းထိုင်ရင်း စိတ်ကျဉ်းကြပ်သလိုရှိလာရသည်။

'စိုပြေ' ရှေ့မှာတော့ ကိုယ်သိပ်ချစ်ရတဲ့အကြောင်းကို သိက္ခာအကျခံပြီး ဖွင့်မပြောချင်ပါ။

'ရာဇာ' မြန်မြန်ပြန်သွားရင် အခြေအနေက အေးမှာပါ။ 'မောင်' ဖြစ်စေချင်သလိုမျိုး 'ရာဇာ' တစ်ယောက် ရှုတည်တည် မျက်နှာထားဖြင့် ပြန်သွားခဲ့လေသည်။

"အကြောင်းမကြား ဘာမကြားနဲ့ ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ... "





"တမင် လာချောင်းတာ"

"အခု ဘာတွေ့လဲ"

"တွေ့တယ်လေ... အဆက်ဟောင်းနဲ့ ကြည်နေတာကိုပေါ့"

သူ့ မျက်နှာက ဝန်တိုမှုတွေနဲ့ ပြည့်သိပ်ကာ အလိုမကျသလိုမှုန်မှိုင်းကာနေသည်။ 'မောင်' ကတော့ မျက်နှာက ခပ်ပြုံးပြုံးပင်လုပ်ထားလိုက်သည်။

"အဆက်ဟောင်းလို့ မပြောစမ်းပါနဲ့... 'ရာဇာ' နဲ့ ကချစ်သူတွေမှ မဖြစ်ခဲ့ကြတာ... အခုမှ ချစ်ကြည့်ရင်ကောင်းမလားလို့ စဉ်းစားနေတာ"

" 'မောင်' နော်... စကားပြောတာ တည်တည်တံ့တံ့ပြော... လူကို အမြဲတမ်း နှိပ်စက်ချင်နေတာပဲ... တကယ် 'ရာဇာ' နဲ့ ဇာတ်လမ်းဖြစ်တော့မှာလား"

"ရည်းစားနှစ်ယောက် အပြိုင်ထားရင် မေမေက သတ်မှာပေါ့ မဖြစ်သေးပါဘူး"

"ပြန်တော့မယ်ဟာ... လွမ်းလွန်းလို့ ဆိုင်ကနေ ခဏလစ်လာတာ... ငါ့ကြောင့် နင် အနှောင့်အယှက်ဖြစ်သွားရင် စိတ်မကောင်းပါဘူး"

ရုတ်တရက် ထပြန်ဖို့ပြင်လိုက်သော သူ့ရဲ့အပြုအမူကြောင့် 'မောင်' သတိလက်လွတ်နဲ့ အမြန်အဆန် လှမ်းဆွဲလိုက်မိပါသည်။

"လွှတ်လေ... ပြန်တော့မလို့"

"ဟင့်အင်း... မပြန်ရဘူး"

'မောင့်' စကားကို နားမထောင်ဘဲ ဇွတ်ထွက်သွားဖို့ပြင်နေတာကြောင့် သူ့ခါးကို အနောက်ကနေ ခပ်တင်းတင်းသိုင်းဖက်ကာ တားလိုက်မိသည်။

ဟန်ဆောင်နေတဲ့ 'မောင့်' ရဲ့စိတ်တွေ ခုချိန်မှာ အဝေးကြီးကိုရောက်နေရ၏။

သူက ရုန်းလေ၊ 'မောင်' က ခပ်တင်းတင်းဖက်လေနဲ့ အခြေအနေက ရှုပ်ထွေးနေဆဲ ရယ်စရာကောင်းတဲ့ အဖြစ်အပျက်ကို သူကဖန်တီးလိုက်ပါသည်။

ဝတဲ့သူတွေရဲ့ ထုံးစံအတိုင်း ဗိုက်ပူပူထဲမှာ လေတွေအပြည့်ရှိနေလေသလား မပြောတတ်ပါ။ 'မောင့်' ရဲ့ ခပ်တင်းတင်းဖက်ထားမှုက မထင်မှတ်ဘဲ သူ့ရဲ့ဗိုက်ကိုဖိမိသလိုဖြစ်ကာ 'ဘူ' ကနဲဆိုတဲ့ အသံကျယ်ကျယ်က မထိန်းချုပ်နိုင်သလို ထွက်လာခဲ့လေသည်။





ဟင်ကနဲဆိုပြီး 'မောင်' က သူနဲ့ခပ်လှမ်းလှမ်းမှာ ခွာရပ်လိုက်သလို သူကလည်း 'မောင့်' ကို မျက်နှာနီနီနဲ့ လည်ပြန်ပြီးကြည့်လာသည်။

အို ချစ်သူတွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် ကိုယ့်ရဲ့ ကောင်းကွက်ကလေးတွေကိုသာ ဖွင့်ဟပြတဲ့အချိန်မှာ သူက အီးသံအကျယ်ကြီးထွက်သွားတယ်ဆိုတော့ ဘယ်လောက်ရှက်ရှာလိမ့်မလဲ။

'မောင်' သည် ရယ်ချင်တဲ့စိတ်ကို ဘယ်လိုနည်းနဲ့မှ ချုပ်ထိန်းလို့မရနိုင်အောင်ပါပဲ။ တဖြည်းဖြည်း 'မောင့်' ရဲ့ မျက်နှာက ပြုံးလာရကာ နောက်ဆုံး အော်ရယ်လိုက်မိပါတော့သည်။

"ဟား ဟား ဟား... ရယ်ရတယ်... ဗိုက်ကို နည်းနည်းကလေးပဲ ဖိရသေးတယ်... အီးကထွက်နေပြီ..."

"ထွက်မှာပေါ့... နင်ဘာလို့အတင်းကာရောအနောက်ကနေ ဆွဲဖက်ထားသလဲ... လွှတ်ပါဆိုတာကို မလွှတ်ဘူး... လူကိုအရှက်ခွဲတယ်"

"ဘုရားရေ... ဒါ မတော်တဆ ဖြစ်တာပါနော်... ဒီလိုမဖြစ်ချင်ရင် ကိုယ့်ဖင်ကိုယ်လုံအောင် ခပ်တင်းတင်းပိတ်ထားပေါ့"

"တော်ပြီဟာ ဒီအကြောင်းမပြောနဲ့တော့... "

ဒီအဖြစ်ကို ပြန်ပြောတိုင်း သူ့ဘက်က အမြဲတမ်း မျက်နှာနီနီနဲ့ အရှက်ရသလို 'မောင်' လည်း သူနဲ့ပတ်သက်ပြီး အရှက်ရစရာအဖြစ်တွေ တစ်ပုံကြီးပါ။

တစ်နေ့ 'မောင်' က သူ့ကို မွေးနေ့ပွဲတစ်ခုကို အဖော်ခေါ်သွားခဲ့ပါသည်။ 'ခင်ထား' ကလည်း 'ကိုတေဇ' နဲ့ သူ့ဖါသာလာမယ်ဆိုတော့ 'မောင်' ကလည်း အားကျမခံ သူ့ကို တမင်ခေါ်လာခဲ့တာဖြစ်သည်။

ခါတိုင်းအချိန်တွေထက် ပိုပြီးလှအောင် 'မောင်' က ခြေဖျားမှခေါင်းအထိ အသေးစိတ်ကို ပြင်ဆင်ချယ်သထားခဲ့သည်။ ပိုက်ဆံအိတ်ကို မေမေကိုင်တဲ့ ရွှေရောင်လေးထောင့်အတုံးလေးကိုသာ ယူကိုင်လာခဲ့မိသည်။

မွေးနေ့ပွဲတွေရဲ့ ထုံးစံအတိုင်း မျက်နှာပြပြီးတာနဲ့ ခဏတဖြုတ်ထိုင်ကာ 'မောင်' က ပြန်ဖို့ပြင်လိုက်သည်။ ခန်းမထဲကထွက်လာတော့ အပြင်ရာသီဥတုက အတော်ကြီးကို ပူလောင်နေရသည်။ကားအဲကွန်းကလည်း ချက်ချင်းကြီးတော့ အေးမလာပါ။

သူများတွေထက် ပိုပြီးချွေးထွက်သန်တဲ့ သူ့အဖို့ကတော့ ပိုပြီး ဆိုးနေရပါသည်။ မျက်နှာပြင်တစ်ခုလုံး ရေနဲ့ပက်





ထားသလို ချွေးတွေသီးနေရသည်။

"ဖြစ်ရမယ်... မြင်လို့တောင် မကောင်းဘူး... ရော့ ရော့ ဒီလက်ကိုင်ပုဝါနဲ့ သုတ်လိုက်"

စေတနာနဲ့ 'မောင်' က ပေးလိုက်တာ ဖြစ်ပါသည်။ ပိုက်ဆံအိတ်ထဲမှာပါလာတဲ့ မေမေ့လက်ကိုင်ပုဝါကလည်း နံ့သာဖြူနံ့သင်းနေသော လက်ကိုင်ပုဝါမို့ တမင်ကြွားပြီး ပေးလိုက်မိတာလည်း ဖြစ်သည်။

"အိုက်လိုက်တာနော်... တစ်ကိုယ်လုံး ချွေးတွေထွက်နေတာ မြင်လို့တောင်မကောင်းဘူး"

ဟု သူက ပြောတော့ 'မောင်' က ခေါင်းညိတ်ရင်း...

"နင်က သူများထက်ကို ပိုပါတယ်... ချွေးထွက်လည်း သန်မှသန်... တော်သေးတယ် ပလေကတ်ပုဆိုးတွေ မဝတ်တော့လို့... ယောကျ်ားကြီးဖြစ်ပြီး အမြဲတမ်း ဖင်မှာအကွက်လိုက်နဲ့... ချည်ပုဆိုး ဝတ်ခိုင်းထားတော့ မသိသာတော့ဘူး"

"အဲ့ဒါ အရင်တုန်းကပါ... အခု ပလေကတ်ပုဆိုးတွေ မဝတ်တာဖြင့် ကြာလှပြီကိုး"

"ဘယ်လိုပဲဖြစ်ဖြစ် ဝတ်ခဲ့တာပဲ မဟုတ်လား... မုန်းစရာကြီး"

"အခုကော မုန်းသေးလား"

"မသိဘူး"

သူ့မျက်နှာက လိုအပ်တာထက် ပိုပြုံးပြီး တစ်ခုခုကို ပြောတော့မယ်ဆိုတာကြည့်ယုံနဲ့ 'မောင်' က သိနေပါပြီ။ သူနဲ့ တွဲလာတာကြာလာလေ သူ့ရဲ့ စတတ်သော အကျင့်ကို ပိုသိလာလေပါပဲ။

"တစ်ခုမေးမလို့... မွေးနေ့ပွဲမှာ 'မောင့်' ဘေးနားမှာလာရပ်နေတဲ့ အနီဝမ်းဆက်နဲ့ ကောင်မလေးက ဘယ်သူလဲ... ကြည့်ရတာ ချစ်စရာလေးနော်... သူ့ကိုပဲ လိုက်ကြည့်နေမိတယ်"

'မောင်' မခံချင်အောင်လို့ သူ တမင်ပြောတယ်ဆိုတာ သိပေမယ့်လည်း ရင်ထဲမှာတင်းသွားရသည်။

"သတိမထားမိတော့ မသိဘူး... 'မောင်' ကတော့ တစ်စားပွဲထဲမှာ အတူတူထိုင်နေတဲ့ ခပ်ချောချောလူကိုပဲ အာရုံကရောက်နေမိတာ... 'မောင့်' ကို ကြည့်တာ သုံးလေးငါးခါ မကဘူးသိလား... ပြန်ကာနီး ဖုန်းဆက်မယ်ဆိုပြီး သူက လုပ်ပြတော့ 'မောင်' က ဖုန်းနံပါတ် ရေးပေးခဲ့လိုက်တယ်... တကယ်ဆက်မှာလား မသိဘူး... ဟီး ဟီး ရင်တွေခုန်လိုက်တာ"

ဟုဆိုပြီး တမင် မရှိတဲ့ဇာတ်လမ်းကို ဖန်တီးကာ





ပြောလိုက်မိပါသည်။ သူ ပြောတုန်းကတော့ ကောင်းသည်။ 'မောင်' ပြောတဲ့အခါကျတော့ ဒေါသဖြစ်သလိုနဲ့ ကားကိုဝုန်းကနဲ နေအောင် ဆောင့်ရပ်ပစ်လိုက်လေသည်။

"နေရင်းထိုင်ရင်း ဘာဖြစ်ရတာလဲ..."

သူက အသက်ကို ခပ်ပြင်းပြင်းရှူရင်း 'မောင့်' ကို စိုက်ကြည့်နေ သည်။

"တကယ် ပြောနေတာလား"

"အိုး တကယ်ပေါ့"

'မောင့်' ရဲ့ မျက်နှာက တကယ့်ကို လှိုက်လှိုက်လှဲလှဲပြုံးချိုမြနေတာဟာ သူ့ရဲ့သဝန်တိုစိတ်အပေါ် ကျေနပ်နေမိလို့ပါ။ သူကတော့ 'မောင့်' ရင်ထဲက စိတ်ကူးကို သိပုံမရ။ သံသယစိတ်တွေက အရှိန်တက်နေရပြီ ဖြစ်သည်။

ဘာစကားမှမပြောတော့ဘဲ 'မောင့်' ကိုကြည့်ရင်း မျက်ရည်တွေကျလာရတာကြောင့် 'မောင်' အရမ်းကို လန့်သွားရပါသည်။ အို သူတကယ့်ကို ငိုနေပါလား။ ယောကျ်ားတစ်ယောက်က ဒီလိုမျိုး မိန်းမတစ်ယောက်ရှေ့မှာ ကျရှုံးစွာနဲ့ မျက်ရည်ကျပြတတ်ကြပါသလား။

'ရာဇာ' ဆိုရင်ကော ဒီလိုမျိုး ငိုပြမှာလား မသိ။ 'စိုပြေ'

ကတော့ တကယ့်ကို ငိုနေပါပြီ။ ချစ်သူရဲ့မျက်ရည်ဟာ 'မောင့်' ရဲ့မာနတွေကို ချက်ချင်း အရည်ပျော်ကျသွားစေခဲ့ပါသည်။

ဟန်ဆောင်မှုဆိုတဲ့အတွေးကို အဝေးသို့ ခဏလွှင့်ပစ်လိုက်မိသည်။

"ဘာဖြစ်လို့ငိုတာလဲ... 'မောင့်' ဘက်က ဘာတွေများ နင်နစ်နာအောင် ပြောလိုက်မိလို့လဲ"

ဟု 'မောင်' က မေးတော့ သူက ခေါင်းကိုသာ ခါပြီး ဆက်ငိုနေလေသည်။

"ယောက်ျားဖြစ်ပြီး မျက်ရည်ကျတာ မရှက်ဘူးလား..."

"မျက်ရည်ဆိုတာ ခံစားချက်ရှိမှကျလို့ရတာ... ငါ့ ရင်ထဲမှာ နင့်အပေါ်ချစ်တဲ့စိတ်က ပြင်းထန်လွန်းတော့ မျက်ရည်က သိပ်လွယ်တယ်..."

"ခံစားရအောင် ငါ ဘာတွေများ လုပ်နေလို့လဲ"

"နင် တခြားတစ်ယောက်ကို ဘာဖြစ်လို့စိတ်ဝင်စားသေးလဲ"

"ဒါကတော့ နင် တစ်ဖက်သပ်ပြောတာပဲ... နင် စိတ်ဝင်စားတော့ကော ကောင်းလား"

"ငါက တမင်လျှောက်ပြောနေတာ... မွေးနေ့ပွဲမှာ အနီ





ဝတ်ပြီးလာတဲ့သူ ဘယ်နှစ်ယောက် နင်တွေ့လို့လဲ"

"မသိဘူး... ငါမှ စိတ်မဝင်စားတာ"

"ဘယ်စိတ်ဝင်စားမလဲ... နင် စိတ်ဝင်စားတာက ခပ်ချောချောလူလေ"

'မောင်' အသံထွက်ပြီးကို ရယ်ချလိုက်မိသည်။ တကယ့်ကို 'မောင်' ပြောသမျှစကားတိုင်း အဟုတ်ထင်နေတဲ့ သူပါလား။

"ရယ်ပါ ရယ်ပါ... နင့်ဘဝမှာ အချစ်နဲ့ပတ်သက်ရင် ဖြစ်ချင်တာတွေ ဖြစ်နေတာဆိုတော့ ရယ်နိုင်တာ မဆန်းပါဘူး"

"ပြောလေဆိုးလေပါလား... ငါ့ရှေ့မှာထိုင်နေတဲ့သူက ကလေးအဖေကြီးလေ... ပုံစံကလည်း မည်းသည်းနေတာ... နင် ဘာကိုတွေးပြီး ယုံလိုက်တာလဲ"

သူ့ပုံစံက ဇဝေဇဝါ ဖြစ်သွားပုံရသည်။ ပြီးတော့မှ...

"အေး ဟုတ်သားပဲ"

ဟု ပြောလာသည်။

"ကဲ မျက်ရည်တွေကို သုတ်လိုက်... နင်တို့ယောက်ျားတွေဟာလေ မိန်းမတွေထက်ကို ပိုပြီးမာယာများတယ်သိလား... ရှေ့တင်သာ သေအောင်လွမ်းပြချစ်ပြတာ... ကွယ်ရာကျရင် ခေါက်ထားလိုက်ပါကွာဆိုတဲ့ အစားထဲကကြီးပဲ"

"ငါက ရှေ့တင်ကော ကွယ်ရာကော သေအောင်ချစ်တာ"

"နင်တစ်ယောက်တည်း ချစ်တတ်တာ မဟုတ်ဘူး... ငါလည်းချစ်တတ်တာပဲ... နင့်ကိုချစ်လွန်းလို့ ငါ ဘယ်ကိုပဲသွားသွား ခေါ်သွားတာပဲ မဟုတ်လား... မေမေနဲ့ သွားတဲ့ကိစ္စတွေဆိုရင်လည်း အသိပေးပြီးမှသွားတာ... ပြီးတော့ နင် မကြိုက်တဲ့ကိစ္စတွေလည်း ငါဘာလုပ်သေးလို့လဲ... နေရာတကာ နင့်ဘက်ကကြီးပဲ သိပ်ပြီး ချစ်တတ်တယ်ထင်မနေနဲ့"

ဟု 'မောင်' က ရင်ထဲရှိတာကို ဖွင့်ပြောလိုက်တော့ သူက သဘောတကျ ပြုံးလာသည်။

"ကဲ မျက်ရည်တွေကို သုတ်... အိမ်ပြန်မယ်... တကတည်း ငါ့ငိုလို့ချော့ရတယ်ဆိုတာ မရှိဘူး... သူ့ကိုပဲ ပြန်ချော့နေရတယ် အံ့ပါ့တော်"

'မောင်' ပေးထားတဲ့ လက်ကိုင်ပုဝါကို သူက ဖြန့်ပြီး သုတ်လိုက်တဲ့အခါမှာတော့ 'မောင့်' ရဲ့ အရှက်က လှလှပပကြီးကို ကွဲရပါတော့သည်။

"ဟာ"

ဆိုတဲ့ သူ့ရဲ့အသံကျယ်ကို ကြားလိုက်ရတာကြောင့်





'မောင်' ဘာဖြစ်သလဲဆိုပြီး ကြည့်လိုက်မိပါသည်။ သူ့ကို ကြည့်ပြီး 'မောင်' ငိုချင်သွားရသည်။

တအံ့တသြကြည့်နေတဲ့ သူ့ရဲ့အကြည့်က 'မောင့်' ဆီမှာ ရှိမနေဘဲ 'မောင်' ပေးထားတဲ့ လက်ကိုင်ပုဝါဆီမှာသာ ရောက်နေပါသည်။ အို 'မောင်' ရှက်လိုက်တာ။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ လက်ကိုင်ပုဝါမှာ နည်းနည်းနောနော အပေါက်ကြီး မဟုတ်။

ဘယ်လိုဖြစ်ပြီး အပေါက်ကြီး ဖြစ်နေရသလဲဆိုတာလည်း 'မောင်' မသိ။ မေမေလည်း တစ်ခါမှ 'မောင့်' ကို မပြောပြဘူးပါ။ လက်ကိုင်ပုဝါလေးက တကယ့်ကို နံ့သာဖြူနံ့မွှေးပြီး အသစ်ပဲရှိပါသေးသည်။

မစူးစမ်း မဆင်ခြင့်ဘဲ ယူလာမိတာ 'မောင့်' ရဲ့ အမှားသာဖြစ်ပါတော့သည်။

"ဒါကြီးက ဘယ်လိုဖြစ်တာလဲ"

"မသိဘူး..."

"ဟား ဟား အပြင်ပန်းကြည့်ရင် အသစ်လိုလိုဘာလိုလိုနဲ့ လက်စသတ်တော့ အပေါက်ကြီးကို အင်ထုပြီးကိုင်လာတာကို"

ဟု အညှာအတာမဲ့စွာ ပြောလိုက်သော သူ့စကား

ကြောင့် 'မောင့်' မျက်နှာနီမြန်းသွားရသည်။

"နင် မဟုတ်တာမပြောနဲ့... အပေါက်ကြီးဆို ဘယ်သူကကိုင်မှာလဲ... မသိလို့ ကိုင်လာတာပေါ့..."

"ရယ်ရတယ်... ဒီအတိုင်းခေါက်ထားတော့ ဘယ်သူကမှ အပေါက်ကြီးပါမယ်လို့ ထင်မှာမဟုတ်ဘူး..."

တဟားဟား သဘောတကျအော်ရယ်နေသော သူ့ပုံစံကြောင့် 'မောင်' ဒေါသဖြစ်ဖြစ်နဲ့ သူ့တစ်ကိုယ်လုံးကို လိမ်ဆွဲထုရိုက်ပစ်လိုက်ပါသည်။

"ကိုယ့်ချစ်သူကို နင် ဒီလိုပဲ ကဲ့ရဲ့စရာလား... သူတုန်းကတော့ ငါကချော့ရတယ်... ငါ့ကျတော့ ဟားလိုက်တာ အကျင့်မကောင်းတဲ့ကောင်"

'မောင်' အိမ်ပြန်ရောက်တာနဲ့ ဖြစ်ပျက်ခဲ့သမျှကို မေမေ့အားပြောပြတော့ မေမေက ရယ်သည်။ မေမေ ရယ်နေပေမယ့် 'မောင်' ကတော့ရှက်စိတ်နဲ့ ငိုမိပါသည်။

"ဟိုတစ်ခါ အဝတ်လျှော်တည်းက ကြွက်ကိုက်သွားတာလားမသိပါဘူး... မေမေတောင် မကိုင်တာကြာပြီ... ယူသွားရင်လည်း နည်းနည်းပါးပါး ဖြန့်ကြည့်ပါဦးလား"

"ဘယ်သိမှာလဲ... ခေါက်ရိုးမပျက်တော့ 'မောင်' က





အကောင်းအောင်းမေ့ပြီး ယူသွားလိုက်တာ... အဲ့ဒီကောင်က ဟားလိုက်တာပြောမနေနဲ့"

သူအရှက်ကွဲတုန်းက အားရဝမ်းသာ 'မောင်' ရယ်မိပေမယ့် ကိုယ်ပြန်ပြီး အရှက်ကွဲရတဲ့အခါမှာတော့ 'မောင်' က လေးငါးရက်မက အတွေ့မခံဘဲ စိတ်ကောက်ပစ်လိုက်ပါသည်။

## ၁၄

စာမေးပွဲအောင်စာရင်း ထွက်တဲ့အခါမှာ ကံကောင်းထောက်မစွာဖြင့် 'မင်းထိုက်' က လွဲပြီး 'မောင်' တို့တစ်အုပ်စုလုံး ဂုဏ်ထူးတန်းတက်ခွင့်ရကြပါသည်။

ကျောင်းအပ်တဲ့အခါ 'စိုပြေ' ကပါ 'မောင်' တို့နဲ့အတူတူအပ်လိုက်တော့ တက်ရတဲ့ဆက်ရှင်လည်း အတူတူဖြစ်သွားခဲ့ပါသည်။ ကျောင်းတက်ချိန်လည်း တွေ့ရသည်။ အိမ်မှာစာသင်တဲ့အခါမှာလည်းတွေ့ရသဖြင့် 'မောင်' နဲ့ 'စိုပြေ' နဲ့က ပိုပြီး နီးကပ်လာခဲ့ကြသည်။

'မောင့်' အိမ်ကို သူ အချိန်မရွေး ဝင်ထွက်ခွင့်ရှိသလို၊





သူတို့အိမ်ကိုလည်း 'မောင်' က သွားချင်တဲ့အချိန် ဝင်ထွက်သွားလာယုံပါပဲ။ သူ့ရဲ့ညီနှစ်ယောက်ကလည်း 'မောင့်' ကို ချစ်ကြသည်။

ဒီတစ်ခါ ဖေဖေ ပြန်လာတဲ့အချိန်ကျရင် 'မောင်' တို့နှစ်ယောက်ကိုစေ့စပ်ပေးမယ်လို့ ပြောထားတာကြောင့် နှစ်ယောက်စလုံးပျော်မြူးနေမိကြသည်။

ချစ်သူသက်တမ်းကြာလာလို့ တွဲရတာ ရိုးသွားတယ်ဆိုတာမျိုး 'မောင်' နဲ့ သူနဲ့ကြားမှာ မရှိခဲ့ပါ။ တစ်နေ့တခြား ပိုတိုးပြီးချစ်လာကြတာပဲ ရှိသည်။

'မောင်' က ထုံးစံအတိုင်း သူ့အပေါ်အမြဲတမ်း အနိုင်ကျင့်တတ်တာသာများသည်။ ဖုန်းဆက်မယ်လို့ ပြောထားပြီး တမင်ဖုန်းကို မဆက်ဘဲနေတတ်သလို ချိန်းထားပြီးရင်လည်း မသွားဘဲနေလိုက်တာ ရှိသည်။

ကိုးနာရီဖုန်းဆက်မယ်လို့ 'မောင်' က ပြောထားပေမယ့် ဖုန်းဘေးမှာထိုင်ကာ သူ ဆက်လာမယ့်ဖုန်းကို စောင့်နေမိပါသည်။ ချိန်းထားတာထက် ငါးမိနစ်လောက်နောက်ကျရင်ဖြင့် သူကမအောင့်အီးနိုင်တော့သလို 'မောင့်' ဆီကို ကောက်ဆက်တတ်သည်။

သိပ်မကြာခင်မှာပဲ ဖုန်းသံမြည်လာသည်။

"ဟယ်လို..."

"ကြည့် ပြောတော့ဖြင့် ကိုးနာရီဆက်မယ်ဆိုပြီး မဆက်ဘဲနေတယ်... ဘာလုပ်နေတာလဲ 'မောင်' ရဲ့"

ဟု သူက စိတ်မရှည်နိုင်စွာ မေးလာသည်။

"ဆက်မှာပေါ့... ခုပဲ ဆက်တော့မလို့ဟာကို ဘယ်လိုဖြစ်နေတာလဲ"

"ချိန်းထားပြီး မဆက်တော့ စိတ်ပူတာပေါ့"

"စိတ်ပူရအောင် 'မောင်' က ဘာတွေများ မဟုတ်တာလုပ်နေလို့လဲ ပြောပါဦး"

တစ်ဖက်က 'စိုပြေ' ရဲ့ ညီအငယ်ဆုံး 'ရန်ပြေ' က ဝင်ပြောလာပါသည်။

" ကိုကြီး 'ကိုပြေ' မမ ဖုန်းကိုစောင့်နေတာ ကြာလှပြီ... အိမ်သာတက်ချင်တာတောင် မတက်ဘဲထိုင်စောင့်နေတာ... ရုပ်ကြီးကရယ်ရတယ်"

"ဟုတ်လား... "

"ဟုတ်တယ်... အခု မတက်ချင်တော့ဘူး... ကိုယ့်ချစ်သူရဲ့အသံကိုကြားလိုက်တာနဲ့ အရာအားလုံးကို မေ့ပစ်လိုက်လို့ရ





တယ်"

"ပြောတာပဲ"

"အတည်ပြောနေတာ... ဒါနဲ့ မနက်ဖြန် ကျူရှင်တက်ဖြစ်ချင်မှ တက်ဖြစ်မယ်နော်... မန္တလေးက မေမေ့သူငယ်ချင်းမိသားစုအလည်လာလို့ သွားကြိုပေးရမယ်"

"သွားလေ... ညနေပိုင်းကျူရှင်တော့ တက်မှာမဟုတ်လား"

"တက်မှာပေါ့"

ညနေပိုင်းမှာ ထိုးမုန့်တွေ၊ လမုန့်တွေ၊ တစ်ပုံကြီးဖြင့် 'စိုပြေ' ရောက်ချလာပါသည်။

"နင်ကလည်း တော်တော် မျက်နှာလိုက်တာပဲ... 'မောင်' တစ်ယောက်တည်း စားတတ်တာ မဟုတ်ပါဘူးဟယ်... ငါတို့မှာလည်းပါးစပ်နဲ့ပါ"

ဟု 'ခင်ထား' က ပြောယူရသည်အထိကို ပါလာသမျှအထုပ်တွေကို 'မောင့်' လက်ထဲ ထည့်လိုက်တာ ဖြစ်သည်။ စာသင်တဲ့အခါမှာလည်း ထုံးစံအတိုင်း စားပွဲခုံအောက်ကနေ တစ်ယောက်ခြေထောက် တစ်ယောက်ချိတ်ထားမိကြသည်။

တစ်ခုခုမကျေနပ်ရင် 'မောင်' က ချိတ်ထားတဲ့ ခြေ

ထောက်ကို ခပ်ဆောင့်ဆောင့် ဖြုတ်ပစ်လိုက်တတ်သည်။ အဲ့ဒီအခါကျသူက တောင်းပန်သလို အကြည့်ဖြင့်ကြည့်ကာ 'မောင်' နောက်ကိုတမင်ဆုတ်ထားတဲ့ ခြေထောက်ကို ပြန်ရှာကာ အရင်လို ပြန်ချိတ်ထားတတ်ပါသည်။

တစ်ခါတစ်ခါတော့လည်း 'မောင်' က အကျင့်ယုတ်တတ်ပါသည်။ 'မောင့်' ခြေထောက်အောင်းမေ့ပြီး သူကလှမ်းချိတ်လိုက်ပေမယ့် 'မောင်' ကရှောင်ရှားလိုက်တော့ ဆရာ့ခြေထောက်ကြီးကို 'မောင်' အောင်းမေ့ပြီး လှမ်းချိတ်လိုက်လေသည်။

"ဟာ ငါ့ခြေထောက်ကို ဘယ်သူ လာပွတ်ပြီး ချိတ်ထားတာလဲ... လခွီးမှပဲ"

ဟု ဆရာက အော်တော့ သူ့မျက်နှာပျက်သွားကာ...

"ဟို ဆောရီးဆရာ... ကန်တော့နော်... ကန်တော့"

"မင်းကလည်းကွာ... စာသင်တာ စိတ်ဝင်စားစမ်းပါ... ခြေဆော့လက်ဆော့ မလုပ်စမ်းပါနဲ့"

'မောင်' က ရယ်တော့ သူက မျက်စောင်းလှမ်းထိုးပါသည်။ 'မောင်' နဲ့သူနဲ့ကြားမှာ ရယ်စရာအဖြစ်အပျက်တွေခဏခဏကြုံရပေမယ့် အများစုက 'မောင်' သူ့ကို ဂျောက်ချတာသာများလေသည်။





တစ်နေ့မှာ 'မောင့်' ကို ဘာဆိုဘာမှ မပြောဘဲ၊ 'စိုပြေ' တစ်ယောက် ကျောင်းလည်းမတက်သလို၊ ညနေပိုင်းစာသင်တဲ့အချိန်မှာလည်း ရောက်မလာပါ။

ဖုန်းဆက်လာရင်လည်း 'မောင်' က ခွင့်လွှတ်သေးသည်။ ခုတော့ လုပ်ချင်တာလုပ်ခွင့်ရှိနေသလို ပျောက်ချက်သားကောင်းနေတာဟာ 'မောင့်' ကို စော်ကားနေသလိုပါပဲ။

သူနဲ့ပတ်သက်ရင် 'မောင့်' ဘက်က ဘယ်လောက်အဖြစ်သည်းတယ်ဆိုတာကို သူ မသိတာလည်း မဟုတ်။ 'မောင်' သည် ကိုယ့်ရင်ထဲမှာ ဖြစ်နေတဲ့ပူပင်စိတ်နဲ့ ဒေါသကို အတတ်နိုင်ဆုံးမြိုသိပ်ချကာ မသိချင်ဟန်ဆောင်နေလိုက်သည်။

သူ ဖုန်းမဆက်တဲ့အတွက် 'မောင့်' ဘက်ကလည်းမဆက်ဘဲနေလိုက်သည်။ ဒါပေမဲ့ ညနေဈေးသိမ်းချိန်မှာတော့ သူ ပြန်နေကျလမ်းကို ဝရံတာမှထွက်ကာ တိတ်တဆိတ်ချောင်းကြည့်နေဖြစ်သည်။

'မောင့်' ဘက်က သူ ဆိုင်သိမ်းပြီးပြန်တိုင်း ကားအဖြတ်ကိုနေ့စဉ်ပုံမှန် ချောင်းကြည့်နေကြဆိုတာ သူ မသိပါ။ မသိအောင်လည်း 'မောင်' က လှို့ဝှက်ထားသည်။

ကားအဖြတ်မှာ မြင်လိုက်ရတဲ့ သူ့မျက်နှာက ဖျတ်ကနဲ

ဆိုသလို ခဏကလေးပေမယ့် 'မောင့်' စောင့်မျှော်နေရတဲ့ အချိန်တွေကတော့ ခြေထောက်တွေ တောင့်လောက်အောင်ကို ညောင်းညာလှပါသည်။

ချစ်တဲ့စိတ်ကြောင့် ခြေထောက်ညောင်းတာလောက်ကို 'မောင်' က စာဖွဲ့မနေတော့ပါ။ ခုလည်း စောင့်သာကြည့်နေပေမယ့် သူ ဈေးကိုမလာဘူးလို့ 'မောင်' က တွက်ထားတာပါ။

ဒါပေမဲ့ ကားမောင်းနေတဲ့နေရာမှာ သူ့ကို ပုံမှန်မြင်နေကျအတိုင်း တွေ့လိုက်ရတာကြောင့် 'မောင့်' ရင်ထဲနာသွားရသည်။ ဒီကတော့ ပူပင်စိတ်တွေနဲ့ မျှော်လိုက်ရတာ။ သူ ကဈေးကိုတောင်ရောက်လာလျှက်နဲ့ 'မောင့်' ဆီတစ်ချက်ကလေးတောင် ဝင်မလာနိုင်ဘဲ မေ့ထားရက်သည်။

ပြီးတော့ ပိုပြီး ဒေါသဖြစ်စရာကောင်းတာက ကားရှေ့ခန်းမှာ သူနဲ့အတူတွဲထိုင်သွားတဲ့ မိန်းကလေးတစ်ယောက်ကြောင့်ပါပဲ။ အဲ့ဒီ မိန်းကလေး ဘယ်သူဆိုတာကို 'မောင်' လုံးဝမသိရပါ။

သူ့ရဲ့ကိစ္စမှန်သမျှ 'မောင်' အားလုံးသိနေခဲ့တာပဲ။ မသိရင်လည်း သူကိုယ်တိုင် သိအောင် ဖွင့်ပြောပြခဲ့သည်။ ခုဘာလို့ ဖွင့်ပြောမပြရတာလဲ။ ဒါ မရိုးသားတာ မဟုတ်လား။





အိမ်ပြန်ရောက်ရောက်ချင်း သူ 'မောင့်' ဆီ ဖုန်းဆက်နေကျမို့ ဖုန်းဘေးမှာ ရင်မောစွာနဲ့ စောင့်နေလိုက်ပါသည်။သူ့အိမ်ကပါရမီမှာမို့ ကားကြပ်တာဘာနဲ့ဆို နာရီဝက်နီးပါခန့်ကြာသည်။

ခါတိုင်း 'မောင်' ခန့်မှန်းတဲ့အချိန်မှာ သူ့ဆီက ဖုန်းသံဝင်လာပေမယ့် ဒီနေ့တော့ ဆယ့်ငါးမိနစ်ခန့် ပိုနောက်ကျနေသည်ဟု 'မောင်' က ထင်မိသည်။

ဖုန်းမြည်သံ လေးချက်ကြားပြီးမှ 'မောင်' က ဖုန်းကိုကိုင်လိုက်သည်။

"ဟယ်လို..."

"ဟား အမောပြေလေး... ခုမှပဲ စိတ်ကိုလန်းဆန်းသွားတော့တယ်"

ဟု ပြောနေကြအတိုင်း သူက လေသံချိုလေးနဲ့ ပြောပေမယ့် 'မောင့်' ရဲ့လေသံက အရင်ကလို ပြန်မချိုသာနိုင်ပါ။

"ငါကတော့ နင့်အသံကို ကြားလိုက်ရလို့ အသက်ပါထွက်ချင်သွားတယ် မှတ်ထား"

"အမောတောင် မပြေသေးဘူးကွာ... ဘာဖြစ်နေတာလဲ..."

"နင် ဘာပြောမှာလဲ... ပြောစရာ မရှိရင် ငါ ဖုန်းချလိုက်တော့မယ်"

"အမောပြေ... အမောပြေ... အမောပြေ"

"နင် ရှုးမနေနဲ့... ငါ တကယ်ဖုန်းချပစ်မှာ... နောက်လည်းမှတ်ထား... ငါ့ဆီကို အပိုလုပ်ပြီး ဖုန်းဆက်နေစရာ မလိုတော့ဘူး"

"'မောင်' ကလည်းကွာ... နေရင်းထိုင်ရင်း ပြဿနာရှာနေပြန်ပြီ... ဒီနေ့တစ်နေ့လုံး ကားမောင်းထားရလို့ ပင်ပန်းနေတာ စိတ်မဆိုးစမ်းပါနဲ့... ခု ဈေးကပြန်ရောက်ရောက်ချင်း လွမ်းလွန်းလို့ ဖုန်းဆက်လိုက်တာ"

'မောင်' သည် သူ ပြောသမျှစကားတွေက အလိမ်တွေဆိုတာသိနေတာကြောင့် ဖုန်းထဲကနေ အော်ထည့်လိုက်ပါသည်။

"ဘာ ဈေးကပြန်ရောက်ရောက်ချင်းလဲ... လာမလိမ်နဲ့... နင်ပြန်ရောက်တာ ကြာနေပြီ... ငါ့ထက်အရေးကြီးတဲ့ကိစ္စတွေ နင်လုပ်ပေးလို့ဝမှ ငါ့ဆီကို မကောင်းတတ်လို့ ဖုန်းဆက်လာတာ"

"ဟာ..."

"နင်မှတ်ထားစမ်း... 'မောင်' ဆိုတဲ့မိန်းမက ကိုယ့်ကိုဦး





စားမပေးတဲ့သူကို ဘယ်တော့မှ ကိုယ်ကလည်း ပြန်ပြီးအရေးစိုက်လိမ့်မယ်မထင်နဲ့"

ပြောချင်တာ ပြောပြီးတာနဲ့ 'မောင်' က ဖုန်းကိုဆောင့်ချပစ်လိုက်သည်။ သူ ပြန်ဆက်လာမယ်ဆိုတာကို သိနေတာကြောင့် ဖုန်းပလပ်ကိုပါ ဖြုတ်ထားပစ်လိုက်သည်။ ကဲ ဘာတတ်နိုင်သေးတုန်း။

ဒေါသနဲ့အတူ မျက်ရည်ကပါ အလိုလိုကျလာရ၏။ ဘယ်တုန်းကမှ သူနဲ့ပတ်သက်ပြီး ကိုယ်က နောက်ချန်ရစ်ခဲ့တဲ့သူမဖြစ်ဘူးတာကြောင့် သူ့ရဲ့ လျစ်လျူရှုမှုမှာ ဆတ်ဆတ်ခါနေရသည်။

သိပ်မကြာခင်မှာပဲ 'ဒေါ်နန်း' က အခန်းတံခါးခေါက်ကာ 'စိုးပြေ' ရောက်နေတယ်လို့ လာပြောတာကြောင့် 'မောင်' မျက်နှာကို မဲ့ပစ်လိုက်ပါသည်။

"မတွေ့ချင်ဘူး... ပြန်လိုက်လို့ ပြောလိုက်ပါ"

"သူက သမီးကိုမတွေ့ရရင် မပြန်ဘူးဆိုပြီး တစ်ခါတည်းမှာလိုက်တာ... ထွက်တွေ့လိုက်ပါကွယ်..."

"အို မတွေ့ချင်ဘူး... သူ့နဲ့စကားပြောမိရင် 'မောင်' လူသတ်ချင်တဲ့စိတ်တွေ ဖြစ်လာလိမ့်မယ်"

'ဒေါ်နန်း' ထွက်သွားပြီး ကြာလာတဲ့အခါမှာ 'မောင်' က အခန်းပြင်ကိုထွက်လာခဲ့လိုက်ပါသည်။ သူ ပြန်သွားပြီ အောင်းမေ့ လို့ 'မောင်' ကထွက်လာခဲ့မိပေမယ့် သူက 'မောင့်' လက်ကိုဖျတ်ကနဲဖမ်းဆွဲကာ သူ့ ရင်ခွင်ထဲဆွဲထည့်ပစ်လိုက်လေသည်။

"အို လွှတ် လွှတ်... နင် ဘာလုပ်တာလဲ... လူကိုလုပ်ချင်တိုင်းလုပ်လို့ရမယ် အောင်းမေ့နေသလား... နင့်ကိုငါ မပတ်သက်ချင်တော့ဘူး"

"စကားကို ပြီးစလွယ်မပြောနဲ့ 'မောင်'... တစ်နေ့တလေလေး ဖုန်းမဆက်တာနဲ့ နင် ငါ့အပေါ် ပြတ်ချင်တဲ့စကားတွေ ပြောထွက်တာ သိပ်အံ့ဩဖို့ကောင်းတယ်"

"နင်လုပ်တဲ့အချိုးအချိတ်တွေကကော ဟုတ်လို့လား... ငါလုပ်ချင်တာလုပ်မယ်ဆိုတဲ့ အချိုးမျိုးလာမချိုးနဲ့... ငါ့ဘက်ကလည်း အပြစ်မရှိအောင်နေတယ်... နင့်ဘက်ကလည်း နေပြ... ဖုန်းမဆက်နိုင်ရအောင် နင်က ဘယ်မှာသေနေလို့လဲ... ဘယ်လောက်တောင် အူမြူးပြီး မိုးမမြင် လေမမြင် ဖြစ်နေလို့လည်း ပြောစမ်းပါဦး"

ဒေါ်သနဲ့ပြောနေတာကြောင့် 'မောင့်' ရဲ့လေသံကတိုက်





ခန်းတွင်းမှာ ဟိန်းထလို့နေရသည်။ မေမေ မရှိတာဘဲ တော်ပါသေးသည်။

'ဒေါ်နန်း' ကတော့ ကိစ္စမရှိ။ သူ့ရင်ခွင်ထဲကနေ ဆောင့်ထွက်ကာ ဆိုဖာမှာ ခပ်ကြမ်းကြမ်း 'မောင်' က ထိုင်ချပစ်လိုက်ပါသည်။ စိတ်တိုနေတာကြောင့် သူ့မျက်နှာကို တစ်ချက်ကလေးတောင်မကြည့်ဖြစ်ပါ။

"ဖုန်းဆက်လို့မရလို့ပေါ့ဟ... သွားတာက သုံးခုကိုသွားတာ မနက်လေးနာရီလောက်တည်းက ထသွားတာ... နင့်ဆီကို ဖုန်းဆက်ဖို့ သတိရသေးတယ်... အိပ်ရေးပျက်မှာစိုးပြီး မဆက်တော့တာ... ငါမဆက်ရင် နင်က ဖုန်းဆက်ပြီး မေးပါလား...အိမ်ကိုလည်း မှာခဲ့တယ်... ဆိုင်ကလူတွေလည်း သိတယ်"

"မမေးနိုင်ဘူး... မေးနေရတယ်ဆိုတည်းက အောက်နေပြီ"

"ထားပါတော့... ဒါပေမဲ့ ပြန်ရောက်ရောက်ချင်း ငါ ဖုန်းဆက်တာပဲ မဟုတ်လား"

"အဲ့ဒီလိုပြောလေ နင့်ကို ငါပိုပြီးနာလေပဲ မှတ်ထား... နင်တကယ်ပဲ ပြန်ရောက်ရောက်ချင်း ငါ့ဆီကိုဖုန်းဆက်တာလား ပြော"

သူ ခေါင်းခါနေတာကို မျက်လုံးထောင့်ကနေ 'မောင်' မြင်နေရသည်။

"ဈေးကိုအရင်ဝင်တာ... ပြီးတာနဲ့ အိမ်တန်းပြန်တာပဲ... တကယ် အိမ်ရောက်တာနဲ့ ငါ နင့်ဆီဖုန်းဆက်လိုက်တာပါ... ငါ့ပုံကိုလည်း ကြည့်ဦး... လူကညစ်ပတ်စုတ်ပြတ်နေတာပါဟာ"

"အဲ့ဒီလိုဆို ပြန်ရောက်ရောက်ချင်း ဖုန်းဆက်တယ်ဆိုတဲ့ စကားကို နင်မပြောနဲ့လေ... ငါ ဈေးမှာကောင်မတစ်ယောက်နဲ့ အကြည်စိုက်ခဲ့တယ်... ကားပေါ်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပါးစပ်ပြဲအောင် ရယ်ခဲ့တယ်ဆိုတဲ့စကားကိုပါ ထည့်ပြောပြရမှာ... ပြီးတော့မှ ငါ့ဆီကို မကောင်းတတ်လို့ ဖုန်းဆက်လိုက်တာပါလို့ နင် ဘာလို့မပြောသလဲ"

"'မောင်' ရာ... နင် ပြောတာတွေက..."

"ဘာဖြစ်လဲ ငါပြောတာတွေက အမှန်တွေကြီးပဲလေ... နင်တစ်ခုသိထားစမ်း... ငါ့ကို ယောင်လည်လည်တော့ လာမလုပ်နဲ့... ပြတ်ချင်တယ်ဆိုရင် နင် ပွင့်ပွင့်လင်းလင်းပဲ ပြောပြလို့ရတယ်... ငိုယိုပြမယ့် မိန်းမတွေထဲမှာ ငါ မပါဘူး"

"မဟုတ်ဘူး မဟုတ်ဘူး... ဟာ ဘာပြောရမှန်းတောင် မသိတော့ဘူး... နင် ပြောတာတွေက တစ်ဖက်သတ် ဆန်လွန်း



နေပြီ 'မောင်' ရာ"

'စိုပြေ' ရဲ့စကားသံတွေက တုန်ရီပြီး ထိထိခိုက်ခိုက် ဖြစ်လာလေသည်။ 'မောင်' ကတော့ မသနားပါဘူး။ ကိုယ်ခံစားရတဲ့အခါကျတော့ကော မျက်ရည်ကျရတာပဲ မဟုတ်လား။ ခုဖြစ်နေတဲ့ကိစ္စက သူ မရိုးသားလို့ ဖြစ်ရတာ။

"ငါ ဒီလိုပြောတာတွေ နင် မကြားချင်ဘူးဆိုရင် ရိုးသားစမ်းပါ... "

"ငါ ဘာလုပ်နေလို့လဲ... ခု သွားတာလည်း မေမေတို့လည်းပါတယ်... ဧည့်သည်ကို လိုက်ပို့ပေးတာ... ငါ့မှာအပြစ်ရှိတာဆိုလို့ နင့်ကို ကြိုမပြောမိတာပဲရှိတာ... ဒါကလည်း ငါ မလိုက်ရဘူးထင်လို့... အနားနီးမှ 'ကိုကျော်ကြီး' ဝမ်းတွေလျှောနေလို့ ငါလိုက်ပို့လိုက်ရတာ"

"အဲ့ဒီဧည့်သည်နဲ့ နင်နဲ့ အရမ်းကို အဆင်ပြေနေတယ် မဟုတ်လား... "

"ငါတို့အိမ်မှာ လာတည်းတာဆိုတော့ အလိုက်အထိုက်တော့ ဆက်ဆံရတာပေါ့ဟာ"

"ခါတိုင်း ဘယ်ကိစ္စပဲဖြစ်ဖြစ် နင့်ဘက်က ပြောပြနေကြပါ ဒီကိစ္စကျတော့ နင်ဘာလို့ ဖွင့်မပြောဘဲ နေသလဲ"

"ပြောရလောက်အောင် အရေးမှမပါဘဲ 'မောင်' ရာ... နင်နဲ့ငါနဲ့ကြားမှာ ပြဿနာမဖြစ်အောင်ပဲ နေချင်တယ်"

"ဧည့်သည်တွေက ဘယ်တော့ ပြန်မှာတဲ့လဲ"

"မသိသေးဘူး... ရန်ကုန်မှာနေဖို့ ခြံနဲ့တိုက်လာဝယ်တာ"

"ကြည့်ရတာ နင်နဲ့လက်ထပ်ပြီးရင် နေဖို့ကြိုလာကြည့်ထားတာဖြစ်ရမယ်... မင်္ဂလာဆောင်မယ်ဆိုရင်လည်း ကြိုအသိပေးဦးနော်... လက်ဖွဲ့လေးဘာလေး ကောင်းကောင်း ဝယ်ပေးရတာပေါ့"

'မောင့်' ကိုကြည့်နေတဲ့အကြည့်က တောင်းပန်မှုတွေ၊ အသနားခံမှုတွေနဲ့အတူ ခွင့်လွှတ်မှုတွေပါ ပါနေတာကြောင့်ရင်ထဲကဒေါသက ပြေပျောက်သွားသလိုတော့ရှိသည်။

ဒါပေမဲ့ ကိုယ့်ချစ်သူအပေါ် စိတ်မချတဲ့စိတ်ကိုတော့ ဖျောက်ဖျက်လို့ မရနိုင်သေးပါ။

"နင် ပြန်တော့လေ... ခရီးက ပြန်လာတာဆို... အနားယူလိုက်တော့"

ဟု 'မောင်' ပြန်ဖို့နှင်ပေမယ့် သူက မပြန်ပါ။

"နင်နဲ့အဆင်မပြေမချင်း ငါ ဘယ်လိုလုပ်ပြီး စိတ်အေး





လက်အေးနဲ့ အိမ်ပြန်လို့ရမှာလဲ... နင့် ငါ့ကိုနားလည်ပေးပါ... ငါ့ဘဝမှာ နင်က အရေးကြီးဆုံးဆိုတာ နင် သိထားစမ်းပါ 'မောင်' ရာ"

"နင် ငါ့ကို ပစ်မထားရင် နင်နဲ့ငါနဲ့ကြားမှာ ရန်ဖြစ်စရာဘာ အကြောင်းမှမရှိဘူး"

"ဘယ်တုန်းက ပစ်ထားလို့လဲ"

"ဒီနေ့တစ်နေ့လုံး ငါ ဘယ်လောက်စိတ်ပူရသလဲ နင် သိလား... ငါ့ကိုပစ်ထားပြီး တခြားတစ်ယောက်နဲ့ ပျော်နေတာကို တော့ ငါလက်မခံနိုင်ဘူး"

"နင် မကြိုက်ရင် ငါ စကားတောင် မပြောတော့ဘူးဟာ"

"သေချာလား"

"သေချာတာပေါ့"

"ပြီးစလွယ်တော့ မပြောနဲ့နော်... ငါက နောက်တစ်ခါဆို ခွင့်လွှတ်မှာ မဟုတ်ဘူး"

"တကယ်ပြောတာ... အခုတော့ ငါ့ကို ခွင့်လွှတ်မယ် မဟုတ်လား"

"အင်း ... နင့်ပုံစံကိုကြည့်ပြီး သနားလို့ ခွင့်လွှတ်လိုက်မယ် အိမ်ပြန်ရင် ကားကိုလည်း သေချာဂရုစိုက်ပြီးမောင်းဦး

နော်… ပြီးတော့ ညဘက်ကျရင် ဖုန်းဆက်ဖို့လည်းမမေ့နဲ့"

"အင်းပါ"

စိတ်ချမ်းချမ်းသာသာနဲ့ ပြန်သွားတဲ့သူ့ကိုကြည့်ပြီး 'မောင်' လည်း စိတ်ချမ်းသာလှပါသည်။

ပြန်ကာနီးမှာ မခွဲနိုင်သလို 'မောင်' က သူ့လက်ကိုလှမ်းဆွဲလိုက်ပြီး ခြေဖျားကိုထောက်ကာ သူ့ရဲ့ပါးပြင်ကို နမ်းပစ်လိုက်မိပါသည်။

"နင့်ကို ငါတကယ်ချစ်တာပါ 'စိုပြေ' ရယ်"

ဟု ခပ်တိုးတိုးကလေး ကပ်ပြောလိုက်တော့ သူ က မျက်ရည်ဝဲသော အကြည့်နဲ့ကြည်နူးသလိုကြည့်နေသည်။ မပြန်စေချင်ပေမယ့် ပြန်ရမယ့်အခြေအနေမို့ အခန်းတံခါးကို ခပ်ဖြည်းဖြည်းချင်းပဲ 'မောင်' ပိတ်ပစ်လိုက်မိပါတော့သည်။





## ၁၅

တစ်အိမ်တည်းအတူနေရတဲ့ လူတစ်ယောက်ကို အိမ်ရှင်ဖြစ်တဲ့ ကျွန်တော့်ဘက်က ရှောင်ဖယ်ဖယ် ခပ်စိမ်းစိမ်း ဆက်ဆံရတဲ့ကိစ္စက အတော်ကလေးတော့ ခက်လှပါသည်။

မေမေတို့ကိုလည်း 'မောင်' က 'မာလာ' နဲ့ မဆက်ဆံရဘူးလို့ ဖွင့်ပြောပြရင် 'မောင့်' အပေါ်တစ်မျိုး မြင်မှာစိုးတာကြောင့် ဖွင့်ပြောမပြဘဲ ကျွန်တော့်ဖါသာ တတ်နိုင်သလောက် ရှောင်ရှားကာနေမိသည်။

ခက်နေတာက 'မာလာ' ပါပဲ။ ကျွန်တော့်ဘက်က

ရှောင်ရှားနေတာကိုသိပါလျှက်နဲ့ အတင်းကာရော လိုက်လံပတ်သက်ကာ ရင်းရင်းနှီးနှီးဆက်ဆံတတ်ပါသည်။

'မာလာ့'အမေ အန်တီ 'ခိုင်မာ'ကလည်း ကျွန်တော့်ကို သူ့သားအရင်းလို ချစ်ခင်တာကြောင့် စိတ်တွေညစ်နေရသည်။ 'မောင်'သာ အရင်လိုအိမ်ကို လိုက်လည်မယ်ဆိုရင် သူတို့သားအမိနှစ်ယောက် ဆက်ဆံတဲ့ပုံကိုကြည့်ပြီး ပြဿနာကောင်းကောင်းတက်တော့မှာ သေချာနေပါသည်။

" 'ကိုပြေ' က ကျောင်းတက်လိုက် ဈေးသွားလိုက်နဲ့ တစ်နေ့တစ်နေ့ အိမ်မှာကပ်တယ်ဆိုတာကို မရှိဘူး... 'မာလာ' က အပြင်သွားချင်ရင် 'ကိုပြေ' အားတဲ့အချိန်ကိုပဲ စောင့်နေတာ"

ဟု 'မာလာ့'စကားကို သူ အားနာနာနဲ့ပဲ ငြင်းပစ်လိုက်ရပါသည်။

" 'မာလာ' သွားချင်ရင် ဆိုင်ကတစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းပေးမယ်လေ... ကျွန်တော့်ကို စောင့်မနေပါနဲ့... ကျွန်တော်က အားတာမဟုတ်ဘူး"

"ကျောင်းပိတ်ရက်တော့ အားမှာပါ... 'မာလာ' တို့ကလည်း ပြန်တော့မှာဆိုတော့ မနက်ဖြန် ကျောင်းပိတ်ရင် 'ကိုပြေ' လိုက်ပို့ပေးပါလားဟင်"





ကျွန်တော် ငြိမ်သက်နေတာကို မေမေက ဝင်ပြောလိုက်သည်။

"ပို့ပေးလိုက်ပါ သားကြီးရယ်... တစ်နေ့ တစ်နေ့ 'မာလာ' ကပျင်းနေတာ... အိမ်ကလည်း ငွေချေဖို့ပဲ ကျန်တော့တာဆိုတော့မပြန်ခင် နေရာနှံ့အောင် လိုက်ပို့ပေးလိုက်"

" 'မောင့်' ကိုပါ ခေါ်သွားလိုက်မယ်... 'မာလာ' အဖေါ်ရအောင်လို့လေ"

ဟု ကျွန်တော် ပြောတော့ မေမေ့မျက်နှာ ပျက်သလိုဖြစ်သွားရသည်။ 'မာလာ' တို့ကွယ်ရာကျတော့...

" 'မခိုင်မာ' က သားနဲ့သူ့သမီးကို အရမ်းသဘောတူနေတာ မေမေ့ကိုပြောနေလို့ မေမေက သားသဘောလို့ပဲ ပြောထားတာ... မေမေ့အနေနဲ့ကျတော့ ငယ်သူငယ်ချင်းတွေလေ... ငြင်းရခက်နေတယ်"

"ဟာ ဖြစ်မှမဖြစ်နိုင်တဲ့ ကိစ္စကို... 'မောင်' နဲ့ကျွန်တော်နဲ့ပဲစေ့စပ်ကြတော့မှာ မေမေလည်း သိသားနဲ့"

"အဲ့ဒီအခါမှပဲ မေမေက သိစေချင်တော့တာ... "

ကျွန်တော့်ရင်ထဲ လေးလံသွားရသည်။

" 'မာလာ' ကလည်း သားကို သဘောကျနေသလိုပဲ...

'မောင့်' ကိုခေါ်သွားရင် ပြဿနာတက်မှာ မေမေသိနေတယ်... 'မောင်' က စိတ်ခပ်ဆတ်ဆတ်ရယ်"

"ဒါဆို ကျွန်တော်တို့နှစ်ယောက်တည်း သွားရမှာလား"

"သွားလိုက်ပါကွယ်... 'မောင်' သိတော့လည်း မေမေတို့ ပို့ခိုင်းလိုက်လို့,လို့ ပြောလိုက်ပေါ့"

'မောင့်' ဆီမှာ အကျိုးအကြောင်း ပြောပြပြီး ခွင့်တောင်းလို့လည်း ဘယ်လိုနည်းနဲ့မှ လက်ခံမယ်မထင်ချေ။ ပထမတစ်ခါတုန်းကတောင် ဒေါသကထွက်ပြီး ပြတ်မယ်အထိတောင် ဖြစ်နေမှတော့ အသိမပေးတာက ပိုပြီး သင့်တော်ပါလိမ့်မည်။

ဖွင့်ပြောချင်ပေမယ့် ဖွင့်မပြောဘဲနေတာဟာ ကျွန်တော် 'မောင့်' ကိုသိပ်ချစ်လွန်းလို့ပါပဲ။ 'မောင့်' ရင်ထဲမှာ ကျွန်တော်နဲ့ ပတ်သက်ပြီး ရင်ပူသောကတွေ မကြုံတွေ့စေချင်တာ ကျွန်တော့်ရဲ့စေတနာပါ။

"မနက်ဖြန် ကျောင်းပိတ်တယ်နော်... ကျူရှင်ကလည်း မရှိဘူး... ဘာလုပ်မှာလဲ ပြော"

ဟု ညဘက်ဖုန်းဆက်တော့ 'မောင်' က မေးလာသည်။

"ဘာလုပ်ရမှာလဲ... ဆိုင်ထိုင်မယ်... နေ့ခင်းဘက် 'မောင့်' ဆီ ခဏလာခဲ့မှာပေါ့ကွာ... ဘာစားချင်သလဲ ... ဝယ်လာခဲ့ပေးမယ်"





ကျွန်တော် 'မာလာ့' ကို အပြင်လိုက်ပို့ပေးဖို့ ကိစ္စကိုတော့ ချန်ထားခဲ့လိုက်ပါသည်။ 'မောင်' ကျေနပ်မှ လစ်တဲ့အချိန် ပို့ပေးဖို့စိတ်ကူးထားလိုက်၏။

"ညဘက် ဘုရားသွားချင်တယ်... ဆိုင်သိမ်းပြီး လိုက်ပို့ပေးပါလား... အိမ်ကိုပြန်ပြီးမှ သပ်သပ်တစ်ခေါက် ပြန်လာခေါ်လေ"

"တစ်ခါတည်း လိုက်တော့ကော ဘာဖြစ်မှာမို့လို့လဲ"

"မလိုက်ချင်ပါဘူး... ချည့်သည်တွေ ရှိသေးတယ်မဟုတ်လား အဲ့ဒီချည့်သည်သားအမိကလည်း ကြာလိုက်တာ... တကတည်း ခမည်းခမက်အိမ်လာလည်တာကျနေတာပဲ"

ရိုးရိုးသားသား ပြောလိုက်တဲ့ 'မောင့်' ရဲ့စကားကို ကျွန်တော်လန့်သွားရသည်။

"ဖေဖေ ခိုင်းစရာမရှိရင် လိုက်ပို့ပေးမယ်လေ... ကြွေးသိမ်းစရာရှိနေရင် အိမ်ပြန်နောက်ကျမှာစိုးလို့"

တစ်ပတ်မှာ သုံးလေးရက်က မြို့ထဲရှိ စတိုးဆိုင်တွေကနေ အထည်ကြွေးတွေ လိုက်သိမ်းရတယ်ဆိုတာကို 'မောင်' သိနေတာကြောင့် ပြောလိုက်ခြင်းဖြစ်သည်။

'မာလာ' ကို ဈေးကအပြန် သွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်လို့ ပြောထားတဲ့ကတိကိုလည်း တည်ချင်တာပါသေးသည်။

"ဟင်း ဒီရက်ကျမှပဲ အလုပ်ပေါ်ရင်တော့ ဒုက္ခပါပဲ..."

"နောက်တစ်ရက် သွားလေကွာ... "

"မသွားချင်ပါဘူး... နက်ဖြန်ပဲ သွားချင်တာ... ဘာလို့သွားချင်သလဲ နင်သိလား... မေးလည်း သိမှာမဟုတ်ပါဘူး"

"ဘာနေ့မို့လို့လဲ"

"မသေမချင်း မှတ်ထား... မနက်ဖြန် နင့်မွေးနေ့လေ... ဖြစ်ရမယ် မွေးနေ့ရှင်ကမသိဘူး... ဘေးလူက သိနေရတယ်"

"ဟာ ဟုတ်သားပဲ... လုံးဝကို မေ့နေတယ်"

ကျွန်တော် တကယ့်ကို သတိမရပါ။ မွေးနေ့ရောက်တိုင်းလည်း တကူးတက ကြီးကြီးကျယ်ကျယ် မလုပ်ဖြစ်တာမို့အရေးမထားမိတာလည်း ပါသည်။

'မောင်' က သတိတရ ရှိနေသဖြင့် ကျွန်တော့်ရင်ထဲ ဖော်မပြတတ်အောင် ဝမ်းသာလုံးဆို့နေရပါသည်။ 'မောင့်' ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တာကြောင့်...

"ဒီလိုလုပ်လေ... မနက်စောစော သွားမလား... လိုက်ပို့



ပေးမယ်... အပြန်ကျ ဒင်းမ်ဆမ်း ဝင်စားမယ်လေ"

ဟုပြောတော့ 'မောင်' က အင်တင်တင်နဲ့ ငြင်းသည်။

"မနက်ဖြန် ဖေဖေ မနက်ပိုင်းဖုန်းဆက်မယ်လို့ ပြောထားတယ် မေမေတောင်မှ ဆေးခန်းကို နောက်ကျပြီးမှ သွားမှာ... ဘာမှာစရာရှိလို့လည်း မသိပါဘူး... ကြည့်ရတာ နင်နဲ့ငါ စေ့စပ်ပွဲအတွက် တိုင်ပင်မလို့နဲ့တူပါတယ်"

"ရင်တောင် ခုန်လာပြီ"

"တော်ပါပြီ... နေ့ခင်းပိုင်းပဲ လာခဲ့လိုက်တော့... နင့်အတွက်မွေးနေ့လက်ဆောင် ဝယ်ထားတယ်... ဆိုင်ကလူတွေကိုလည်း မုန့်ကျွေးမယ်"

"ကောင်းလိုက်တာ... ဘာဖြစ်လို့များ ငါ့ကုသိုလ်ကံက ဒီလောက်တောင် ကောင်းရသလဲ မသိဘူးနော်"

"ဘာကိုလဲ..."

"ဩော် သိပ်ချစ်စရာကောင်းတဲ့ ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ရလို့လေ"

"အပိုတွေ... ဒါပဲနော်... မနက်ဖြန်ကျရင် ငါ ဝယ်ပေးထားတဲ့ ရှပ်အင်္ကျီအပြာနုလေးနဲ့ ပုဆိုးအနက်ကွက်စိပ်လေးလေ သိတယ်မဟုတ်လား... အဲ့ဒါ ဝတ်လာခဲ့"

"ဟာ ဟိုတစ်နေ့ကတင် ဝတ်ထားတာလေကွာ… နောက်တစ်စုံထပ်ပြော"

ခုနောက်ပိုင်း ကျွန်တော် ဝတ်သမျှအဝတ်အစားတိုင်းကို 'မောင်' က ရွေးချယ်ပေးတာဖြစ်သည်။ သူ ပြောတာများ မဝတ်မိရင် တစ်နေကုန်ဂျီကျလို့မဆုံးတော့ပါ။

နောက်ဆုံး အိမ်ပြန်လဲလိုက်မှပဲ ကျေနပ်သွားပါတော့သည်။ တစ်ပတ်မှာ 'မောင်' က သုံးရက်ခြားတစ်ခါလောက် အိမ်ကို လိုက်လာပြီး သူ့ကိုယ်သူ အိမ်ရှင်မကြီးသဖွယ် ကျွန်တော့်ရဲ့ဘီရိုကိုဖွင့်ကာ အင်္ကျီတွေစီပေးတတ်သည်။

တစ်ခါတည်း အိမ်နေရင်း ဝတ်ရမယ့် အဝတ်အစားက အစ ဘာပြီးရင် ဘာဝတ်ရမယ်ဆိုတာကိုပါ မှာကြားသွားတတ်ပါသည်။ သေးသေးမွှားမွှားလေးကအစ ကျွန်တော်နဲ့ပတ်သက်ပြီး သူမ စိတ်တိုင်းကျ လုပ်ခိုင်းနေတာကို ကျွန်တော်ကလည်း ကျေကျေနပ်နပ်နဲ့ နာခံမြဲဖြစ်သည်။

သူမသာ မရှိတော့ရင် ကျွန်တော် အဝတ်အစားတောင် ဝတ်တတ်ပါ့မလားပင် မသိတော့ပါ။

"မသိဘူး… အဲ့ဒီဝတ်စုံပဲ ထပ်ဝတ်ခဲ့… အဲ့ဒီအင်္ကျီနဲ့ပုဆိုးလေးဝတ်ထားရင် ငါနင့်ကို ဘယ့်လိုချစ်မှန်းကို မသိပါဘူး…





ချစ်လွန်းလို့ အသည်းယားပြီး ဝါးတောင်စားပစ်ချင်တယ်"

ဟု အံပိုစကားပြောတာကိုပင် ကျွန်တော့်မှာ တဟီးဟီးနဲ့ သဘောတကျ ဖြစ်လို့နေရသည်။ သူမ နှုတ်က ချစ်တယ်စကား ကြားရဖို့က လွယ်ကူတာ မဟုတ်။

တစ်ချိန်လုံး အနိုင်ယူတဲ့စကား၊ ဂျုတ်ဆတ်ဆန် ဂျစ်ကန်ကန် စကားတွေသာ ပြောနေပြီး တစ်ခါတစ်ခါ စိတ်လိုလက်ရရှိမှ ခုလိုမျိုး ကြည်ကြည်သာသာနဲ့ ချစ်တယ်ဆိုတဲ့စကားမျိုး ထွက်လာတာဖြစ်သည်။

"ငါ့ကို ဒီလို အပြောတွေနဲ့ပဲ နင် ရူးအောင်လုပ်နေသလား… မနက်ဖြန်ကျရင် ကြည့်… နင် ပြောတဲ့အတိုင်းပဲ ဖြစ်စေရမယ်"

ကြည်ကြည်သာသာနဲ့ ဖုန်းပြောလို့ ပြီးသွားတာကြောင့် ကျွန်တော့်မျက်နှာက ပြုံးနေရပါသည်။ အခန်းထဲကထွက်လာတော့ 'မာလာ' က ကျွန်တော့်ကိုစောင့်နေပုံနဲ့ တန်းပြောလာသည်။

"အိပ်များ အိပ်နေပြီလားလို့ 'ကိုပြေ' ရယ်… 'မာလာ' တို့က သဘက်ခါပြန်တော့မှာနော်… မနက်ဖြန်တစ်ရက်ပဲ ရှိတော့တာ… 'မာလာ့' ကို ဈေးတို့ဘုရားတို့ လိုက်ပို့ပေးဦးလေ…

အပြင်မှာပဲထမင်းစားလိုက်ကြမယ်... ‘မာလာ’ ကျွေးပါ့မယ်”

“ဟာ ရပါတယ်... မနက်ဖြန် ဈေးကပြန်လာရင် လိုက်ပို့ပေးမယ်လေ... နေ့ခင်းပိုင်း ဈေးကိုလာချင်ရင်လည်း လာခဲ့လိုက်ပါလား နှစ်ဆိုင်စလုံး ရောက်ဖူးသွားတာပေါ့”

“အင်း လာခဲ့မယ်”

‘မာလာ’ ရောက်လာရင် ဆိုင်ကတစ်ယောက်ယောက်နဲ့ သွားချင်တဲ့နေရာ လိုက်ပို့ခိုင်းလိုက်မည်ဟု ကျွန်တော်က ကြိုတွေးထားလိုက်မိသည်။

နောက်တစ်နေ့ ဈေးကနေ ထမင်းမစားခင် ‘မောင့်’ ဆီကိုဖုန်းခေါ်လိုက်ပါသည်။

“လာရတော့မလား... ဘာဝယ်ခဲ့ရမလဲ... ဒီမှာ ထမင်းမစားရသေးဘူး”

ဟု ပြောတော့ ‘မောင်’ က ...

“မလာနဲ့ မလာနဲ့... ‘မောင်’ အခုပဲ လာတော့မလို့... စားစရာတွေ မျိုးစုံဝယ်ထားတယ်... ဟီး ဟီး တစ်ယောက်တည်း မနိုင်လို့ ‘ခင်ထား’ ကိုပါ ခေါ်လာခဲ့မယ်”

“လာသယ်ပေးရမလား... ပင်ပန်းပါတယ်ကွာ... ဘာတွေ အများကြီးဝယ်ထားတာလဲ”



“လာတော့ကြည့်ပေါ့”

‘မောင်’ ရောက်လာမယ့် အချိန်ကို ကျွန်တော် ရင်ခုန်စွာနဲ့စောင့်မျှော်နေမိပါသည်။ ဆိုင်ကလူတွေကလည်း စားစရာတွေပါလာမယ်ဆိုသဖြင့် အားတက်သရော စောင့်ကာနေသည်။

‘မောင်’ လာရလွယ်အောင် ကျွန်တော်က ပလာဇာက ဆိုင်မှာထိုင်ဖြစ်ပါသည်။ ဖေဖေက မင်္ဂလာဈေးကဆိုင်မှာ ထိုင်နေသည်။

သိပ်မကြာခင်အချိန်မှာပဲ အထုပ်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ‘မောင်’ နဲ့ ‘ခင်ထား’ ရောက်လာသည်။ ‘မောင့်’ မျက်နှာက ချွေးစို့နေပေမယ့် မပင်ပန်းသလို ကြည်သာနေတာ သိပ်ချစ်ဖို့ကောင်းနေရသည်။

“အံမယ်လေး... ‘မောင်’ တို့ကိုတော့ မပြောချင်ဘူး... မွေးနေ့ဆိုရင် လက်ဆောင်ပစ္စည်း ဝယ်ပေးလိုက်တာနဲ့ တာဝန်ကျေနေတဲ့ဟာကို... သူက လက်ဆောင်ကော စားစရာကော စုံနေတာပဲ... ပိုကို ပိုလွန်းတယ်”

“ဟဲ့ အမြဲတမ်း သူဝယ်ကျွေးတာကြီးပဲ စားနေရတာလေ... တစ်ခါတလေတော့လည်း ကိုယ်က ပြန်ဝယ်ကျွေးချင်သေးတာပေါ့ ဘူးတွေကို ဖွင့်လိုက်... ထမင်းကြော်ကော ချိုချဉ်ကြော်

ကော အသားကင်တွေပါ ဝယ်လာတယ်"

ဆိုင်ရှိလူအားလုံးကိုတွက်ပြီး လောက်အောင် ဝယ်လာတာကြောင့် တန်ဖိုးအားဖြင့်တွက်ရင် မနည်းမနောပါပဲ။ 'မောင့်' ရဲ့စေတနာနဲ့ ဂရုစိုက်မှုတွေကိုကြည့်ပြီး ရင်ထဲမှာ ကြည်နူးရလွန်းတာကြောင့် ကျွန်တော့်ရင်တွေ အလိုလိုပြည့်လာရသည်။

"နင်လည်း စားလေ... ဘာထိုင်လုပ်နေတာလဲ"

"မစားချင်တော့ဘူး... နင့်မျက်နှာကို မြင်ရတာနဲ့ အလိုလိုရင်ပြည့်သွားပြီ... အချစ်ရဲ့တန်ခိုးပဲ ဖြစ်လိမ့်မယ်"

"ကဲ လာဦး ... ပေးစရာ ရှိသေးတယ်"

ဟုဆိုကာ ကျွန်တော့်လက်ကိုဆွဲပြီး ဆိုင်ထောင့်ဘက်သို့ခေါ်လာပါသည်။ 'မောင်' က ပက်ကင်ထုတ်ထားသော ဘူးလှလှလေးတစ်ခုကို ကျွန်တော့်အားပေးသည်။

"ဘာလဲ..."

"ဖွင့်ကြည့်ပေါ့"

ကျွန်တော် ဖွင့်ကြည့်လိုက်တော့ ခဲငွေရောင် Rado အမျိုးအစားနာရီလေးပါ။ တန်ဖိုးကြီးသော ပစ္စည်းဆိုတာ သိနေတာကြောင့် ယူရမှာ အားနာသွားရပါသည်။

"ဒီလောက်ဈေးကြီးတာကြီး ဘာလို့ဝယ်ပေးတာလဲ ...



နှမြောစရာကြီး"

"အချစ်နဲ့ဝယ်ပေးတဲ့ ပစ္စည်းတစ်ခုကို တန်ဖိုးကြီးတယ် နည်းတယ်တွက်ဆလို့ရသလား... လောကမှာ အချစ်လောက် ဘယ်အရာကမှ တန်ဖိုးမရှိဘူးဆိုတာ နင် မသိဘူးလား... တန်ဖိုးတွေဘာတွေထည့်တွက်နေမယ်ဆိုရင် ငါ့လည်ပင်းမှာ ဒီ ပလက်တီနမ်ဆွဲကြိုးတောင် ရှိနေမှာမဟုတ်ဘူး"

ကျွန်တော့်မျက်လုံးက 'မောင့်' ရဲ့ လည်ပင်းဆီကို ရောက်သွားရသည်။ ချစ်သူတွေဖြစ်ပြီး သိပ်မကြာခင် ကျွန်တော် ဝယ်ပေးခဲ့တာပါ။ ကျွန်တော် ဝယ်ပေးတဲ့ဆွဲကြိုးလေးကို 'မောင်' က အမြဲတမ်းလိုလို ဆွဲထားတာကြောင့်လည်း ရင်ထဲမှာ ကြည်နူးရသည်။

"ခုပတ်ထားတဲ့ နာရီကိုချွတ်လိုက်တော့... ဒီနာရီပဲ ပတ်ထားအမြဲတမ်းနော်"

"မင်း သဘောပါ"

"ကျန်သေးတယ်... ဟို ဘူးကြီးကို ဖွင့်ကြည့်လိုက်ဦးလေ"

A &T မုန့်ဘူးလေးထောင့်ကြီးကို ကျွန်တော် ခုမှပဲ မြင်ပါတော့သည်။ 'မောင်' တို့ကတော့ အကွက်စေ့အောင်ကို လုပ်လာတာပါပဲ။

'မောင့်' ရဲ့ ဂရုတစိုက် ရှိမှုတွေကြောင့် ဆိုင်ကလူတွေရှေ့မှာ ကျွန်တော့်မျက်နှာ အတော်ကလေး ပွင့်လာရသည်။

ကိတ်မုန့်ဘူးကိုဖွင့်လိုက်တော့ လှပစွာဖြင့် cream အဖြူနဲ့ အနီစပ်ထားသည့် အသည်းပုံကိတ်မုန့်ကြီးက စားရမှာပင် နှမြောစရာပါ။

"ဒါ ရှယ်အော်ဒါပေးပြီး အပ်ထားတာနော်... ကိတ်မုန့်ထဲကိုကြည့်လိုက်စမ်း... အသည်းလေးနှစ်ခု ထပ်နေတာတွေ့လား... အဲ့ဒါ နင်နဲ့ ငါပေါ့... ဘယ်တော့မှ မခွဲဘူးဆိုတဲ့သဘော နားလည်လား"

"စားရမှာတောင် နှမြောလာပြီ... သိမ်းထားလိုက်တော့မယ်ကွာ"

"'ကိုပြေ'... စားချင်ပြီကွာ... ထမင်းစားပြီးရင် အချိုတည်းရအောင်လို့ 'မောင်' က စေတနာနဲ့ ဝယ်လာတာကို မင်းကဘာပိုနေရတာလဲ... လှီးတော့ကွာ"

"ဟုတ်တယ်... ငါလည်း စားချင်လာပြီ... နင် မစားရင်ငါတို့ဖါသာ လှီးစားလိုက်တော့မယ်"

'ခင်ထား' ကပါ ဆိုင်ကလူတွေနဲ့ အပြိုင် ပြောလာတဲ့အတွက် ကိတ်မုန့်ကိုလှီးဖို့ ကျွန်တော် သဘောတူလိုက်ရသည်။





"'မောင့်' ကိုမေး... 'မောင်' သဘောတူရင် အားလုံးစားလို့ရပြီပဲ"

"ခဏနေဦးလေ... ဖယောင်းတိုင် ထွန်းရမယ်... ဖယောင်းတိုင်မီးမှုတ်ပြီးမှ 'မောင်' ကိုယ်တိုင် လှီးပြီးတော့ အကုန်လုံးကိုကျွေးမယ်"

"ဘယ်မှာလဲ ဖယောင်းတိုင်က..."

"ဝယ်ရမှာပေါ့... ဓါးကတော့ တစ်ခါတည်း ယူလာတယ်... ခဏစောင့်... ဟိုးထိပ်ကဆိုင်မှာ ရှိတယ်မဟုတ်လား... ငါ သွားဝယ်လိုက်မယ်"

"နေ နေ... တစ်ယောက်ယောက်ကို ဝယ်ခိုင်းလိုက်မယ်"

"ရတယ်... ကိုယ့်စိတ်ကြိုက် ရွေးချင်လို့ ကိုယ်တိုင်သွားတာကို"

'မောင်' က ကျွန်တော် တားနေတဲ့ကြားကပင် အပြေးထွက်သွားခဲ့ပါသည်။ ဒီအချိန်အထိ ကျွန်တော့်ရင်ထဲမှာ တကယ့်ကိုရွှင်လန်းပြီး စိတ်ချမ်းမြေ့နေခဲ့တာပါ။ ကံဆိုးမယ့်အဖြစ် ရောက်လာမယ်မှန်းသိရင် 'မောင့်' လက်ကို အတင်းဆွဲပြီး ခေါ်ထားလိုက်မှာပေါ့။

"'မောင်' တစ်ယောက်တည်း ထွက်သွားပြီ... ငါ လိုက်

သွားလိုက်မယ်... ကိတ်မုန့်ကို သေချာကြည့်ထားဦးနော်... နင့်ဆိုင်ကလူတွေက လွယ်တာမဟုတ်ဘူး... 'မောင်' က သူကိုယ်တိုင်မလှီးရဘဲ စားလိုက်လို့ကတော့ ရှင်းလို့ရမှာကို မဟုတ်ဘူး... သူ့မှာ ဒီကိတ်မုန့်ကြီးကို အပင်ပန်းခံပြီး မထိခိုက်မပွန်းပဲ့အောင် ဂရုတစိုက်နဲ့ သယ်လာရတာ"

"အေးပါ... ငါ ကြည့်ထားလိုက်ပါ့မယ်"

ဟု 'ခင်ထား' ကို ပြောရင်း ကျွန်တော့် မျက်လုံးက 'မောင်' ထွက်သွားတဲ့နောက်ကိုသာ စိတ်မချသလို လိုက်ပါလျှက် ရှိနေရသည်။

"'ကိုပြေ' 'မောင့်' ကို စရင်ကောင်းမယ်နဲ့တူတယ်...ဒီကိတ်မုန့်ကြီးကို ဖွက်ထားလိုက်ရမလား"

"ဟာ မလုပ်နဲ့ မလုပ်နဲ့... ငါ့ ချစ်သူလေး စိတ်ဆိုးသွားလို့ မွေးနေ့ပွဲက မလှမပဖြစ်သွားဦးမယ်"

"မင်းကတော့ တကယ်ကံကောင်းတာ... 'မောင့်' ပုံစံကို ကြည့်ရင် မင်းကို သိပ်မချစ်သလိုပဲ... ခုတော့လည်း သူ့လောက် ဂရုတစိုက်ရှိတဲ့ချစ်သူမျိုး ကမ္ဘာပတ်ရှာတောင် မတွေ့တော့မယ်ပုံ"

ကျွန်တော် ပြုံးနေလိုက်သည်။ ဒီအချိန်မှာပဲ ကျွန်တော့် မျက်လုံးထဲကို 'မာလာ' နဲ့ အန်တီ 'ခိုင်မာ' က ရောက်လာခဲ့ပါ





သည်။

"ဟယ် 'ကိုပြေ' တို့ ဘာလုပ်နေတာလဲ... စားစရာတွေကလည်း နည်းနည်းနောနော မဟုတ်ဘူး... ဟင် ဒီမှာလည်း ကိတ်မုန့်ကြီးတော့... လှလိုက်တာ... မြင်တာနဲ့ စားချင်လာပြီ... 'မာလာ' ကို ကျွေးမှာလားဟင်"

"ကျွေးပါတယ်... ဒီနေ့ ကျွန်တော့်မွေးနေ့မို့လို့ ဆိုင်က လူတွေကို အလှူလုပ်နေတာလေ... 'မာလာ' ကော ဘာစားချင်သလဲ"

"'မာလာ' ကို ကြိုပြောရင် 'ကိုပြေ့' အတွက် မွေးနေ့လက်ဆောင် ဝယ်လာခဲ့တာပေါ့... ခုလည်း အရေးမကြီးပါဘူး... ပလာဇာရောက်နေပြီပဲဟာ... တစ်ခါတည်း ဝယ်ပေးလိုက်မယ်"

"ဟာ နေပါစေ... မွေးနေ့လက်ဆောင် ပေးစရာမလိုပါဘူး... ဘယ်သူကမှလည်း မွေးနေ့လက်ဆောင် မပေးကြဘူး... ကျွန်တော်ကလည်း မယူဘူး"

"'မာလာ' ကတော့ အမှတ်တရ ပေးရမှာကိုကျေနပ်မှာ"

"ဟုတ်တယ်... ကိုယ့်လူအချင်းချင်း မပေးလို့ ဘယ်ရမှာလဲ... တန်ဖိုးကြီးတာ ဝယ်ကိုဝယ်ပေးရမယ်... အန်တီကိုယ်တိုင် သားအတွက် အကောင်းဆုံး ဝယ်ပေးမယ်"

"ရပါတယ် အန်တီရာ"

'မောင်'မြန်မြန် ပြန်ရောက်လာပါစေဟုသာ ကျွန်တော် ဆုတောင်းနေမိပါသည်။ 'မောင်' ရောက်လာရင်ဖြင့် 'မာလာ' နဲ့မိတ်ဆက်ပေးမည်ဟုလည်း ကြိုတင်ကာ စဉ်းစားထားမိသည်။ 'မောင်'ဟာ ကျွန်တော့်ရဲ့ချစ်သူဆိုတာကို 'မာလာ'တို့သားအမိ သိသွားရင် ကိစ္စတစ်ခုက မဖြေရှင်းရဘဲ ပြီးဆုံးသွားနိုင်သည် မဟုတ်လား။

'မောင့်' ကို လည်ပင်းလိမ်ကာ မျှော်နေမိတဲ့အချိန်မှာ 'မာလာ'က မထင်မှတ်တဲ့ လုပ်ရပ်ကို လုပ်ချလိုက်ပါသည်။

"ဒီကိတ်မုန့်ကြီးကို လှီးပြီး မကျွေးသေးဘူးလား 'ကိုပြေ' ရဲ့... 'မာလာ'က စားချင်နေပြီ... ကျန်တဲ့သူတွေလည်း စားချင်နေမှာပဲ"

"ကျွေးမှာပါ"

ကျွန်တော်က 'မောင်'နဲ့ 'ခင်ထား' ကို တွေ့လိုက်ရတာ ကြောင့် ဝမ်းသာအားရ ပြောလိုက်မိခြင်းဖြစ်သည်။ 'မောင်' ရောက်လာရင် ဖယောင်းတိုင်မီးထွန်းပြီးတာနဲ့ ကျွန်တော်နဲ့ 'မောင်'ကိတ်မုန့်ကို ပြိုင်တူလှီးပြီး အားလုံးကို ကျွေးမယ်ဆိုပြီး တွေးထားတာပါ။





"ကဲ ဒါဆို 'မာလာ'ကပဲ အားလုံးရှေ့မှာ ကိတ်မုန့်ကြီး ကို ဓါးနဲ့လှီးပြီးဖွင့်လှစ်လိုက်ပါပြီ ရှင်... အားလုံး လက်ခုပ်တီးကြ ပါ"

ရယ်ရယ်မောမော အော်ပြောလိုက်တဲ့ 'မာလာ့'စကားအ ဆုံးမှာ အားလုံးကြောင်ငေးစွာ 'မာလာ့'အား စိုက်ကြည့်နေမိကြ သည်။ ကိတ်မုန့်ဘေးမှာ အဆင်သင့်ချထားတဲ့ စတီးဓါးကိုယူပြီး ဖြတ်ကနဲ 'မာလာ'က အစိတ်တွေဖြစ်အောင် သူမ စိတ်တိုင်းကျ လှီးနေလေသည်။

ဖယောင်းတိုင်ထုပ်လေးကိုကိုင်ကာ မျက်လုံးပြူးပြီး တ အံ့တသြ ကြည့်နေတဲ့ 'မောင့်'ရဲ့ မျက်နှာက သွေးမရှိတော့သလို ဖြူဖွေးနေသည်။ ပြီးတော့ ဒေါသဖြစ်သောအကြည့်ဖြင့် ကျွန် တော့်အား 'မောင်' က စိုက်ကြည့်လာသည်။

"လာကြလေ လာကြလေ... ဘာ ကြည့်နေကြတာလဲ... ဒီမှာ ကိတ်မုန့်ကလှီးပြီးနေပြီ... လာစားကြတော့... 'ကိုပြေ့' ကို အရင်ဆုံး ကျွေးရမယ်"

"'ကိုပြေ' ဘယ်လိုဖြစ်တာလဲ"

ဟု 'ခင်ထား' က 'မောင့်'ကိုယ်စား ဝင်မေးလာသည်။

"ငါတို့အိမ်ကို အလည်လာတဲ့ ဧည့်သည်လေ... ဆိုင်ကို

ရောက်လာတာနဲ့...”

‘မောင့်’ မျက်လုံးမှာ မျက်ရည်ကြည်တွေ ဝဲနေသလို၊ဒေါသအငွေ့တွေ ထွက်နေတာကိုလည်း ကျွန်တော် မြင်နေရသည်။ ‘မာလာ’ ကတော့ ကျွန်တော်တို့ဘက်က ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ဘာဆိုဘာမှမသိဘဲ သူမ စိတ်တိုင်းကျ လုပ်ချင်တာ လုပ်လိုက်ရတာမို့ ကျေနပ်နေပုံရသည်။

“ ‘ကိုပြေ့’ ရဲ့ သူငယ်ချင်းတွေလား... တစ်ခါတည်း ခေါ်လိုက်လေ... ပျော်ပျော်ပါးပါး စားကြရတာပေါ့... ‘မာလာ’ ထည့်ပေးမယ်”

“ဟို...”

ကျွန်တော့် မျက်လုံးအကြည့်က ‘မောင့်’ ကိုသာ ကြည့်နေမိပါသည်။

‘မောင်’ က မဲ့ပြုံးပြုံးကာ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်လိုက်ပါသေးသည်။

“ ‘ခင်ထား’ သွားရအောင်... ငါ မလိုတော့ဘူးဆိုတာငါ သိသွားပြီ”

“ ‘မောင်’ နေဦးလေ...”

ကျွန်တော် ဘယ်လောက်ပဲ အော်ခေါ်ခေါ် ‘မောင်’ က





တစ်ချက်ကလေး စောင်းငဲ့၍ပင်မကြည့်ဘဲ စိမ်းကားစွာ လှည့်ထွက်သွားပါတော့သည်။

ကျွန်တော် ‘မောင့်’ နောက်ကို ချက်ချင်း ပြေးလိုက်သွားချင်ပေမယ့် ‘ဒေါ်ခိုင်မာ’ ရှေ့မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သလိုဖြစ်သွားမှာ စိုးတာကြောင့် အသာကလေးပဲ သက်ပြင်းမောကိုချရင်း ကျန်နေဖြစ်ခဲ့သည်။

“ကဲ သမီး... စားစရာရှိတာစား... ပြီးရင် မေမေတို့ဈေးဝယ်ရဦးမယ်လေ... သားပဲ လိုက်ခဲ့ပေးနော်... ဒီနေ့တစ်နေ့တော့ သားကိုပဲ ချောဆွဲရမှာပဲ”

“ဟို ‘ကိုကျော်ကြီး’ ကို ကျွန်တော် ထည့်ပေးလိုက်မယ်လေ”

“ဟင့်အင်း မရဘူး... ‘ကိုပြေ’ ပဲ လိုက်ခဲ့ရမှာပဲ... အန်တီဆီမှာလည်း ခွင့်တောင်းခဲ့ပြီးပြီ”

ကျွန်တော် ငြင်းချင်ပေမယ့် အားနာတတ်တဲ့ ကျွန်တော့်ရဲ့ နဂိုစိတ်ဓါတ်ကြောင့် မျက်နှာပျက်ပျက်နဲ့ ‘မာလာ’ တို့ သဘောကျသွားချင်တဲ့နေရာကို လိုက်ပို့ပေးရပါတော့သည်။

စိတ်ထဲမှာတော့ အချိန်ရတာနဲ့ ‘မောင့်’ ဆီကို အပြေးသွားကာ ပြဿနာတွေကို ရှင်းပြဖို့ တွေးနေဖြစ်တော့သည်။

## ၁၆

'မောင့်' မျက်စိထဲမှာ မြင်နေမိတာက နှစ်ထပ်အသည်းလေးကို စတီးခါးချွန်ချွန်နဲ့ လှီးချလိုက်တဲ့ မြင်ကွင်းကိုပါပဲ။ အသည်းနှစ်ခု အခွဲခံလိုက်ရသလိုပဲ 'မောင့်' ရဲ့ နှလုံးသားလည်း ကွဲထွက်သွားသည့်အတိုင်း နာကျင်လို့နေရသည်။ ရက်စက်လိုက်တာ။ လုပ်ရက်လိုက်တာ။

ဘေးလူတွေအမြင်က ဘာမဟုတ်တဲ့ကိစ္စလို့ ထင်ပေမယ့် 'မောင့်' အတွက်ကတော့ တကယ့်ကို ခါးသီးသောမြင်ကွင်းကိုမြင်လိုက်ရတဲ့အတိုင်းပါပဲ။ 'စိုပြေ' ဆိုသော ယောကျ်ားကို





'မောင်' တစ် ယောက်တည်းကပဲ ပိုင်ဆိုင်နေတာ မဟုတ်လား။ ခုတော့ 'မောင်' နဲ့တန်းတူ လုပ်ချင်တာလုပ်ခွင့်ရှိနေတဲ့ မိန်းမတစ်ယောက်ထပ်ရှိနေမှတော့ 'မောင်' က ဘာလိုအပ်ဦးတော့မှာလဲ။

ပျော်နေတဲ့စိတ်တွေ ချက်ချင်းပျက်စီးကာ 'မောင်' ဒေါသဖြစ်ကြေကွဲစွာဖြင့် ပြန်ချလာခဲ့လိုက်တာ 'မောင့်' ဘက်က မှားသလား။ ငြိမ်နေတဲ့ သူ့ကိုပဲမုန်းမိပါသည်။ သူ မပြောလို့ တစ်ဖက်က ဒီလိုမျိုး ပြီးစလွယ် ပိုင်စိုးပိုင်နင်း လုပ်ချလိုက်တာပဲပေါ့။

ကျချင်နေတဲ့ မျက်ရည်ကို ထိန်းသိမ်းနေရတာသည် တကယ့်ကို စိတ်ပင်ပန်းစေသော အဖြစ်ဆိုတာ 'မောင်' လက်တွေ့ခံစားရမှပဲ သိပါတော့သည်။ 'မောင့်' ရဲ့ အသက်ရှူသံက မြန်ဆန်နေရတာကြောင့် ရင်ပတ်က နိမ့်ချည်မြင့်ချည်နဲ့ လှုပ်ရှားလို့နေရသည်။

"မငိုပါနဲ့ 'မောင်' ရာ... ဒါ တိုက်ဆိုင်သွားတာပဲ ဖြစ်မှာပါ... တမင်သက်သက်တော့ 'စိုပြေ' က နင့်ကို စိတ်ဆင်းရဲအောင်လုပ်မယ် မကင်ပါဘူး... သူ့ကိုကြည့်ရတာလည်း ငိုတော့မယ့်အတိုင်းပဲ"

"သူ့အကြောင်း ငါ့ကို လာမပြောနဲ့တော့... သူ့ကြောင့်

ဒီလိုမျိုးဖြစ်ရတာ... ငါ့ဘက်က ဘာအမှားမှမရှိတဲ့အတွက် သူ့မှားရင်လည်း နည်းနည်းကလေးတောင် ခွင့်မလွှတ်နိုင်ဘူး"

"'စိုပြေ' ဆိုတဲ့ကောင်ကလည်း လိုက်လာတာ မဟုတ်ဘူး... ဘာကြောင့်ပြီး နေခဲ့မှန်းမသိဘူး"

"နေပါစေ... မလိုက်တာဘဲ ကောင်းတယ်... သူလိုက်လာရင် သူ့မျက်နှာကို ငါ ဆွဲကုတ်မိမှာ... ခွင့်လဲမလွှတ်နိုင်ဘူး... အလကားကောင်... မိန်းကလေးတွေ့တိုင်း ပရောပရီ သိပ်လုပ်ချင်တယ်..."

ကျလာတဲ့မျက်ရည်ကို 'မောင်' က ခပ်ကြမ်းကြမ်းပင် သုတ်ပစ်လိုက်မိသည်။ လူတွေမြင်ရင်လည်း မတတ်နိုင်တော့။ အိမ်ခန်းထဲရောက်တာနဲ့ ဟီးကနဲနေအောင် အကျယ်ကြီးအော်ငိုပစ်လိုက်မိပါသည်။

"ဟီး ဟီး ဟီး... ငါ့ကို တမင်ချိုးတာ... ငါ့ဘက်က ချစ်မှန်းသိလို့ ဒီကောင်အကွက်ဆင်ပြီး တမင်လုပ်တာ... မကျေဘူး... မုန်းတယ်... 'စိုပြေ' ဆိုတဲ့ကောင်ကို သိပ်မုန်းတယ်"

'ဒေါ်နန်း' က အပြေးထွက်လာကာ 'ခင်ထား' ကို မျက်စ ပစ်ပြီး အကျိုးအကြောင်းမေးသည်။ 'ခင်ထား' က ခေါင်းခါပြ ကာ...



"တိုက်ဆိုင်တာ ဖြစ်မှာပါဟယ်... 'စိုပြေ' နှင့်ကိုဒီလောက် ချစ်တဲ့ဥစ္စာပဲ... ကြည့်နေ တအောင့်နေလောက် သူရောက်ကိုရောက်လာလိမ့်မယ်"

"ရောက်လာရင် ငါက သတ်ပစ်မယ် အောင်းမေ့ထား... လူကို တန်ဖိုးမထားတဲ့ကောင်... ငါ ထင်တော့ထင်သားပဲ... ညှော့ သည်ကောင်မနဲ့ သူနဲ့ငြိနေပြီဆိုတာ... ခံလိုက်ရတာ တကယ်နာတယ်"

"နင်က ဘာတွေလျှောက်ပြောနေတာလဲ... မဟုတ်တာတွေ မပြောစမ်းပါနဲ့ဟာ... နင်နဲ့သူ စေ့ပဲစေ့စပ်တော့မယ့်ဟာ... 'စိုပြေ' စိတ်ဓါတ်က ဖောက်ပြန်ဦးမယ့်သူမျိုး မဟုတ်ပါဘူး"

"အို မသိဘူး မသိဘူး... ငါ ဒီကောင်နဲ့မပတ်သက်ဘဲနေကိုနေပြမယ်... ဒူးထောက်ပြီးလာတောင်းပန်တာတောင် ခွင့်မလွှတ်ဘူးမှတ်ထား... 'မောင့်' တို့ကပြတ်ပြီဆိုရင် လှည့်ကိုမကြည့်ဘူး"

"နင် ပြောတာတွေက တကယ့်ကိုတဖက်သတ်ဆန်နေပြီဟာ ခုကိစ္စက ပြတ်တာတွေမပြတ်တာတွေနဲ့ဘာဆိုင်လို့လဲ ရိုးရိုးသားသားလည်းဖြစ်ချင်ဖြစ်မှာပါ... 'စိုပြေ' အားနာတတ်တာကို နင်မသိတာလည်း မဟုတ်ဘူး"

"အားနာတယ်ဆိုရင် ငါ့ကို တခြားအကောင်တစ်ကောင်က လာဆွဲရင်သူအားနာပြီ ဒီအတိုင်းကြည့်နေမှာလား ပြော... အစိပ္ပါယ်မရှိတာ 'ခင်ထား' ရာ... ငါ တန်ဖိုးထားနေတဲ့ ကိစ္စတစ်ခုကို သူပြီးစလွယ် ခွင့်ပြုလိုက်တာ လွန်ကိုလွန်တယ်... သူ့မှာဦးနှောက်ရှိနေတာပဲ... စဉ်းစားတတ်ရမှာပေါ့... ငါက အရေးကြီးသလား အဲ့ဒီမိန်းမက အရေးကြီးသလား... အခြေက ရှင်းနေတာပဲ"

'ခင်ထား' က ဘာဆက်ပြောရမှန်း မသိသလို သက်ပြင်းကိုသာ ချလိုက်ပါသည်။ 'မောင့်' ဘက်က ဖြစ်နေတဲ့စိတ်ကိုလည်း ကိုယ်ချင်းစာလို့ရပါသည်။ အမြဲတမ်း 'စိုပြေ့' အပေါ်မှာ ရင်ထဲကဆန္ဒကို ကွယ်ဝှက်ပြီး အိုင်တင်ကလေးနဲ့ နေလာခဲ့တဲ့ 'မောင်' ဟာ ခုမှ သူ့ရင်ထဲက တန်ဖိုးထားချစ်ခင်မှုကို ဖော်ပြကာစပဲရှိသေးသည် ဖျက်ဆီးသလို ခံလိုက်ရတာကြောင့် အရှက်လွန်ပြီး ပေါက်ကွဲနေတာဖြစ်ပါလိမ့်မည်။

နဂိုတည်းက မာနခပ်ကြီးကြီး၊ ဘဝင်ခပ်မြင့်မြင့် 'မောင့်' လို မိန်းကလေးကို သွေးပူနေတဲ့အချိန်မှာ နားချနေရင် စိတ်မောရယုံပဲရှိတော့မှာမို့ 'ခင်ထား' က ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ နင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခဲ့



တော့ ငါပြန်တော့မယ်... တကယ်လို့ 'စိုပြေ' ရောက်လာရင်လည်း အရမ်းကာရော သောင်းကျန်းမနေနဲ့ဦး... သူ ပြောတာရှင်းပြတာကို သေချာနားထောင်ကြည့်... ပြီးမှ မှားတယ်မှန်တယ် ဆုံးဖြတ်"

"မှားတယ်ဆိုတာ တစ်ခါတည်း ဆုံးဖြတ်ပြီးနေပြီ... လာရှင်းပြလည်း လက်မခံနိုင်ဘူး... ပါးပဲရိုက်လွှတ်မယ်... "

'မောင့်' နှုတ်က ဘယ်လိုပဲပြောပြော စိတ်ထဲကတော့ သူ့ကိုမျှော်နေမိတာ သိပ်ကိုသေချာနေပါသည်။ စိတ်ဆိုးလို့သေချင်တာကသပ်သပ်၊ ချစ်သူက ကိုယ့်ကို ဂရုတစိုက်နဲ့ လာချော့တာကို ခံချင်နေတာက သပ်သပ်၊ တကယ့်ကို မတူညီသော ခံစားချက်နှစ်ခုပါ။

သူ ရောက်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တစ်ခုဖြင့် 'မောင်' အခန်းထဲပင် မဝင်ဘဲ ဧည့်ခန်းမှာပဲ ထိုင်ကာ ငိုင်နေဖြစ်သည်။ ငိုရလွန်းတာကြောင့် မျက်ရည်ကလည်း ထွက်မလာတော့ပါ။ စောင့်မျှော်နေရတဲ့အချိန် ကြာလာတာနဲ့အမျှ 'မောင့်' ရင်ထဲဝမ်းနည်းစိတ်နဲ့ လူကပိုပြီး ထူပူလာရကာ နေလို့ထိုင်လို့ပင် မရနိုင်တော့ချေ။

တကယ်ဆို သူ ရောက်လာဖို့ ကောင်းနေပါပြီ။ သိပ်ချစ်

တယ်လို့ ပြောထားတဲ့ ချစ်သူတစ်ယောက်ကို ဒီအချိန်မှာမှ မချော့ရင် သူ ဘယ်အချိန်ကျမှ ချော့မယ်၊ ရှင်းပြမယ်လို့ စိတ်ကူးထားနေလို့လဲ။

ရင်နာနာနဲ့ ခံစားနေရတဲ့ကြားထဲကပင် အိမ်ရှေ့ဝရံတာထွက်ကာ ခိုးကြောင်ခိုးဝှက်နဲ့ သူ လာနိုင်မယ့်လမ်းဆီကို မျှော်နေမိပြန်သည်။ မတ်တပ်ရင်နေရင်လည်း သူ့ကိုမျှော်နေတယ်ဆိုတာ သိသွားမှာစိုးတာကြောင့် ဒူးထောက်ထိုင်ကာ ခိုးကြည့်နေဖြစ်သည်။

စိတ်က သူလာကိုလာရမယ်ဆိုတဲ့ ဇောတစ်ခုကပ်နေတာကြောင့် အချိန်အကြာကြီး ဒူးထောက်ပြီး ထိုင်နေမိတဲ့အဖြစ်ကိုလည်း မေ့နေရသည်။ တကယ်တမ်းကျတော့ 'မောင်' ရဲ့နှလုံးသားက အချစ်နဲ့ပတ်သက်ရင် ပိုပြီးအစွဲအလန်းကြီးလွန်းပါတယ်လေ။

အချိန်တွေ ဘယ်လောက်ကြာသွားသည်ပင် မသိအောင် 'မောင်' တစ်ယောက်တည်း ဖွဲ့ကောင်းကောင်းနဲ့ ထိုင်နေမိဆဲဖြစ်သည်။ ကြာတော့ 'မောင့်' အဖြစ်ကို ဘေးလူဖြစ်တဲ့ 'ဒေါ်နန်း' ပင် မကြည့်ရက်တော့ပေ။

"သမီး နေပူနေတယ်လေ... ထိုင်နေတာလည်း ကြာလှ





ပြီ... အိမ်ထဲဝင်ပါတော့လား... ညနေတောင်စောင်းတော့မယ်"

"ရှင်..."

ငိုနေသောမျက်နှာနဲ့ပင် နာရီကိုလှမ်းကြည့်ဖြစ်သွားရသည်။ ကြည့်စမ်း။ 'မောင်' သူရောက်လာမယ်ထင်ပြီး စောင့်နေမိတာ ညနေသုံးနာရီတောင် ခွဲကာနီးနေပြီ။ လေးနာရီဆို မေမေပြန်ရောက်လာတော့မည်။ သုံးနာရီနီးပါကြာသော အချိန်ကို 'မောင်' ဘယ်လိုများ ဒီတစ်ပုံစံတည်း ထိုင်ပြီး နေလိုက်သလဲမသိ။

ရှက်ရှက်နဲ့ ထိုင်နေရာမှ ဖျတ်ကနဲထလိုက်စဉ် လူကခြေထောက်,ထောက်လို့ပင် မရနိုင်အောင်ဘဲ ယိုင်လဲပြိုကျသွားခဲ့ရ၏။ 'ဒေါ်နန်း' အချိန်မီထိန်းလိုက်လို့ တော်ပါသေးသည်။

"ထိုင်တာကြာတော့ သမီး ခြေထောက်တွေက ထုံနေတာပေါ့ ဖြည်းဖြည်း 'ဒေါ်နန်း' ကိုတွဲပြီးလျှောက်..."

လှမ်းနေတဲ့ခြေလှမ်းတိုင်းမှာ ခြေထောက်နဲ့အောက်ခြေကြမ်းပြင် ထိတွေ့မှုက အသိကင်းမဲ့နေရသည်။ ဒူးဆစ်ကလည်း တကယ့်ကို နာကျင်လို့လာရပါသည်။

"မေမေ လာရင် ဒီအကြောင်းတွေ ပြန်မပြောပြနဲ့နော်"

"အေးပါကွယ်... 'ဒေါ်နန်း' သိပါတယ်..."

'မောင့်' ရဲ့ဒူးခေါင်းက သံမံတလင်းနဲ့ အကြာကြီးဖိထောက်ပြီး ထိုင်ထားတာကြောင့် သွေးစို့ထွက်မတတ် သွေးခြေဥနေပါသည်။ နေနိုင်လွန်းသော သူ့ရဲ့စိတ်ကို 'မောင်' အံ့ဩပြီးရင်း အံ့ဩလို့လာရသည်။ 'မောင့်' ကို သူချစ်တယ်ဆိုတာ တကယ်ကော ဟုတ်ပါ့မလား။

'မောင့်' ကတော့ တကယ့်ကို တစ္စတလန်းနဲ့ သူ့အပေါ် ချစ်မိသွားရတာပါ။ မေမေ ပြန်ရောက်လာတော့ 'မောင်' အိမ်မှာရှိနေတာကိုတွေ့ပြီး အံ့ဩသွားသည်။

"ဒီနေ့ 'စိုပြေ' မွေးနေ့ဆို... သမီးပြောတော့ လျှောက်လည်ပြီးမှ အိမ်ပြန်ရောက်မှာဆို... ဘယ်လိုဖြစ်ပြီး အစောကြီးပြန်ရောက်နေရတာလဲ... မျက်နှာကလည်း ငိုထားတဲ့ရုပ်နဲ့"

"သူ့ကို စိတ်ကောက်ပြီး ဘယ်မှမသွားဘဲ တမင်အိမ်ကိုပြန်ချလာတာ... ညနေကျမှပဲ ဘုရားသွားရင်သွားတော့မယ်"

"နေရာတကာ ကိုယ့်စိတ်ကြီးပဲ လုပ်မနေပါနဲ့ သမီးရယ်... 'ကိုပြေ' က အလုပ်တစ်ဖက်ရှိသေးတယ် မဟုတ်လား... ပြီးတော့ သူ့မိဘကိုလည်း သူကကြောက်ရတယ်... ကိုယ်ကအားတယ်ထင်ပြီး လျှောက်သွားချင်ပေမယ့် သူ့မှာအလုပ်တွေရှိရင်လည်း ရှိနေနိုင်တယ်လေ... နားလည်ပေးလိုက်စမ်းပါ... ညနေ



ဘက်တော့ ဘုရားလိုက်ပို့ပေးမယ်မှလား"

"ပြောတာပဲ... မသိသေးပါဘူး"

'မောင့်' ကတော့ သူ ညနေဘက် ရောက်လာကာ 'မောင့်' ကို လာတောင်းပန်လိမ့်မယ်လို့ တွက်ဆထားပါသည်။ ဒါကြောင့် မေမေဘုရားသွားမှာလား မေးတာကိုပင် ခပ်ပေါ့ပေါ့ ဖြေထားခဲ့တာပေါ့။ မသွားဘူးလို့ပြောပြီးမှ ထွက်သွားရင် မေမေ့စိတ်ထဲပူပင်နေရမှာစိုးတာကြောင့် သွားမယ့်ဟန်ပဲ ဖြေထားလိုက်မိသည်။

မေမေ ဆေးခန်းသွားတာနဲ့ 'မောင်' လည်းပဲ ရေမိုးချိုး အဝတ်အစားလဲကာ သူ လာခေါ်မယ့်အချိန်ကို မျှော်နေမိတော့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူသာ ရောက်လာမယ်ဆိုရင် 'မောင့်' ရင်ထဲမှာနာနေတာကို အတင်းကြိတ်မှိတ်မြိုသိပ်ကာ သူ့မွေးနေ့မှာ သူစိတ်ချမ်းသာအောင် နေပေးလိုက်မယ်လို့ပင် စိတ်ကောင်းမွေးကာ တွေးထားလိုက်သေးသည်။

ဖုန်းမြည်သံကြားလိုက်တာကြောင့် 'မောင်' ရင်ခုန်သံက တဒိန်းဒိန်းနဲ့နေအောင် အခုန်မြန်လာရသည်။ ဒီအချိန်ဖုန်းဆက်တဲ့သူဟာ သူမဟုတ်လို့ ဘယ်သူများဖြစ်နိုင်မှာမို့လို့လဲ။

'မောင်' က မြည်နေတဲ့ဖုန်းကို ဒီအတိုင်းပဲ စိုက်ကြည့်နေ

လိုက်ပါသည်။ 'ဒေါ်နန်း' ကပဲ မနေနိုင်စွာ ဖုန်းကိုကိုင်လိုက်ပါသည်။

"'ကိုပြေ' လား... ရှိပါတယ်... ခေါ်ကြည့်ပေးမယ်လေ"

ဟု ပြောပြီး ဖုန်းခွက်ကိုလက်နဲ့ပိတ်ကာ ပြောမှာလားပုံစံဖြင့် မေးကိုဆတ်ပြီးလှမ်းမေးလာသည်။

'မောင်' ဖုန်းခွက်ကိုလှမ်းယူကာ ဘာသံမှ ပြန်မပေးဘဲနားသာထောင်နေလိုက်သည်။ 'မောင့်' ရဲ့ အသက်ရှူသံကို သူမှတ်မိပါသည်။

"အမောပြေလေးလား... ဒီနေ့ဖြစ်တဲ့ကိစ္စက..."

"မပြောနဲ့ မပြောနဲ့... ဘာမှ ထပ်ပြောနေစရာ အကြောင်းမရှိဘူး... နင်ဘာကိစ္စ ငါ့ဆီဖုန်းဆက်တာလဲ... နင်နဲ့ငါနဲ့ကြားထဲမှာ ဖုန်းဆက်စရာ အကြောင်းရှိသေးလို့လား"

"အဲ့ဒီလို မပြောပါနဲ့ကွာ... ဒီနေ့တစ်နေ့လုံး 'မောင်'နဲ့ အဆင်မပြေလို့ လူကသေချင်နေတာ... 'မောင်' စိတ်ကျေနပ်အောင် ဘာလုပ်ပေးရမလဲဟင်... ငါ့ကိုတော့ မမုန်းလိုက်ပါနဲ့"

ဘာလုပ်ပေးရမလဲလို့ မေးနေမယ့်အစား သူ 'မောင့်'ဆီကို အပြေးသာရောက်လာရင် ဒီပြဿနာတွေက အလိုလိုပြေငြိမ်းမယ်ဆိုတာကို သူ နားမလည်လေရော့သလား။





ဘာလဲ 'မောင့်'ဘက်က ခေါ်တာကို သူ စောင့်နေတာလား။ သွားစမ်းပါ။ တစ်ခါပဲ 'မောင်' တို့က အရှက်ကွဲခံလိုက်မည်။နောက်တစ်ကြိမ်တော့ မဖြစ်စေရပါ။

"ဒါပဲဟာ... နင်နဲ့ငါနဲ့ ကီးမကိုက်ပါဘူး... နင့်ဘေးနားမှာလည်း အဖော်ရှိနေပြီပဲဟာ... ငါ့ကို လာပြီးဇာတ်လမ်းလာထွင်မနေနဲ့ နင့်ဘ၀ နင့်ဖါသာ ပျော်အောင်နေတော့... ငါလည်းငါ့ဘ၀နဲ့ငါပျော်အောင်နေမယ်"

"ဟာကွာ... 'မောင်' က သိပ်ရက်စက်လွန်းတယ်"

"ဟုတ်တယ်... ငါ ရက်စက်တယ်... နင့်ကိုအစကတည်းက ငါမှာထားပြီးသားလေ... ငါ့စိတ်က နည်းနည်းကလေးတောင် အထိအရှမခံနိုင်လို့ နင့်ကို ပြတ်ပြတ်သားသား နေခိုင်းထားခဲ့တာကို နင် ဘာလို့အရေးမစိုက်ဘဲ ပလူးပြီးနေသလဲ... နင်လမ်းခင်းပေးလို့ ဟိုကဝင်ရဲတာ... နင့်အပေါ်မှာ ပိုင်စိုးပိုင်နင်းလုပ်ရဲတာ"

"နင်ထင်တာ မဟုတ်ဘူး"

"တော်ပြီ... နင့်ငါ့ဆီ ဖုန်းဆက်တာ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ... ဒါပဲ"

'မောင်' က ဖုန်းခွက်ကို ချပစ်လိုက်သည်။ သူ မနေနိုင်ရင်

'မောင့်' ဆီကို ချက်ချင်းအပြေးရောက်လာကာ 'မောင်' ကျေနပ်မယ့်စကားတွေနဲ့ ဖြေရှင်းလေ။ အဓိက,က 'မောင့်' ရဲ့စိတ် ပြေအောင် သူ ဖွမ်းဆောင်ရမှာ ချစ်သူကောင်းတစ်ယောက်ရဲ့ တာဝန်မဟုတ်လား။

'မောင်' က မျက်နှာလေးကို ပြုံးကာ သူ ရောက်လာမယ့်အချိန်ကို ရင်ခုန်စွာနဲ့ စောင့်နေလိုက်သည်။ ဒီတစ်ခါတော့ 'မောင့်' ရဲ့စိတ်ကူးဖြစ်လာတော့မယ်ဆိုတာကို အပိုင်တွက်ထားလိုက်ပါသည်။

'မောင့်' ဘက်က မျှော်နေတဲ့အချိန်မှာ 'စိုပြေ' ဘက်ကလည်း 'မောင့်' ဆီကို အပြေးသွားဖို့အတွက် ကားသော့ကိုကောက်ကိုင်ကာ ထွက်ဖို့ပြင်နေချိန်ဖြစ်သည်။

"'ကိုပြေ'... အဆင်သင့်ဖြစ်ရင် ဘုရားသွားကြမယ်... မေမေလည်း လိုက်မယ်... သား ပြီးရင်အောက်ကိုဆင်းခဲ့တော့နော်"

ဟု မေမေ့ရဲ့အသံကို အခန်းအပြင်ဘက်က ကြားလိုက်ရလေသည်။ သူ ငိုချင်သွားရကာ အခန်းပြင်ထွက်ကာ မေမေ့အားတောင်းပန်လိုက်ရ၏။

"ဘုရားကို ကျွန်တော်မလိုက်တော့ဘူး မေမေ... ဒီမှာ



'မောင်' နဲ့ ရေလည်ပြဿနာတက်နေတာ... သွားမရှင်းလို့မဖြစ်တော့ဘူး... ခုပဲ 'မောင့်' ဆီသွားတော့မလို့... မေမေတို့ဖါသာသွားလိုက်တော့နော်"

"ဟဲ့ ဘယ်ဖြစ်မှာလဲ... ကားမောင်းပေးမယ့်သူမှ မရှိတဲ့ဟာ... နင့်အဖေကလည်း အကြွေးသိမ်းတာနဲ့ဆို မိုးချုပ်မှပြန်ရောက်မှာ... ဘယ်မှာလဲ ကားမောင်းပေးမယ့်သူ"

"တက္ကစီနဲ့ ငှားသွားလိုက်ပါလား"

"အို အဓိပ္ပါယ်မရှိတာ... 'ကိုပြေ' နော်... 'မာလာ' တို့သားအမိက မနက်ဖြန်ပဲ ပြန်တော့မှာ... ပြန်ကာနီးမှ မေမေတို့ဘက်က ဧည့်ဝတ်မကျေတာမျိုး မဖြစ်စေချင်ဘူး... သူတို့ဆီသွားတုန်းက ပြောစရာမလိုအောင် အလိုက်တသိဧည့်ခံထားတာတွေကို မေ့ပစ်လိုက်ရမှာလား"

"ကျွန်တော့်မှာလည်း အခက်အခဲ ရှိနေလို့ပါ"

"ပြောမနေနဲ့တော့... ဟိုကကြားသွားရင် မကောင်းဘူး... ဒီ လိုလုပ်... ခု ဘုရားသွားရင် 'မောင့်' ကိုပါ ခေါ်ခဲ့လိုက်... တွေ့တော့မှ မင်း ပြောချင်တာပြောတော့"

"မဖြစ်ဘူး..."

'မောင့်' ကို ဝင်ခေါ်လိုက်လို့ ဘယ်လိုမှမဖြစ်ပါ။ သူ

အလုပ်ကိစ္စရှိတယ်ဆိုပြီး 'မောင့်' ကို ညာပြောထားခဲ့သည်။ 'မောင့်'ရဲ့စိတ်ကတစ်မျိုး။ ပြောထားတဲ့စကားတစ်ခွန်းကို မမေ့တတ်သလို၊ ပြောပြီးမှ ဖျက်ပစ်တတ်၊ ဆင်ခြေပေးတတ်တာကိုလည်း လက်မခံတတ်ပါ။

ကျွန်တော့်ခေါင်းထဲ ပူလာရတာကြောင့် စိတ်ရှိလက်ရှိ ကုတ်ဖွပစ်လိုက်မိသည်။

"ကဲ မေမေ စိတ်တိုလာပြီနော်… ပြောတဲ့အတိုင်း လုပ်ရင်လုပ် မလုပ်ရင် မင်း မေမေတို့ကိုပဲ ဘုရားလိုက်ပို့ပေးလိုက်တော့"

ဟု ပြောပြီး မေမေက ကျွန်တော့်အနားက ထွက်သွားတော့သည်။ မေမေ့လက်ကို သူ လှမ်းဆွဲထားကာ…

"ဒီနေ့တစ်နေ့လုံးလည်း သူတို့စိတ်တိုင်းကျ နေရာအနှံ့လိုက် ပို့ပေးပြီးပြီပဲ မေမေရာ… ဘုရားကို မလိုက်ယုံနဲ့တော့ ကျွန်တော့် ဘက်က ညှော့ဝတ်မကျေတာမျိုး ဖြစ်မယ်မထင်ပါဘူး"

"မင်း ဘယ်လိုဖြစ်နေတာလဲ… 'ဖွေးဖွေးမောင်' နဲ့ မင်းနဲ့က ခုမှသမီးရည်းစားဘဝပဲ ရှိသေးတာနော်… လင်မယားတွေ မဟုတ်ကြသေးဘူး… ဒီဘဝမှာတည်းက မင်းဘက်က ဒီလောက် ပြာယာခတ်ပြီး ကြောက်ပြနေရင် ဟိုက နောက်ပိုင်းကျမှ ပိုကန်းတက်ပြလိမ့်မယ်မှတ်ထား… "





"ခုကိစ္စက ကျွန်တော့်ဘက်က မှားနေလို့ပါ"

"မသိဘူး… ဘာမှပြောမနေနဲ့တော့… ငါက လိုက်ပို့ဆို မင်းလိုက်ပို့ပဲ… အမေစကားကို နားမထောင်ဘဲ မင်းဖွတ်တရွတ် လုပ်လို့ကတော့ 'မောင်'နဲ့ဇာတ်လမ်းကို မင်းဖြတ်ပစ်ဖို့ စဉ်းစားထား… ဘယ်မိဘမဆို ကိုယ့်သားသမီးကို နိုင်တဲ့သူရဲ့လက်ထဲ မထည့်ချင်တာ သဘာဝပဲဆိုတာ မင်းနားလည်ထား"

'မောင့်'ဆီကို သွားမယ်လို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ရဲ့စိတ်ကူးတွေက ပျက်ပြယ်သွားခဲ့ရသည်။ မေမေ့ဆန္ဒကို ကျွန်တော်ထပ်ပြီး ကလန်ကဆန် မလုပ်ရဲတော့ပါ။

ကျွန်တော်ကိုယ်တိုင် မသွားနိုင်တာကြောင့် ဖုန်းဆက်ပြီး တောင်းပန်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ကဲ အောက်ထပ်မှာ စောင့်နေမယ်… တအောင့်နေရင် မင်းလိုက်ခဲ့တော့… မျက်နှာထားကို ပြင်ထားပါ… သေမလိုရုပ်နဲ့ ထွက်လာလို့ကတော့ မင်းအဖေနဲ့ကိုပါ တိုင်ပြောမယ်"

ဖေဖေ့ရဲ့လက်သီး ဘယ်လောက်အစွမ်းထက်တယ်ဆိုတာကို ကျွန်တော်သိနေတာကြောင့် မေမေက တမင် ခြိမ်းခြောက်သွားတာပဲ ဖြစ်ရမည်။

ဒီတစ်ခါ ဖုန်းကိုင်တဲ့သူက 'မောင်' ကိုယ်တိုင်ပါပဲ။

"'မောင့်' ဆီကို လာခဲ့မလို့ကွာ… ဖေဖေက စာရင်းတွေ အရေးတကြီးလုပ်ခိုင်းနေလို့ လာလို့မရဘူးဖြစ်နေတယ်… မလာဘဲလည်း မနေနိုင်ဘူး… ဒီနေ့ 'မောင့်' မျက်နှာကို မတွေ့ရရင် အိပ်လို့လည်း **ပျော်မှာ**မဟုတ်တော့ဘူး… စာရင်းတွေလုပ်ပြီးတာနဲ့ လာခဲ့မယ်နော် **မိုးချုပ်**ရင် ချုပ်ပစေ… အိမ်ပေါ်မတက်ရလည်း 'မောင့်' မျက်နှာကို ဝရံတာကနေ မြင်ရလည်း ကျေနပ်တယ်"

"နင့်ကို လာပါလို့ ဘယ်သူက ခေါ်နေလို့လဲ… အပိုတွေ လာလုပ်မနေနဲ့"

"မခေါ်လည်း လာမှာပဲကွာ… မနက်ဖြန်ကျရင် 'မောင့်' ကို ဘုရားလိုက်ပို့ပေးမယ်နော်…"

"မသွားဘူး… နင်နဲ့ငါနဲ့ ပြတ်ပြီ"

"ဟာ တစ်သက်လုံး မပြတ်ဘူး… ငါ့ဘဝမှာ 'မောင်' ဆိုတဲ့ ကောင်မလေး မရှိလို့မဖြစ်ဘူး… 'မောင်' က နံပါတ်တစ် အရေးကြီးဆုံးပဲ"

ရုတ်တရက် 'မောင်' က ဖုန်းချသွားတာကြောင့် သူသက်ပြင်းကိုချရင်း မေမေ့စိတ်တိုင်းကျ 'မာလာ' တို့သားအမိကို ဘုရားလိုက်ပို့ပေးဖို့အတွက် အောက်ထပ်သို့ ဆင်းလာခဲ့လိုက်ရပါသည်။



ရင်ထဲမှာတော့ စိုးထင့်စိတ်ညစ်မှုတွေ များနေတာကြောင့် တစ်စက်ကလေးမှကို မပျော်ပိုက်နိုင်ပါ။

## ၁၇

သူ ရောက်မလာဘူးဆိုတာ သေချာသွားတဲ့ အတွက် 'မောင်' က တစ်ယောက်တည်းပဲ ဘုရားသို့သွားဖို့ စိတ်ကူးလိုက်ပါသည်။ တစ်ယောက်တည်းဆိုတော့ သိပ်လည်း ကြာနိုင်မှာ မဟုတ်တာကြောင့် မေမေ့ကိုလည်း ဖုန်းဆက်ပြီး ပြောမနေတော့ပါ။

'စိုပြေ' နဲ့ချစ်သူတွေ ဖြစ်သွားပြီးနောက်ပိုင်း 'မောင်' တစ်ယောက်တည်း ဘယ်နေရာကိုမှ မသွားဘူးတော့တာမို့ ခု တစ်ယောက်တည်းလာတော့ ကြောင်သလိုဖြစ်နေရသည်။



သူနဲ့အတူ အမြဲလာနေကျ ရွှေတိဂုံဘုရားတောင်ဘက်မုဒ်မှာပဲ ကားကိုရပ်ကာ ဓါတ်လှေကားနဲ့ 'မောင်' တက်လာခဲ့လိုက်မိသည်။

သူ့မွေးနေ့မှာ သူ မအားပေမယ့် 'မောင်' က သူ့အစား ကောင်းမှုကုသိုလ်တွေ လုပ်ပေးချင်မိသည်။ ကိုယ်ချစ်ရတဲ့သူ့ ဘဝအေးချမ်းစေဖို့၊ အန္တရာယ်ကင်းစေဖို့အတွက် ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူမယ်ဆိုပြီး ရောက်လာခဲ့ရတာပါ။

'မောင့်' ရဲ့အချစ်ကို သူ နားလည်မယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ။ သူနဲ့ဘယ်တော့မှ စိတ်ဝမ်းကွဲတဲ့ အဖြစ်မျိုး၊ ရန်ဖြစ်ပြီး မငြိမ်းချမ်းတဲ့ဘဝမျိုး မရှိပါစေနဲ့လို့ ဘုရားမှာဆုတောင်းနေမိသည်။

ဘုရားရဲ့အရိပ်မှာ 'မောင့်' ရင်ထဲ ငြိမ်းချမ်းအေးမြလို့နေရ၏။ ရင်ထဲမှာရှိနေတဲ့ အပူသောကတွေ ဆိုတာကလည်း အဝေးသို့လွင့်သလိုပင် ဖြစ်နေရသည်။

'မောင်' သည် ဘုရားရှိခိုးပြီးပေမယ့် ထိုင်နေရာကနေ ထမပြန်ဖြစ်သေးဘဲ စိတ်အေးချမ်းမှုနဲ့အတူ ဆက်ထိုင်နေဖြစ်ပါသည်။ သူနဲ့အတူ ထိုင်ခဲ့ဖူးတဲ့နေရာကို လွမ်းသလိုလိုရှိတာကြောင့် တမင်မပြန်သေးဘဲ ထိုင်နေမိတာ ဖြစ်သည်။

သူ့ကိုသတိရနေပေမယ့် မျက်လုံးကတော့ ဘုရားလာဖူးကြသောလူတွေကို လျှောက်ကြည့်နေမိပါသည်။ သူ ရောက်လာရင် ကောင်းမယ်ဆိုတဲ့အတွေးကိုလည်း တွေးနေမိပြန်သေးသည်။ ဟင် 'မောင့်' ရဲ့ အမြင်အာရုံထဲကို မြင်ဖူးနေကျ၊ ဖျောက်ဖျက်လို့မရနိုင်တဲ့ ပုံရိပ်တစ်ခုက ဝင်ရောက်လို့လာသည်။

ရုတ်တရက်မို့ ဝမ်းသာအားရ ထိုင်နေရာမှ 'မောင်' အပြေးသွားဖို့ ထရပ်လိုက်မိသည်။ 'မောင့်' အာရုံထဲမှာ သူ တစ်ယောက်တည်းပဲ ရှိနေခဲ့ပါသည်။ သူ တစ်ယောက်တည်းကိုပဲ 'မောင်' မြင်နေရသည်။

'မောင်' ဘုရားသွားတယ်ဆိုတာကို သိလို့ သူ လိုက်လာတာပဲ ဖြစ်ရမည်ဟု 'မောင်' က ယူဆလိုက်မိတာကိုး။ 'မောင့်' ခြေလှမ်းသုံးလေးလှမ်းမှာ သူကလည်း 'မောင့်' ကို မြင်တွေ့သွားလေသည်။

ဒါပေမဲ့ 'မောင့်' ဝမ်းသာသွားသလိုမျိုး သူ့မျက်နှာအမူအယာက ဝမ်းသာလှိုက်လှဲမသွားဘဲ ပျက်ယွင်းသွားတာကြောင့် 'မောင့်' မှာအံ့ဩသွားမိ၏။

သူ့အကြည့်က 'မောင့်' ကို ကြည့်နေရာမှ ဘေးဘက်ကို မလုံသလို တစ်ချက်လှမ်းကြည့်လိုက်တာကြောင့် 'မောင့်' အ



ကြည့်ကလည်း သူကြည့်လိုက်တဲ့ နေရာကို လိုက်ကြည့်ဖြစ်သွားရသည်။ဟင် ... သူနဲ့ယှဉ်တွဲပြီးပါလာတဲ့မိန်းကလေးက မနက်က 'မောင့်' ရဲ့အသည်းကို ခွဲလိုက်တဲ့ မိန်းကလေးပါလား။

နာကြည်းမှုက ဟုန်းကနဲ ထပေါက်ကွဲလာကာ 'မောင်' နှုတ်ခမ်းကို ကိုက်ပစ်လိုက်မိသည်။ သူ ဘာငြင်းဦးမှာလဲ။ ငြင်းလို့လဲ ရနိုင်တော့တဲ့ အခြေအနေမျိုးမှ မဟုတ်တော့တာပဲ။ လှမ်းနေတဲ့ခြေလှမ်းကို ချက်ချင်းရပ်တန့်ပစ်လိုက်ကာ 'မောင်' ကမျက်နှာထားကို ချက်ချင်း ခပ်ပြုံးပြုံးဟန်လုပ်ပစ်လိုက်ပါသည်။

သရော်ရိပ်တွေစွန်းထင်းနေတဲ့ မောင့်အပြုံးမျက်နှာကို ကြည့်ပြီး သူ့ပုံစံက ပြာယာခတ်သွားပါသည်။

"'မောင်'... ဒီကို..."

"သြော် နင်ညနေဘာလို့မအားဘူးဆိုတာ ငါ အခုမှပဲသိတော့တယ်... ရတယ် ရတယ်... ငါ့ကိုမြင်လို့ ဘာမှအားနာသွားစရာမလိုဘူး... နင် ပျော်မြူးတယ် စိတ်ချမ်းသာတယ်ဆိုရင် ပြီးတာပါပဲ"

စကားကိုပြုံးပြီးပြောနေပေမယ့် ရှက်စိတ်၊ ဒေါသစိတ်၊ ယူကြုံးမရစိတ်တွေကြောင့် 'မောင်' ငိုချင်နေပြီး မျက်နှာပြင်ပေါ်

သွေးကြောမျှင်တွေက တလှုပ်လှုပ်ဖြစ်ကာနေသည်။

"မဟုတ်ဘူး..."

သူ ရှင်းပြဖို့အတွက် 'မောင့်' နားသို့ကပ်လာပါသည်။ ့လက်ကို မိန်းကလေးက ဖြတ်ကနဲလှမ်းဆွဲလိုက်လေသည်။

"'ကိုပြေ' က ဘယ်သွားမလို့လဲ"

"ဟာ"

သူ ဘာလုပ်ရမှန်းမသိ 'မောင့်' ကိုတောင်းပန်သလို ကြည့်လာပါသည်။

'မောင်' ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ...

"ငါ သွားတော့မယ်"

ဟုပြောပြီးတာနဲ့ ခပ်မြန်မြန်ပဲ ပြေးထွက်လာခဲ့လိုက်ပါ သည်။ သူ လိုက်လာမလားဆိုတဲ့ အတွေးမျိုးနဲ့လည်း 'မောင်' ကြည့်မကြည့်ရဲတော့ပါဘူး။ လိမ်ညာတတ်တဲ့ သူ့ကို 'မောင်' တ်နာသွားရပြီဖြစ်သည်။ 'မောင်' သူ့ကိုချစ်ခဲ့တာသည် နှလုံး ားကမြတ်နိုးလွန်းလို့ နှစ်နှစ်ကာကာကို ချစ်ခဲ့တာပါ။ သူနဲ့ချစ် ဦးတည်းက ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် 'မောင့်' ဘက်က အမှန်အ ကိုင်း သိစေခဲ့တာကြီးပါပဲ။

တကယ်ချစ်ကြတဲ့ချစ်သူတွေမှာ လိမ်ညာမှုဆိုတာ



လိုအပ်တဲ့ အရာမှမဟုတ်ဘဲလေ။ အခု သူ 'မောင့်' ကို ရက်ရက်စက်စက်လိမ်ခဲ့သည်။ 'မောင်' မဟုတ်တဲ့မိန်းမတစ်ယောက်နဲ့ သူ့မွေးနေ့မှာဘုရားသို့ စုံတွဲလာခဲ့သည်။ ဘုရားအတူဖူးလို့ ရေစက်ဆုံရတယ်ဆိုရင် သူ အဲ့ဒီမိန်းမနဲ့ပဲ တစ်ဘဝလုံး ရေစက်ဆုံလိုက်ပါတော့။

ဓါတ်လှေကားဘက်ကို မရောက်တော့ဘဲ စောင်းတန်းကနေ ဘယ်လိုပြေးဆင်းလာခဲ့သလဲပင် မသိတော့ပါ။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်တွေက ထိန်းသိမ်းမရအောင် ကျနေရသည်။ ဘေးနားက ဖြတ်သွားသောလူတွေက တအံ့တသြ လှည့်ကြည့်ကြတာကိုသိပေမယ့် ငိုတာကိုရပ်တန့်လို့မရခဲ့ပါ။

အိမ်ကို ဘယ်လိုနည်းမျိုးနည်းနဲ့ ပြန်ရောက်ခဲ့မှန်းပင် မသိနိုင်အောင်ပါ။ 'မောင်' သိတာတစ်ခုပဲ ရှိတော့သည်။ သူနဲ့ 'မောင်' နဲ့ ဇာတ်လမ်း ဒီနေ့မှာပဲ အဆုံးသတ်သွားခဲ့ပါပြီ။ 'မောင့်' ကိုမချစ်လို့ လိမ်ညာပြောဆိုတတ်တဲ့လူတစ်ယောက်ကို 'မောင်' ကလည်းချစ်သူအဖြစ် မသတ်မှတ်နိုင်တော့ပါ။

သူ့ရဲ့ဖြေရှင်းစကားတွေကိုလည်း နားမထောင်ချင်ပါ။ 'မောင့်' ရင်ထဲမှာ နာနေတာပဲသိသည်။ 'မောင် ကတော့ သူ့ကို ချစ်လွန်းလို့ သူ့မွေးနေ့မှာ သူ မအားတာတောင် ကိုယ်က ဂရု

တစိုက်နဲ့ ဘုရားသို့သွားပေးခဲ့သည်။ သူကကျတော့ 'မောင်' မဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ စုံတွဲခုတ်လာသည်။

အို တွေးလိုက်တိုင်း နာကြည်းစရာတွေကြီးပါပဲ။

'မောင်' သူ့ကိုချစ်မိတာ မှားပါပြီ။



"ဘယ်လိုဖြစ်ကြတာလဲ 'မောင်' ရယ်... 'စိုင်ပြေ' လည်း ခဏခဏငါ့ဆီလာပြီး ပြောပြရှင်းပြနေတာ ငါ့အိမ်က တောင်ဘာဖြစ်လဲဆိုပြီး မေးကုန်ကြပြီ... သူ ပြောတာတွေနား ထောင်တော့လည်း ဟုတ်နေတာပါပဲ... နင်ကိုက စိတ်ကြီးနေ တာ... သူနဲ့တွေ့ပြီးအကျိုး အကြောင်းနားထောင်လိုက်လည်း ပြီးတာပဲကို"

ဟု 'ခင်ထား' က စိတ်မကောင်းသလိုလေသံနဲ့ ပြောနေ ပေမယ့်လည်း 'မောင်' က ခေါင်းခါပြလိုက်သည်။

"လုပ်ချင်တာလုပ်ပြီးမှ ရှင်းပြတောင်းပန်နေလို့လည်း ဘာထူးမှာလဲ… ငါ့ကိုမရှင်းပြနဲ့ ရတယ်… ရှင်းပြတဲ့အလုပ်ကို ငါလည်းဘယ်တော့မှမလုပ်ဘူး… ရှင်းပြနေရတယ်ဆိုတည်းက ရှုပ်ထားလို့ပဲ…သူ့ အရှုပ်တွေငါမကြားချင်ဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ 'မောင်' ရယ်… သူ့မိဘစကားကို သူကနဂိုတည်းက နားထောင်ရတဲ့သူလေ… သူက လည်းပြောပါတယ်… နင့်ကိုကြောက်လို့ အမှန်အတိုင်းမပြောမိတာကလွဲရင် ကျန်တာ သူ့မှာအပြစ်မရှိပါဘူးတဲ့… မယုံရင် သူ့အမေကိုပြောပြခိုင်းမယ်တဲ့"

"နေ နေရတယ်… ငါနဲ့သူနဲ့ကိစ္စမှာ လူကြီးတွေဝင်ပါစရာကိုမလိုဘူး… သူ့မိဘစကားကို သူနားထောင်ရတယ်ဆိုတော့ သူနဲ့တွဲတဲ့ မိန်းကလေးကိုလည်း သူ့မိဘကျေနပ်အောင်လို့ မြန်မြန်လက်ထပ်လိုက်လေ"

"နင်ကလည်း ပြောလိုက်ရင် ပိုဆိုးတဲ့စကားတွေကြီးပဲ… အခုကိစ္စက နင်တို့နှစ်ယောက်ပြေလည်ဖို့အတွက် ပြောနေတာလေ"

"ဟင့်အင်း ငါ မပြေလည်ချင်ဘူး"

ဘယ်လိုပဲညှိညှိ သူနဲ့ပတ်သက်ပြီး 'မောင့်' ဘက်က





တင်းမာနေဆဲပဲဖြစ်သည်။ သူ့ကိုအချစ်လွန်နေတဲ့အတွက် 'မောင့်' ဘက်က ပိုပြီးအမျက်ကြီးနေတာလည်း ပါပါသည်။

သူ့ဆီက နည်းမျိုးစုံနဲ့ဆက်သွယ်လာတဲ့ အကြောင်းအမျိုးမျိုးကိုလည်း တတ်နိုင်သလောက် 'မောင်' က ရှောင်ရှားနေမိ၏။ အိမ်ကိုလာခဲ့ရင်လည်း 'ဒေါ်နန်း' ကို သေချာမှာထားတာကြောင့် တံခါးပင် ဖွင့်မပေးခဲ့ပါ။ ဖုန်းဆက်ရင်လည်း 'မောင်' က ဖုန်းကိုဘယ်တော့မှ စမကိုင်တော့တာကြောင့် သူနဲ့စကားပြောဖို့အခြေအနေကဖန်တီးလို့မရကိုဖြစ်နေခဲ့သည်။

တစ်လနှစ်လကြာသည့်အထိကို 'မောင့်' ဘက်က အဆက်အသွယ်ဖြတ်နိုင်ခဲ့ပါသည်။ လူကသာ သူနဲ့မခေါ်ဘူး၊ အဆက်အသွယ်မလုပ်ဘူးလို့ တင်းထားနေပေမယ့် သူ့ကွယ်ရာကနေ 'မောင်' အမြဲတမ်း သူ့အရိပ်အခြေ၊ သူ့သတင်းတွေကိုတော့ ရရင်ရသလိုအကဲခတ် စုံစမ်းနေဆဲဖြစ်ပါသည်။

ဈေးကပြန်တိုင်း 'မောင်' တို့အိမ်ဘက်ဆီ မျက်လုံးလေးဝေ့ကာ သူ ကြည့်လိုက်တိုင်း ခိုးကြည့်နေတဲ့နေရာမှ 'မောင်' မျက်ရည်ကျရသည်။ တစ်ခါတစ်ခါ ညကိုးနာရီထိုးတိုင်း ဖုန်းမြည်သံသာကြားရပြီး အိမ်ကလူတစ်ယောက်ယောက် ကိုင်လိုက်တဲ့အခါ ဘာမှမပြောဘဲငြိမ်နေတတ်တာသည် သူပဲဖြစ်

မယ်ဆိုတာ 'မောင်' သိတာပေါ့။

မျက်ရည်ဝဲစွာဖြင့် ဖုန်းကိုသာစိုက်ကြည့်ပြီး 'မောင်' ငြိမ်သက်နေခဲ့ရတဲ့ ညတွေက မနည်းမနောပါ။

သူနဲ့အဆင်မပြေဖြစ်တယ်ဆိုတာကို မေမေ သိပေမယ့်လည်း ဘာဆိုဘာမှမပြောဘဲ မသိချင်ဟန်သာဆောင်နေသည်။ 'မောင်' ကတော့ ဝေးကွာနေတဲ့သူ့ကိုသာ တအားလွမ်းဆွတ်နေမိခဲ့ပါသည်။ မတော်တဆများ လမ်းမှာ သူနဲ့ကြုံလို့ သူသာ 'မောင့်' ကိုအတင်းကာရော တောင်းပန်ရင် ပြန်ပြေလည်လိုက်ဖို့အထိကို 'မောင်' က တိတ်တခိုး တွေးထားနေမိတာပါ။

သူ့နဲ့များ ဆုံရမလားဆိုတဲ့အတွေးဖြင့် တစ်ယောက်တည်း အပြင်ကိုလည်း ခဏခဏထွက်မိသည်။ သူ မသိအောင်လည်း သူ့ ဆိုင်ပတ်ဝန်းကျင်မှာ ချောင်းကြည့်ခိုးကြည့်လုပ်မိပါသည်။

တစ်နေ့တော့ 'မောင်' အပြင်ကပြန်လာလို့ ကားလမ်းကူးနေတုန်း သူ မောင်းလာတဲ့ကားနဲ့ မီးပွိုင့်မှာပက်ပင်းကိုတိုးမိပါတော့သည်။ သူ့ကားမှန်းသိတာနဲ့ 'မောင့်' ရင်တွေ ဒိန်းကနဲခုန်သွားကာ လူက လမ်းလျှောက်လို့ပင် မရနိုင်အောင်ပါ။

မီးပွိုင့်မှာမီးနီမိနေတာကြောင့် သူက မြန်မြန်ဆန်ဆန်





ပင် ကားပေါ်ကဆင်းချလာသည်။ ဈေးသိမ်းချိန်ဖြစ်နေတာကြောင့် ပတ်ဝန်းကျင်မှာလူတွေကလည်း အများကြီးပါ။

သူ လိုက်လာတယ်ဆိုတာကို မျက်လုံးထောင့်ကနေတွေ့နေရတာကြောင့် စိတ်ထဲမှာ ပျော်တော့ပျော်သွားရသည်။ သူ့ကားရှေ့ခန်းဘေးမှာ ထိုင်လာတာ ဘယ်သူလဲဆိုတာကိုတော့ လှည့်မကြည့်ဖြစ်ပါ။

သူက ခြေလှမ်းမြန်မြန်နဲ့သွားနေတဲ့ 'မောင့်' ကိုမီအောင် လက်ကို အရင်လှမ်းဆွဲကာထားသည်။ သူ့ရဲ့အထိအတွေ့နဲ့တင် 'မောင့်' တစ်ကိုယ်လုံး နွေးထွေးပူထူသွားပါသည်။ မျက်ရည်ကလည်း ဝဲချင်လာရသည်။ 'မောင်' သိပ်ချစ်ရတဲ့ချစ်သူကို မခွဲချင်ဘဲခွဲထားရတာ ဘယ်လောက်တောင်များ ကြာခဲ့ပြီလဲနော်။ ဖြစ်နိုင်ရင်သူ့နံဘေးမှာ အချိန်တိုင်းလိုလို ဆိုးနွဲ့ပြီးချစ်စကားတွေ ပြောချင်နေတာပါ။

"'မောင်' ခဏနေဦးကွာ... ပြောစရာတွေရှိသေးတယ်"

"နင်နဲ့ငါနဲ့ကြားမှာ ဘာမှပြောစရာမရှိတော့ဘူး"

"ရှိတယ်... နင် ဒီလိုတစ်ဖက်သတ် အဆက်အသွယ်ဖြတ်သွားလို့ရမလား... 'မောင့်' ကို ဘယ်လောက်ချစ်တယ်ဆိုတာ 'မောင်' အသိဆုံးပါ... ငါ့ကို ရူးအောင်မလုပ်ပါနဲ့ မောင်'

ရယ်"

သူ့အပြောက 'မောင့်' ရဲ့ဒေါသတွေ၊ စိတ်နာမှုတွေကို တစ်ခါတည်းနဲ့ ပြေပျောက်သွားစေပါသည်။ 'မောင်' သည် သူ့ကိုခပ်ကြာကြာစိုက်ကြည့်ပစ်လိုက်သည်။ သူ့မျက်လုံးမှာလည်း 'မောင့်' ကိုချစ်တဲ့အချစ်တွေနဲ့အတူ တောင်းပန်မှုတွေလည်း ပါနေပါသည်။

ဒီအချိန်မှာပဲ ကားဟွန်းသံကျယ်ကျယ်က သူနဲ့ 'မောင့်' ကို ဝေးကွာစေခဲ့ပါသည်။ မီးပွိုင့်က ပြန်စိမ်းသွားပြီမို့ ကားတွေကထွက်ချင်နေကြပြီ။ ထိပ်ဆုံးမှာပိတ်ရပ်ထားတဲ့ သူ့ကားကို ကျိန်စဲနေကြပါသည်။ 'မောင့်' မျက်လုံးက သူ့ကားဆီ ရောက်သွားခဲ့သည်။

မျက်နှာကိုနောက်ပြန်လှည့်ကာ 'မောင်' တို့ဆီကို မကျေမနပ်နဲ့ကြည့်နေတဲ့ မျက်နှာတစ်ခုကိုအတွေ့မှာတော့ 'မောင်' စိတ်တွေက မီးဟုန်းဟုန်းတောက်လောင်သွားခဲ့ရပါတော့သည်။

'မောင့်' နှလုံးသားတစ်ခုလုံး ဟက်တက်ကွဲကာ အစိတ်စိတ်အမွှာမွှာဖြစ်သွားခဲ့ရပါသည်။ သူ တအားကို ရက်စက်လှချည်လား။ 'မောင်' မကြိုက်မုန်းသိရဲ့နဲ့ ဒီမိန်းမကို ကားရှေ့ခန်း





မှာ တူတူစုံတွဲပြီးခေါ်လာပြန်ပြီ။ ဒီမိန်းမ ရန်ကုန်ကို အပြီးပြောင်းလာကြပြီနဲ့တူပါသည်။

'မောင့်' လက်ကိုခုထက်ထိ ဆုပ်ကိုင်ထားဆဲဖြစ်တဲ့ သူ့လက်ကို အားနဲ့ဆောင့်ရုန်းထွက်လိုက်ကာ စကားတွေကိုခပ်နာနာဖိပြောပစ်လိုက်ပါသည်။

"နင့်ကိုငါအပျော်ကြံခဲ့တာ 'စိုပြေ'... နင့်လိုပုံမလာပမ်းမလာ ဝတုတ်တုတ်ကောင်ကို အတည်ကြံရလောက်အောင် ငါ မရူးသေးဘူးဟဲ့ မှတ်ထား... နင်နဲ့ငါနဲ့ ပြတ်ပြီ... တစ်သက်လုံးအတွက်ပြောတာနော်... နောက် ငါနဲ့ဘယ်မှာပဲတွေ့တွေ့ နင်မခေါ်မိစေနဲ့... နင့်ကို ငါရွံတယ်... ထွီ..."

စိတ်ထဲရှိတဲ့အတိုင်း အနာကျင်ဆုံးစကားတွေကို တဆုံးပြောပစ်ပြီး 'မောင်' ကျောခိုင်းထွက်လာခဲ့ပါသည်။ သူ ဘယ်လိုကျန်နေခဲ့မလဲဆိုတာကိုလည်း 'မောင်' မသိချင်တော့ပါ။

"မင်းမရှက်ပေမယ့် ငါတို့ ရှက်တယ် 'ကိုပြေ'... ကိုယ့်ကိုမချစ်လို့ ဖြတ်သွားတဲ့မိန်းကလေးတစ်ယောက်ကို သေမတတ်တမ်းတပြနေတာ မင်း လူမှဟုတ်သေးရဲ့လား... မာနဆိုတာကော ရှိသေးလို့လား... ကိုယ်မမှားတဲ့အရာကို ဒီလောက်တောင်းပန်နေရဲ့နဲ့ ခွင့်မလွှတ်နိုင်ဖြစ်နေတာ သူ ရှုံးနေလို့ပဲနေမှာ"

မေမေတို့ဘယ်လောက်ပဲ ပြောပြော သူ 'မောင့်'အပေါ်ကိုစိတ်မနာနိုင်ပါ။ 'မောင့်' ကို သူ ရှုံးသွားမလောက်ကို ချစ်မိပါ





သည်။ လူကြားထဲမှာ သူ့ကိုရက်ရက်စက်စက် ပြောသွားခဲ့တာကိုလည်း စိတ်မနာနိုင်ပါ။

နှလုံးသားတစ်ခုလုံး ဖြောင်းဆန်အောင် ချစ်ခဲ့မိပြီးမှတော့လွယ်လွယ်ကူကူနဲ့ မမေ့လိုက်နိုင်တာ သူ့အလွန်မဟုတ်ဘူးလို့ထင်တာပါပဲ။ 'မောင်' ဘာလို့များ ဒီလောက်ထိအောင်သွေးအေးရက်စက်နိုင်ရတာလဲ။

'မာလာ' ကိုလည်း အပြစ်တင်ချင်သည်။ ဒီလိုပြဿနာတွေတက်ရတာသည် 'မာလာ' နဲ့ အများကြီးပတ်သက်ဆက်ဆိုင်နေပါသည်။ 'မောင်' က 'မာလာ' နဲ့ပတ်သက်တာကို မကြိုက်လို့ သူ ခပ်ကင်းကင်းနေပြနေပါတယ်ဆိုမှ သူတို့မိသားစုလိုက်ရန်ကုန်ကို ပြောင်းလာကာ အရင်ကထက်ကို အတင်းကာရောပိုပတ်သက်နေပြပါသည်။

ယုဇနပလာဇာတွင် သင်တန်းတစ်ခု တက်တာကိုအကြောင်းပြကာ ဈေးသွားဈေးပြန် သူ့ကားနဲ့ပဲ လိုက်လိုက်လာသည်။ မေမေက သဘောကောင်းတဲ့သူမို့ သူ့ကိုအတူခေါ်သွားနိုင်းပေမယ့် 'မောင့်' အမြင်တွင် 'မာလာ' တစ်ယောက်နေ့စဉ်သူ့နံဘေးမှာယှဉ်တွဲပါလာ တာကို ဘယ်လိုရှင်းပြလို့ရပါတော့မလဲ။

ကိစ္စအားလုံးကို စဉ်းစားကြည့်လိုက်တိုင်း သူ ရှူးသွားလိုက်ချင်ပါသည်။ ခုနောက်ပိုင်း 'မောင်' နဲ့ အဆက်အသွယ်မရတော့လို့ ဘာလုပ်ရင်ကောင်းမလဲ အကြံဉာဏ်တွေထုတ်ကာ ခေါင်းကိုက်နေရဆဲ မေမေ့ဆီက စကားကြောင့် ပိုစိတ်ညစ်သွားရသည်။

'မာလာ' နဲ့ သူ့ကိုလက်ထပ်ပေးစားချင်ပါသည်တဲ့။

ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။ 'မောင်' သာသိရင် ပိုဆိုးတော့မည်ပေါ့။ နဂိုတည်းက 'မာလာ' နဲ့ပတ်သက်လို့ ပြဿနာတွေက တစ်ခုပြီးတစ်ခုတက်နေရတာ မဟုတ်လား။

"မဖြစ်နိုင်ပါဘူး... ကျွန်တော် 'မောင်' ကလွဲပြီး ဘယ်သူနဲ့မှလက်မထပ်ချင်ဘူး"

"ဟဲ့ မင်း 'မောင်' က မင်းကိုမှလက်မခံဘဲ... ခုတလော တခြားကောင်လေးတစ်ယောက်နဲ့တွဲနေတာ မြင်သားပဲ... မေမေကတော့ 'မာလာ' နဲ့ပဲသဘောတူတယ် ဒီကြားထဲ 'မောင်' နဲ့ အဆင်ပြေအောင် မင်း ကြိုးစားကြည့်လေ... ပြေလည်ရင်တော့ 'မာလာ'နဲ့ ကိစ္စကိုဆက် မပြောတော့ပါဘူး... မပြေလည်ရင်တော့ ခပ်မြန်မြန်ပဲ စီစဉ်လိုက်ချင်တယ်... ဒါမှလည်း 'ဖွေးဖွေးမောင်' ကိုမင်းကြောလို့ရမှာ... သူက မင်းကို တခြားမိန်းကလေးတစ်





ယောက် မကြိုက်လောက်ဘူးထင်နေတာ"

'ဒေါ်ခိုင်မာ' ရဲ့လေတွေကို မေမေ မိနေပြီဖြစ်ရမည်။ 'မောင့်' ဘက်ကိုခါတိုင်းလောက် မေမေ မပါတော့ပါ။ အနေနီးတဲ့ 'မာလ ကို့သားအမိကိုသာ မေမေ သဘောတွေ့နေပုံရပါသည်။

'ခင်ထား' ကိုလည်း မျိုးစုံအကူအညီတောင်းကြည့်တော့လည်း အချည်းအနှီးသာပင်။ 'မောင်' က သူ့အကြောင်းကိုပင် စကားအစမခံတော့ပါတဲ့။

သူနဲ့ 'မာလာ' နဲ့ ကိစ္စကို အတည်ကြီးယူသွားခဲ့ပြီတဲ့။

'ခင်ထား' ကိုယ်တိုင်ကလည်း အမြဲတမ်းလိုလို သူရှိနေတဲ့ဆိုင်မှာ 'မာလာ' လာလာထိုင်နေတတ်တာကို သိနေတာကြောင့် သူ့ကိုလည်း သိပ်မကြည်လင်တော့ပါ။

"နင်ကသာ မဟုတ်ဘူးပြောတယ်... အဲ့ဒီတစ်ယောက်က နင့်ဆိုင်မှာကြီးပဲရှိနေတယ်ဆိုတာကို 'မောင်' လည်းသိတယ်... 'မောင်' က နင့်သတင်းတွေကို သူ့နည်းသူ့ဟန်နဲ့ စုံစမ်းနေပုံရတယ်နော်... နင်လိမ်နေလည်း အပိုဖြစ်မှာပဲ"

"ဟာ သူ့ဟာသူ ဆိုင်မှာလာထိုင်နေတာ ငါကမောင်းထုတ်လို့ရမလား... မေမေတို့က ငါ့ကိုပြောမှာပေါ့"

"အေးလေ သူ့ကို နင်မောင်းမထုတ်နိုင်တော့ နင့်နှလုံးသားထဲကနေ 'မောင့်' ကို မောင်းထုတ်လိုက်တော့ပေါ့... အဖြေကရှင်းနေတာပဲ"

'ခင်ထား' စကားကြောင့် ငိုင်သွားရသည်။ သူကတော့ 'မောင်' နဲ့တွေ့ရမယ့်နည်းလမ်းကိုသာ စောင့်မျှော်နေမိဆဲဖြစ်သည်။

တစ်နေ့မှာ မမျှော်လင့်ဘဲ 'မောင့်' ကိုတွေ့လိုက်ရပါသည်။တစ်ယောက်တည်းတော့ မဟုတ်။ 'ရာဇာ' ပါ ပါလာသည်။ ပြုံးပျော်ပြီးစကားတွေပြောနေလိုက်တာ သူ့ဆိုင်ကိုပင် တစ်ချက်လှည့်ကြည့်ဖော်မရပါ။

မနေနိုင်တဲ့သူကသာ 'မောင့်' ကို လှမ်းခေါ်လိုက်မိသည်။

လှည့်ကြည့်လာတဲ့ 'မောင့်' မျက်လုံးတွေက စိမ်းကားအေးစက်နိုင်လွန်းပါသည်။ ဆိုင်မှာထိုင်နေတဲ့ 'မာလာ' ကိုလည်း အကဲခတ်ကာကြည့်လိုက်ပါသေးသည်။

"ဘာလဲ"

"နင်နဲ့ငါ အေးအေးဆေးဆေး စကားခဏပြောလို့ရမလား"

"အေးအေးဆေးဆေး ဟုတ်လား... နင်နဲ့ငါနဲ့ကြားမှာ



အေးအေးဆေးဆေးပြောစရာ ဘာအကြောင်းရှိလို့လဲ... ငါ့ချစ်သူကြားရင် တစ်မျိုးထင်နေပါဦးမယ်ဟာ..."

"နင့်ချစ်သူ"

သူ့လေသံတွေက တုန်ရီထစ်အသွားရသည်။

"ဟုတ်တယ်လေ... 'ရာဇာ' က ငါ့ချစ်သူလေ... သူနဲ့ငါနဲ့သိပ်မကြာခင် လက်ထပ်ကြတော့မယ်... နင့်ကိုလည်းဖိတ်မယ်သိလား... လာခဲ့ပေါ့... နင့်မင်္ဂလာဆောင်ကော ဘယ်တော့လဲ... နီးနေပြီလို့တော့ 'ခင်ထား' ပြောပါတယ်... ဖိတ်စာတွေရရင်ဖိတ်လိုက်လေ... ငါတို့နှစ်ယောက်လာခဲ့မှာပေါ့... ငါ့မင်္ဂလာဆောင်အတွက်လည်း လက်ဖွဲ့ကောင်းကောင်းပေးဖို့ မမေ့နဲ့ဦးနော်"

" 'မောင်'..."

သူ ကြေကွဲစွာ ခေါ်မိသွားရသည်။ 'မောင်' ပြောတဲ့စကားတွေကို သူ မယုံချင်ပါဘူး။

"ဟိုမှာ နင့်ကောင်မလေး လှမ်းကြည့်နေပြီ... သွားတော့မယ်ဟာ... နောက်မှပဲ ဖုန်းဆက်လိုက်တော့မယ်"

ရယ်သံလွင်လွင်ကလေးနဲ့ပင် 'ရာဇာ့' လက်ကိုဆုပ်ကိုင်ကာ 'မောင်' ထွက်လာနိုင်ခဲ့ပါသည်။ ဒူးတွေတုန်နေပေမယ့်

ခြေလှမ်းကို ဟန်မပျက်လှမ်းလျှောက်နေရတာ ပင်ပန်းလှပါသည်။ 'ရာဇာ' ကနားမလည်သလို 'မောင့်' အားကြည့်နေသည်။

"နင် ဘာတွေလုပ်နေတာလဲ 'မောင်' "

"နင်မြင်တဲ့အတိုင်းပဲလေ... အဲ့ဒီကောင်ကိုဖြတ်လိုက်တာ နင် မြင်တယ်မဟုတ်လား"

"ဖြတ်တယ်သာဆိုတယ် နင့်မျက်နှာကလည်း ငိုတော့မယ့်အတိုင်းပါပဲလား... ပါးစပ်ကသာ ဖြတ်နေတာ နင့်စိတ်ကမပြတ်ဘူးဆိုတာ နင့်ပုံစံကိုကြည့်လိုက်တာနဲ့ တင် ငါသိတယ်"

"အေး သိနေရင်လည်း ပါးစပ်ပိတ်ပြီးနေ... ငါ့ကိုဘာမှ မဝေဖန်နဲ့..."

"သူနဲ့ပြတ်ပြီး နင်ငါ့ကိုလက်ထပ်မယ်ဆိုတာ တကယ်ပြောတာလား"

"အရေးထဲပွဲလန့်တုန်း ဖျာဝင်ခင်းချင်နေပြန်ပြီလား 'ရာဇာ' ရယ်... ငါ့ရင်ထဲမှာ နောက်ထပ်ဘယ်သူမှ မရှိနိုင်တော့ဘူး... 'စိုပြေ' ဆိုတဲ့ သူတစ်ယောက်တည်းပဲ ရှိတယ်... သူနောက်တစ်ယောက်နဲ့တွဲတာကိုမြင်လို့ ငါကကြိုပြီးဦးအောင် ဇာတ်လမ်းကိုဖြတ်ချပစ်လိုက်တာ"

"နင်မပြတ်နိုင်တော့ နင်ပဲရင်မောရတာပဲ အဖတ်တင်မှာ





ပေါ့"

"မတတ်နိုင်ဘူးဟာ"

အဲ့ဒီညမှာပဲ သူ့ဆီက ဖုန်းဝင်လာခဲ့ပါသည်။ ကိုးနာရီတိတိ အချိန်မှာဆက်လာတဲ့ဖုန်းမို့ သူဆက်တာပဲလို့ အပိုင်တွက်ကာ 'မောင်' ကိုယ်တိုင်ပဲကိုင်လိုက်မိသည်။ 'မောင့်' အသံကိုကြားပေမယ့် သူက ချက်ချင်းစကားကို မပြောသေးပါ။ ငြိမ်သက်နေသည်။

"ဟယ်လို..."

" 'မောင်'..."

'မောင်' လို့ ခေါ်လိုက်တဲ့သူ့ရဲ့အသံက ငိုချင်သံပေါက်နေရလေသည်။

"ဘယ်သူပါလဲ ပြောပါ"

"နင် တကယ်ပဲ 'ရာဇာ' နဲ့ လက်ထပ်တော့မှာလားဟင်"

"ဩော် ဘယ်သူများလဲလို့... အင်းလေ ဘာဖြစ်လို့လဲ"

"နင် ငါ့ကိုတကယ်မေ့နိုင်လို့လား"

"နင်လည်း ငါ့ကိုမေ့နိုင်တယ်မဟုတ်လား"

"ငါ့ဘဝမှာ နင့်ကိုသာအချစ်ဆုံးပါ 'မောင်' ရယ်... နင်ဟာငါ့ရဲ့ဘဝပါ"

"ဟား ဟား ဟား ရယ်ရတယ်... နင်ကလေ အပြောတော်တော်ကောင်းတယ်သိလား... 'မာလာ' ကိုလည်း နင်ဒီလိုလေတွေနဲ့ မြှူဆွယ်ထားတာပဲ မဟုတ်လား... "

" 'မာလာ' နဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး"

"မဆိုင်ဘူးသာဆိုတယ် နင့်နံဘေးမှာအမြဲတမ်းလိုလိုတွေ့နေရတာပဲ... "

"အဲ့ဒါက သူ့ကိစ္စနဲ့ သူ လိုက်လိုက်လာတာ... "

"ဩော် ဟုတ်လား... ငါကတော့ တစ်ခါတစ်ခါ သတိပြန်ရတယ်သိလား... နင်ငါ့ကို ဆိုဆိုပြဖူးတယ်လေ... ဗဒင် ရဲ့ နေရာ ၂ လေ... မှတ်မိတယ်မဟုတ်လား... နင်ကားမောင်းတဲ့ဘေးခုံကိုငါကလွဲပြီး ဘယ်သူမှမတင်ဘူးဆိုတာလေ... တစ်နေရာစာချန်ထားဆဲပါအချစ်ရယ်လေ... အခုတော့လည်း နေရာလွတ်မရှိပါလား... "

ချက်ချင်းလိုလိုပဲ သူဆိုပြနေတဲ့အသံလေးကို ကြားယောင်လာမိသလိုပါပဲ။ သူပြောခဲ့ဖူးပါသည်။ သူနံဘေးမှာ 'မောင်' ကလွဲပြီး ဘယ်သူ့ကိုမှ ပေးမထိုင်၊ ပေးမတင်ဘူးဆိုတာလေ။ အခုတော့ အဲ့ဒီဘေးနေရာက 'မောင့်' အတွက်မဟုတ်တော့ပါဘူးလေ။





" 'မောင်' ရယ်... နင်နဲ့ ငါနဲ့ လက်ထပ်ကြရအောင်နော်... နင့် ကိုငါလာတောင်းရမ်းမယ်... နင့်ကိုငါ အရမ်းချစ်ပါတယ်... နင်အထင်မလွဲပါနဲ့တော့"

"ငါအထင်လွဲလို့ပြောတာမဟုတ်ဘူး... တကယ် 'ရာဇာ' နဲ့ ငါနဲ့ လက်ထပ်တော့မှာ... 'ရာဇာ' ကို ငါတကယ်ချစ်လို့လက်ထပ်ဖို့ရွေးချယ်လိုက်တာပါ... "

"ငါ့ကိုကော"

"နင့်ကို... နင့်ကိုကျတော့ ငါသနားလို့... နင်စိတ်ချမ်းသာအောင်လို့ ငါခဏအပျော်တွဲပေးလိုက်တာလေ... လူတစ်ယောက်စိတ်ချမ်းသာအောင်လုပ်ပေးတဲ့အတွက် ငါကုသိုလ်ရမယ်ထင်ပါတယ်... ဒါကြောင့်လည်း ငါချစ်တဲ့သူနဲ့ ပေါင်းရတာပေါ့"

"ဒါဆို နင်ငါ့ကိုတကယ်ချစ်ခဲ့တာ မဟုတ်ဘူးပေါ့..."

"ဩော် အပျော်ပါဆို နင်ကလည်း... ကလေးတွေလိုပြောရရင် ရည်းစားလုပ်တိုင်းကစားတာပေါ့ ဟယ်"

" 'မောင်' ရာ..."

ဖြုန်းကနဲ သူငိုသံကြီးကိုကြားလိုက်ရပြီး ဖုန်းကျသွားတဲ့အချိန်မှာ 'မောင်' မျက်ဝန်းမှာလည်း မျက်ရည်တွေကျနေရပြီဖြစ်သည်။ 'မောင်' လည်း သည်းသည်းထန်ထန် ရှိုက်ငိုလိုက်မိပါ

သည်။ လူတိုင်းအပေါ်မှာအမြဲတမ်း အနိုင်လိုချင်နေမိတာ 'မောင့်' ရဲ့မွေးရာပါစိတ်ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် 'မောင်' မရှုံးပါရစေနဲ့။

အဲ့ဒီတစ်ခါသာ သူနဲ့နောက်ဆုံး ပတ်သက်လိုက်ရခြင်းဖြစ်ပါသည်။ သူ့ဆီက 'မောင့်' ထံကို ဘာဆက်သွယ်မှုမျိုးမှ မလုပ်ခဲ့တာ အတော်တောင်ကြာခဲ့ပါပြီကော။ 'မောင်' ပြောတဲ့ စကားတွေကို သူ တကယ်ထင်သွားပြီလား မပြောတတ်တော့ပါ။

'မောင်' ကတော့ လေကလေးနဲ့သာ အနိုင်ယူလိုက်ပြီး နေ့စဉ်ရက်ဆက် သူ့ရဲ့ဈေးသွားဈေးပြန်အချိန်တွေကို စောင့်မျှော်ပြီးချောင်းကြည့်နေဆဲပါ။

နေပူဒဏ်ကို ဘယ်လောက်ပဲခံနေရပါစေ၊ ခြေထောက်တွေ ဘယ်လောက်ပဲ ညောင်းတောင့်နေပါစေ သူ့ရဲ့အရိပ်ကလေးကိုမမြင်မတွေ့ရမချင်း 'မောင်' က စောင့်ကြည့်နေတဲ့တာဝန်ကို မပျက်မကွက်ထမ်းဆောင်ဆဲဖြစ်သည်။

မထင်မှတ်ဘဲ လမ်းမှာဆုံတွေ့တဲ့အခါမျိုးဆိုရင် သူမောင်းလာတဲ့ ကားကိုကြည့်ပြီး 'မောင်' က ကားလမ်းကိုသတိလက်လွတ်ဖြတ် ကူးလိုက်လို့ ကားတိုက်မလိုတွေပါတွေဖြစ်သွားသလို သူကိုယ်တိုင်လည်း ကားကိုဖြောင့်ဖြောင့်ဖြူးဖြူးမမောင်း





နိုင်တော့ဘဲ ဘယ်ညာယိမ်းကာ လမ်းကြောတွေမှားတဲ့အထိ မူပျက်ခဲ့ဖူးပါသည်။

ဘယ်လိုတွေပဲဖြစ်ဖြစ် 'မောင်' နဲ့သူနဲ့ကတော့ ပြန်အဆက်အသွယ်မလုပ်မိကြတော့ပါ။ 'မောင်' ကတော့ သူနဲ့နီးစပ်ရမယ့်နေ့ကို တိတ်တိတ်ကလေး မျှော်လင့်နေမိဆဲဖြစ်သည်။ သူ့ဘက်ကကော 'မောင်' နဲ့ပတ်သက်ရင် ရင်ထဲမှာဘယ်လိုရှိနေသေးတယ်ဆိုတာသိခွင့်ရှိရင် သိလိုက်ချင်ပါသေးသည်။

၁၈

'မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ' ဆိုတဲ့ ကြော်ငြာကြီးက တကယ့်ကို လှတပတနဲ့ တခမ်းတနား နိုင်လှပါသည်။ သတင်းစာကိုကြည့်ပြီး 'မောင်' မျက်ရည်တွေ ကျနေမိသည်။ သူကတော့ 'မောင့်' ဘက်က ခံစားနေတာကို သိမှသိနိုင်ပါ့မလား။

အချစ်ပါ,ပါ မပါ,ပါ အောင်မြင်ခမ်းနားစွာ ပြီးဆုံးသွားတဲ့ သူတို့ရဲ့မင်္ဂလာပွဲကိုကြည့်ပြီး ကျေနပ်နေမှာ သေချာပါသည်။

သူ့ဘေးမှာ အဖော်ရှိနေပေမယ့် 'မောင့်' မှာတော့ တစ်





ယောက်တည်းပါ။ အရာအားလုံး ပြီးဆုံးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို 'မောင်' ဘယ်လိုနည်းနဲ့ ပြန်ဆက်ချင်ချင် ဖြစ်မှမဖြစ်နိုင်တော့တာဘဲ။

တကယ်တမ်း သူ့အပေါ်ထားတဲ့ 'မောင့်' ရဲ့ သံယောဇဉ်က ကြီးမားလွန်းတာကြောင့် 'မောင်' တစ်ယောက်တည်းပဲ ရှုံးမတတ် ခံစားရတာပဲအဖတ်တင်လေသည်။

'မောင်' တကယ်ကို ရှုံးသွားလိုက်ချင်ပါသည်။ နေရာတိုင်းမှာ သူ့ရဲ့ပုံရိပ်၊ သူ့ရဲ့အသံ၊ သူ့ရဲ့ လှုပ်ရှားမှုတွေကိုသာ မြင်ယောင်လို့နေမိသည်။

သူကတော့ 'မောင့်' လောက် သတိတရ ရှိနိုင်တော့မယ်မထင်။ဖန်တီးတည်ဆောက်ပြီးသွားပြီဖြစ်တဲ့ သူ့ရဲ့ဘဝ သစ်တစ်ခုမှာ ရှင်သန်ဖို့ ကြိုးစားနေမှာ မြင်ယောင်နေမိပါသည်။

'မောင်' ကတော့ နှစ်တွေ ဘယ်လောက်ပဲကြာကြာ တစ်ယောက်တည်းပဲ ရှိနေလိမ့်ဦးမှာဖြစ်သည်။ 'မောင့်' နှလုံးသားထဲကနေ သူ့ကို ထုတ်မပစ်နိုင်သ၍ 'မောင့်' ဘဝက အထီးကျန်နေရမှာပဲ မဟုတ်လား။

ဖြစ်နိုင်လျှင် သူနဲ့စ ဆုံဆည်းရခဲ့တဲ့အချိန် ဟိုးအရင်အချိန်တွေကို ပြန်ရယူလိုက်ချင်သည်။ သူနဲ့အတူ သွားခဲ့တဲ့

ဟိုးတုန်းကနေရာ၊ သူနဲ့အတူပြောခဲ့တဲ့ ဟိုးတုန်းက စကားတွေကို ဘယ်တော့မှ မေ့နိုင်တော့မယ် မထင်။

ညနေဈေးသိမ်းချိန်ဆို 'မောင့်' အတွက်ကတော့ မျက်ရည်ဖြိုင်ဖြိုင်ကျရတဲ့အချိန်ပါပဲ။ 'မောင်' မျှော်လင့်နေတဲ့ ဖုန်းသံက တိတ်ဆိတ်ငြိမ်သက်တာ ကြာခဲ့ပြီပဲ မဟုတ်လား။

အချိန်တွေဘယ်လောက်ပဲကြာကြာ 'မောင့်' တမ်းတနေဆဲပါ။ လွမ်းနေဆဲပါ။ 'မောင့်' ရင်ထဲမှာ ထာဝရတည်ရှိနေမယ့် 'စိုပြေ' ဆိုတဲ့ ဟိုးတုန်းကချစ်သူ တစ်ယောက်ကို 'မောင်' အသက်ရှင်နေသ၍အထိ ချစ်သွားနိုင်လိမ့်မယ်နဲ့ ထင်ပါရဲ့။

နှစ်တွေကြာပေမယ့်လည်း 'မောင်' ကတော့ မှတ်မိနေဆဲပါ။ သူ ပြောနေကျစကားတစ်ခွန်းဖြစ်တဲ့ 'အမောပြေ' ဆိုတဲ့ စကားလေ။

'မောင်' မဟုတ်တော့တဲ့ တခြားမိန်းမတစ်ယောက်က သူ့ရဲ့ ဘဝအမောတွေကို တကယ်ပဲ ပြေပျောက်စေလေသလား ဆိုတာ သိခွင့်များရှိရင် 'မောင်' တကယ့်ကို သိချင်ပါသည်။

'မာလာ' ဆိုတဲ့ မိန်းမကိုလည်း သူ့နှုတ်က အမောပြေ လို့ပြောဦးမှာလား။

ဘယ်လိုပဲဖြစ်ဖြစ် ဘဝမှာ တစ်ခါပဲ ချစ်ခဲ့ဖူးသည့်





'မောင့်' အတွက်ကတော့ သူပြောနေကျ စကားတစ်ခွန်းကို အမြဲတမ်းလွမ်းဆွတ်နေတယ်ဆိုတာ သူ သိရင် ကျေနပ်ပါပြီ။

'အမောပြေ...'

'အမောပြေ...'

'အမောပြေ...'

*ရွှင်လန်းချမ်းမြေ့ပါစေ*

**အထင်ကရ**


ဟိုးတုန်းကချစ်သူ
ဟိုးတုန်းကချစ်သူ
ဟိုးတုန်းကချစ်သူ